www.burmeseclassic.com

# မြတ်ငြိမ်း

## နှလုံးသားထဲမှာ အဖြေရှာ


## Follow your Heart

Susanna Tamaro

(၂၀၀၇) ခုနှစ် အမျိုးသားစာပေ
ဘာသာပြန် (ရသ) ဆုရစာအုပ်

ဒုတိယအကြိမ်

BURMESE CLASSIC



October '03

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

မိုးဆက်သစ် စာပေ

အမှတ် ၁၈၀(ပထပ်/ယာ) ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၃၁၁၂၈

ဆွေမွန် ၈

ဆွေမွန် စာပေလုပ်ငန်း
အမှတ် ၁၁၅၁၊ အောင်သုခလမ်း၊ (၄၀) ယပ်ကွက်၊
မြောက်ဒဂုံမြို့သစ်၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း

■ နှလုံးသားထဲမှာ အမြဲရှာ

■ မြတ်ငြိမ်း

စာမူခွင့်ပြုချက်အမှတ် ■ ၅၈၇/၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၁၆၄/၂၀၀၄ (၂)
အကြိမ် ■ ဒုတိယအကြိမ်၊ စက်တင်ဘာလ၊ ၂၀၀၅။ ဆွေမွန်
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၁၊ တူဒေး
အုပ်ရေ ■ ၅၀၀
မျက်နှာဖုံးဒီဇိုင်း ■ နေမျိုးဆွေ
ထုတ်ဝေသူ ■ ဦးမြင့်ဆွေ
အမှတ် ၁၁၅၁၊ အောင်သုခလမ်း၊
(၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ရန်ကုန်မြို့။
ပုံနှိပ်သူ ■ ဒေါ်ကြူကြူ (၀၇၃၆၃)
ဖူဂျီယာမပုံနှိပ်တိုက်၊
၅၅-၆၁၊ ကမ်းနားလမ်း၊
ဗိုလ်အောင်ကျော်လမ်းထိပ်၊
ရန်ကုန်မြို့။
ရောင်းဈေး ■ ၈၀၀ ကျပ်

BURMESE CLASSIC

# မြတ်ငြိမ်း

# နှလုံးသားထဲမှာအမြဲရှာ

## Follow Your Heart

*by*

**Susanna Tamaro**

ဆွေမွန် စာပေလုပ်ငန်း
အမှတ် (၁၁၅၁)၊ အောင်သုခလမ်း၊ (၄၀) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်မှတ်တမ်း

**နှလုံးသားထဲမှာ အမြဲရှာ** စာအုပ်မျက်နှာဖုံးကို
မေတ္တာဖြင့် ကူညီရေးဆွဲပေးသော
ပန်းချီနေမျိုးဆေးအား
ကျေးဇူးအထူးတင်ကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

**သွေးမွန်စာပေလုပ်ငန်း**

BURMESE CLASSIC

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်

သမီးလေး ဝေးမြေရပ်ခြားကို သွားနေတာ နှစ်လတောင် ရှိသွားပြီနော်။ ဒီ နှစ်လအတွင်း သမီးလေး အသက်ထင်ရှား ရှိနေသေးကြောင်း ပြောပြနေတဲ့ ပို့စကတ်ကလေးတစ်စောင်ကလွဲပြီး သမီးလေးဆီက ဘာသတင်းမှ မရခဲ့ပါကလားကွယ်။ မနက်တုန်းကတော့ မေမေကြီး ပန်းခြံထဲမှာ အကြာကြီး ရပ်နေမိတယ်။ သမီးလေးရဲ့ နှင်းဆီပန်းပင်ကလေးကို ကြည့်နေမိတယ်။ ရာသီဥတုက ဆောင်းဦးကို ကောင်းကောင်းလွှန်လာခဲ့ပြီ။ တခြားအပင်တွေ ညှိုးရော် သေဆုံးကုန်ပြီဖြစ်ပေမဲ့ သမီးလေးရဲ့ နှင်းဆီပင်ကလေးကတော့ ထီးထီးမားမား ရှင်သန်နေဆဲပဲ။ နီနီ ရွှေးရွှေး ငွားငွားစွင့်စွင့် ပွင့်နေဆဲပဲ။

အဲဒီနှင်းဆီပင်ကလေး စိုက်ခဲ့တဲ့ နေ့ကို မှတ်မိသေးလားဟင်။ အဲဒီတုန်းက သမီးလေး ဆယ်နှစ်ပဲ ရှိသေးတယ်။ နောက်ပြီး မာမေးပွဲအောင်လို့ မေမေကြီးက ဆုချခဲ့တဲ့ ရွှေမင်းသားလေး ပုံပြင်က သမီးလေးကို ဖမ်းစားထားတယ်လေ။ သမီးလေး အကြိုက်ဆုံး ဓာတ်ကောင်တွေက နှင်းဆီပွင့်ကလေးနဲ့ ဝံပုလွေကြီးပေါ့။ ဒါပေမဲ့ သမီးလေးက ‘ဘိုးဘက်’ သစ်ပင်ကြီး၊ မြွေကြီးနဲ့ ပိစိကွေးဂြိုဟ်ကလေးတွေ စီးပြီး ဟန်တစ်လုံး ပန်တစ်လုံးနဲ့ လျှောက်လည်နေတဲ့ လေထဲက လူ စတာတွေကိုတော့ သဘောမကျဘူး။ ဒီတော့ တစ်မနက်မှာ မနက်စာစား စားရင်း သမီးလေးက ပြောတယ်။ ‘မေမေကြီး သမီးနှင်းဆီ တစ်ပင်လိုချင်တယ်’တဲ့။ ဒါနဲ့ ခြံထဲမှာ နှင်းဆီပင်တွေ တစ်ပုံကြီးရှိတဲ့အကြောင်း

www.burmeseclassic.com



မေမေကြီးက ပြောတော့ သမီးလေးက 'သမီးက သမီး အစအဆုံးပိုင်တဲ့ နှင်းဆီပင်ကို လိုချင်တာ။ သမီးက အဲဒီအပင်ကို အမြင့်ကြီး ဖြစ်လာတဲ့အထိ ထွားကျိုင်းလာအောင် ပျိုးထောင်ချင်တာ မေမေကြီးရဲ့' တဲ့လေ။

တကယ်တော့ သမီးလေးလိုချင်တာ နှင်းဆီပင်တစ်မျိုးတည်း မဟုတ်ဘူး။ ဝံပုလွေကြီးလည်း လိုချင်တယ်လေ။ ဒါပေမဲ့ သမီးက ကလေးဆန်ဆန် ဉာဏ်နီဉာဏ်နက်တွေ သုံးပြီး မဖြစ်နိုင်လောက်တဲ့ ကိစ္စကို မတောင်းဆိုသေးဘဲ လွယ်လွယ်ကူကူ လိုက်လျောနိုင်မယ့် ကိစ္စကို အရင်တောင်းဆိုခဲ့တယ်လေ။ နှင်းဆီပင်ဝယ်ပေးဖို့ သဘောတူပြီးတဲ့နောက်မှာတော့ ဝံပုလွေကို မပေးဘူးလို့ မေမေကြီး ဘယ်လိုလုပ် ငြင်းပယ်နိုင်ပါတော့မလဲ။ ဒီကိစ္စကို အချိန်တော်တော် ကြာကြာ ဆွေးနွေးညှိနှိုင်းပြီး နောက်ဆုံးမှာ ခွေးတစ်ကောင်နဲ့ပဲ အပေးအယူ လုပ်လိုက်ကြတယ်လေ။

အဲဒီခွေးသွားမဝယ်မီညကဆို သမီးလေး တစ်မှေးမှ မအိပ်ခဲ့ဘူးလေ။ နာရီဝက်တစ်ခါလောက် မေမေကြီးရဲ့ အိပ်ခန်းတံခါးကို လာခေါက်ပြီး သမီးလေး အိပ်လို့ မရကြောင်း ပြောနေတော့တာပဲ။ မနက်ကျတော့ ခုနစ်နာရီတောင် မထိုးသေးဘူး သမီးလေး မနက်စာစားပြီးနေပြီ။ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ကုတ်အင်္ကျီခြုံ၊ လက်တန်းကုလားထိုင်ကြီးပေါ်မှာ အခံ့သားထိုင်ပြီး မေမေကြီးကို စောင့်နေတော့တယ်။ ရှစ်နာရီခွဲမှာ တို့မြေးအဘွား ခွေးခြံတွေရှေ့ကို ရောက်နေပြီ။ အဲဒီအချိန်မှာ ခွေးခြံတွေက မဖွင့်သေးဘူး။ သမီးလေးက ကန့်လန့်ဖြတ်တန်းတွေကြားက ချောင်းကြည့်ပြီး 'သမီးရဲ့ခွေးက ဘယ်ဟာလဲဆိုတာ ဘယ်လိုလုပ် သိရမလဲဟင်' လို့ စိတ်စောနေတဲ့ လေသံနဲ့ မေးတယ်။ ဒီတော့ သမီးလေး စိတ်မပူဖို့ရယ်၊ မွေးမင်းသားလေးက ဝံပုလွေကြီး ယဉ်လာအောင် ဘယ်လိုလေ့ကျင့်ပေးတယ်ဆိုတာ သတိရနေဖို့ရယ် မေမေကြီးက ပြောပြီး အားပေးရတယ်။

တို့မြေးအဘွား ခွေးလှောင်ခြံတွေဆီကို သုံးရက်ဆက်တိုက် သွားကြရတယ်။ ခွေးတွေက စုစုပေါင်း နှစ်ရာကျော်ရှိတာ။ အဲဒါကို သမီးလေးက တစ်ကောင်မကျန် အကုန်အစင် ကြည့်ချင်တာကလား။ သမီးလေးက ခွေးလှောင်အိမ်တိုင်းရဲ့ ရှေ့မှာ မလှုပ်မယှက် ရပ်တယ်။ ခွေးတွေက သံဆန်ခါတွေကို



ဖက်တွယ်တက်၊ ခုန်ပေါက်ပြီးဟောင်၊ သံဆန်ခါတွေကို လက်သည်းတွေနဲ့ ကုတ်ခြစ်ဖို့ရှဲ့ပစ်ကြ။ ဒါလည်း သမီးလေးက မလှုပ်ပေါင်။ ခြံ ကြီးကြပ်ရေးမှူး အမျိုးသမီးက မေမေကြီးတို့နဲ့ အတူလိုက်လာတယ်။ သူက သမီးလေး ရွေးရ လွယ်အောင် ကူညီတဲ့အနေနဲ့ အသားနားဆုံး ခွေးတွေကို လိုက်ပြတယ်။ သူက သမီးလေးကို ပုံမှန်စိတ်ရှိသူလို့ ထင်နေတာကိုး။

'ဟောဟိုက အမွေးရှည်ရှည် နားရွက်တွဲလွဲနဲ့ ကောင်ကို မကြိုက်ဘူးလား။ ဒါမှမဟုတ် ဟောဒီ သိုးကျောင်းခွေးကလေးရောကွယ်'

သမီးလေးရဲ့ တစ်မျိုးတည်းသော တုံ့ပြန်သံက 'ဟင်း' ဆိုတဲ့ အသံပဲ ဖြစ်တယ်။ ပြီးတော့ ဟိုအမျိုးသမီးပြောတာကို ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက် သွားတော့တာပဲ။

တို့ရဲ့ခွေးရှာတော်ပုံ တတိယမြောက်နေ့ကျမှပဲ 'ဘတ်'ဆိုတဲ့ ကိုယ်တော်မြတ်ကို တွေ့ရတော့တယ်။ နာလန်ထစခွေးတွေကို ထားတဲ့ နောက်ဘက်ခြံထဲမှာ သူ့ကို တွေ့တာ။ ခြံရှေ့ကို တို့များရောက်သွားတော့ တခြားခွေးတွေလို တို့ဆီကို ပြေးမလာဘဲ သူထိုင်နေတဲ့ နေရာမှာပဲ ဆက်ထိုင်နေတယ်။ ခေါင်းတောင် မော့ကြည့်ဖော် မရဘူး။

'အဲဒီကောင်လေး' သမီးလေးက လက်ညှိုးထိုးပြပြီး ပြောတယ်။ 'သမီး လိုချင်တာ အဲဒီခွေးကလေးပဲ'

သမီးလေး မှတ်မိသေးလား။ တအံ့တသြဖြစ်သွားတဲ့ ဟိုအမျိုးသမီးရဲ့ မျက်နှာသွင်ပြင်ကိုလေ။ တစ်စက်မှ ချစ်စရာမကောင်းတဲ့ ဒီခွေးကလေးကိုမှ သမီးလေး ဘာဖြစ်လို့ လိုချင်ရသလဲဆိုတာ သူ နားမလည်နိုင်လောက်အောင် ဖြစ်နေတာကိုး။ သူ ဒီလိုအံ့သြနေတဲ့အတွက် သူ့ကို အပြစ်တင်လို့ဖြစ်မလား။ လူတွေ မြင်ဖူးတွေ့ဖူးသမျှ ခွေးအသေးစားမျိုးထဲမှာ ဘတ်က အကျုံးဝင်နေတာကိုး။ သူ့ရဲ့ဦးခေါင်းက ဂျာမန်သိုးကျောင်းခွေးတွေရဲ့ ဦးခေါင်းမျိုး။ နားရွက်တွေက ပျော့တွဲပြီး တွဲကျနေတယ်။ ခါးလျားရှည်ရှည်၊ လက်သည်းခြေချွန်၊ အမြီးဖွားဖွား။ ဒီဘာမင်ခွေးတွေမှာ ရှိတတ်တဲ့ အနီနဲ့ အနက်ကြား အမွေးတော့ ရှိတယ်။ တို့မြေးအဘွား ရုံးခန်းကို သွားပြီး စာရွက်စာတမ်းတွေ လက်မှတ်ထိုး

www.burmeseclassic.com



ကြတော့ အဲဒီက ကောင်မလေးက ဘတ်ရဲ့နောက်ကြောင်းကို ပြောပြတယ်။ ဒီကောင်လေးဟာ လွန်ခဲ့တဲ့ နွေဦးတုန်းက ကားတစ်စီးပေါ်က လွင့်စဉ်ကျခဲ့တာ ဆိုပဲ။ အဲဒီလို လွင့်စဉ်ကျတဲ့အတွက် သူ့ရဲ့နောက်ခြေထောက်တစ်ချောင်းဟာ မသန်တော့ဘူးတဲ့ကွယ်။

မမကြီး စာရေးနေတော့ ဘတ်က မမကြီးရဲ့ ခြေထောက်နားမှာ။ သက်ပြင်းတချချနဲ့ မမကြီးရဲ့ ခြေသလုံးကို သူ့နှာခေါင်းနဲ့ လာလာပြီး တို့နေတယ်။ သူ့မျက်နှာနဲ့ နားရွက်တွေက အဖြူရောင် လွှမ်းလုနီးပါးဖြစ်နေပြီ။ ခွေးအိုတွေမှာ ဖြစ်လေ့ရှိတဲ့ မျက်လုံးပေါ်က အမြှေးပါးပေါ်နေတာကတော့ တော်တော်ကြာပြီထင်ပါရဲ့။ ဒီကောင်လေးကို မြင်ရရင် မေ့မကြီး သိပ်စိတ်လှုပ်ရှားမိတာပဲ။ ဒီကောင်လေး အနားမှာရှိနေတာဟာ သမီးလေး တစ်စိတ်တစ်ဒေသ မမကြီးအနားရောက်နေသလိုပဲ။ အဲဒီ တစ်စိတ်တစ်ဒေသဟာ မမကြီး အချစ်ရဆုံး တစ်စိတ်တစ်ဒေသပေါ့။ အဲဒီ တစ်စိတ်တစ်ဒေသဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း အတော်ကြာကြာတုန်းက ခွေးပေါင်းနှစ်ရာကျော်ရှိတဲ့အထဲက သနားစရာအကောင်းဆုံးနဲ့ အကျည်းအတန်ဆုံး ခွေးကလေးတစ်ကောင်ကို ရွေးခဲ့တဲ့ တစ်စိတ်တစ်ဒေသပဲပေါ့ကွယ်။

ခု လပိုင်းတွေအတွင်း ဟာလာဟင်းလင်း အိမ်ကြီးထဲမှာ ဦးတည်ရာမဲ့ လျှောက်သွားနေမိတယ်။ ဒီတော့ တို့မြေးအဘွားနှစ်ယောက် အတူနေခဲ့တဲ့ နှစ်ကာလတွေအတွင်း ဖြစ်ပေါ်ခဲ့တဲ့ အထင်အမြင်လွဲမှုတွေ၊ စိတ်ဆိုးမာန်ဆိုးဖြစ်ခဲ့ရတာတွေအားလုံး ပျောက်ခြင်းမလှ ပျောက်ကွယ်ကုန်တယ်ကွဲ့။ ခုတော့ မမကြီး သတိရတမ်းတနေသူကတော့ သမီးလေးပဲပေါ့။ နနယ်တဲ့၊ အားနွဲ့တဲ့၊ အတွေးရှုပ်နေတဲ့ ပီဘိကလေးမလေးလေ။ ခု မမကြီးစာရေးနေတာ အဲဒီကလေးမလေးဆီကို ရေးနေတာ။ မောက်မာဝင့်ကြွားပြီး ကိုယ့်ဘက်ကို တစ်ချက်ကလေးမှ အတင်မခံတဲ့ မိန်းကလေးဆီကို ရေးနေတာ မဟုတ်ဘူး။

ဒီလိုရေးဖို့ကို သမီးလေးရဲ့ နှင်းဆီပင်ကလေးက တိုက်တွန်းနေတာပေါ့။ ဒီမနက် သူ့ရှေ့က ဖြတ်လျှောက်သွားတော့ နှင်းဆီပင်ကလေးက ပြောတယ်။ 'မမကြီးရဲ့ စာရေးစက္ကူကို ထုတ်ယူပြီး မမလေးဆီကို စာရေးပါ'တဲ့။



တို့မြေးအဘွား တစ်ယောက်ဆီ တစ်ယောက် စာမရေးစတမ်းလို့ သဘောတူထားတာကို မမကြီး မမေ့ပါဘူး။ ဒီသဘောတူချက်ကို မမကြီး လေးစားရမှာပေါ့။ ဒါပေမဲ့ သိပ်တော့ မလိုက်နာချင်ဘူး။

ဒီစာမျက်နှာတွေဟာ အတောင်ပေါက်ပြီး သူ့ဘာသာသူတော့ အမေရိကကို ပျံသွားမှာ မဟုတ်ဘူး။ သမီးလေး ဒီကို ပြန်လာချိန်မှာ မမကြီး သက်ရှိထင်ရှား ရှိမနေတော့ဘူးဆိုရင် ဒီစာမျက်နှာတွေက သမီးလေးကို ကြိုဆိုနေကြမှာပေါ့ကွယ်။

ဒီအကြောင်းတွေ မမကြီး ဘာဖြစ်လို့ ပြောနေမိသလဲ သိလား။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ တစ်လပျော့ပျော့လောက်တုန်းက မမကြီးဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်ခဲ့တယ်။ ဒီတော့ နောက်ထပ် ခြောက်လ ဒါမှမဟုတ် ခုနစ်လလောက်အကြာဆိုရင် သမီးလေးကို တံခါးဖွင့်ပေးဖို့၊ ပွေ့ဖက်ကြိုဆိုဖို့ မမကြီး ရှိချင်မှ ရှိတော့မယ်။ ဒီအလားအလာကိုလည်း ထည့်တွက်ထားရတော့မယ်လေ။ တစ်ခါတုန်းက မိတ်ဆွေတစ်ယောက်က ပြောပြဖူးတယ်ကွဲ့။ နာခြင်း၊ ဖျားခြင်းအကြောင်းကို မသိလောက်အောင် ကျန်းမာသူတစ်ဦး နာဖျားပြီဟေ့ဆိုရင် ကောက်ကာငင်ကာနဲ့ အသည်းအသန်ဖြစ်တတ်တယ်တဲ့။ မမကြီးလည်း အဲဒီအတိုင်းဖြစ်ခဲ့တာပဲ။

တစ်မနက်မှာပေါ့။ နှင်းဆီပင်ကို ရေလောင်းနေတုန်း တစ်ယောက်ယောက်က မီးခလုတ်ကို ပိတ်ပစ်လိုက်သလိုမျိုး ဗြုန်းခနဲ မှောင်အတိကျသွားတာကလား။ မစ္စတာရာဖ်မန်ရဲ့ မိန်းမသား ခြံစည်းရိုးကြားကနေ မမကြီးကို မြင်တွေ့မသွားရင် ခုလောက်ဆို သမီးလေး မိဘမဲ့ကလေးဖြစ်နေပြီပေါ့။ အင်း၊ မိဘမဲ့ကလေးတဲ့လား။ အဘွား ကွယ်လွန်သွားသူ တစ်ဦးကို ဒီလို သုံးနှုန်းခေါ်ဝေါ်တာ မှန်ရဲ့လား။ မမကြီးလည်း တိတိကျကျ မပြောတတ်ဘူး။ အဘိုးတွေ၊ အဘွားတွေက သိပ်ပြီး အရေးမပါအရာမရောက်တော့လို့ သူတို့သေဆုံးတဲ့အခါ ခေါ်ဝေါ်သုံးနှုန်းဖို့ ဝေါဟာရ သတ်သတ်မှတ်မှတ် မထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်။ အဘိုးတွေ၊ အဘွားတွေ သေဆုံးတဲ့အခါကျ မိဘမဲ့ကလေးတွေ ကျန်ခဲ့တယ်လို့ ပြောလို့ မရဘူးကွဲ့။ အဘိုးအဘွားတွေအဖြစ်က ဘာနဲ့တူသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မေ့တတ်လျော့တတ်လွန်းတဲ့ တို့တစ်တွေဟာ ဆောင်းနေကျ ထီးကို လမ်းဘေးမှာ မေ့ထားခဲ့သလိုမျိုး ဖြစ်နေတယ်လေ။

ဆေးရုံပေါ်မှာ သတိပြန်လည်လာတဲ့အခါကျတော့ မေမေကြီး ဘာဆိုဘာမှ မမှတ်မိတော့ဘူး။ မျက်စိနှစ်လုံး မဖွင့်ခင် စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်။ နှုတ်ခမ်းမွေးတွေ အရှည်ကြီးပေါက်နေသလိုပဲ။ ကြောင်နှုတ်ခမ်းမွေးတွေလိုပေါ့။ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့မှ နှုတ်ခမ်းပေါ်ကကျော်ပြီး နှာခေါင်းမှာတပ်ထားတဲ့ ပလတ်စတစ်ပိုက်ကလေးနှစ်လုံးကို တွေ့ရတယ်။ မေမေကြီးရဲ့ နံဘေးပတ်လည်မှာလည်း ထူးထူးဆန်းဆန်း စက်ကိရိယာတွေချည်းပဲ။ ရက်နည်းနည်းရတော့ မေမေကြီးကို တခြားလူနာနှစ်ယောက်နဲ့အတူ သာမန်လူနာခန်းထဲ ပြောင်းရွှေ့နေရာချပေးထားတယ်။ တစ်ညမှာတော့ မစ္စတာ ရာဇ်မန်တို့ လင်မယားရောက်လာတယ်။ သူတို့က ပြောပြတယ်လေ၊ 'ရှင့်ခွေးဟာ ရှင့်အသက်သခင်ပဲ။ ဒီခွေးကလေး ဟောင်လိုက်ပုံက သဲကြီးမဲကြီးပါပဲရှင်' တဲ့။

မေမေကြီး ထထိုင်ခွင့်ရပြီး နောက်တစ်နေ့မှာ လူနာတွေ လိုက်စစ်တုန်းက အကြိမ်ကြိမ် တွေ့ဖူးနေတဲ့ ဆရာဝန်ကလေးတစ်ယောက် အခန်းထဲ ဝင်လာတယ်။ သူက ကုလားထိုင်တစ်လုံးဆွဲယူပြီး မေမေကြီးရဲ့ ခုတင်နံဘေးမှာ ထိုင်တယ်။

'အဒေါ်ကြီးကို ကြည့်ရှုစောင့်ရှောက်ဖို့နဲ့ အဒေါ်ကြီးအတွက် ကူညီဆုံးဖြတ်ပေးဖို့ ဆွေမျိုးရင်းချာတွေ မရှိတော့ ကျွန်တော် အဒေါ်ကြီးကိုပဲ တိုက်ရိုက်ပွင့်ပွင့်လင်းလင်း ပြောရတော့မှာပဲ'

လို့ သူက စကားစတယ်။ သူစကားပြောနေတုန်း မေမေကြီးက သူပြောနေတာကို နားထောင်မယ့်အစား သူပြောပုံဆိုပုံကို ကြည့်နေမိတယ်။ သူ့နှုတ်ခမ်းတွေက ပါးပါးကလေးတွေရယ်။ သိတယ်မဟုတ်လား၊ မေမေကြီးကလည်း နှုတ်ခမ်းပါးပါးနဲ့ လူတွေကို ဘယ်တုန်းကမှ ကြည့်မရခဲ့တဲ့သူ။ သူ့ပြောစကားအရဆိုရင် မေမေကြီးရဲ့ ရောဂါအခြေအနေက ဆိုးရွားလွန်းတဲ့အတွက် အိမ်ကို ပြန်လို့မဖြစ်ဘူးတဲ့။ ဒီတော့ ဘိုးဘွားရိပ်သာမှာ သွားနေပါတဲ့။ လူနာပြုစုဖို့ ပစ္စည်းကိရိယာအစုံအလင်ရှိတဲ့ ဘိုးဘွားရိပ်သာနာမည် နှစ်ခု၊ သုံးခုကို သူက





ရွတ်ပြတယ်။ ဒါပေမဲ့ မေမေကြီးရဲ့ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်မိသွားတယ်ထင်ပါရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူက ကမန်းကတန်း စကားဖြည့်ပြောတယ်လေ။

'ကျွန်တော်ပြောတဲ့ ဘိုးဘွားရိပ်သာတွေကို ဟိုတုန်းက လူအိုရုံတွေမျိုးလို့ မထင်လိုက်နဲ့နော်။ ခုခေတ် ဘိုးဘွားရိပ်သာက အစစအရာရာ ကွာခြားနေပါပြီ။ နေရောင်ရတဲ့ အခန်းတွေနဲ့၊ လမ်းလျှောက်ဖို့ ပန်းခြံကျယ်ကြီးတွေနဲ့'

ဒါနဲ့ မေမေကြီးက မေးလိုက်တယ်။ 'ဆရာ၊ အက်စကီးမိုးလူမျိုးတွေအကြောင်း ဆရာနည်းနည်းပါးပါးများ သိပါသလား'လို့။

'ဟာ၊ သိတာပေါ့' လို့ သူက ပြောရင်း မတ်တတ်ရပ်လိုက်တယ်။ 'ဒါဆိုလည်း ပြီးတာပါပဲ။ ဒေါ်ကြီးကတော့ သေရမယ်ဆိုရင် သူတို့သေနည်းမျိုးနဲ့ပဲ သေဖို့ ရည်ရွယ်ထားတယ်'

မေမေကြီးရဲ့ စကားကို သူသိပ်ပြီး အဓိပ္ပာယ်ပေါက်ပုံ မရဘူး။ ဒါနဲ့ မေမေကြီးက ထပ်ဖြည့်ပြောတယ်။

'အဖြူရောင် ဆေးသုတ်ပြီး ရှင်းသန့်နေတဲ့ အခန်းထဲက ခုတင်ပေါ်မှာ တစ်နှစ်လောက်ပိုပြီး အသက်ရှင်နေထိုင်ရမှာနဲ့စာရင် ဒေါ်ကြီးက ဒေါ်ကြီးရဲ့ စားပိုဆောင်ထဲက အိုးခွက်ပန်းကန်တွေကြားထဲမှာ မှောက်လျက်လဲပြီး သေသွားတာမျိုးကို ခံယူချင်တာကွဲ့'

သူဟာ တံခါးပေါက်ဆီကို လျှောက်သွားနေပြီ။ ဒါပေမဲ့ တံခါးက ထွက်ပြီး မျက်စိအောက်က ပျောက်မသွားမီ ချာခနဲ လှည့်ကြည့်တယ်။ သူ့မျက်နှာပေါ်မှာ မလိုတမာ အပြုံးမျိုးနဲ့ပေါ့။

'လူတွေ တော်တော်များများက အဲဒီစကားမျိုး ပြောကြတယ်ဗျ။ ဒါပေမဲ့ နောက်ဆုံးကျတော့ ဒီကို ပြန်ပြေးလာကြတာပါပဲ။ သူတို့ဟာ ကြောက်ဒူးတုန်နေပြီး သူတို့ကို ကြည့်ရှုစောင့်ရှောက်ဖို့ အသနားခံကြတာပါပဲ'

နောက်သုံးရက်အကြာမှာ စာရွက်စာတမ်းတချို့ကို လက်မှတ်ထိုးပြီး ဆေးရုံပေါ်က ဆင်းခဲ့တယ်။ သူတို့လက်မှတ်ထိုးခိုင်းတဲ့ ပုံစံစာရွက်တွေက ရယ်ချင်စရာကြီး။ တကယ်လို့ မေမေကြီး သေဆုံးသွားတယ်ဆိုရင် တာဝန်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မေမကြီးသာဖြစ်ကြောင်း ဝန်ခံလက်မှတ်ထိုးပါတယ်တဲ့လေ။ အဲဒီစာရွက်တွေကို လက်မှတ်ထိုးပြီး ခေါင်းသေးသေးမှာ နားကွင်းအကြီးကြီးတပ်ထားတဲ့ သူနာပြုဆရာမတစ်ယောက်ရဲ့ လက်ထဲကို အပ်လိုက်တယ်။ ပြီးတော့ မေမကြီးရဲ့ ပစ္စည်းပစ္စယ အနည်းအကျဉ်းကို ပလတ်စတစ် လက်ဆွဲအိတ်ထဲထည့်တယ်။ အငှားကား ရပ်နားစခန်းရှိရာကို ထွက်ခဲ့တယ်။

ပန်းခြံဂိတ်ပေါက်ဝမှာ မေမကြီးကို မြင်လိုက်တာနဲ့ ဘတ်ဟာ အရူးလေးတစ်ကောင်လို ချာလပတ် လှည့်ပတ်ပြေးနေတော့တယ်။ နောက်ပြီး သူ့ရဲ့ ပျော်ရွှင်ကြည်နူးမှုကို ထင်ထင်ရှားရှားပြတဲ့ အနေနဲ့ မရပ်မနား ဟောင်တော့တာပဲ။ အဲဒီလို လှည့်ပတ်ပြေးပြီး မရပ်မနားဟောင်နေတဲ့အတွက် ပန်းခင်းနှစ်ခု ပျက်ခြင်းမလှ ပျက်သွားတယ်။ ဒီတစ်ချီတော့ မေမကြီး သူ့ကို ဆူပူကြိမ်းမောင်းချင်စိတ် မဖြစ်မိဘူး။ သူ့နှုတ်သီးတစ်ခုလုံး ရွှံ့တွေပေကျံပြီး မေမကြီးအနားကို တိုးကပ်လာတော့–

'ကဲ မိတ်ဆွေဟောင်းကြီးရေ၊ တို့များ ပြန်လည်ဆုံစည်းကြပြန်ပြီပေါ့ကွယ်'

လို့ ပြောလိုက်တယ်။ ပြီးတော့ သူ့နားရွက်တွေရဲ့ နောက်ဘက်နားကို ပွတ်သပ်ပေးလိုက်တယ်။

အဲဒီနေ့ရဲ့ နောက်မှာတော့ မေမကြီး ဘာဆိုဘာမှ မလုပ်တော့ဘူး။ ဒါမှမဟုတ်လည်း အနည်းအကျဉ်းကလေးလောက်ပဲ လုပ်တော့တယ်။ နာမကျန်းဖြစ်ပြီးကတည်းက မေမကြီး ကိုယ်ခန္ဓာရဲ့ ဘယ်ဘက်ခြမ်းဟာ တုံ့ပြန်မှုလေးကွေးလာတယ်။ အထူးသဖြင့် ဘယ်ဘက်လက်ဟာ အရမ်းလေးကွေးလာတယ်။ ဒီလို လေးကွေးလာတာကို အရှုံးပေးလိုက်ဖို့ဆိုတာကို မေမကြီး အကြီးအကျယ် မခံမရပ်နိုင် ဖြစ်မိတယ်။ ဒီတော့ အဲဒီ ဘယ်ဘက်လက်ကို တခြားလက်တစ်ဖက်ထက် ပိုပြီး အသုံးချခဲ့တယ်။ ဘယ်ဘက်လက်ကောက်ဝတ်မှာ ဖဲကြိုးအနီစကလေး ချည်ထားတယ်။ ဒါမှ တစ်ခုခုကို လှမ်းယူမယ်ဆိုရင် ညာလက်ကို မသုံးဘဲ ဘယ်လက်ကို သုံးဖို့ သတိရအောင်လေ။ တို့များရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ မှန်မှန်ကန်ကန် အလုပ်လုပ်နေသရွေ့ကာလပတ်လုံး ဒီကိုယ်အင်္ဂါ





အစိတ်အပိုင်းတွေဟာ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ရန်သူတွေဖြစ်နိုင်တယ်ဆိုတာကို တို့များသိမြင်သဘောပေါက်မှု မရှိကြဘူး။ ဒါပေမဲ့ တို့များ တစ်ချက်ကလေးသတိလစ်ပြီး အကာအကွယ်မဲ့သွားတာနဲ့ တို့တစ်တွေ ခံလိုက်ရပြီသာ မှတ်ပေတော့။

ဒီတော့ကွယ် မေမကြီး အရင်ကလို မဟုတ်တော့ဘူးဆိုတာ သိမြင်လာရတဲ့ နောက် ဝေါ်တာရဲ့မိန်းမကို သော့တစ်စုံအပ်ထားလိုက်တယ်။ သူက မေမကြီးကို ကြည့်ဖို့၊ ပြီးတော့ မေမကြီး လိုအပ်တာတွေ ဝယ်ခြမ်းပေးဖို့ နေ့စဉ်နေ့တိုင်း အိမ်ကို ဝင်လာပေးတယ်လေ။

မေမကြီး၊ အိမ်ထဲနဲ့ ခြံပြင်ထဲမှာသာ လှည့်ပတ်သွားလာနေရင်း သမီးလေးအကြောင်း တစ်တွေးတည်း တွေးနေမိတယ်။ ဘယ်လောက်ထိ တွေးနေမိသလဲဆို အစွဲအလမ်းတစ်ခုလိုကို ဖြစ်လာတော့တယ်။ ဒါနဲ့မေမကြီး တယ်လီဖုန်းရှိရာဆီကို အကြိမ်ကြိမ် သွားတယ်။ စကားပြောခွက်ကို ကောက်ကိုင်တယ်။ သမီးလေးဆီကို အကြောင်းကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ ဒါပေမဲ့ အဲဒီလို ကောက်ကိုင်ပြီး တယ်လီဖုန်းအိတ်ချိန်းကိုရောက်တိုင်း မူလစိတ်ကူးကို ဖျောက်ဖျက်ပစ်ခဲ့မိတယ်။ ညဉ့်ဦးပိုင်းတွေကျတော့ မေမကြီးရဲ့ လက်တန်းကုလားထိုင်ကြီးပေါ်မှာထိုင်တယ်။ မေမကြီးရဲ့ရှေ့မှာ ဘာဆိုဘာမှ မရှိ။ ဟာလာဟင်းလင်းကြီး။ မေမကြီးရဲ့ ပတ်ပတ်လည်မှာ ဘာအသံမှမရှိ။ တိတ်ဆိတ်မှုအတိ။ မေမကြီး ကိုယ့်ကိုယ်ကိုယ် တစ်မေးတည်း မေးနေမိတယ်။ အကောင်းဆုံးဖြစ်အောင် ငါဘာလုပ်ရမလဲ လို့။ ဟုတ်တယ်၊ အကောင်းဆုံးဖြစ်အောင်။ ထုံးစံအတိုင်း သမီးလေးအတွက် အကောင်းဆုံးဖြစ်အောင်ပါ။ မေမကြီးအတွက် မဟုတ်ပါဘူး။ မေမကြီးအတွက်ကတော့ကွယ်၊ ဒီလောကကြီးကို မေမကြီး စွန့်ခွာသွားချိန်မှာ သမီးလေး မေမကြီးအနားမှာ ရှိနေရင် ပိုကောင်းတာပေါ့။ ခုလို မေမကြီး မကျန်းမမာဖြစ်နေကြောင်း သမီးလေးဆီကို အကြောင်းကြားလိုက်ရင် သမီးလေး အမေရိကမှာ နေရေးအစီအစဉ်ကို ဖျက်ပြီး ဒုန်းစိုင်းပြေးချလာမယ်ဆိုတာ မေမကြီး သိတာပေါ့။

ဒါပေမဲ့ အဲဒီနောက်မှာ ဘာတွေ ဖြစ်လာမလဲ။ မေမကြီးက နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် သုံးလေးနှစ်ဆက်ပြီး အသက်ရှင်နေရင်ကော။ မေမေကြီး ဘီးတပ်ကုလားထိုင်ပေါ်မှာ နေရကောင်းနေရနိုင်တယ်။ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ချင်ချို့တဲ့နေမယ်။ အဲဒီအချိန်မှာ သမီးလေးက မေမေကြီးကို တာဝန်အရ ပြုစုစောင့်ရှောက်နေရမယ်လေ။ ဒီတာဝန်ကြီးကို သမီးလေး အနစ်နာခံစိတ်အပြည့်နဲ့ ကြိုးစားထမ်းဆောင်လိမ့်မယ်။ ဒါပေမဲ့ အချိန်တန်လာတဲ့အခါ သမီးလေးရဲ့ အနစ်နာခံစိတ်ဟာ ဒေါသနဲ့ ခါးသီးမှုအဖြစ် အသွင်ပြောင်းသွားလိမ့်မယ်။ နှစ်ကာလတွေ တစ်နှစ်ပြီးတစ်နှစ် တအိအိ ကုန်သွားတဲ့အခါ ခါးသီးမှုတွေ ဖြစ်ထွန်းလာမယ်။ ပြီးတော့ သမီးလေးရဲ့ ငယ်ဘဝတွေ အလဟဿ ဖြစ်ကုန်မယ်။ သမီးလေးအပေါ်ထားတဲ့ မေမေကြီးရဲ့ မေတ္တာတရားဟာ မေမေကြီး ဖြစ်စေချင်သလို မဖြစ်ဘဲ ကိုယ့်ရှုးကိုယ်ပတ်ပြီး သမီးလေးကို တစ်ဖက်ပိတ်လမ်းထဲ အတင်းအဓမ္မ တွန်းပို့ရာ ရောက်သွားမယ်။ အဲဒါကတော့ သမီးလေးဆီ ဘာကြောင့် ဖုန်းမဆက်ချင်ရသလဲဆိုတာ မေမေကြီးရဲ့ ရင်ထဲက အသံတစ်သံက ပြောနေတဲ့ ကြောင်းကျိုးပြချက်ပေါ့။

ဒါပေမဲ့ အဲဒီအသံက တယ်လီဖုန်းမဆက်ဖို့ ကန့်ကွက်ပြီး မကြာခင်မှာပဲ တယ်လီဖုန်းဆက်တာ မှန်တယ်လို့ မေမေကြီး ဆုံးဖြတ်မိပြန်ရော။

မေမေကြီး တွေးကြည့်တယ်လေ။ သမီးလေးက အိမ်ရှေ့တံခါးမကြီးကို ဖွင့်လိုက်မယ်။ အဲဒီအချိန်မှာ သမီးလေးဆီကို မေမေကြီးနဲ့ ဘတ်တို့ အပြေးအလွှားလာပြီး ဟေးလားဝါးလား လုပ်တာကို ကြုံရမယ့်အစား ကာလကြာမြင့်စွာကတည်းက လူသူမနေတော့တဲ့ ဟာလာဟင်းလင်းအိမ်ကြီးကိုပဲ တွေ့ကြုံရင်ဆိုင်ရမယ်ဆိုရင် သမီးလေး ဘယ်လိုခံစားရမလဲ။ ဆီးကြိုနှုတ်ဆက်မယ့်သူ တစ်ဦးမှမရှိတဲ့ အိမ်အပြန် ခရီးထက် ရင်နာစရာကောင်းတဲ့ အဖြစ်မျိုး ရှိနိုင်ပါဦးမလားကွယ်။

ကဲ၊ တကယ်လို့ သမီးလေးရှိတဲ့ ဆီကို မေမေကြီး သေဆုံးပြီဖြစ်ကြောင်း အကြောင်းကြားတဲ့ ကြေးနန်းစာရောက်လာရင်ကောကွယ်။ ဒါဟာ သစ္စာဖောက်တဲ့ အပြုအမူတစ်ရပ်လို့ သမီးလေး အဓိပ္ပာယ်မဖွင့်ပေဘူးလား။ မေမေကြီးက မလိုတမာစိတ် မွေးတယ်လို့ကော မထင်ပေဘူးလား။ လွန်ခဲ့တဲ့





လပိုင်းတွေတုန်းက သမီးလေးဟာ မေမေကြီးကို မရိုမသေ မလေးမခန့်စကားတွေ ပြောခဲ့တယ်။ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့တယ်။ ဒါကြောင့် သမီးလေးကို ပြစ်ဒဏ်ခတ်တဲ့အနေနဲ့ တစ်ခွန်းတစ်ပါဒမှ အကြောင်းကြားဖော် မရဘဲ လောကကြီးကို စွန့်ခွာသွားတယ်လို့ သမီးလေး မမှတ်ယူနိုင်ပေဘူးလား။

ဒီလိုသာ ဖြစ်သွားလို့ကတော့ ဒါဟာ ကိုယ့်ရှုးကိုယ်ပတ်တဲ့ ဖြစ်ရပ်မျိုး မဟုတ်တော့ဘူး။ သမီးလေးကို ချောက်ထဲ တွန်းချတဲ့ အဖြစ်မျိုး ဖြစ်သွားပြီ။ ဒီလို အတွေ့အကြုံမျိုးကို ဘယ်သူမှ ကြံ့ကြံ့ခံနိုင်မယ် မထင်ဘူးကွယ်။ မေမေကြီးကို ပြောချင်တဲ့ စကားတွေ သမီးလေးရဲ့ ရင်ထဲမှာ တစ်သက်လုံး ပိတ်လှောင်ကျန်နေတော့မယ်။ သမီးလေးချစ်တဲ့ ဘွားအေကြီးရဲ့ ရင်ခွင်မှာ ခိုလှုံခွင့် မရတော့ဘူး။ ဘွားအေရဲ့ မျက်နှာကို ကြည့်ပြီး အရင်က မပြောခဲ့ဖူးတဲ့ စကားတွေကို ပြောခွင့်မရတော့ဘူး။ သမီးလေးချစ်တဲ့ ဘွားအေကြီးကို မြေမြှုပ်သင်္ဂြိုဟ်ထားကြပြီလေ။

မေမေကြီးမှာ ချိတုံချတုံနဲ့ နေ့တွေ ရက်တွေ ကုန်လွန်သွားတယ်။ ဒါနဲ့ ဒီနေ့မနက်တော့ နှင်းဆီပင်ကလေးက မေမေကြီးကို လှုံ့ဆော်တိုက်တွန်းအားပေးနေတယ်ကွဲ့။ နှင်းဆီပင်ကလေးက ပြောနေတယ်။ သူ့ဆီကို စာတစ်စောင် ရေးပါတဲ့။ မေမေကြီး မရှိတော့တဲ့အခါ သမီးလေး အမှတ်တရ သိမ်းထားလို့ရအောင် မေမေကြီးရဲ့ တစ်ကိုယ်တော် နောက်ဆုံးနေ့တွေအကြောင်း မှတ်တမ်းကလေး တစ်စောင်ရေးပေးလိုက်ပါတဲ့။

ကဲ၊ ဒီတော့ မေမေကြီး စားပိုဆောင်ထဲရောက်နေပြီ။ သမီးလေးရဲ့ ဗလာစာအုပ်ဟောင်းကလေး တစ်အုပ်ကို ရှေ့မှာချလို့။ အိမ်စာတွေ မလုပ်တတ်လို့ စိတ်ညစ်နေတဲ့ ကျောင်းသူမကလေးတစ်ယောက်လို ဘောလ်ပင်ကို သွားနဲ့ ကိုက်လို့။

မေမေကြီး ရေးခဲ့မှာ သေတမ်းစာလား။ အဲဒီလိုတော့လည်း မဟုတ်ပြန်ဘူး။ သမီးလေးရဲ့ အနီးမှာ မေမေကြီး ရှိနေတယ်လို့ ခံစားချင်တဲ့အခါမျိုးမှာ သမီးလေးဖတ်လို့ရမယ့် စာတစ်စောင်လောက်ပါပဲ။ မစိုးရိမ်ပါနဲ့၊ သမီးလေးကို ဆရာကြီးလုပ်တဲ့ စာမျိုး မရေးခဲ့ပါဘူး။ ဒီစာကို ဖတ်ပြီး သမီးလေး စိတ်



www.burmeseclassic.com

www.burmeseclassic.com



အနောင့်အယှက်လည်း မဖြစ်စေရဘူး။ တို့မြေးအဖွား နှစ်ယောက်ကို နှောင်ဖွဲ့ထားခဲ့ပြီး လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကမှ ပျောက်ကွယ်သွားတဲ့ ရင်းနှီးမှုမျိုးနဲ့ စကားစမြည်ပြောတဲ့ စာမျိုးပဲ ရေးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူ့လောကမှာ မေမေကြီး နေထိုင်အသက်ရှင်ခဲ့ရတဲ့ နှစ်ကာလတွေက ကြာညောင်းလွန်းလှတယ်။ ဒီတော့ မေမေကြီး သေဆုံးတဲ့ အခါမှာ မိတ်ဆွေသင်္ဂဟပေါင်းများစွာကို ခွဲခွာထားရစ်ခဲ့ရမယ်။ လူတစ်ဦး သေဆုံးသွားလို့ လူတွေ ဝမ်းနည်းကြေကွဲတယ်ဆိုတာ အဲဒီလူ မရှိတော့လို့ မဟုတ်ဘူး။ အဲဒီလူနဲ့ ကျန်ခဲ့တဲ့ လူတွေကြား ပြောချင်ဆိုချင်တဲ့ စကားတွေ မပြောလိုက်ရတာက ကြေကွဲစရာကွဲ့။

သိတယ် မဟုတ်လား၊ သမီးလေးရဲ့ အမေအဖြစ် ခံယူရမယ့် အချိန်မှာ မေမေကြီးဟာ ဘွားအေအရွယ်ကို ရောက်နေပြီလေ။ ဒီတာဝန်ကို ယူလိုက်ရပြီဆိုကတည်းက မေမေကြီးဘဝဟာ တစ်ဆင့်ပြန်ပြီး တိုးတက်သွားပြန်ပြီပေါ့။ ဒီလိုတာဝန်ယူလိုက်ရတဲ့အတွက် အခွင့်အလမ်းသာမှုတွေ အများကြီး ရနိုင်တယ်။ သမီးလေးရနိုင်မယ့် အကျိုးကျေးဇူးက ဘွားဘွားမေမေဟာ မိခင်မေမေထက် ပိုပြီး ဂရုစိုက်တယ်၊ စိတ်ရှည်သည်းခံတယ်။ မေမေကြီး ရနိုင်မယ့် အကျိုးကျေးဇူးကတော့ တခြားသက်ရွယ်အို အဘွားကြီးတွေလို ဖဲဝိုင်းကလေး ထိုင်လိုက်၊ အမျိုးသမီးများ ကလပ်မှာထိုင်ပြီး အတင်းအဖျင်းတွေ ပြောလိုက်လုပ်ပြီး သူငယ်ပြန်တဲ့ ဘဝကို မရောက်တော့ဘဲ ဘဝရဲ့ ပင်မရေစီးထဲကို ပြန်လည်စီးဝင်မျောပါခွင့် ရပြန်တာပေါ့ကွယ်။

ဒါပေမဲ့ ဖျိုးခနဲ ဖျတ်ခနဲ တစ်ခုခုဖြစ်မယ့်အချိန်ကို ရောက်လာတော့တယ်။ ဒီလိုဖြစ်လာရတာဟာ မေမေကြီးရဲ့ ချို့ယွင်းချက်ကြောင့် မဟုတ်သလို သမီးလေးရဲ့ ချို့ယွင်းချက်ကြောင့်လည်း မဟုတ်ဘူး။ သဘာဝအလျောက် ဖြစ်ပေါ်လာရတာ။

ကလေးဘဝနဲ့ သက်ကြီးရွယ်အိုဘဝဟာ အရမ်းဆင်တူတယ်။ အဲဒီဘဝနှစ်မျိုးစလုံးမှာ အကာအကွယ်မဲ့ခြင်းဆိုတဲ့ လက္ခဏာရပ် တစ်ခုရှိနေတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကတော့ အကြောင်းအမျိုးမျိုးပေါ်မှာ မူတည်တာပေါ့။ ကလေးဘဝဆိုတာက သွက်လက်လှုပ်ရှားနေတဲ့ ကမ္ဘာလောကကြီးထဲ





ကို တိုးမဝင်ရသေးဘူး။ သက်ကြီးရွယ်အိုဘဝကျတော့ သွက်လက်လှုပ်ရှားနေတဲ့ ကမ္ဘာလောကကြီးထဲမှာ ဆက်ပြီး ပါဝင်မနေတော့ဘူး။ နားလိုက်ပြီပေါ့။ နောက်ပြီး ဒီနှစ်ဦးရဲ့ တုံ့ပြန်မှုတွေက ပြင်ပ ပယောဂမပါဘဲ ရင်တွင်းက အလိုအလျောက် ဖြစ်လာတဲ့ တုံ့ပြန်မှုတွေ။ ပွင့်လင်းတယ်။ ဟန်ဆောင်မှု မရှိဘူး။

အရွယ်ရောက်သူဘဝကို ကူးပြောင်းလာတဲ့ ကာလအတောအတွင်း တို့ရဲ့ ကိုယ်ခန္ဓာကို ကိုယ်ပျောက်အခွံတစ်ခုက စတင်ရစ်ပတ်ကာရံလာတော့တယ်။ အဲဒီအခွံဟာ တဖြည်းဖြည်း မာလာတယ်။ လူကြီးဘဝကာလအတွင်း ဒီအခွံဟာ ထူသည်ထက် ထူလာတယ်။ ပုလဲတစ်လုံး ဖွံ့ထွားလာသလို ဖွံ့ထွားလာတယ်။ ပုလဲဆိုတာ အလုံးကြီးလေ ဒဏ်ရာနက်လေ၊ အပေါ်ခွံ ပိုပြီး မာလာလေပေါ့ကွယ်။ ဒါပေမဲ့လည်း မေမေကြီးတို့ ဝတ်ဆင်တဲ့ အဝတ်အစားတွေလို ဝတ်ဖန်များလာတော့ အချိန်ကြာလာတာနဲ့အမျှ တချို့နေရာတွေမှာ ပါးလျားလာတယ်။ နောက်ကျတော့ လှုပ်ရှားမှု တစ်ခုခုကြောင့် မမျှော်လင့်ဘဲ ကွဲထွက်သွားတယ်။ ဒီလိုကွဲသွားတာကို ပထမတော့ သတိမထားမိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို အကာအကွယ်ပေးနေတဲ့ အခွံရဲ့ ခိုင်မာမှုကို ယုံကြည်စိတ်ချထားလို့ပဲ။ အဲဒီနောက်မှာတော့ အနှစ်သာရမဲ့တဲ့ ကိစ္စတစ်ခုခု ဖြစ်ပေါ်လာတယ်။ ဒီအခါ ဘာအကြောင်းကြောင့်မှန်း မသိဘဲ တို့များဟာ ကလေးတစ်ယောက်လို ငိုကျွေးနေမိတော့တယ်လေ။

မေမေကြီးပြောချင်တဲ့ အဓိပ္ပာယ်အတိအကျကတော့ သမီးလေးနဲ့ မေမေကြီးကြားမှာ သဘာဝအလျောက် စိတ်ဝမ်းကွဲမှု ဖြစ်ပေါ်လာရတယ်ဆိုတာပါပဲကွယ်။ သမီးလေးရဲ့ အခွံကစတင်ဖြစ်ထွန်း ဖွံ့ထွားလာချိန်မှာ မေမေကြီးရဲ့ အခွံက တစ်စီကြေမွသွားပြီးသား ဖြစ်နေပြီလေ။ သမီးလေးက မေမေကြီးရဲ့ မျက်ရည်တွေကို သည်းမခံနိုင်သလို မေမေကြီးက သမီးလေးရဲ့ အသစ်ဖြစ်ထွန်းလာတဲ့ မာကျောမှုကို သည်းမခံနိုင်ဘူး။ တကယ်တော့ သမီးလေး အရွယ်ရောက်လာတာနဲ့အမျှ အကျင့်စရိုက်တွေ ပြောင်းလာလိမ့်မယ်ဆိုတာ မေမေကြီး ကြိုတွက်ပြီးသား။ ဒီအတွက် အသင့်ပြင်ထားပြီးသား။ ဒါပေမယ့် ပြောင်းလဲမှုနဲ့ တကယ်တမ်း ရင်ဆိုင်ရတဲ့အခါ မေမေကြီး သည်းခံဖို့ ခက်ခဲနေတာ တွေ့ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးဟာ အသွင်ခြားသူတစ်ဦးနဲ့ မျက်နှာချင်းဆိုင်နေရတယ်။ မေမေကြီး ဘယ်လို ဆက်ဆံရမှန်း မသိသူတစ်ဦးနဲ့ ရင်ဆိုင်နေရတယ်။ ညဘက်အိပ်ရာ ဝင်တဲ့အခါများမှာ ထုံးစံအတိုင်း သမီးလေးအကြောင်း စဉ်းစားတာပေါ့ကွယ်။ အဲဒီအခါကျ သမီးလေး ဘာကြောင့် ဘာတွေ ဖြစ်နေရတယ်ဆိုတာ နိုင်နိုင်မာ မာကြီးကို အပြေရှာလို့ရပါတယ်။ ထိခိုက်ပွန်းရှမှုဆိုလို့ ခြစ်ရာကလေးတစ်ခု တောင် မရှိဘဲ လူမျိုး၊ အမျိုးဘဝကို ကျော်ဖြတ်လာသူ တစ်ဦးဟာ လူကြီးဘဝ ကို တကယ်တမ်းရောက်မလာနိုင်ဘူးလို့တောင် ကိုယ့်ကိုယ်ကိုယ် သတိပေး လိုက်သေးတယ်။

ဒါပေမဲ့ နောက်တစ်နေ့မနက်မှာ ဈေးဦးပေါက်အဖြစ် သမီးလေးက မေမေကြီးကိုလည်း တိုက်ခိုက်လိုက်ရော မေမေကြီး အရမ်းစိတ်ဓာတ်ကျမိတယ်။ မျက်ရည်ကျလုခမန်း ခံစားရတယ်။ မေမေကြီး အစွမ်းကုန် ကြိုးစားပါတယ်။ ဒါပေမဲ့ သမီးလေးကို ဖက်ပြိုင်ရင်ဆိုင်နိုင်လောက်အောင် ခွန်အားတွေ စုစည်း လို့ မရခဲ့ဘူး။

သမီးလေး အသက်ရှစ်ဆယ်အထိ အသက်ရှင်နေထိုင်ခွင့်ရမယ်ဆို ရင် အဲဒီသက်တမ်းရှိသူတွေဟာ စက်တင်ဘာလကုန်ပိုင်းမှာ ရှိနေတဲ့ သစ်ပင်ပေါ် က သစ်ရွက်ကလေးတွေလို ခံစားရတယ်ဆိုတဲ့ အကြောင်း သမီးလေးသိလာမှာ ပါ။ နေ့တွေ ရက်တွေက သိပ်များများ မကျန်တော့ဘူး။ နွေရောက်တော့မယ်။ အဲဒီအခါ သစ်ပင်ကြီးဟာ သူ့ရဲ့ အာဟာရဓာတ်တွေကို သူ့ကိုယ်တွင်း တဖြည်း ဖြည်း ပြန်စုပ်သွင်းတယ်။ ပင်စည်ကြီးက နိုက်ထရိုဂျင်၊ ကလိုရိုဖီးလ်နဲ့ ပရိုတိန်း ဓာတ်တွေကို ပြန်ပြီး ဝါးမျိုးပစ်တယ်။ အဲဒီလို အသက်ဆက်ပေးမယ့် ဓာတ် တွေကို မရတော့တာနဲ့အမျှ အစိမ်းရောင် ဖြစ်ပေါ်မှုတို့၊ ကျူ့ဆန့်ရန်းကန်တတ် တဲ့ ဂုဏ်သတ္တိတို့လည်း လျော့ပါးလာတယ်။ ဒီတော့ ဘာဖြစ်သလဲ။ သစ်ရွက် ကလေးဟာ ဖြစ်တဲ့နည်းနဲ့ဆက်ပြီး တွယ်ဖက်ထားတယ်။ ဒါပေမဲ့ အဲဒီအတိုင်း ရေရှည်တွယ်ဖက်မထားနိုင်ဘူးဆိုတာ သူသိနေတယ်။ တခြားသစ်ရွက်တွေက တော့ တစ်ရွက်ပြီးတစ်ရွက် ကြွေကုန်ပြီ။ သူတို့ကြွေကျတာကို မြင်နေတွေ့နေရ တယ်။ ပြီးတော့ လေတိုက်နှုန်းနည်းနည်းကလေး မြင့်လာမှာကို အထိတ်ထိတ်





အလန့်လန့်နဲ့ အသက်ရှင်နေရတယ်။ မေမေကြီးအတွက်ကျတော့ လေပြင်းက သမီးလေးပေါ့။ အရွယ်ရောက်လာတာနဲ့အမျှ ထိပ်တိုက်ရင်ဆိုင်နိုင်အားကောင်း လာတဲ့ သမီးလေးဟာ မေမေကြီးအတွက် လေပြင်းပဲပေါ့။ ဒါကို သမီးလေး ဘယ်တုန်းကမှ မသိမမြင်ခဲ့ဘူးလေ။ ဟုတ်တယ်မဟုတ်လား ကလေးရယ်။ တို့မြေးအဘွားနှစ်ယောက်ဟာ သစ်ပင်တစ်ပင်တည်းကို တွယ်ဖက်ထားတဲ့ သစ် ရွက်ကလေးတွေပါပဲကွယ်။ ဒါပေမဲ့ ကွဲပြားခြားနားတဲ့ ရာသီတွေမှာ ရှင်သန် နေကြရတဲ့ သစ်ရွက်တွေလေ။

သမီးလေး ခွဲခွာသွားတဲ့နေ့ကို မေမေကြီး သတိရနေသေးတယ်။ တို့မြေးအဘွား ဘယ်အခြေအနေမျိုးရောက်ခဲ့သလဲ။ မေမေကြီး လေဆိပ်လိုက် ပို့ဖို့ကို သမီးလေးက ခွင့်မပြုဘူး။ သမီးလေးရဲ့...ဟိုဟာထည့်ပါဟဲ့၊ ဒီဟာ ယူသွားပါဦးလို့ မေမေကြီးက သတိပေးတိုင်း 'သမီးသွားမှာ အမေရိကကို၊ သိကန္တာရထဲ သွားမှာ မဟုတ်ဘူး'လို့ သမီးလေးက ပြန်ပြန်ပက်ရဲ့။ သမီးလေး တံခါးဝကနေ အပြင်ထွက်သွားတော့ မေမေကြီးက စက်ဆုပ်ရွံရှာမှန်းစရာ ကောင်း လှတဲ့ အသံစူးစူးနဲ့ အော်ပြောလိုက်သေးတယ်။ 'ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်' လို့။ ဒီတော့ သမီးလေးက တစ်ချက်ကလေးတောင် လှည့်မကြည့်ဘဲ စကားလုံး တွေပဲထားရစ်ခဲ့တယ်။ 'ဘတ်နဲ့ နှင်းဆီပင်ကလေးကို ကြည့်ထားလိုက်ပါ'တဲ့လေ။

အဲဒီအချိန်တုန်းကတော့ သမီးလေးရဲ့ စကားလုံးတွေကြောင့် စိတ် ပျက်လက်ပျက် ဖြစ်ကျန်ခဲ့ရတယ်ဆိုတာ ဝန်ခံရမှာပဲ။ အစွဲအလမ်းကြီးတတ်တဲ့ အဘွားကြီးဖြစ်တဲ့ မေမေကြီးက ဒီထက် အနှစ်သာရရှိတဲ့ နှုတ်ဆက်မှုမျိုး ပြု လုပ်လိမ့်မယ်လို့ မျှော်လင့်ထားခဲ့တယ်လေ။ အနမ်းကလေးတစ်နမ်း၊ ဒါမှမဟုတ် ချစ်ခြင်းမေတ္တာကို ဖော်ပြတဲ့ စကားကလေးတစ်ခွန်း နှစ်ခွန်းပေါ့။

အဲဒီ ညဘက်အိပ်ဖို့ ကြိုးစားနေတာကို စွန့်လွှတ်လိုက်ပြီး ညဥ့်ဝတ် အင်္ကျီကြီးနဲ့ပဲ ဟာလာဟင်းလင်း အိမ်ကြီးထဲမှာ ဦးတည်ရာမဲ့ လျှောက်သွားနေ မိတယ်။ အဲဒီခါကျမှပဲ ဘတ်နဲ့ နှင်းဆီပင်ကလေးကို ကြည့်ရှုစောင့်ရှောက်ဖို့ ဆိုတာ မေမေကြီးနဲ့ အတူဆက်ပြီး ရှိနေသေးတဲ့ သမီးလေးရဲ့ တစ်စိတ်တစ်ဒေသ ကို ကြည့်ရှုစောင့်ရှောက်ရာ ရောက်ပါကလားလို့ သဘောပေါက်မိတယ်။ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့အတူ ဆက်ပြီး ရှိနေဦးမယ့် တစ်စိတ်တစ်ဒေသ ဆိုတာကတော့ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ တစ်စိတ်တစ်ဒေသကလေးပေါ့ကွယ်။

နောက်ပြီး သမီးလေး ဒီလောက် အသံစူးစူးရှရှနဲ့ ပြောသွားတာဟာ ခံစားမှုကင်းမဲ့လို့ မဟုတ်ဘူး။ မျက်ရည်တွေကို အားစိုက်ပြီး ထိန်းရလွန်းလို့ ဖြစ်ပေါ်ချက် တစ်ခုဆိုတာကိုလည်း မေမေကြီး သိမြင်လာတယ်။ မေမေကြီး ပြောခဲ့တဲ့ အခွံဆိုတာ အဲဒါပဲပေါ့။ သမီးလေးရဲ့ အခွံက သမီးလေးကို ရစ်ပတ်ကာရံထားတာ တင်းကျပ်လွန်းတော့ သမီးလေး အသက်တောင် ဝဝမရှူနိုင်ဘူးလေ။ လွန်ခဲ့တဲ့ လပိုင်းတွေအတွင်း မေမေကြီး အကြိမ်ကြိမ်ပြောခဲ့တဲ့ စကားတွေကို မှတ်မိသေးလား။ တို့များ သွန်ထုတ်မပစ်လိုက်တဲ့ မျက်ရည်တွေဟာ တို့ရဲ့ နှလုံးသားပတ်လည်မှာ အိုင်နေတယ်။ ကာလတွေ ကြာညောင်းလာတဲ့အခါ အဲဒီမျက်ရည်တွေဟာ အပေါ်ခွံတင်းပြီး နှလုံးသားကို လှုပ်ရှားမရအောင် ဖျစ်ညှစ်ထားတော့တယ်။ အဝတ်လျှော်စက်တွေထဲမှာ ထုံးကျောက်အလွှာတွေ ဖြစ်လာသလိုပေါ့ကွယ်။

မီးဖိုချောင်အသုံးအဆောင်တွေကို အခြေပြုထားတဲ့ မေမေကြီးရဲ့ တင်စားချက် ရိုးရိုးကြီးက သမီးလေးကို စိတ်နှလုံးရွှင်မြူးစေမယ့်အစား စိတ်ပျက်ငြီးငွေ့စေမှာပဲနော်။ မေမေကြီးရဲ့ ဥပမာ ဥပစာစကားတွေကိုတော့ သည်းခံပြီး ဖတ်ရလိမ့်မယ်နော်။ လူတိုင်းလူတိုင်းဟာ ကိုယ်နဲ့ အကျွမ်းဝင် အရင်းနှီးဆုံး အရာတွေကနေ စိတ်ကူးစိတ်သန်းတွေ မွေးဖွားယူရတာပဲလေ။

ကဲ၊ တော်ဦးမှ။ ဘတ်က တအီအီလုပ်ပြီး ။ ကြီးကို တောင်းပန်ခယတဲ့ အကြည့်နဲ့ကြည့်နေပြီ။ သူဟာလည်း သဘာဝရဲ့ စည်းကမ်းချက်တွေကို ပြဆိုနေတဲ့ နမူနာတစ်ခုပေါ့။ ရာသီတွေ ဘယ်လိုပဲပြောင်းနေပြောင်းနေ ဘယ်အချိန်ဘယ်အခါကတော့ ထမင်းစားရမယ့်အချိန်ဆိုတာ သူက တိတိကျကျကြီးကို သိနေတာကွယ့်။ မယုံရင် သူ့နံဘေးမှာ နာရီတစ်လုံးချထားကြည့်၊ အချိန်မလွဲစေရဘူး။

နိုဝင်ဘာ ၁၈

မနေ့ညကတော့ သဲကြီးမဲကြီး မိုးရွာတယ်ဟေ့။ ဘယ်လောက်ထိ မိုးကြီးသလဲဆို တရုတ်ကတ်မှန်တွေကို လာရိုက်တဲ့ မိုးသံတွေက မေမေကြီးကို အကြိမ်ကြိမ် လန့်နိုးစေတာကလား။

ဒီမနက် မျက်စိတွေ ဖွင့်ကြည့်လိုက်တော့ ရာသီဥတု ဆိုးတုန်းပဲ။ ဒီတော့ အချိန်တော်တော်ကလေးကြာတဲ့အထိ အိပ်ရာထဲမှာ ဆက်ပြီးကွေးနေလိုက်တယ်။ သြော် နှစ်ကာလတွေ ကြာလာတာနဲ့အမျှ အပြောင်းအလဲတွေ ဖြစ်သွားပုံများ ပြောပါတယ်။ သမီးလေး အသက်အရွယ်လောက်တုန်းကဆို မေမေကြီးဟာ တစ်ဆောင်းတွင်းလုံး ဆောင်းခိုပြီး အိပ်နေတတ်တဲ့ ဒေါ်မောက်စ် ကြွက်ကလေးလိုပဲကွဲ့။ မေမေကြီးကို တစ်ယောက်ယောက်က လာပြီး မနှိုးလို့ကတော့ နေ့လယ်စာ စားချိန်အထိ အိပ်ပျော်အောင် အိပ်လို့ရတယ်လေ။

ဒါပေမဲ့ ခုအသက်အရွယ်မှာတော့ မိုးမသောက်မီကတည်းက အိပ်ရာက ထနေကျ ဖြစ်နေပြီ။ အဲဒီလို အစောကြီး အိပ်ရာက ထနေတော့ တစ်နေ့တာ နေရတဲ့ ကာလတွေက တာရှည်လွန်းတာပေါ့။ တာရှည်တာမှ မဆုံးနိုင်လောက်အောင်ပါပဲ။ တခြားဘာနဲ့မှ မတူတာကတော့ တစ်နေ့တာလုံးရဲ့ အချိန်တွေထဲမှာ မနက်ပိုင်းအချိန်တွေဟာ စိတ်ပျက်စရာ အကောင်းဆုံး ဖြစ်နေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တွေမှာ တခြားအာရုံပျံ့စရာ ဘာကိစ္စမှ မရှိလို့။ အာရုံပျံ့စရာတွေ ကိစ္စတွေ မရှိတော့ လူတစ်ယောက်ဟာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပဲ တွေးနေမိတာပေါ့။ ကိုယ့်အကြောင်း ကိုယ်တွေးပြီ ဆိုကတည်းက အတိတ်က အကြောင်းတွေပဲပေါ့ကွယ်။ သက်ကြီးရွယ်အိုတစ်ယောက်ရဲ့ အတွေးတွေမှာ အနာဂတ်ဆိုတာ မရှိဘူး။ များသောအားဖြင့် ဝမ်းနည်းကြေကွဲစရာ အတွေးတွေ ချည်းပဲ။ ဝမ်းနည်းကြေကွဲစရာ မဟုတ်တောင် ငူငူငိုင်ငိုင်ဖြစ်ရမယ့် အတွေးမျိုးတွေပေါ့။

မေမေကြီးလေ သဘာဝရဲ့ ထူးခြားတဲ့ သွင်ပြင်တစ်ရပ်အကြောင်း တွေးတွေးပြီး အံ့သြနေမိတယ်။ ဟိုတစ်နေ့က မေမေကြီးကို အတွေးကြွယ်စေမယ့် မှတ်တမ်းတင် ဗီဒီယိုကားတစ်ကား ကြည့်လိုက်ရတယ်။ သူတို့က တိရစ္ဆာန်တွေမက်တဲ့ အိပ်မက်တွေအကြောင်း တင်ပြကြတယ်လေ။ သဘာဝအနေအထား အဆင့်ဆင့်အရ ငှက်တွေနဲ့ အထက်ဖြစ်တဲ့ တိရစ္ဆာန်တွေဟာ တယ်ပြီး အိပ်မက်မက်ကြတယ်ဆိုပဲ။ နံ့ပြီစုတ်လို ငှက်ကလေးတွေ၊ ခိုတွေ၊ ယုန်တွေ၊ ပြီးတော့ ရှဉ့်ကလေးတွေ၊ ခွေးတွေ၊ နောက်ပြီး လယ်တောယာတောမှာ လဲလျောင်းနေတဲ့ နွားမတွေ...သူတို့အားလုံး အိပ်မက်မက်တတ်ကြသတဲ့။ ဒါပေမဲ့ မက်ပုံချင်းတော့ မတူကြဘူးတဲ့ကွဲ့။ သဘာဝအရ တခြားအကောင်တွေရဲ့ တိုက်ခိုက်သတ်ဖြတ်ခြင်းခံရတဲ့ တိရစ္ဆာန်တွေဟာ တိုတိုတုတ်တုတ်အိပ်မက်တွေပဲ မက်လေ့ရှိသတဲ့။ အိပ်မက်ဆိုတာထက် စိတ်မျက်စိထဲမှာ ရိုးတိုးရိပ်တိပ်မြင်လိုက်ရတာမျိုးပေါ့။ အဲ...တခြားအကောင်တွေကို တိုက်ခိုက်သတ်ဖြတ် စားတတ်တဲ့ တိရစ္ဆာန်တွေကျတော့ ရှည်လျားပြီး ရှုပ်ထွေးတဲ့ အိပ်မက်တွေ မက်တတ်ကြဆိုပဲ။

'တိရစ္ဆာန်တွေအဖို့ကတော့ အိပ်မက်တွေဆိုတာ မိမိတို့ရှင်သန်ရပ်တည်နိုင်ရေးအတွက် မဟာဗျူဟာတွေ စုစည်းပြင်ဆင်တဲ့ နည်းတစ်နည်းပါပဲ။ မုဆိုးတွေက သူတို့ရဲ့ သားကောင်တွေကို အမိဖမ်းဖို့ အမြဲတမ်း နည်းသစ်လမ်းသစ်တွေ ရှာဖွေကြံဆနေကြပြီး သားကောင်ဖြစ်ရတဲ့ တိရစ္ဆာန်တွေကတော့ သူတို့ရဲ့ အစားအစာဟာ မြက်ပင်တွေလို သူတို့ရှေ့မှာ အရန်သင့်ရှိနေတာဆိုတော့ သူတို့ တွေးတောကြံဆရမှာက အသက်ဘေးအန္တရာယ်ကနေ အမြန်ဆုံး လွတ်မြောက်နိုင်မယ့် နည်းတွေပဲ ဖြစ်ပါတယ်'

မှတ်တမ်းတင်ဇာတ်ကားရဲ့ နောက်ခံရှင်းပြသူက အဲဒီလို ပြောတယ်။



ဒီတော့ တောဆိတ်တစ်ကောင်ရဲ့ အိပ်မက်ထဲမှာ မြင်ရမှာက သူ့ရှေ့မှာရှိနေတဲ့ မြေညီလွင်ပြင် တပြန့်တပြောကြီးပေါ့ကွယ်။ အဲ...ခြင်္သေ့တစ်ကောင်ရဲ့ အိပ်မက်ထဲမှာကျတော့ သူ့ရဲ့သားကောင်တောဆိတ်ကို မစားနိုင်မီ သူလုပ်ဆောင်ရမယ့် လှုပ်ရှားမှုအမျိုးမျိုးကို မြင်ယောင်နေလိမ့်မယ်။

ဒီတော့ မေမေကြီး နွားတွေးကွန့်ကြည့်နေမိတယ်ကွဲ့။ တို့တစ်တွေဟာ ငယ်ရွယ်စဉ်တုန်းက အသားစားသတ္တဝါတွေ ဖြစ်ခဲ့ပြီး အသက်ကြီးလာတော့ သစ်ဥသစ်ဖုစား သတ္တဝါတွေ ဖြစ်လာတာ ဖြစ်မယ်။ ဘာလို့လဲဆိုတော့ သက်ကြီးရွယ်အိုတွေဟာ အအိပ်အနေနည်းလာတယ်။ အိပ်မက်မမက်ကြဘူး။ မက်ရင်လည်း သူတို့ရဲ့ အိပ်မက်တွေကို မေ့ကုန်တာ ဖြစ်မယ်။ ကလေးတွေနဲ့ လူငယ်လူရွယ်တွေကျတော့ လူကြီးတွေထက် အပုံကြီး ပိုပြီး အိပ်မက်မက်ကြတယ်။ နောက်ပြီး သူတို့ရဲ့ အိပ်မက်တွေဟာ ပီပြင်ထင်ရှားလွန်းတဲ့အတွက် အိပ်မက်က တစ်နေ့တာ စိတ်[illegible]အနေကိုတောင် ပြဋ္ဌာန်းပေးနိုင်စွမ်းရှိတယ်။

သမီးလေး ဒီမှာ နေသွားတဲ့ နောက်ဆုံးလပိုင်းတွေမှာ ငိုငိုပြီး အိပ်ရာက ထလာတာ မှတ်မိသေးလား။ ရှေ့က စားပွဲပေါ်မှာ ကော်ဖီခွက်ကိုတင်၊ ငူငူကြီးထိုင်ပြီး အသံမထွက်ဘဲ ပါးပြင်ပေါ်ကို မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် စီးကျနေတာလေ။

'သမီးလေး ဘာဖြစ်လို့ ငိုနေတာလဲ'

မေမေကြီးက မေးတယ်။ သမီးလေးက တစ်ခါတလေ အေးတိအေးစက်နဲ့၊ တစ်ခါတလေကျတော့ ဒေါသတကြီးနဲ့ ပြန်ဖြေတတ်တယ်။ 'မသိဘူး' တဲ့၊ ကဲ။

သမီးတို့အရွယ်ကျတော့ စိတ်ထဲမှာ ဖြစ်ပေါ်ခံစားနေရတာတွေ အများကြီးရှိမယ်။ အဲဒီခံစားချက်တွေကို တစ်ကန့်စီ တစ်သန့်စီ ခွဲခြားစိစစ်ပစ်ဖို့ လိုတယ်။ သမီးလေးမှာ စိမ်ကိန်းတွေရှိမယ်။ စိမ်ကိန်းဆိုတာ မရေရာ မသေချာမှုပဲ။ မသိစိတ်မှာ စနစ်တကျ အစီအစဉ်ဆိုတာ၊ ဒါမှမဟုတ် ရှင်းလင်းပြတ်သားတဲ့ ကျိုးကြောင်းဆင်ခြင်မှုဆိုတာ မရှိဘူး။ မသိစိတ်က တစ်နေ့တာအတွင်း ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်အပိုင်းအစတွေကို ရောမွှေပစ်တယ်။ အဲဒီလို ရောမွှေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်အပိုင်းအစတွေဟာ မူလအတိုင်း ဟုတ်ချင်မှ ဟုတ်တော့မယ်။ မူလဖြစ်ရပ်ကို ချဲ့ကားထားတာ ဖြစ်ချင်ဖြစ်မယ်။ မူလဖြစ်ရပ်ကို ပုံဖျက်ထားတာ ဖြစ်ချင်ဖြစ်မယ်။ အဲဒီလို ရောမွှေတဲ့အခါ မသိစိတ်က အမြင့်မားဆုံးမျှော်မှန်းချက်တွေ၊ အပြင်းပြဆုံး အာသီသတွေနဲ့ ရောမွှေတာ ဖြစ်တယ်။ အမြင့်မားဆုံးနဲ့ အပြင်းပြဆုံး အာသီသတွေထဲမှာ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်တွေကိုလည်း ကြားညှပ်ဖော်ပြလေ့ရှိတယ်။

ဒီတော့ တစ်ယောက်ယောက်ဟာ ဆာလောင်မွတ်သိပ်နေရင် စားပွဲတစ်လုံးမှာ ထိုင်နေပြီး ဘာမှစားလို့ မရတဲ့ အဖြစ်မျိုး အိပ်မက်မက်လိမ့်မယ်။ ချမ်းနေသူတွေကျတော့ ကုတ်အင်္ကျီမပါဘဲ မြောက်ဝင်ရိုးစွန်းကို ရောက်နေတဲ့ အဖြစ်မျိုး မြင်မက်လိမ့်မယ်။ အဆော်ကားခံရသူတွေက သွေးဆာနေတဲ့ စစ်သည်တော်တွေအဖြစ် အိပ်မက်ထဲမှာ ပါဝင်နေပြန်ရော။

ကဲ၊ အမေရိကန်နွားကျောင်းသားတွေနဲ့ ဆောင်ချမ်းပင်တွေကြားထဲ ရောက်နေတဲ့ သမီးရောကွယ်...ဘာတွေများ အိပ်မက်မက်နေလဲ။ မေမေကြီး သိချင်လိုက်စမ်းပါဘိ။ မေမေကြီး အတွေးကွန့်ကြည့်မိတယ် သိလား။ သမီးလေးရဲ့ အိပ်မက်တွေထဲမှာ မေမေကြီးများ တစ်ခါတလေ ပါဝင်နေမလား။ အမေရိကန် အင်ဒီးယန်း လူနီမျိုး အဘွားကြီးတစ်ယောက်အနေနဲ့ပဲ ဖြစ်ဖြစ်ပေါ့။ ဘတ်တစ်ကောင်ကော မြောက်အမေရိကတိုက် ဝံပုလွေပုံစံနဲ့ အိပ်မက်ထဲ ပါလာသေးလား။ သမီးလေးအိမ်ကိုကော လွမ်းရဲ့လားကွယ်။ မေမေကြီးတို့အကြောင်းတွေးမိရဲ့လား။

မေမေကြီး ငယ်ငယ်တုန်းက မေဖေ့ညီမတစ်ယောက်ဟာ သူ့ယောကျ်ားဆုံးသွားတာမို့ မေမေကြီးတို့နဲ့အတူ ခဏတစ်ဖြုတ် လာနေတယ်။ သူက နာမ်တို့ ဝိညာဉ်တို့ကို အကြီးအကျယ် ယုံကြည်တဲ့သူကွဲ့။ မိဘတွေလစ်ပြီဆိုတိုင်း သူက မေမေကြီးကို အိမ်ကြီးရဲ့ အမှောင်ဆုံးထောင့်တွေ၊ ချောင်တွေထဲခေါ်သွားတော့တာပဲ။ ပြီးတော့ စိတ်ရဲ့ထူးခြားဆန်းပြားတဲ့ တန်ခိုးသတ္တိတွေအကြောင်း ပြောပြတော့တာပဲ။

'ဝေးမြေရပ်ခြားမှာ ရောက်နေသူတစ်ဦးဦးနဲ့ ဆက်သွယ်ချင်ရင် သူတို့



ရဲ့ ဓာတ်ပုံကို ညည်းရင်ခွင်မှာ ပိုက်ထားရမယ်။ ပြီးတော့ ခြေလှမ်းသုံးလှမ်းကို လက်ဝါးကပ်တိုင် ပုံပေါ်အောင် လှမ်းရမယ်။ ပြီးရင် 'ငါဒီမှာလေ'လို့ ပြောရမယ်' တဲ့။

သူပြောတဲ့အတိုင်းဆိုရင် မေမေကြီး ဆက်သွယ်ချင်တဲ့သူ ဘယ်သူနဲ့မဆို စိတ်ချင်းဆက်သွယ်လို့ ရတယ်တဲ့။

ဒီနေ့ညနေတော့ စာစမရေးမီ မေမေကြီး အဲဒီနည်းကို သုံးလိုက်တယ်။ အချိန်က ညနေငါးနာရီလောက်။ သမီးလေးရောက်နေတဲ့ ဒေသမှာတော့ မနက်ပိုင်းဖြစ်နေရောပေါ့။ သမီးလေး မေမေကြီးကို မြင်ခဲ့သလားဟင်။ ဒါမှမဟုတ် မေမေကြီးပြောတာကို ကြားခဲ့သလား။ မေမေကြီးကတော့ သမီးလေးကို မီးတွေလင်းထိန်ပြီး ကြမ်းတွေ ပြောင်လက်နေတဲ့ မုန့်ဆိုင်တစ်ဆိုင်ထဲမှာ တွေ့နေရတယ်။ အဲဒီဆိုင်က အသားဥာပနာပေါင်မုန့်တွေရောင်းတဲ့ဆိုင်လေကွယ်။ အရောင်အသွေးစုံလှတဲ့ လူအုပ်ကြီးထဲမှာ သမီးလေးကို မေမေကြီး တစ်ချက်တည်းနဲ့ ရွေးထုတ်လို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးလေးက မေမေကြီး နောက်ဆုံးထိုးပေးထားတဲ့ သိုးမွေးအင်္ကျီကလေး ဝတ်ထားတာကိုး။ အနီနဲ့အပြာရောင် သမင်ရုပ်ကလေးတွေ ဖော်ထားတဲ့ သိုးမွေးအင်္ကျီကလေးလေ။ ဒါပေမဲ့ကွယ်...ပေါ်လာတဲ့ပုံရိပ်က တယ်လီဗေးရှင်း ဖလင်ကွက်တွေပေါ်မှာ မြင်ရသလို ရိပ်ခနဲ ရိပ်ခနဲ မြန်လွန်းလှတယ်။ ဒီတော့ သမီးလေး မျက်လုံးတွေထဲက စိတ်ခံစားချက်ကို အကဲခတ်ဖို့ အချိန်မရလိုက်ဘူး။ သမီးလေး ပျော်ရဲ့လားဟင်။ တခြားအရာအားလုံးထက် မေမေကြီးပိုပြီး ဂရုစိုက်အလေးထားတာ သမီးလေး စိတ်ချမ်းသာရေးပါပဲကွယ်။

သမီးလေး ပြည်ပသွားပြီး နှစ်ရှည်လများ ပညာသင်တာကို မေမေကြီးက ပညာသင်စရိတ် ထောက်ပံ့တာ ကောင်းမကောင်း၊ မှန်မမှန်ကို တို့မြေးအဘွားဘယ်လောက်ကြာအောင် ငြင်းခုံခဲ့ကြတယ်ဆိုတာ သမီးလေး မှတ်မိသေးလား။ တကယ်လို့ သမီးလေးရဲ့ စိတ်ဓာတ်ဖွံ့ဖြိုးရင့်ကျက်ပြီး အတွေးအမြင်တွေ ကျယ်ပြန့်လာစေချင်တယ်ဆိုရင် သမီးလေး ကြီးပြင်းလာတဲ့ မွန်းမွန်းကျပ်ကျပ် ပတ်ဝန်းကျင်ထဲက ဖောက်ထွက်ရမယ်။ ဒီတော့ အမေရိကမှာသွားပြီး ပညာသင်ယူ

www.burmeseclassic.com



ဖို့ဆိုတာ သမီးလေးအတွက် မလုပ်မဖြစ် အရေးကြီးတယ်လို့ သမီးလေး ခေါင်းမာမာနဲ့ ပြောခဲ့တယ်လေ။

ကကယ်တော့ အထက်တန်းကျောင်းက ထွက်လာတာ ဘာမှ မကြာသေးဘူး။ ကမ္ဘာလောကကြီးထဲမှာ လူကြီးတွေနဲ့အတူ ရင်ပေါင်တန်းပြီး ဘာတွေလုပ်ရမယ်ဆိုတာ သမီးလေး ခေါင်းထဲမှာ ဘာမှ မရှိသေးဘူး။ ကလေးငယ်ငယ်ဘဝတုန်းကတော့ သမီးလေး စွဲမက်တွယ်တာခဲ့တာတွေ အများကြီးပေါ့။ သမီးလေးက တိရစ္ဆာန်ဆေးကုဆရာဝန် ဖြစ်ချင်တယ်။ စူးစမ်းရှာဖွေရေးသမားဖြစ်ချင်တယ်။ သူဆင်းရဲတွေကြားထဲဆင်းပြီး ကုသပေးတဲ့ ကလေးဆရာဝန် ဖြစ်ချင်တယ်။

ခုတော့ ဒီဝါသနာတွေအားလုံး ပျောက်ပျက်ကုန်ပြီ။ တစ်စွန်းတစ်စတောင် မမြင်ရတော့ဘူး။ ဘဝတူလူသားတွေအပေါ် စာနာရိုင်းပင်းတတ်တဲ့ သမီးလေးရဲ့ ကနဦးစိတ်ဓာတ်တွေ တဖြည်းဖြည်း လျော့ပါးယိမ်းယိုင်လာပြီ။ တစ်ချိန်တုန်းက သမီးလေး မျှော်မှန်းခဲ့တာ စေတနာသဒ္ဒါတရား ထက်သန်တဲ့ အလှူရှင်တစ်ယောက်၊ လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနေသူ တစ်ဦးလေ။

ဒါပေမဲ့ ဒီစိတ်ဓာတ်တွေဟာ အချိန်တိုတိုတောင်းတောင်းအတွင်း ပြောင်းလဲကုန်တယ်။ ဒီစိတ်ဓာတ်တွေ နေရာမှာ အစားဝင်လာတာတွေကတော့ အငေါ်တူးမှု၊ အထီးကျန်ဆွာနေမှု၊ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး သနားမှုတွေပေါ့။ ရုပ်မြင်သံကြားစက်ပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ မြင်ကွင်းမျိုးကို မြင်ရတွေ့ရရင် မေမေကြီးက သနားတယ်၊ ကရုဏာသက်တယ်။ အဲဒီလိုဖြစ်ပြီဆိုရင် သမီးလေးက မေမေကြီးရဲ့ ကရုဏာတရားကို သရော်စော်ကား ပြောတော့တာပဲ။

'ဒီအသက် ဒီအရွယ်ကြီးရောက်ခါမှ မေမေကြီးက ဘာတွေကို တအံ့တဩ ဖြစ်နေရတာလဲ။ သဘာဝရွေးချယ်မှုဆိုတာ ဒီကမ္ဘာလောကကြီးကို လွှမ်းမိုးချုပ်ကိုင်နေတဲ့ တရားသဘောဆိုတာ မေမေကြီး ခုထိ မသိသေးဘူးလား'
တဲ့လေ။

သမီးလေးဆီက ဒီစကားမျိုး ပထမဦးဆုံးစပြီး ကြားရတုန်းကဆို မေမေကြီးလေ ပါးစပ်အဟောင်းသားနဲ့ ကြက်သေသေသွားမိတယ် သိလား။



မေမေကြီး နံဘေးမှာ ရောမဘီလူးကြီးတစ်ကောင် ထိုင်နေတာ တွေ့လိုက်ရသလို ဖြစ်သွားတယ်။ သမီးလေးကို မေမေကြီး မျက်စိထောင့်ကပ်ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် မေးနေမိတယ်။ ဒီကလေးမကလေး ဘယ်ဥကပေါက်လာတာလဲ။ ဒီကလေးမကလေး ဒီလိုဖြစ်လာတာဟာ ငါက ငါ့ကိုယ်ငါ စံနမူနာပြပြီး သင်ကြားပြသပေးခဲ့လို့လား။

အဲဒီလိုအနေအထားမျိုး တွေ့ကြုံရတိုင်း မေမေကြီး သမီးလေးရဲ့ စကားတွေကို ခွန်းတုံ့မပြန်ခဲ့ဘူး။ စကားနိုင်လုပြောရနေမယ့် အချိန်တွေ မဟုတ်တော့ဘူး။ မေမေကြီး ပြောသမျှစကားတွေဟာ ထိပ်တိုက်တွေ့စရာ ရန်စကားချည်း ဖြစ်မယ်ဆိုတာ မေမေကြီး သဘောပေါက်ထားပြီးသား။

မေမေကြီးဟာ ကိုယ်ရဲ့အင်အားချည့်နဲ့မှုနဲ့ အင်အားတွေ အလဟဿ ဖြုန်းတီးပစ်ရမှာကို တစ်ဖက်က ကြောက်နေတယ်။ ကျန်တစ်ဖက်ကတော့ သမီးလေး လိုလားတောင့်တနေတာဟာ တစ်ယောက်နဲ့ တစ်ယောက် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်တိုက်ခိုက်ဖို့ပဲ ဆိုတာ မေမေကြီး ရိပ်မိနေတယ်။ ဒီလို ပြောင်ဖွင့်တိုက်မှုတွေဟာ တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်လာမယ်၊ ဖြစ်ကြိမ်နှုန်းစိပ်လာမယ်၊ ပိုပိုပြီး ကြမ်းတမ်းလာမယ်ဆိုတာ သိနေတယ်။ သမီးလေး ပြောလိုက်တဲ့ စကားလုံးတွေရဲ့ နောက်ကွယ်မှာ ပွက်ပွက်ဆူနေတဲ့ စွမ်းအားတွေ၊ ပွင့်ထွက်လုဆဲဆဲ ဖြစ်နေတဲ့ နိုင်လိုမင်းထက် စိတ်ဓာတ်တွေ ရှိနေတာကို မေမေကြီး သိမြင်နေရတယ်။ ပြင်းထန်ပူလောင်လှတဲ့ ဒီစိတ်တွေကို သမီးလေး ခက်ခက်ခဲခဲနဲ့ ထိန်းချုပ်နေရတယ်ဆိုတာလည်း မေမေကြီး သိနေတယ်။ တို့နှစ်ယောက်ကြားမှာ ပေါ်ပေါက်လာတဲ့ အဖုအထစ်တွေကို မေမေကြီး ဖြေဖျောက်ပစ်တယ်။ သမီးလေးရဲ့ ရန်စတိုက်ခိုက်မှုတွေကို မေမေကြီး မသိကျိုးကျွန်လုပ်ပစ်တယ်။ ဒီတော့ သမီးလေးရဲ့ ရင်ထဲက ပွင့်ထွက်လုဆဲဆဲ အင်အားတွေကို ထွက်ပေါက်ရှာပေးဖို့ ဖြစ်လာတော့တယ်လေ။

အဲဒီမှာတင်...တစ်နယ်တစ်ကျေးကို သွားနေပြီး မေမေကြီးရဲ့ အသိုက်ထဲကထွက်သွားမယ်၊ မေမေကြီးဆီကို ဘယ်တော့မှ ပြန်မလာဘူး၊ ဘယ်တော့မှ စာလည်းမရေးဘူးလို့ ခြိမ်းခြောက်တော့တာပဲ။ မေမေကြီးလို အဘွားကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကူကယ်ရာမဲ့ဖြစ်ပြီး ခယဝပ်တွားနဲ့ ရိုကျိုးတောင်းပန်တာကို သမီးလေး မျှော်လင့်ချင် မျှော်လင့်ထားမှာပေါ့။ ဒါပေမဲ့ အဲဒီလိုသွားပြီး ပညာသင်တာဟာ အသင့်မြတ် အလျော်ကန်ဆုံး စိတ်ကူးပဲလို့ မေမေကြီးကလည်း ပြောလိုက်ရော သမီးလေး ယောင်တောင်တောင် ဖြစ်သွားတော့တာပဲ။ သမီးလေးက ဘာနဲ့ တူသလဲဆိုတော့ ပါးစပ်ကို အစွမ်းကုန်ဖြဲပြီး ပါးပျဉ်ထောင်ပြီး ပေါက်ဖို့ အရှိန်ယူလိုက်တဲ့ မြွေတစ်ကောင်နဲ့ တူနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်မူဖို့သာ ဟန်ပြင်လိုက်တယ်၊ သူ့ရှေ့ကို ကြည့်လိုက်တော့ ရန်မူရမယ့် သတ္တဝါ ဘာမှမရှိဘူး ဖြစ်နေတာကိုး။ ဒီတော့ သမီးလေး စပြီး အပေးအယူတွေ တစ်ခုပြီး တစ်ခု လုပ်တော့တာပဲ။ တင်ပြသမျှ အဆိုပြုချက်တွေကလည်း ဝေဝေဝါးဝါး တွေချည်းပဲ။ တစ်နေ့ကျမှပဲ အသစ်ရှာဖွေတွေ့ရှိတဲ့ ယုံကြည်ချက်တစ်ခုကို ကော်ဖီသောက်ရင်း ပြောတယ်။

'သမီး အမေရိကကိုသွားမယ်'

မေမေကြီးက မိတ်ဆွေချင်း စာနာထောက်ထားမှုမျိုးနဲ့ ဒီဆုံးဖြတ်ချက်ကိုလည်း တခြားဆုံးဖြတ်ချက်တွေတုန်းက နည်းတူ ကြိုဆိုလက်ခံလိုက်တယ်။ မေမေကြီး မဖြစ်စေချင်ဆုံးအရာကတော့ သမီးလေး ချီတုံချတုံဖြစ်နေတဲ့ ဆုံးဖြတ်ချက်တစ်ခုကို မေမေကြီးက လက်ခံကြိုဆိုလိုက်တဲ့အတွက် အဲဒီဆုံးဖြတ်ချက်ကို ဖွတ်မိုတ်ပြီး ဖက်တွယ်လိုက်ရတဲ့ အဖြစ်မျိုး ရောက်သွားမှာကိုပဲ။ အဲဒီနောက်ပိုင်း သီတင်းပတ်တွေမှာ သမီးလေးက အမေရိကသွားရေး ကိစ္စကို ဆက်ပြောလာတယ်။

'အဲဒီကို သမီးတစ်နှစ်လောက် သွားနေနိုင်မယ်ဆိုရင်'

ဒီစကားကို ထပ်ကာတလဲလဲနဲ့ ဖွဲ့ဖွဲ့လမ်းလမ်း ပြောတယ်။

'အနည်းဆုံး ဘာသာစကား နောက်တစ်မျိုးတတ်လာမယ်။ ပြီးတော့ အချိန်တွေ အလဟဿဖြုန်းရာလည်း မရောက်ဘူး'

အချိန်ဖြုန်းတယ်ဆိုတာဟာလည်း သိပ်ပြီး ဆိုးရွားတဲ့ ကိစ္စတစ်ခု မဟုတ်တဲ့အကြောင်း မေမေကြီးက ထောက်ပြတော့ သမီးလေး အကြီးအကျယ် စိတ်ဆိုးတော့တာပဲ။ ဘဝဆိုတာ အပြေးပြိုင်ပွဲတစ်ခု မဟုတ်ဘူး။ ဘဝဆိုတာ





မြားပစ်ပြိုင်ပွဲတစ်ခုပါလို့ မေမေကြီးက ထပ်ဆင့်ရှင်းပြတယ်။ ဒီတော့ သမီးလေး အတိုင်းအဆမဲ့ ဒေါသူပုန်ထတော့တာကလား။ ဟုတ်တယ်လေ၊ အချိန်ချွေတာ ရုံနဲ့ ဘာမှ မထိရောက်ပါဘူး။ တကယ်တမ်း အရေးကြီးတာက ပစ်မှတ်ကိုတည့် တည့် မှန်အောင် ပစ်နိုင်ဖို့မဟုတ်လား။ စားပွဲပေါ်မှာ ကော်ဖီပန်းကန် နှစ်လုံး ရှိနေတယ်။ ဒီပန်းကန်လုံးတွေကို သမီးလေးက လက်တစ်ချက်ဝှေ့ပြီး ရိုက်ပစ် လိုက်တယ်။ ပန်းကန်လုံးတွေ ကြမ်းပေါ်ကျပြီး ကွဲကုန်တယ်။ အဲဒီတော့မှ သမီးလေးဟာ မျက်ရည်တွေ ဒလဟောသွန်ချတော့တယ်။ ပြီးတော့ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ပြီး ဒေါသအိုး ပေါက်ကွဲတော့တယ်။

'မေမေကြီးက တစ်စက်မှ အသုံးမကျဘူး။ တစ်စက်မှကို အသုံးမကျတာ။ ဒီကိစ္စဟာ သမီးလိုလားတဲ့ ကိစ္စဆိုတာ မေမေကြီး နားမလည်ဘူးလား'

တကယ်တော့ တို့မြေးအဘွားဟာ မြေမြှုပ်မိုင်းတစ်လုံး မြှုပ်ထားတဲ့ ကွင်းတစ်ကွင်းထဲက စစ်သားနှစ်ယောက်လို ဖြစ်နေတာ။ သီတင်းပတ်ပေါင်း များစွာ ကြာခဲ့ပြီလေ။ တို့နှစ်ယောက်စလုံး ဒီမိုင်းဗုံးကို တက်မနင်းမိအောင် သတိကြီးစွာ ထားနေကြရတယ်။ ဒီမိုင်းဗုံး ဘယ်နေရာမှာ ရှိနေတယ်ဆိုတာနဲ့ ဒီမိုင်းဗုံးပေါက်ကွဲရင် ဘာဖြစ်မယ်ဆိုတာကို တို့နှစ်ယောက်စလုံး သိနေတယ်။ ပြီးတော့ တို့နှစ်ယောက်ဟာ တစ်ယောက်တစ်ကွဲစီ လျှောက်နေကြတယ်။ တို့နှစ် ယောက်ကြောက်နေကြတာ ဒီမိုင်းဗုံး မဟုတ်ဘဲ တခြားအကြောင်းတစ်ခုခု ဖြစ်သလိုလည်း ဟန်ဆောင်နေကြသေးတယ်လေ။ နောက်ဆုံး အဲဒီမိုင်းဗုံးကြီး ပေါက်ကွဲတဲ့အခါ သမီးလေးဟာ ရှိုက်ကြီးတငင် ငိုကြွေးပြီး မေမေကြီးဟာ ဘာဆိုဘာမှ နားမလည်ဘူး၊ ဘယ်တော့မှလည်း နားလည်မှာ မဟုတ်ဘူးလို့ စွပ်စွဲတော့တယ်။ ဒီတော့ မေမေကြီး ဘာတတ်နိုင်မှာလဲ။ တတ်နိုင်တာ တစ်ခုပဲ ရှိတယ်။ မေမေကြီး ဘယ်လောက်စိတ်ထိခိုက်ရတယ်ဆိုတာ သမီးလေး မမြင် သာအောင် ဖုံးဖိကွယ်ဝှက်ထားတာပဲပေါ့ကွယ်။

သမီးလေးရဲ့ မေမေအကြောင်းကို မေမေကြီးတစ်ခါမှ မပြောပြဖူး ဘူးနော်။ သမီးလေးကို ကိုယ်ဝန်ရှိလာတဲ့ အချိန်နဲ့ သမီးလေး မေမေ သေဆုံးချိန် က ဖြစ်နေတဲ့ ပတ်ဝန်းကျင် အခြေအနေတွေကိုလည်း မေမေကြီး ပြောမပြခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရေငုံနှုတ်ပိတ်လုပ်နေတာဟာ အဲဒီကိစ္စတွေကို မေမေကြီး ဂရုမစိုက်လို့လို့ သမီးလေးကို ယုံမှတ်စေခဲ့တယ်လေ။ ဒါပေမဲ့ကွယ် သမီးလေးရဲ့ မေမေဟာ မေမေကြီးရဲ့ သမီးပါ။ ဒီအချက်ကို သမီးလေး မျက်စိမှောက် နေပုံရတယ်။ ဒါမှမဟုတ်လည်း ဒီအကြောင်းတွေကို ဖွင့်ပြောမယ့်အစား သမီးလေးရင်ထဲမှာ အောင်းထားပုံရတယ်။ ဒါကြောင့်လည်း မေမေကြီးကို သမီးလေး ကြည့်တဲ့ အကြည့်တွေထဲမှာ၊ မေမေကြီးကို သမီးလေးပြောတဲ့ စကားသံတွေထဲမှာ အမုန်းတရားတွေကို မေမေကြီး မြင်နေ၊ ကြားနေရတာ ဖြစ်မယ်။

သမီးလေးရဲ့ ဘဝမှာ မိခင်မရှိဘူးဆိုတဲ့ ဟာကွက်တစ်ကွက်က လွဲပြီး သမီးလေး သူ့ကို သတိရတမ်းတစရာတွေ မရှိဘူး။ သူကွယ်လွန်တုန်းက သမီးလေးဟာ နို့တာရဲပေါက်စနကလေး ရှိသေးတာပဲ။ ဒါပေမဲ့ မေမေကြီးမှာ ကျတော့ သုံးဆယ့်သုံးနှစ်စာ သတိရတမ်းတစရာတွေ ရှိတယ်။ ဒါ့ပြင် သူ့ကို ဝမ်းမှာ လွယ်ထားရတဲ့ ကိုးလကို ထည့်ပေါင်းလို့ ရသေးတယ်။

ဒီတော့ကွယ် ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီးမေမေကြီးမှာ ဘာခံစားချက်မှ မရှိဘူးလို့ သမီးလေး ဘယ်လိုဖြစ်ပြီး တွေးတောထင်မြင်ခဲ့ရတာလဲ။

ဒီအကြောင်းကို အရင်က တစ်ခါမှ မပြောခဲ့ဘူးနော်။ ဘာဖြစ်လို့လဲ သိလား။ ရှက်ကိုးရှက်ကန်းဖြစ်နေလို့။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေလို့။ ဘာကြောင့် ရှက်ကိုးရှက်ကန်းဖြစ်ရသလဲဆိုတော့ သူ့အကြောင်း ပြောပြီဆိုတာနဲ့ မေမေကြီးအကြောင်းလည်း မလွဲမသွေ ပြောရတော့မယ်။ မေမေကြီးအကြောင်းထဲမှာ မေမေကြီးရဲ့အပြစ် အစစ်အမှန်တွေကော ယိုးစွပ်ခံရတဲ့ အပြစ်တွေပါ ပါလာတော့တယ်။ အတ္တတရား ကြီးမားလှတဲ့ အကြောင်းရင်းကတော့ သမီးလေးအပေါ် မေမေကြီးထားရှိတဲ့ မေတ္တာတရားက ကြီးမားလွန်းတယ်။ ဒီတော့ သမီးလေး သူ့ကို သတိရစရာအကြောင်း ရှိမှာ မဟုတ်ဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ 'သမီးမေမေက ဘယ်သူလဲမသိ၊ သူဘာဖြစ်လို့ သေရတာလဲ' ဆိုတဲ့ မေးခွန်းမျိုး မေးဖို့ စိတ်ကူးရမှာ မဟုတ်ဘူးလို့ မေမေကြီး ထင်ခဲ့တာကိုး။

သမီးလေး ကလေးဘဝတုန်းကတော့ တို့မြေးအဘွားနှစ်ယောက် ပျော်ရွှင်ချမ်းမြေ့ခဲ့ကြပါတယ်။ သမီးလေးဟာ ပျော်ရွှင်မြူးထူးတဲ့ ကလေးတစ်





ယောက်ပါ။ ဒါပေမဲ့ သမီးလေးရဲ့ ပျော်ရွှင်မှုဟာ ဘယ်တုန်းကမှ အပေါ်ယံပျော်ရွှင်မှုမျိုး၊ အတုအယောင် ပျော်ရွှင်မှုမျိုး မဖြစ်ခဲ့ပါဘူး။ သမီးလေး ခံစားရရှိတဲ့ ပျော်ရွှင်မှုမျိုးက အမြဲလို ဆင်ခြင်သုံးသပ်မှုကို အသွင်ပြောင်းသွားတဲ့ ပျော်ရွှင်မှုမျိုး။ ရယ်မောရွှင်ပျနေရာကနေ နှုတ်ဆိတ်ပြီး တွေးတွေးဆဆ အဆင့်ကို သက်သောင့်သက်သာကလေး ကူးပြောင်းသွားတဲ့ ပျော်ရွှင်မှုမျိုးလေ။

'ဘာဖြစ်သွားတာလဲ၊ သမီးလေး ဘာတွေ စဉ်းစားနေတာလဲဟင်'

အဲဒီလို ဖြစ်လာရင် မေမေကြီးက မေးလေ့ရှိတယ်။

'မိုးကောင်းကင်ကြီးဟာ တစ်နေရာရာမှာ ဆုံးသွားသလား။ ဒါမှမဟုတ် ဘယ်လိုမှ အဆုံးမရှိဘဲ တစ်ပြင်ကြီး ရှိနေသလားဆိုတာ တွေးကြည့်နေတာ ဘွားဘွားရဲ့'

လက်ဖက်ရည်သောက်တဲ့အခါ တို့များ ဘာမုန့်စားကြမလဲဆိုတဲ့ ကိစ္စကို ဆွေးနွေးညှိနှိုင်းသလိုမျိုး သမီးလေးက ပေါ့ပေါ့ပါးပါးကလေး ပြန်ပြောတတ်ရဲ့။ သမီးလေး အဲဒီလို တွေးတတ်တဲ့အတွက် မေမေကြီးက ဂုဏ်ယူနေတာ။ သမီးလေးကလည်း မေမေကြီးလိုပဲလေ၊ ထိခိုက်ခံစားတတ်လွန်းပါဘိသနဲ့။ မေမေကြီးလေ တို့မြေးအဘွားနှစ်ယောက်ရဲ့ အသက်ကွာခြားမှုကို သတိမပြုခဲ့ဘူး။ အဲဒီလိုပဲ၊ သမီးလေးရဲ့ မေမေကြီးတို့ရဲ့ အတွေးအမြင် ကွာဟမှုကိုလည်း ခေါင်းထဲမထည့်ခဲ့ဘူး။ မေမေကြီး ဂရုထားတာ ချစ်မြတ်နိုးစွာ တွဲဖက်နေထိုင်ခြင်း တစ်ခုတည်းပဲလေ။ တို့မြေးအဘွားရဲ့ ဆက်ဆံရေးဟာ အဲဒီလိုပဲ ထာဝစဉ်ရှိနေလိမ့်မယ်လို့ မေမေကြီး ကိုယ့်ကိုယ်ကိုယ် လှည့်စားခဲ့မိတယ်။ ဒါမှမဟုတ် လည်း လှည့်စားဖို့ ကြိုးစားခဲ့မိတယ်။ ဒါပေမဲ့လည်း တို့တစ်တွေဟာ ဆပ်ပြာပူဖောင်းကလေးတွေထဲမှာ ခိုဝင်ပြီး လေထဲမှာ ပျော်ရွှင်မြူးထူးစွာ လွင့်မျောနေကြတာမှ မဟုတ်ဘဲ။ တို့များရဲ့ ဘဝတွေထဲမှာ အရင်နဲ့ နောက်ဆိုတာ ရှိတယ်။ အဲဒီအရင်နဲ့ နောက်ရဲ့ကြားမှာ တို့များရဲ့ ကံကြမ္မာဟာ လှောင်ပိတ်မိနေတယ်၊ မိုက်ကွန်နဲ့ အုပ်ပြီးဖမ်းထားသလိုပေါ့ကွယ်။

ဖအေတွေရဲ့ အကုသိုလ်တွေဟာ ကလေးတွေအပေါ် ကျရောက်တတ်တယ်လို့ ဆိုရိုးစကားတစ်ရပ်ရှိတယ်။ ဒီစကားမှန်တယ်။ မှန်တာမှ အကြွင်းမဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



မှန်တာ။ ဖခင်တွေရဲ့ အကုသိုလ်တွေဟာ သားသမီးတွေအပေါ် ကျရောက်တတ်တယ်။ ဘိုးဘွားတွေရဲ့ အကုသိုလ်တွေဟာ မြေးတွေအပေါ်ကျရောက်တယ်။ ဘိဘင်တွေရဲ့ အကုသိုလ်တွေဟာ မြစ်တွေအပေါ် ကျရောက်တယ်။ အမှန်တရားတချို့က စိတ်ကို လွတ်မြောက်စေတယ်။ တခြားအမှန်တရားတချို့ကတော့ စိတ်ကို ချောက်ချားစေတယ်။ ခု မေမေကြီး ပြောနေတဲ့ အမှန်တရားကတော့ ဒုတိယအမျိုးအစားထဲမှာ ပါတယ်။

ဒီတော့ ပြစ်မှုကွင်းဆက်တွေ ဘယ်နေရာက အစပြုခဲ့သလဲ။ ကိန်းဆီက စခဲ့သလား။ အဲဒီလောက်ဝေးကွာတဲ့ ကာလကတည်းက စခဲ့သလား။ အဲဒါတွေရဲ့ နောက်ကွယ်မှာ တစ်စုံတစ်ခု ရှိနေသလား။

တစ်ခါက မေမေကြီး အိန္ဒိယအတွေးအမြင် စာအုပ်တစ်အုပ် ဖတ်ဖူးတယ်။ အဲဒီအထဲမှာ ရေးထားတာက စွမ်းအား အားလုံးကို ကံကြမ္မာက ပိုင်စိုးထားတယ်တဲ့။ စိတ်အင်အားက ခြားနားမှုတွေကို ဖြစ်ပေါ်စေတယ်ဆိုတာ တို့များရဲ့ စိတ်ကူးအမြင်သက်သက်ပါပဲတဲ့။ အဲဒီစာပိုဒ်ကို ဖတ်ပြီးတဲ့အခါ မေမေကြီးရဲ့ စိတ်ဟာ ငြိမ်းအေးမှုနဲ့ ပြည့်ဝသွားတယ် သမီးလေးရေ။ ဒါပေမဲ့ နောက်တစ်နေ့ စာမျက်နှာသုံးလေးမျက်နှာ ဆက်ဖတ်ကြည့်တော့ ကံကြမ္မာဆိုတာ တို့များရဲ့ အတိတ်က လုပ်ရပ်တွေရဲ့ ရလဒ်ပဲတဲ့။ တို့တစ်တွေရဲ့ ကံကြမ္မာကို တို့တစ်တွေဟာ ကိုယ့်လက်နဲ့ကိုယ် ပုံသွင်းခဲ့ကြတာတဲ့။

ဒီတော့ ချာလည်လည်သွားပြန်ရော။ မေမေကြီး တွေးတယ်...တွေးတယ်။ ဒါတွေအားလုံးရဲ့ သော့ချက်က ဘာလဲ။ ဘယ်မှာလဲ။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ကို ရှင်းလို့ရအောင် ဘယ်ချည်စကို ဆွဲထုတ်ရမလဲ။ အဲဒါကကော ချည်စမှ ဟုတ်ရဲ့လား။ သံကွင်းဆက်ကြီးများ ဖြစ်နေသလား။ ဒါကြီးကို တို့တစ်တွေ ဖြတ်နိုင်သလား။ ချိုးနိုင်သလား။ ဒါမှမဟုတ် ဒါကြီးက တို့ကို အမြဲတမ်း ချည်နှောင်ရစ်ပတ်နေမှာလား။

ချိုးဖို့ဖြတ်ဖို့အကြောင်း ပြောတော့ မေမေကြီးလည်း လောလောဆယ် စာရေးနေတာ ရပ်ဦးမှ။ ဦးနှောက်က အရင်လို မဟုတ်တော့ဘူးလေ။ စိတ်ကူးစိတ်သန်းတွေ ရှိနေသေးတာတော့ ယုံမှားသံသယ ဖြစ်စရာ မလိုဘူး။ အတွေး





အမြင်တွေလည်း မပြောင်းမလဲ ရှိနေပါသေးတယ်။ ဒါပေမဲ့ ကြာရှည်အားထုတ်မှု စွမ်းရည်တွေတော့ လျော့ပါးသွားပြီ။

လောလောဆယ်မှာ မေမေကြီး ပင်ပန်းနွမ်းနယ်နေပြီ။ ငယ်ငယ်တုန်းက လောကအမြင်နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို ကြိုးစားပမ်းစား ဖတ်တုန်းကလို ခေါင်းထဲမှာ ချာလပတ်လည်နေပြီ။ ဖြစ်တည်မှု၊ မဖြစ်တည်မှု၊ ဘုရားသခင်ရှိတယ်၊ မရှိဘူး...စာမျက်နှာအနည်းအကျဉ်းလောက် ဖတ်မိရင်ကိုပဲ တောင်ပတ်လမ်းတွေပေါ်မှာ မြင်းရထားပတ်စီးရသလို ခေါင်းတွေ မူးနောက်လာတာပဲ။

ကဲ၊ ခုတော့ စာရေးတာ ရပ်ထားလိုက်ဦးမယ်ကွယ်။ ပြီးတော့ ညနေခင်းထဲက စက်ဆုပ်ရွံမုန်းဖွယ်ကောင်းလှတဲ့ ရုပ်မြင်သံကြားစက်ကြီးက မှုန်ဝါးဝါးဖြစ်နေတာကို အညှံ့ခံပြီး ရူးသွပ်မိုက်မဲတဲ့ အဖြစ်ကို ခံယူလိုက်ဦးမယ်။

□

www.burmeseclassic.com

www.burmeseclassic.com

## နိုဝင်ဘာ ၂၀

ကဲ၊ တို့မြေးအဘွား တတိယနေ့မှာ ဆုံကြပြန်ပြီပေါ့။ အဲ...တို့မြေးအဘွား သုံးရက်ပဲ တွေ့ရသေးပေမဲ့ ဒီနေ့ကို စတုတ္ထနေ့လို့ ပြောမယ်ဆိုလည်း ပြောလို့ရတယ်ကွဲ့။ မနေ့ကတော့ မေမေကြီး ပင်ပန်းလွန်းလို့ စာတစ်လုံးတောင် မရေးဖြစ် မဖတ်ဖြစ်ဘူး။ ဒါပေမဲ့ လူက ဂနာမငြိမ်ဖြစ်နေတယ်။ ဘာလုပ်ရမှန်းလည်း မသိဘူး။ ဒီတော့ တစ်နေ့လုံး အိမ်ထဲနဲ့ ပန်းခြံထဲမှာ လှည့်ပတ်လျှောက်သွားနေမိတယ်။ လေကအေးစိမ့်နေတယ်။ တစ်နေ့တာရဲ့ အနွေးဆုံးအချိန်မှာ ပန်းဝါဝါကလေးတွေ ပွင့်တဲ့ ပန်းချုံကလေးနားမှာ ထိုင်နေလိုက်တယ်။

မေမေကြီး ပတ်လည်မှာရှိတဲ့ မြက်ခင်းတွေ၊ ပန်းခင်းတွေအားလုံး အကြီးအကျယ် ဖရိုဖရဲ ဖြစ်နေပြီ။ အဲဒီမြင်ကွင်းကို ကြည့်ရင်း သစ်ရွက်ခြောက်တွေ လှည်းကျင်းဖို့ ကိစ္စနဲ့ ပတ်သက်ပြီး တို့မြေးအဘွား ရန်ဖြစ်ကြတာကို သတိရမိတယ်။ အဲဒါ ဘယ်တုန်းကပါလိမ့်။ မနှစ်ကလား။ တစ်နှစ်ကျော်တုန်းကလား။ အဲဒီတုန်းက မေမေကြီး ချောင်းဆိုးရင်ကျပ်ဖြစ်နေတာ ပျောက်ကို မပျောက်နိုင်ဘူးလေ။ ဒါပေမဲ့ သစ်ရွက်ကြွေတွေကတော့ နွေဦးရဲ့ လေရူးနဲ့ အတူ ဝဲကတော့လှည့်နေကြလေရဲ့။ ပြတင်းပေါက်ကနေပြီး ကောင်းကင်မည်းမည်းကြီးနဲ့ ယိုယွင်းပျက်စီးနေတဲ့ မြင်ကွင်းကို ကြည့်နေမိတော့ နင့်နင့်နဲ့နဲ့ ကြေကွဲစိတ်က မေမေကြီးကို ဖိစီးလာတယ်။ ဒါနဲ့ သမီးလေးရဲ့ အခန်းကို လာခဲ့တယ်။ သမီးလေးက အိပ်ရာပေါ်မှာ လဲလျောင်းနေတယ်။ နှာ နှစ်ဖက်မှာ





နားကြပ်နှစ်ခုတပ်လို့။ သစ်ရွက်ခြောက်တွေကို စုပုံပေးနိုင်မလား လို့ မေမေကြီးက မေးတယ်။ မေမေကြီးပြောတာကို သမီးလေး မကြားဘူး။ အကြိမ်ကြိမ် ထပ်ပြောရတယ်။ တစ်ကြိမ်ထပ်ပြောတိုင်း ပထမတစ်ခါထက်ပိုပြီး အသံကျယ်အောင် အော်ပြောရတယ်။ နောက်ဆုံးကြားရတဲ့အခါကျတော့ သမီးလေးက ပခုံးတစ်ချက်တွန့်ပြီး ပြောတယ်လေ။

'ဟာ...ဘာဖြစ်လာရပြန်တာလဲ။ ဟောဒီ သဘာဝလောကကြီးထဲမှာ ဘယ်သူမှ သစ်ရွက်တွေကို လိုက်ပြီး လှည်းကျင်းစုစည်းမနေဘူး။ သစ်ရွက်ဆိုတာ ဆွေးမြည့်သွားတဲ့အထိ မြေကြီးပေါ်မှာ ကျနေမယ်။ သစ်ရွက်ဆိုတာ ဒီလိုပဲနေရမယ်လေ'

အဲဒီအချိန်တုန်းက သဘာဝလောကဆိုတာ သမီးလေးရဲ့ ကြီးမြတ်တဲ့ မဟာမိတ်ကြီးပေါ့။ သဘာဝလောကကြီးရဲ့ မပြောင်းလဲနိုင်တဲ့ နိယာမတရားတွေထဲမှာ အရာရာတိုင်းအတွက် ဆင်ခြေဆင်လက် တစ်ခုကတော့ ရှိနေတာချည်းပဲလေ။ တကယ်တော့ ပန်းခြံဆိုတာ လူတွေက ပြုပြင်ထားတဲ့ သဘာဝတရားနဲ့ အစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား။ သဘာဝဆိုတဲ့ ခွေးတစ်ကောင်ကို ယဉ်ပါးလာအောင် လူတွေက ပြုပြင်ပုံသွင်းပေးတယ်။ နှစ်တွေကြာလာတာနဲ့အမျှ ဒီခွေးဟာ သူ့သခင်နဲ့ တူလာတယ်။ ဒီတော့ ဒီခွေးကို အမြဲမပြတ်ဆက်ပြီး ပြုပြင်ပုံသွင်းနေဖို့ လိုအပ်လာတယ်။ ဒါကို မေမေကြီးက အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြရမှာ။ ဒါပေမဲ့ အဲဒီလို ရှင်းပြမယ့်အစား မေမေကြီးဟာ နောက်ထပ် တစ်ခွန်းတစ်ပါဒမှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်ပြီး ဧည့်ခန်းထဲကို လာခဲ့တယ်။

ခဏနေတော့ သမီးလေး မေမေကြီး နံဘေးနားက ဖြတ်သွားတယ်။ အနီးဆုံးတွာကို မောင်းပိုင်စီးဖို့သွားတာ။ အဲဒီလိုအသွားမှာ မေမေကြီးငိုနေတာကို သမီးလေးမြင်တယ်။ ဒါပေမဲ့ မမြင်ယောင်ဆောင်သွားတယ်။

ညနေစာ စားချိန်ကျမှ သမီးလေး အခန်းထဲက နောက်တစ်ခါထွက်လာတယ်။ အဲဒီတော့မှပဲ 'ညနေစာစားဖို့ ဘာရှိလဲ'လို့ မေးမော်ရတယ်။ အဲဒီတော့မှပဲ မေမေကြီးဟာ စောစောကနေရာမှာပဲ ရှိနေသေးပြီး ငိုနေတုန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သမီးလေး သတိပြုမိတယ်။ ဒီတော့ သမီးလေး စားဖိုဆောင်ကို သွားတယ်။ မီးဖိုနံဘေးမှာ အလုပ်ရှုပ်နေတယ်။ ပြီးတော့ အဲဒီအထဲကနေပြီး လှမ်းအော်ပြောတယ်။

'မမကြီး ဘာစားချင်လဲ။ ချောကလက်ပူတင်းလား၊ ကြက်ဥမွှေကြော်လား'

မမကြီး တကယ်စိတ်မကောင်းဖြစ်နေတယ်ဆိုတာ သမီးလေး သိတာပေါ့။ ဒီတော့ စကားရော ဖော်ရောလုပ်နေတယ်။ မမကြီး ကျေနပ်အောင် တစ်ခုခုလုပ်ဖို့ ကြိုးစားနေတယ်။ နောက်နေ့မနက် ပြတင်းပေါက်က တရုတ်ကတ်မှန်တွေလည်း ဖွင့်လိုက်ရော သမီးလေးကို မြက်ခင်းပေါ်မှာ တွေ့လိုက်ရတယ်။ မိုးရွာကြီးထဲမှာ။ အဝါရောင် မိုးကာအကျီကို ဝတ်လို့။ သစ်ရွက်ခြောက်တွေကို ထွန်ခြစ်နဲ့ဆွဲစုပြီး ပုံနေတယ်။ ကိုးနာရီလောက် သမီးလေး အိမ်ထဲဝင်လာတော့ မမကြီး ဘာမှမပြောဘဲ နေလိုက်တယ်။ သမီးလေးက လိမ္မာတဲ့အကြောင်းတို့၊ ယဉ်ကျေးသိမ်မွေ့တဲ့အကြောင်းတို့ ပြောဆို ချီးမွမ်းတာကို တစ်စက်ကလေးမှ မကြိုက်ဘူးဆိုတာ မမကြီး သိထားတယ်လေ။

ဒီမနက်တော့ ပန်းခင်းတွေကို စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ ကြည့်ရင်း စဉ်းစားနေမိတယ်။ မမကြီး စပြီး နေထိုင်မကောင်းဖြစ်ကတည်းက ပစ်ပယ်ထားခြင်းခံရတဲ့ ဒီပန်းခင်းတွေကို ပြုပြင်ပေးဖို့ တစ်ယောက်ယောက်ကို ခေါ်ဖို့ အချိန်တန်နေပြီလို့၊ ဒီလိုလုပ်ဖို့ကို မမကြီး ဆေးရုံက ဆင်းလာကတည်းက စဉ်းစားနေခဲ့တာ။ ဒါပေမဲ့ ခုထိ မဆုံးဖြတ်ရသေးဘူး။

ခု နောက်ပိုင်းနှစ်ကာလတွေအတွင်းမှာ ပန်းခြံနဲ့ပတ်သက်လာရင် မမကြီး အရမ်းသဝန်တိုတတ်လာတယ်ကွဲ့။ ဒေလီယာပန်းပင်တွေကို ရေလောင်းတာကစပြီး ညှိုးခြောက်နေတဲ့ သစ်ရွက်တစ်ရွက်ကို ခူးပစ်တာအထိ ဘယ်သူလုပ်တာမှ မမကြီး မကြိုက်ဘူး။ ဒီလိုဖြစ်တာ ဆန်းတော့ဆန်းသား။ ဘာဖြစ်လို့လဲဆိုတော့ ပန်းခြံတစ်ခြံကို ပြုစုပျိုးထောင်ရတာ တော်တော်ငြီးငွေ့စရာ ကောင်းတယ်လို့ မမကြီး ငယ်ငယ်ကတည်းက ယူမှတ်ခဲ့တယ်။ ပြီးတော့ ပန်းခြံတစ်ခြံရှိထားခြင်းဟာ ဂုဏ်ယူစရာ အခွင့်ထူးတစ်ရပ်မဟုတ်ဘဲ



စိတ်ညစ်စရာ အိမ်မှုကိစ္စတစ်ခုလို့ ထင်မြင်ခဲ့တာကလား။ ကိုယ့်ရဲ့ အပတ်တကုတ်ကြိုးစားအားထုတ်မှုကို လျှော့ပြီး တစ်ရက်နှစ်ရက်လောက်သာ ပေါ့ပေါ့လျော့လျော့နေလိုက်၊ ပင်ပန်းတကြီးအားထုတ် လုပ်ကိုင်ထားတဲ့ သန့်ရှင်းသပ်ရပ်မှုကလေးအားလုံး ဖရိုဖရဲ ဖြစ်ကုန်ပြန်ရော။ မမကြီးကလည်း အဲဒီလို ဖရိုဖရဲဖြစ်နေတာလောက် စိတ်တိုတာ မရှိဘူး။ မမကြီးရဲ့ ဦးနှောက်ထဲမှာ လိုတိုးပိုလျှော့ ညှိနှိုင်းဆုံးဖြတ်နိုင်စွမ်း မရှိဘူး။ ဒီတော့ ပြင်ပကမ္ဘာမှာ ဖရိုဖရဲဖြစ်နေတာကို တွေ့ရင် သည်းခံနိုင်စွမ်း မရှိဘူး။

သစ်ရွက်ခြောက်တွေကို စုပြီး ပုံထားဖို့ သမီးလေးကို ပြောစဉ်က မမကြီးရဲ့ အားနည်းချက်ကို မမကြီး သတိရမိဖို့ ကောင်းတာပေါ့။

တချို့ ကိစ္စတွေကျတော့ တို့များအသက်အရွယ် အတိုင်းအတာတစ်ခုကို မရောက်မချင်း မသိနားမလည်နိုင်ဘူးကွဲ့။ အဲဒီလို ကိစ္စရပ်တွေထဲမှာ လူတစ်ဦးနဲ့ သူ့အိမ်ရဲ့ ဆက်စပ်မှုလည်း တစ်ခု အပါအဝင် ဖြစ်တယ်။ လူတစ်ဦးနဲ့ သူ့အိမ်၊ အဲဒီအိမ်ထဲနဲ့ အိမ်ဝန်းကျင်မှာ ရှိသမျှ အရာအားလုံးရဲ့ ဆက်စပ်မှုပေါ့ကွယ်။

လူတစ်ဦး အသက်ခုနစ်ဆယ် ရှစ်ဆယ်လောက်ရောက်လာပြီဆိုတာနဲ့ အဲဒီလူ ရုတ်ခြည်း အမြင်ပြောင်းသွားရော။ သူနေနေတဲ့ အိမ်နဲ့ပန်းခြံဟာ နေလို့ကောင်းလို့၊ ဒါမှမဟုတ် လှပလို့လို့ မထင်တော့ဘူး။ ဒီအိမ်နဲ့ ဒီခြံဟာ သူ့အိမ်နဲ့သူ့ခြံလို့ မြင်လာတယ်။ အထဲက သတ္တဝါကို အကာအကွယ်ပေးထားတဲ့ အခွံတစ်ခုနဲ့ အတူတူပဲလို့ သိမြင်လာတယ်။ အခွံဆိုတာက လူတစ်ဦးရဲ့ ကိုယ်တွင်းက စိမ့်ထွက်ရည်နဲ့ တည်ဆောက်ရတာ။ အဲဒီအခွံရဲ့ အရစ်အခွေတွေထဲမှာ ဒီလူရဲ့ သမိုင်းကြောင်းကို ရေးထိုးထားတယ်။ အိမ်ဆိုတဲ့ အခွံကြီးက ဒီလူကို လွှမ်းခြုံရစ်ပတ်ထားတယ်။ ဒီလူရဲ့ အပေါ်မှာ၊ ဒီလူရဲ့ ပတ်လည်မှာ ဒီအခွံကြီးရှိနေတယ်။ ဒီလူသေဆုံးသွားတာတောင် ဒီအခွံကြီးဟာ ဒီလူရဲ့ အသက်တွေနဲ့ ကင်းလွတ်မသွားဘူး။ ဒီအခွံကြီးထဲမှာ သက်ရှိထင်ရှားရှိနေတုန်းက ဒီလူခံစားခဲ့ရတဲ့ ပျော်ရွှင်မှုတွေ၊ ကြေကွဲဝမ်းနည်းမှုတွေဟာ ဆက်ပြီး ကျန်ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကတော့ မေမေကြီး စာဖတ်ချင်စိတ် မရှိဘူး။ ဒါနဲ့ ရုပ်မြင်သံကြား အစီအစဉ်ဖွင့်ပြီး ကြည့်နေတယ်။ အမှန်အတိုင်း ပြောရရင် ရုပ်မြင်သံကြား အစီအစဉ်ကို ကြည့်နေတာထက် နားထောင်နေသလို ဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ကြည့်လို့မှ နာရီဝက် မပြည့်သေးဘူး မေမေကြီးမှေးခနဲ ငိုက်မျဉ်းသွားလို့ပဲ။ စကားပြောသံတွေ ဟိုတစ်စ ဒီတစ်စ ကြားနေရတယ်။ ရထားပေါ်မှာ ခေါင်းစိုက်ပြီး အိပ်ငိုက်သွားတဲ့အခါ ခရီးသွားဖော်ရဲ့ စကားသံကို ပြတ်တောင်း ပြတ်တောင်း ကြားနေရတယ်၊ ဒါပေမဲ့ သူ့စကားအဓိပ္ပာယ်ကို လုံးစေ့ပတ်စေ့ နားမလည်တော့သလိုပေါ့။

ရုပ်မြင်သံကြားအစီအစဉ်က နှစ်ဆယ်ရာစုနှောင်းပိုင်းရဲ့ ဘာသာရေးဂိုဏ်းဂဏတွေ အကြောင်းကို သတင်းသမားတွေ အချင်းချင်း ငြင်းခုံဆွေးနွေးကြတဲ့ အစီအစဉ်ကွဲ့။ လူတွေ့မေးမြန်းခန်းတွေမှာ (ဟိန္ဒူဘာသာရေး ဂိုဏ်းခေါင်းဆောင်) ဂုရုကြီးတွေလည်း ပါရဲ့။ ဂုရုအစစ်တွေကော အတုတွေပါပေါ့ကွယ်။ တဝေါဝေါ သွန်ချနေတဲ့ စကားလုံးတွေထဲမှာ 'ကမ္မ'ဆိုတဲ့ စကားလုံးက အကြိမ်ကြိမ်အခါခါ ပါနေတာကိုး။ ဒီစကားလုံးကို ကြားလိုက်ရတော့ ကျောင်းတုန်းက မေမေကြီးတို့ကို စာသင်ပေးခဲ့တဲ့ အတွေးအမြင် ဘာသာရပ် (ဒဿနိကဗေဒ) ဆရာရဲ့ မျက်နှာကို ဖျိုးခနဲ ဖျတ်ခနဲ ပြန်ပြီး မြင်ယောင်လာမိတော့တယ်။

ဆရာက လူငယ်တစ်ယောက်ပဲ။ သူ့ခေတ်သူ့အခါကတော့ သူ့အတွေးအမြင်တွေဟာ ရဲရင့်တယ်၊ ပြတ်သားတယ်၊ ထုံးတမ်းစဉ်လာ အမြင်တွေကို ဆန့်ကျင်တယ်။ ရှိုပင်ဟောင်ဝါရဲ့ လောကအမြင်တွေအကြောင်း အဓိပ္ပာယ်ဖွင့် ရှင်းပြရင်း ဆရာက အရှေ့တိုင်း အတွေးအမြင်တွေအကြောင်း နည်းနည်းထည့်ပြောသွားတယ်။ အဲဒီလို ပြောတဲ့အခါ ကမ္မနဲ့ ပတ်သက်တဲ့ ယူဆချက်အကြောင်း မိတ်ဆက်ရှင်းပြသွားတယ်။

အဲဒီတုန်းကတော့ ဒီကမ္မဆိုတာကို သိပ်ပြီး အလေးမထားမိပါဘူး။ ဒီစကားလုံးနဲ့ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ ဒီဘက်နားကဝင်ပြီး ဟိုဘက်နားက ပြန်ထွက်သွားတာပဲ။ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကြာတဲ့အထိ မေမေကြီးစိတ်ရဲ့ နောက်ကွယ် တစ်နေရာမှာ ဒီစကားလုံးက ခိုတွယ်နေတယ်။



အဓိပ္ပာယ်ကတော့ ဝေဝေဝါးဝါးပဲ။ မျက်စိဖောက်ရင် မျက်စိပြန်လျော်ရမယ်။ သွားချိုးရင် သွားပြန်လျော်ရမယ်။ သူတစ်ပါးကို မိမိက ပြုမူသလို မိမိကိုယ်လည်း ထပ်တူပြုမူခံရမယ်ဆိုတဲ့ ဥပဒေသမျှကွဲ တစ်မျိုးလို့ ထင်ခဲ့တယ်။ တစ်နေ့မှာတော့ အဲဒီကမ္မဆိုတဲ့ စကားလုံးရယ်၊ နောက်ပြီး အဲဒီစကားလုံးနဲ့ ဆက်စပ်နေတဲ့ အရာအားလုံး မေမေကြီးရဲ့ စိတ်ထဲမှာ ဘွားခနဲ ပြန်ပေါ်လာတော့တယ်။ အဲဒီနေ့ကတော့ သမီးလေးရဲ့ ထူးဆန်းတဲ့ အပြုအမူတွေနဲ့ ပတ်သက်ပြီး မေမေကြီးကို ပြောပြဖို့ သမီးလေးရဲ့ မူကြိုကျောင်းဆရာမက တယ်လီဖုန်းဆက်တဲ့နေ့ပေါ့။ သမီးလေးက ကျောင်းတစ်ကျောင်းလုံး အုတ်အော်သောင်းတင်း ဖြစ်သွားအောင် လုပ်ပစ်လိုက်တာကလား။

သမီးလေးတို့ အခန်းထဲမှာ ပုံပြောလေ့ကျင့်ခန်း ပြုလုပ်နေတုန်း သမီးလေးက ဆိုင်းမဆင့် ဗုံမဆင့်နဲ့ သမီးလေးရဲ့ အတိတ်ဘဝက အကြောင်းကို စီကာပတ်ကုံး ပြောတော့တာကိုး။ ပထမတော့ ဆရာမတွေက ဒါဟာ ကလေးသူငယ်တွေရဲ့ ဆော့ယွင်းအပြုအမူ တစ်မျိုးလို့ ထင်ခဲ့ကြတယ်။ သူတို့က သမီးလေးပြောပြတဲ့ ဇာတ်လမ်းကို သေးသိမ်အောင် လုပ်ပစ်တယ်။ ဆန့်ကျင်ဘက် အတွေးတွေ ပြောပြီး သမီးလေးရဲ့ အမှားကို စောင့်ဖမ်းကြတယ်။ ဒါပေမဲ့ သမီးလေးက အမှားမခံဘူး။ အဖမ်းမခံဘူး။ ဘယ်သူမှ နားမလည်တဲ့ ဘာသာစကားတစ်မျိုးနဲ့တောင် စကားတွေ ပြောလိုက်သေးသတဲ့။ အဲဒီဖြစ်စဉ်အတိုင်း သုံးကြိမ်မြောက်လည်းဖြစ်ရော ကျောင်းအုပ်ဆရာမကြီးက မေမေကြီးကို ခေါ်နိုင်းတော့တာပဲ။ သမီးလေး အကျိုးရှိဖို့နဲ့ သမီးလေးရဲ့ နောင်ရေးအဆင်ပြေဖို့အတွက် သမီးလေးကို စိတ်ကုဆရာဝန်ဆီမှာ ပြသစစ်ဆေးကြည့်ဖို့ ဆရာမကြီးက မေမေကြီးကို အကြံပေးတယ်။

'သူ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အနေအထားတွေအရဆိုရင် သူ ဒီလိုပဲ မှုပြောဆိုမှာပဲ။ ဒါသဘာဝကျပါတယ်။ သူ့အနေနဲ့ စိတ်ကွန့်ကမ္ဘာထဲမှာ ရှုက်လွှင့်ပြီး ထွက်ပေါက်ရှာရမှာပဲလေ'

ဆရာမကြီးက သမီးလေးနဲ့ ပတ်သက်ပြီး အဲဒီလိုပြောတယ်။ သူ့ဘာသူ ပြောချင်ရာပြောလေ။ မေမေကြီးကတော့ သမီးလေးကို စိတ်ကုဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆီ ခေါ်မသွားပေါင်။ မေမေကြီးအမြင်မှာ သမီးလေးဟာ ပျော်ရွှင်ချမ်းမြေ့နေတဲ့ ကလေးတစ်ယောက်ပဲ။ နောက်ပြီး သမီးလေးရဲ့ စိတ်ကွန့်မြူးမှုတွေဟာ သမီးလေး တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေပေါ်မှာ အခြေခံတာ မဟုတ်ဘဲ တခြားအကြောင်း တစ်ခုခုပေါ်မှာ အခြေခံတာ ဖြစ်ရမယ်လို့ မေမေကြီးက ယုံကြည်တယ်။ အဲဒီဖြစ်ရပ်ရဲ့နောက်ပိုင်းမှာ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး ပြောပြဖို့ မေမေကြီးတစ်ခါမှ သမီးလေး မတိုက်တွန်းခဲ့ဘူး။ သမီးလေးဘက်ကလည်း ဒီအကြောင်းတွေကို ပြောပြရှင်းပြဖို့ မလိုဘူးလို့ ယူဆခဲ့တယ်လေ။ သမီးလေးအနေနဲ့ ထိတ်လန့်တကြား ဖြစ်နေတဲ့ ဆရာမတွေရှေ့မှာ အဲဒီဇာတ်လမ်းပြောပြခဲ့တဲ့ နေ့ကိုတောင် မေ့ကောင်းမေ့နေမှာပါ။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ လူတွေ ဒီအကြောင်းပြောရတာ ဖက်ရှင်တစ်ရပ်လို ဖြစ်လာတယ်လို့ မေမေကြီးထင်မိတယ်ကွဲ့။ ဟိုတုန်းကဆို ဒီအကြောင်းအရာမျိုးကို ကိုယ့်လူရင်းလက်တစ်ဆုပ်စာလောက်နဲ့သာ ပြောဆိုဆွေးနွေးကြတာ။ ခုများတော့ ဒီကိစ္စဟာ လူတိုင်းရဲ့ ပါးစပ်ဖျားကို ရောက်နေပါရောလား။ ဟိုတစ်လောက မေမေကြီး ဆောင်းပါးတစ်ပုဒ် ဖတ်ရတယ်။ အမေရိကမှာ လူဝင်စားကိစ္စကို အာရုံစူးစိုက်လေ့လာပြီး ကိုယ့်ဘဝဟောင်းအကြောင်း သိနေတဲ့ အုပ်စုတွေတောင် ရှိနေပြီတဲ့။ ခုဆို လူတွေ စုဝေးကြတယ်။ သူတို့ရဲ့ အတိတ်ဘဝအကြောင်းတွေ ပြောကြတယ်။ အိမ်ရှင်မတစ်ယောက်က ပြောချင်ပြောမယ်။

'ဆယ့်ကိုးရာစုနှစ်တုန်းက နယူးအော်လင်းပြည်နယ်မှာ ကျွန်မဟာ ပြည့်တန်ဆာမတစ်ယောက်ဖြစ်ခဲ့တယ်။ ဒါကြောင့် လက်ရှိဘဝမှာ ကျွန်မယောကျ်ားအပေါ်မှာ သစ္စာထိန်းမထားနိုင်တာပေါ့'

အသားအရောင် ခွဲခြားတတ်တဲ့ ဇာတ်ဆီဆိုင် ဆီဖြည့် အလုပ်သမားတစ်ယောက်ကလည်း သူဟာ ဆယ့်ခြောက်ရာစုနှစ်တုန်းက လေ့လာရေး ခရီးထွက်တော့ အာဖရိကတောနက်ထဲက ဘန်တုလူမည်းတွေက သူ့ကို သတ်ဖြတ်စားသောက်ခဲ့ကြတယ်။ ဒါကြောင့် ခုဘဝမှာ သူဟာ လူမည်းတွေကို မုန်းတီးနေတာလို့ ပြောတယ်။





ကဲ၊ ဘယ်လောက်ကြောင်ပြီး ဘယ်လောက်စိတ်ဆင်းရဲစရာ ကောင်းလိုက်သလဲ။ လူတွေဟာ သူတို့ရဲ့ယဉ်ကျေးမှု ဓစ်မြစ်တွေကို ရှာလို့ မရဘူး။ အဆက်ပြတ်နေတယ်။ ဒီတော့ လက်ရှိဘဝနဲ့ မလုံခြုံမှုတွေ၊ ဉာဏ်မမီတဲ့ ကိစ္စတွေကို အတိတ်ဘဝတွေအပေါ် ပုံချဖို့ အားထုတ်နေကြတာကလား။ တကယ်လို့ ဘဝသံသရာဆိုတာ တကယ်ရှိခဲ့ရင် ခု သူတို့ ပြောနေတာတွေနဲ့ တခြားစီ ဖြစ်နေမယ်လို့ မေမေကြီး ကံသေကံမ ပြောရဲတယ်။

မှုကြိုကျောင်းက ဖြစ်ရပ်ပေါ်ပေါက်လာတော့ မေမေကြီး စာအုပ်စာတမ်း ရှာဖွေဖတ်ခဲ့တယ်။ အသိပညာ ဗဟုသုတများများရှိလာရင် သမီးလေးအကြောင်း ပိုပြီး နားလည်သဘောပေါက်လာအောင်လေ။ ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ရတာကတော့ အတိတ်ဘဝအကြောင်း ပြက်ပြက်ထင်ထင် မှတ်မိနေတဲ့ ကလေးတွေဟာ အရွယ်မရောက်ခင် သေဆုံးခဲ့သူတွေနဲ့ သေချင်းဆိုးနဲ့သေကျေခဲ့သူတွေ ဖြစ်တယ်တဲ့။

သမီးလေးငယ်ဘဝတုန်းက သမီးလေးကို လွှမ်းမိုးဖိစီးခဲ့တဲ့ ကြောက်စိတ်တချို့အကြောင်းကိုတော့ အဖြေရှာလို့ မရဘူးကွဲ့။ ဇာတ်ငွေ့ပိုက်ထဲက ဓာတ်ငွေ့တွေ ပန်းထွက်လာပြီး ပေါက်ကွဲမှုဖြစ်မှာကို တစ်ကြောက်တည်း ကြောက်နေတဲ့ အဖြစ်မျိုးလေ။ သမီးလေး ပင်ပန်းနွမ်းနယ်နေချိန်၊ ဒါမှမဟုတ် နှိုးရိမ်ကြောင့်ကြနေချိန်၊ ဒါမှမဟုတ် အိပ်ပျော်နေချိန်၊ ဆိုလိုတာက သမီးလေး သတိလွှတ်နေချိန်၊ အဲဒီလိုအချိန်မျိုးမှာ တစ်ခါတလေ ကျိုးကြောင်း မဆီလျော်တဲ့ ကြောက်ရွံ့မှုမျိုးတွေ ဖြစ်တတ်တယ်။ သမီးလေးကြောက်ရွံ့တာ နတ်မိစ္ဆာကောင်ကြီးတွေ မဟုတ်ဘူး။ ရန်မကြီးတွေ မဟုတ်ဘူး။ သမီးလေးကြောက်တာ ဗ ဟောဒီကြွေဝစ္စာ ရုပ်ဝတ္ထုကြီးတစ်ခုလုံး ပေါက်ကွဲပွင့်ထွက်သွားမှာကို ကြောက်နေတာ။

အဲဒီလို စဖြစ်စတုန်းကဆို သမီးလေးဟာ ကြောက်စိတ်တွေ ပိစီးပြီး ညဉ့်လယ်ခေါင်ချိန်မှာ မေမေကြီးရဲ့ အိပ်ခန်းထဲကို ရောက်ရောက်လာတယ်။ အဲဒီအခါ မေမေကြီးက အိပ်ရာကထပြီး ပြေရာပြေကြောင်းပြော ပြီးတော့ သမီးလေးရဲ့ အိပ်ရာဆီကို ပြန်ခေါ်သွားပေါ့။ အဲဒီအခါ သမီးလေးက အိပ်ရာ

www.burmeseclassic.com



ပေါ်မှာ လဲလျောင်းရင်း မေမေကြီးရဲ့ လက်ကို ကိုင်ထားပြီး ပျော်စရာဇာတ်သိမ်းခန်းနဲ့ပုံပြင်တစ်ပုဒ် ပြောပြဖို့ တောင်းဆိုလေ့ရှိတယ်။ ဒါတင် ဘယ်ဟုတ်ဦးမလဲ မေမေကြီးပြောတဲ့ ဇာတ်လမ်းက စိတ်မကောင်းစရာ ဇာတ်လမ်းမျိုးဖြစ်နေမှာစိုးတဲ့အတွက် သမီးလေးက ဇာတ်လမ်းအကျဉ်းချုပ်ကို အသေးစိတ် ပြောပြပေးတယ်လေ။ ဒီတော့ သမီးလေးရဲ့ ညွှန်ကြားချက်တွေအတိုင်း ၏သည်မလွဲအောင် မေမေကြီးက ကျိုးကျိုးနွံနွံ လိုက်နာရတာပေါ့။ ပုံပြင်ကိုနှစ်ခေါက်လောက် ထပ်ပြောတယ်။ တစ်ခါတလေ သုံးခေါက်ပြောရတယ်။ အဲဒီနောက်မှာတော့ သမီးလေး ကြောက်စိတ်ပြေသွားပြီ၊ အိပ်ပျော်သွားပြီဆိုပြီး အသာလေးထသွားတာပေါ့။ အဲဒီလို သွားလို့ တံခါးပေါက်လောက်လည်းရောက်ရော သမီးလေးရဲ့ အိပ်ချင်မူးတူးအသံက ပေါ်လာလေရော။

'ဇာတ်လမ်းက အဲဒီလိုပဲလားဟင်။ ဇာတ်သိမ်းက အမြဲတမ်း အဲဒီလိုပဲ ဇာတ်သိမ်းသလားဟင်'

ဒီတော့ မေမေကြီးက အခန်းထဲ ပြန်လှည့်လာပြီး သမီးလေးရဲ့ နဖူးကို မွှေးမွှေးပေးရင်း 'အဲဒီနည်းကလွဲပြီး တခြားနည်းနဲ့ ဘယ်လိုမှ ဇာတ်သိမ်းလို့ မရပါဘူး အချစ်ကလေးရယ်၊ မေမေကြီးကတိပေးပါတယ်' လို့ ပြောရတယ်။

တခြားညတွေကျတော့ သမီးလေးကို ဘယ်လောက်ပဲ မေမေကြီး မအိပ်စေချင်ပေမဲ့ (ကလေးတွေဟာ သက်ကြီးရွယ်အို အဘိုးကြီး အဘွားကြီးတွေနဲ့ ဘယ်တော့မှ မအိပ်သင့်ဘူး) သမီးလေးကို ကိုယ့်အခန်းကိုယ်ပြန်ပြီး မလွှတ်ရက်ဘူးလေ။ သမီးလေး မေမေကြီးရဲ့ အိပ်ရာနံဘေးက စားပွဲနားမှာ ရပ်နေတယ်ဆိုတာကို သိလိုက်တာနဲ့ သမီးလေးကို လှည့်မကြည့်ဘဲ အားပေးစကား ပြောလေ့ရှိတယ်။

'အရာရာတိုင်းဟာ စည်းကမ်းတကျနဲ့ သေသေဝပ်ဝပ်ပဲ။ ပေါက်ကွဲပြီး ပွင့်ထွက်စရာ ဘာမှ မရှိဘူး။ ဒီတော့ သမီးလေး ကိုယ့်အခန်းထဲ ကိုယ်ပြန်အိပ်လို့ရပြီ'

ပြီးတော့ ဆက်ပြီး အိပ်ပျော်နေဟန်ဆောင်လိုက်တယ်။ သမီးလေးရဲ့ ညှိုသက်တဲ့ အသက်ရှူသံလေးကို ကြားနေရတဲ့အတွက် သမီးလေး နဂိုနေရာမှာပဲ



မလှုပ်မရှောက် မတ်တတ်ရပ်နေတုန်းဆိုတာ သိနေရတယ်။ နောက်တော့ မေမေကြီးရဲ့ ခုတင်ဟာ သိမ့်ခနဲတုန်ပြီး ကျွိခနဲမြည်သွားတယ်။ သမီးလေးက တတ်နိုင်သလောက် ညင်ညင်သာသာကလေး တက်လိုက်တာကိုး။ ပြီးတော့ မေမေကြီးကို အတင်းတိုးကပ်ပြီး အိပ်တော့တာပဲ။ တစ်နေရာရာကနေ ကြောက်လန့်တကြား ပြေးလာတဲ့ ကြွက်ကလေးတစ်ကောင် ခုမှ နွေးထွေးတဲ့ နေရာတစ်နေရာ တွေ့ရသလို တရှူးရှူးနဲ့ အိပ်မောကျသွားရော။ နံနက်မိုးသောက် အလင်းရောက်တော့ အကျင့်မပျက်အောင်ဆိုပြီး သမီးလေးကို နွေးနွေးထွေးထွေးနဲ့ အိပ်မောကျနေဆဲမှာပဲ အသာလေးပွေ့ချီသွားတယ်။ သမီးလေးရဲ့ အိပ်ရာပေါ်တင်ပေးတယ်။ အဲဒါတွေကို သမီးလေး ဘာဆို ဘာမှ မမှတ်မိပါဘူး။ မနက်မိုးလင်းလို့ အိပ်ရာကနိုးတော့ ညက တစ်ညလုံး ကိုယ့်အိပ်ရာမှာ ကိုယ်အိပ်ခဲ့တယ်လို့ ယုံမှတ်တာပေါ့ကွယ်။

အဲဒီလို ကြောက်စိတ်တွေက နေ့လယ်နေ့ခင်းဘက်မှာ တိုက်ခိုက်လာပြီဆိုရင်တော့ မေမေကြီးက သမီးလေးကို ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ကလေး ပြောလေ့ရှိတယ်။

'ကြည့်လေ၊ အိမ်ကြီးက ဘယ်လောက်တောင့်သလဲ။ ပြီးတော့ နံရံတွေကကော ဘယ်လောက်ထူသလဲ။ အဲဒီလောက် ထူထဲတောင့်တင်းတဲ့ အိမ်ကြီးက ဘယ်လိုလုပ်ပြီး ပေါက်ကွဲထွက်နိုင်မှာလဲ'

ဒါပေမဲ့ မေမေကြီးရဲ့ အားပေးစကားတွေဟာ အချည်းနှီး အရာမထင်ခဲ့ပါဘူး။ သမီးလေးဟာ မျက်လုံးကြီး အဝိုင်းသားနဲ့ မေမေကြီးကို ပြူးကြောင်ကြောင် ကြည့်ရင်း ထပ်ကာတလဲလဲ ပြောနေတတ်တယ်။

'ဘာမဆို ပေါက်ကွဲထွက်နိုင်တယ်'

သမီးလေးရဲ့ အဲဒီကြောက်စိတ်ကို မေမေကြီး အံ့သြလို့မဆုံးဘူး။ ဒီပေါက်ကွဲမှုဆိုတာက ဘာလဲ။ ဒါက သမီးလေးရဲ့ မေမေကို အမှတ်ရနေတာလား။ သမီးလေးရဲ့ မေမေ ရုတ်တရက်ကြီး ကြေကွဲဖွယ်ရာ သေဆုံးသွားတာနဲ့ ဆပ်ဆိုင်နေသလား။ ဒါမှမဟုတ် ကျောင်းက ဆရာမတွေရှေ့မှာ ခိုင်ခိုင်မာမာ တိတိကျကျ ပြောပြသွားတဲ့ အတိတ်ဘဝဇာတ်ကြောင်းနဲ့ တစ်စုံတစ်ရာ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေသလား။ ဘယ်သူ ဘာပြောနိုင်မှာလဲ။ ဘယ်သူတွေ ဘာပဲပြောနေ ပြောနေ လူသားတွေရဲ့ စိတ်ထဲမှာ အလင်းရောင်ထက် အမှောင်က ပိုများနေသေးတယ်လို့ မေမေကြီးတော့ ယုံကြည်တယ်ဟေ့။ အဲဒီတုန်းက မေမေကြီး ဝယ်ဖတ်တဲ့ စာအုပ်တစ်အုပ်ထဲမှာလည်း ရေးထားတယ်။ ကိုယ့်ရဲ့အတိတ်ဘဝ အကြောင်းတွေကို သိတဲ့ ကလေးတွေဟာ အိန္ဒိယနဲ့ အရှေ့တိုင်းမှာ အရေအတွက်ပိုများတယ်တဲ့။ အဲဒီဒေသတွေမှာကတော့ ဘဝသံသရာဆိုတဲ့ အယူအဆကို အစဉ်အလာအားဖြင့် လက်ခံယုံကြည်ခဲ့ကြတာကိုး။ အဲဒီတင်ပြချက်ကိုတော့ မေမေကြီး လွယ်လွယ်ကူကူပဲ လက်သင့်ခံနိုင်ပါတယ်။ သမီးလေး စဉ်းစားကြည့်လေ၊ တစ်နေ့မှာ မေမေကြီးဟာ မေမေကြီးရဲ့ မေမေဆီကို သွားပြီး ကောက်ကာငင်ကာ မေမေ မကြားဘူးတဲ့ ဘာသာစကားတစ်မျိုးနဲ့ စကားပြောနေရင် ဘာဖြစ်မလဲ။ ဒါမှ မဟုတ်လည်း 'မေမေ့ကို သမီးမကြိုက်ဘူး။ အရင်ဘဝက မေမေနဲ့ဆို သမီးခုထက် အများကြီး ချမ်းချမ်းသာသာ နေခဲ့ရတယ်'လို့ သွားပြောရင်ကော။ သေချာတစ်ခုကတော့ အဲဒီနေ့ မကုန်ခင်မှာပဲ မေမေဟာ မေမေကြီးကို အရူးထောင်လိုက်ပို့ပြီး အဲဒီမှာ ထားခဲ့မှာပဲ။ ကလေးဘဝရဲ့ ပတ်ဝန်းကျင် ဒါမှမဟုတ် မိဘမျိုးရိုးက စီမံချမှတ်ပေးလိုက်တဲ့ ကံကြမ္မာစက်ကွင်းကနေ လွတ်မြောက်နိုင်တဲ့ နည်းလမ်း ရှိသလား။

လူတွေဟာ ပိတ်လှောင်မှု အကြောက်လွန်ရောဂါကြီး စွဲကပ်ပြီးမျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် ကုန်လွန်ကောင်း ကုန်လွန်လာလိမ့်မယ်။ အဲဒီလို ဖြစ်နေတုန်း တစ်ယောက်ယောက်က တစ်ချိန်ချိန်မှာ တခြားလူတွေထက် မဆိုစလောက်ကလေးမြင့်တဲ့ အဆင့်တစ်ဆင့်ကို လှမ်းမြင်ရမယ်။ ဒီလူက သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ ချပြီး အဲဒီအဆင့်ကို လှမ်းတက်ဖို့ ကြိုးစားလိမ့်မယ်။ ဒီလုပ်ရပ်ဟာ သံသရာစက်ဝိုင်းထဲက ဖောက်ထွက်ဖို့ အားထုတ်တာ၊ အခန်းထဲကိုလတ်ဆတ်အေးမြတဲ့ လေကလေး နည်းနည်းဝင်လာအောင် ကြိုးစားတာ။ တကယ်တော့ ဒီအားထုတ်မှုဟာ ဘဝသံသရာရဲ့ သေးငယ်မှုန်မွှားတဲ့ လျှို့ဝှက်ချက်ကလေးတစ်ခုပဲလို့ မေမေကြီး ယုံကြည်တယ်။ ဒီအားထုတ်မှုဟာ သေးတယ်မှုန်မွှားတယ်။ ဒါပေမဲ့ ခြေကုန်လက်ပန်းကျစေတယ်။ ထိတ်လန့်ကြောက်ရွံ့စေ





တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအားထုတ်မှု အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ မရေရာ မသေချာလို့ပဲ။

မေမေကြီးရဲ့ အမေဟာ ဆယ့်ခြောက်နှစ်သမီးအရွယ်မှာ အိမ်ထောင်ကျပြီး ဆယ့်ခုနစ်နှစ်အရွယ်မှာ မေမေကြီးကို မွေးဖွားခဲ့တယ်။ မေမေကြီးရဲ့ ကလေးဘဝတစ်လျှောက်မှာ ဒါမှမဟုတ် မေမေကြီးရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ မေမေက ပြသတဲ့ မေပ္ပ••အမှတ်လက္ခဏာကို တစ်ခါမှ မတွေ့မမြင်ခဲ့ဖူးဘူး။ သူ့အိမ်ထောင်ရေးကိုက နှစ်ဦးနှစ်ဖက် အပြန်အလှန်ချစ်လို့ ယူခဲ့ကြတာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ကို ဘယ်သူကမှ အတင်းအကျပ်ပေးစားခဲ့တာလည်း မဟုတ်ဘူး။ ဒီကိစ္စကို အတင်းအကျပ်လုပ်ခဲ့တာ သူကိုယ်တိုင်ပဲ။ ဘာကြောင့် ဒီလိုလုပ်သလဲ။ အဓိက အကြောင်းရင်းက သူဟာ ချမ်းသာပေမဲ့ ရိုးဟူဒီမိန်းကလေးတစ်ယောက် ဖြစ်နေလို့ပဲ။ ဒါ့ပြင် သူက ဘာသာပြောင်းထားသူ တစ်ယောက်ဖြစ်တယ်။ ပြီးတော့ ဘွဲ့ထူးဂုဏ်ထူးကိုလည်း မက်သေးတယ်လေ။

မေမေကြီးရဲ့ ဖေဖေက မေမေထက် အသက်ကြီးတယ်။ မူးမတ်ကလေးဖြစ်ပြီး ဂီတမြတ်နိုးတဲ့ ဖေဖေက ပါရမီပါတဲ့ တေးသံရှင် မေမေ့ကို စွဲမက်ခဲ့တယ်။ အစဉ်အလာကြီးခဲ့တဲ့ မိသားစုနာမည် မတိမ်ကော မပပျောက်စေရေးအတွက် အမွေဆက်ခံမယ့် သမီးတစ်ယောက် မွေးဖွားခဲ့ကြတယ်။ အဲဒီနောက်ပိုင်းမှာတော့ တစ်ယောက်ကို တစ်ယောက် ရွံရှာမုန်းတီးပြီး တစ်ယောက်ကို တစ်ယောက် အာဃာတကြီးစွာနဲ့ သူတို့သက်တမ်းတွေကို ကုန်လွန်စေခဲ့တယ်။ မေမေဟာ သူ့ဘဝသူ မကျေနပ်နိုင်ဘဲ ခါးသီးနာကြည်းစွာနဲ့သေဆုံးသွားခဲ့တယ်။ ဒီလိုဖြစ်ရတာဟာ ပတ်ဝန်းကျင်က တမင်အကွက်ဆင်ခဲ့လို့ ဖြစ်ရတယ်ဆိုတာကို သူတစ်စက်ကလေးတောင် သံသယ မဖြစ်မသွားရှာဘူး။

မေမေကြီးကတော့ သူနဲ့ တော်တော့်ကို မတူခဲ့တာ။ မေမေကြီးကူကယ်ရာမဲ့ ကလေးပေါက်စဘဝကို လွန်မြောက်ပြီး အသက် ခုနစ်နှစ်ရောက်တဲ့အချိန်မှာ မေမေ့ကို မေမေကြီး စပြီး မုန်းနေပြီ။

သူ့ကြောင့် မေမေကြီး အကြီးအကျယ် နစ်နာခဲ့ရတယ်။ သူက အမြဲတမ်း စိတ်လှုပ်ရှားနေတဲ့သူ။ အပေါ်ယံကိစ္စတွေနဲ့ ပတ်သက်လာရင် သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားတာပဲ။ ဘယ်တော့မှ အပြောင်းအလဲ မရှိဘူး။ သူယုံမှတ်ထားတဲ့ 'ပြီးပြည့်စုံမှု'ဆိုတာက မမေကြီးဟာ ညှံ့ဖျင်းသူဆိုတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေတယ်။ ညှံ့ဖျင်းမှုရဲ့ အကျိုးဆက်ကတော့ အထီးတည်း နေထိုင်ခြင်းပဲပေါ့။

ကနဦးပိုင်းတုန်းကတော့ မမေကြီး သူနဲ့တူအောင် အားထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ မမေကြီးရဲ့ အားထုတ်မှုတွေက မတော်မနမ်းဖြစ်ပြီး ကိုးရိုးကားယား အဖြစ်တွေနဲ့သာ ဇာတ်သိမ်းခဲ့ရတယ်လေ။ မမေကြီး ကြိုးစားအားထုတ်လေ ရင်ထဲမှာ မအီမလည်ဖြစ်ရလေပဲ။ ရှုံးနိမ့်မှုက ကိုယ့်ကိုယ်ကိုယ် လေးစားစိတ်ကို ပျက်စီးစေတယ်။ အဲဒီအဆင့်ကနေ ဒေါသဖြစ်ရတဲ့ အဆင့်ကို ရောက်ဖို့ကတော့ လွယ်လွယ်လေးပေါ့ကွယ်။ တကယ်တော့ မမေရဲ့မေတ္တာတရားက အပေါ်ယံ ရွှေမှုန်ကြဲကိစ္စတွေနဲ့ ရစ်ပတ်ချည်နှောင်ထားတာကလား။ မမေဟာ မမေကြီးကို သူလိုချင်တဲ့ ပုံစံအတိုင်း ဖြစ်စေချင်တာ။ မမေကြီးရဲ့ ပင်ကိုအရှိအတိုင်းကို လက်ခံချင်တာ မဟုတ်ဘူး။ အဲဒါတွေကို သိမြင်သဘောပေါက်လာတာနဲ့ မမေကြီးဟာ ကိုယ့်အခန်းလေးရဲ့ လုံခြုံမှုကိုယူပြီး ကိုယ့်နှလုံးသားထဲမှာ တိတ်တိတ်ကလေး ဆုံးဖြတ်လိုက်တယ်၊ မမေ့ကို အမုန်းကြီး မုန်းပစ်လိုက်တော့မယ်လို့။

ဒီခံစားချက်ရဲ့ ဖိစီးမှုက လွတ်မြောက်အောင် မမေကြီးဟာ ကိုယ့်ကမ္ဘာလေးထဲမှာပဲ ကိုယ်ခိုလှုံနေတော့တယ်။ ညဘက် အိပ်ရာထဲမှာဆိုရင် မီးတိုင်ပေါ်မှာ အဝတ်တစ်စအုပ်ပြီး သန်းခေါင်ကျော်တဲ့အထိ စွန့်စားခန်းစာအုပ်တွေ ဖတ်တော့တာပဲ။ စိတ်ကူးနဲ့ ရှုးနေရတာမျိုးကိုလည်း မမေကြီးက သိပ်ဝါသနာပါတာ။ တစ်ခါကဆို မမေကြီးဟာ တရုတ်ပင်လယ်ပြင်ပေါ်က ပင်လယ်ဓားပြကြီးအဖြစ် စိတ်ကူးယဉ်ခဲ့ပါသေးတယ်ပေါ့။ ဒါပေမဲ့ ထူးခြားတဲ့ ပင်လယ်ဓားပြနော်။ ဘာဖြစ်လို့လဲဆိုတော့ မမေကြီး လုယက်တိုက်ခိုက်လို့ရတဲ့ ဘဏ္ဍာငွေတွေဟာ မမေကြီးဖို့ မဟုတ်ဘူး။ ဆင်းရဲသားတွေကို ဝေခြမ်းပေးဖို့လေ။ ပင်လယ်ဓားပြတွေ၊ တောပုန်းဓားပြတွေဆိုတာ မေးကမ်းစွန့်ကြဲတတ်ကြတယ် မဟုတ်လား။ နောက်တစ်ခါကျတော့ မမေကြီးဟာ ဆရာဝန်ကြီးဖြစ်လာမယ်။ အဲဒီအခါကျ လူမည်းကလေးငယ်တွေကို ပြုစုကုသပေးဖို့ အာဖရိက သွားမယ်ပေါ့။





အသက် ဆယ့်လေးနှစ်လောက်ရောက်တော့ ရှုလီမန်းရဲ့ စာအုပ်ကို ဖတ်ရတယ်။ အဲဒီစာအုပ်လည်း ဖတ်ပြီးရော မမေကြီး လူတွေရဲ့ ရောဂါဘယတွေ ကုသပေးဖို့ ဆရာဝန်တစ်ယောက် ဖြစ်လာမှာ မဟုတ်တော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သိလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ လောလောဆယ် မမေကြီး အရမ်းစိတ်ဝင်စားနေတာက ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာဖြစ်နေပြန်ဟာကိုး။ ငါစွမ်းစွမ်းတမံ လုပ်လိုက်မယ်ဟဲ့လို့ တွေးထင်ထားတဲ့ ဝါသနာပေါင်း သောင်းခြောက်ထောင်ထဲမှာ ဒီဘာသာရပ်တစ်ခုပဲ မမေကြီးနဲ့ အမှန်တကယ်ကိုက်ညီ မှန်ကန်မယ်ထင်ပါရဲ့။

တိတိကျကျပြောရရင် ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် မမေကြီးဟာ တစ်ပွဲတည်းသော တိုက်ပွဲကို ဖေဖေနဲ့ နွှဲခဲ့ရတယ်။ တိုက်ပွဲနွှဲရတဲ့ အကြောင်းရင်းက မမေကြီးအနေနဲ့ သဒ္ဒါကျောင်းတက်ပြီး သမားရိုးကျ ပညာရေးကိုပဲ သင်မလား၊ မသင်ဘူးလားဆိုတာ ဆုံးဖြတ်ဖို့ပေါ့။ ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေးပညာကို ဖေဖေက အကြီးအကျယ် ဆန့်ကျင်တယ်။ ဒီပညာရပ်ကို သင်ယူလို့ ဘာမှ အကျိုးမရှိနိုင်ဘူးတဲ့။ မမေကြီး တကယ်တမ်း ပညာဆည်းပူးချင်သပါဆိုရင် ဘာသာစကားတွေကို သင်ယူတာက အကျိုးရှိနိုင်တယ်တဲ့။ ဒါနဲ့ မမေကြီး အလယ်တန်းကျောင်းကို ဆက်တက်တယ်။ ဘာပဲဖြစ်ဖြစ် ငါအနိုင်ရပြီပေါ့။ အလယ်တန်းကျောင်းပြီးသွားတာနဲ့ ငါဝါသနာပါတာ ငါဆက်လုပ်ခွင့်ရတော့မယ်ဆိုတဲ့ ယုံကြည်စိတ်ချမှု အပြည့်နဲ့ပေါ့။ မမေကြီး မှားသွားတယ်။ သဒ္ဒါကျောင်းပြီးတာနဲ့ မမေကြီး ရောမ တက္ကသိုလ်ကို ဆက်တက်ဖို့ ရည်ရွယ်တဲ့အကြောင်း ဖေဖေ့ကို ပြောပြတယ်။ သူ့အဖြေက ခြွင်းချက်မရှိ ပြတ်သားတယ်။ 'အဲဒီအကြောင်းကို မေမေ ဆွေးတောင် မဆွေးနွေးဘူး'တဲ့လေ။

ဒီတော့...အဲဒီခေတ် အဲဒီအခါရဲ့ ဓလေ့ထုံးစံအတိုင်း မမေကြီး လေသံတောင် မဟဝံ့ဘဲ ခေါင်းညိတ်လိုက်နာလိုက်ရတယ်။ တိုက်ပွဲတစ်ပွဲကို နိုင်တာနဲ့ စစ်ပွဲကြီးတစ်ခုလုံးကို နိုင်တာ မတူဘူးဆိုတာ အဲဒါပဲပေါ့ကွယ်။ ဒါဟာ ကလေးဆန်တဲ့ အမှားတစ်ရပ်။ ဒီအကြောင်းကို ခုနေ ပြန်စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ မေမကြီးသာ ခွဲကောင်းကောင်းနဲ့ ခွတ်ဆက်ပြီးပြောမယ်ဆိုရင် သိပ်မကြာခင်အတွင်း မေမေလျှော့ပေးမှာပဲလို့ ထင်မိတယ်။ သူ့ရဲ့ခြွင်းချက်မဲ့ ငြင်းဆိုချက်ဟာ အဲဒီခေတ် ပညာရေးစနစ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲလေ။ လူငယ်တွေဟာ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေကို မှန်မှန်ကန်ကန် မချနိုင်ဘူးလို့ ယူဆထားကြတယ်။ ဒီတော့ လူငယ်တွေက သူတို့မိဘတွေကို ဆန့်ကျင်ပြီး သူတို့ရဲ့ ဆန္ဒတွေကို တင်ပြတောင်းဆိုလာတဲ့အခါ သူတို့ကို မိဘတွေက စမ်းသပ်စစ်ဆေးတော့တာပဲ။ မေမကြီးက ပထမဆုံး ကြုံရတဲ့ အခက်အခဲမှာတွင် လက်နက်ချ အရှုံးပေးလိုက်တော့ မေမကြီးရဲ့ ဝါသနာဟာ ဝါသနာအစစ်အမှန် မဟုတ်ဘူး၊ စိတ်ရူးပေါက်တာ သက်သက်ပဲလို့ မှတ်ယူလိုက်တော့တာပေါ့ကွယ်။

မေမေအတွက်ကတော့...မေမေလည်း အတူတူပါပဲလေ...သားသမီးဆိုတာ ပထမဦးစားပေး လုပ်ဆောင်ရမယ့် လူမှုရေးတာဝန် တစ်ရပ်ပဲ။ သူတို့က ဉာဏ်ပညာပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ပစ်ပယ်ထားပြီး အပေါ်ယံ ရှေ့မှန်ကြဲအလုပ်တွေဖြစ်တဲ့ 'ဟန်ပန်အမူအရာတွေ'ကျတော့ တစ်စက်ကလေးမှ အတိမ်းအစောင်း မရှိအောင် တင်းတင်းကျပ်ကျပ် ပညတ်တော့တာကလား။ စားပွဲမှာထိုင်ရင် ခါးမတ်နေရမယ်၊ တံတောင်ဆစ်နှစ်ဖက်က နံဘေးမှာ ကပ်ထားရမယ့်။ အဲဒီလို စနစ်တကျထိုင်ရင်း မေမကြီးဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ အကောင်းဆုံးနည်းလမ်းကို တွေးချင်တွေးနေ၊ အကြောင်းမဟုတ်ဘူး။ အပေါ်ယံသွင်ပြင် လက္ခဏာဟာ အစစအရာရာပဲ။ ကျန်တာတွေ ဘာဆိုဘာမှ အရေးမကြီးဘူး။

ဒီတော့ကွယ်...မေမကြီးဟာ ပျော်စရာရှိ ပျော်တတ်တဲ့လူ၊ စိတ်ညစ်စရာရှိ စိတ်ညစ်တတ်တဲ့လူ၊ ချစ်မေတ္တာတရားကို လိုအပ်နေတဲ့လူ၊ အဲဒီလို လူတစ်ယောက်အနေနဲ့ ကြီးပြင်းလာရတာ မဟုတ်ဘဲ လူနဲ့တူအောင် စနစ်တကျ ကြပ်ကြပ်မတ်မတ် လေ့ကျင့်ခြင်းခံရတဲ့ လူဝံတစ်ကောင်လို ကြီးပြင်းလာရတာကလား။ ဒီလို အခွင့်အရေး ဆုံးရှုံးမှုက အထီးကျန်ဝေဒနာကို အကြီးအကျယ် ဖြစ်ပေါ်စေတာပေါ့။ နှစ်ကာလတွေ ကြာလာတာနဲ့အမျှ အထီးကျန်ဝေဒနာဟာ ပိုပြီး နက်ရှိုင်းပြင်းထန်လာတာပေါ့ကွယ်။ ဘာနဲ့တူသလဲဆိုတော့ လေဟာနယ်





ထဲမှာ သွားလာလှုပ်ရှားတဲ့သူလို မေမကြီးဟာ လေးကွေးပြီး ကိုးရိုးကားရား လှုပ်ရှားမှုတွေပဲ ပြုလုပ်နိုင်တော့တယ်။ အထီးကျန် ဝေဒနာဖြစ်ပေါ်စေတဲ့ အခြားအကြောင်းရင်း တစ်ခုကတော့ မေမကြီး ကိုယ့်ကိုယ်ကိုယ် မေးပြီး အဖြေရှာမရတဲ့ မေးခွန်းတွေပဲ။ အသက်လေးငါးနှစ်အရွယ်ကတည်းက မေမကြီးဟာ နီးနားဝန်းကျင်ကို တအံ့တသြ လှည့်ပတ်ကြည့်ပြီး မေးခွန်းတွေ ထုတ်နေမိတယ်။

'ငါဒီနေရာကို ဘာလုပ်ဖို့ရောက်နေတာလဲ။ ငါ့ပတ်ဝန်းကျင်က ဟာတွေကကော ဘယ်ကလာကြတာလဲ။ ဒါတွေရဲ့ နောက်ကွယ်မှာ ဘာတွေ ရှိသလဲ။ ဒါတွေဟာ ငါဒီကို ရောက်မလာခင်ကတည်းက ရှိနေတာလား။ ဒါတွေဟာ ထာဝရရှင်သန်တည်တံ့သွားမှာလား'.

ခံစားသိလွယ်တတ်တဲ့ ကလေးတွေ ကမ္ဘာလောကကြီးရဲ့ ရှုပ်ထွေးနက်နဲမှုတွေနဲ့ ထိပ်တိုက်တွေ့ကြုံရင်ဆိုင်ရတဲ့အခါ မေးလေ့ရှိတဲ့ မေးခွန်းတွေကို မေမကြီး မေးနေခဲ့တယ်။ ဒီမေးခွန်းမျိုးတွေကိုပဲ လူကြီးတွေလည်း မေးကြမှာပဲ။ ဒါပေမဲ့ သူတို့ကတော့ ဒီမေးခွန်းတွေကို ဖြေနိုင်မှာပဲလို့ မေမကြီး ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ မေမေနဲ့ မေမကြီးရဲ့ အထိန်းတော်ကြီးကို နှစ်ခါသုံးခါလည်း မေးပြီးရော မေမကြီး ဆက်မမေးတော့ဘူး။ သူတို့ဟာ အဖြေတွေကို မသိရုံသာ မဟုတ်ဘူး သူတို့ကိုယ်သူတို့ ဒီမေးခွန်းတွေ မေးတောင် မေးမကြည့်ခဲ့ဖူးဘူးဆိုတာ မေမကြီး သဘောပေါက်ခဲ့ရတယ်။

ဒီတော့ မေမကြီးရဲ့ အထီးကျန်ဝေဒနာဟာ ရင့်သည်ထက် ရင့်လာတာပေါ့။ ပြဿနာတိုင်းကို ကိုယ့်ဘာသာကိုယ်ပဲ ဖြေရှင်းရတယ်။ အသက်ကလေးရလာလေ မေးခွန်းတွေ ပိုပြီး မေးလာတယ်။ မေးခွန်းတွေက ပိုကြီးပြီး ခိုအံ့သြစရာကောင်းလာလေပေါ့။ နောက်ဆုံးကျတော့ ဒီမေးခွန်းတွေအကြောင်း ထိုင်စားတွေးတောရမှာတောင် ကြောက်လာတော့တယ်။

မေမကြီး အသက် ခြောက်နှစ်အရွယ်မှာ သေခြင်းတရားနဲ့ ပထမဆုံးအကြိမ် ကြုံဖူးတယ်။ မေမေ့မှာ အားဂပ်စ်ဆိုတဲ့ ခွေးကလေးတစ်ကောင်ရှိတယ်။ ဒီခွေးကလေးက လိမ္မာတယ်။ သခင်ကို ချစ်တယ်။ မေမကြီးအတွက်တော့ အဆုံးအစားပေါ့။ မေမကြီးဟာ မွန်းလွဲပိုင်းတစ်ပိုင်းလုံး သူနဲ့ပဲ ဆော့နေလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ကို နို့တွေနဲ့ မြက်တွေနဲ့ရောပြီး ကျွေးလားကျွေးရဲ့။ တစ်ခါတလေ တော့လည်း မေမေကြီးက ဆံပင်အလှပြင်သူပေါ့ကွယ်။ အားဂပ်စ်ရဲ့ အမွေးတွေကို ဖြီးပေးတယ်၊ ထုံးပေးတယ်၊ သူ့နားရွက်မှာ ဆံညှပ်တွေ တပြောင်ပြောင် တလက်လက် ဖြစ်နေအောင် ညှပ်ပေးထားတယ်။ အားဂပ်စ်ကတော့ တစ်ချက်ကလေးမှ မငြူစူဘူး။ ပန်းခြံထဲမှာ ခုန်ပေါက်ပြေးလွှားနေတာပဲ။ တစ်နေ့မှာ သူ့ကို ဆံပင်ပုံစံသစ် ထုံးပေးဖို့ လုပ်နေတုန်း သူ့လည်ပင်းမှာ ရောင်နေတာ တွေ့ရတယ်။ စောစောပိုင်း သီတင်းပတ်တွေမှာ သူ ခါတိုင်းလို ပြေးလွှားခုန်ပေါက်မနေတော့ဘူး။ မေမေကြီး ထောင့်တစ်ထောင့်မှာထိုင်ပြီး ဘီစကွတ်စားနေလည်း မေမေကြီးရှေ့မှာထိုင်ပြီး မျှော်မနေတော့ဘူး။

တစ်နေ့ မေမေကြီး ကျောင်းက ပြန်လာပြီး အိမ်ထဲရောက်တဲ့အခါ အားဂပ်စ်ကို ခြံဝင်းတံခါးပေါက်မှာ စောင့်ကြိုနေတာ မတွေ့ရဘူး။ ပထမတော့ ဖေဖေနဲ့ တစ်နေရာရာကို သွားနေတာဖြစ်မယ်လို့ မေမေကြီးတွေးတယ်။ ဒါပေမဲ့ ဖေဖေက သူ့စာကြည့်ခန်းထဲမှာ အေးအေးလူလူထိုင်နေတာ တွေ့ရတယ်။ သူ့ခြေရင်းမှာ ကွေးကွေးကလေး အိပ်နေကျ အားဂပ်စ်ကိုတော့ မတွေ့ရဘူး။ ဒီတော့ မေမေကြီးစိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားတာပေါ့။ ဒါနဲ့ မေမေကြီးအိမ်ပြင်ကို ပြေးထွက်သွားတယ်။ အားဂပ်စ်ကို သံကုန်ဟစ်ခေါ်ပြီး ပန်းခြံအနှံ့ လိုက်ရှာတယ်။ အိမ်ထဲမှာ နှစ်ခါသုံးခါလောက် ချောင်ကြိုချောင်ကြားမကျန် ရှာတယ်။ အဲဒီည အိပ်ရာမဝင်မီ ဖေဖေနဲ့ မေမေကို မွှေးမွှေးပေးပြီး နှုတ်ဆက်ချိန်မှာ မေမေကြီး ရှိသမျှ သတ္တိတွေကို စုစည်းပြီး ဖေဖေ့ကို မေးလိုက်တယ်။

'အားဂပ်စ်ကော'

'အားဂပ်စ် မရှိတော့ဘူး'

ဖေဖေက သတင်းစာဖတ်နေရာက မော့မကြည့်ဘဲ ပြန်ပြောတယ်။

'ဘာဖြစ်လို့လဲဟင်'

မေမေကြီး မေးလိုက်တယ်။

'သမီးနောက်တာ ပြောင်တာတွေကို စိတ်ပျက်လို့ပေါ့'

ပရိယာယ် ခေါင်းပါးတာလား၊ ပြီးပြီးရော ဖြေလိုက်တာလား၊ တစ်





ဖက်သား စိတ်ဆင်းရဲအောင် နှိပ်စက်ချင်တာလား။ ဒီအဖြေရဲ့ နောက်ကွယ်မှာ ဘာရှိနေသလဲ။ ဒီအဖြေကို ကြားလိုက်ရတဲ့ အခိုက်အတန့်ကလေးမှာ မေမေကြီးရဲ့ ရင်ထဲမှာ တစ်စုံတစ်ခု ဖြောင်းခနဲကျိုးပဲ့သွားသလို ခံစားလိုက်ရတယ်။ အဲဒီညက မေမေကြီး အိပ်လို့ မရဘူး။ နေ့လယ်နေ့ခင်းဘက်တွေကျတော့လည်း မဖြစ်စလောက်ကလေး အတိမ်းအစောင်းဖြစ်တာနဲ့ ငိုကြီးချက်မ ဖြစ်လာတတ်တယ်။ နောက်တစ်လ နှစ်လလောက်ကြာတော့ ကလေးရောဂါအထူးကု ဆရာဝန်တစ်ယောက်ကို ပင့်ခေါ်ကြတယ်။

'ကလေးဟာ အားနည်းနေတယ်'

အထူးကုဆရာဝန်က ပြောတယ်။ ပြီးတော့ ငါးကြီးဆီဆေးလုံးတွေ သောက်ဖို့ ညွှန်ကြားသွားတယ်။ မေမေကြီး ဘာကြောင့် အိပ်မပျော်သလဲ။ အားဂပ်စ်ကိုက်ပြီးဆော့နေကျ ဘောလုံးကလေးကို ဘာဖြစ်လို့ မေမေကြီး သွားလေရာ ယူသွားသလဲ။ ဒါတွေကို ဘယ်သူကမှ မေးမြန်းမရှာဘူး။

အဲဒီဖြစ်ရပ်က မေမေကြီး လူကြီးလောကထဲ ဝင်လာပြီဆိုတာ အချက်ပြလိုက်တာပဲ။ ခြောက်နှစ်သမီးအရွယ်မှာလေ၊ ဟုတ်ရဲ့လား။ ဟုတ်ပါ့ရှင်၊ ခြောက်နှစ်သမီးအရွယ်မှာပါပဲ။ မေမေကြီး ဆိုးသွမ်းလို့ အားဂပ်စ် တခြားကို ရောက်သွားတယ်ဆိုရင် မေမေကြီးရဲ့ အပြုအမူတွေက မေမေကြီးရဲ့ ပတ်ဝန်းကျင်ကို လွှမ်းမိုးတယ်ဆိုတဲ့ သဘောပေါ့။ မေမေကြီးရဲ့ အပြုအမူက သူတို့ကို ပျောက်ကွယ်သွားအောင်၊ ပြီးတော့ ပျက်စီးသွားအောင် လုပ်ပြီး လွှမ်းမိုးတယ်လေ။

အဲဒီအခိုက်အတန့်ကစပြီး မေမေကြီးရဲ့ လုပ်ဆောင်မှုတွေဟာ ဘယ်တော့မှ ကြားနေအဆင့်မဟုတ်တော့ဘူး။ ဘယ်တော့မှ သူ့ဘာသာသူ ပြီးပြတ်သွားတာ မရှိတော့ဘူး။ နောက်ထပ် အမှားတစ်ခု ကျူးလွန်မိမှာကို ထိတ်လန့်ကြောက်ရွံ့နေတော့ လှုပ်ရှားမှုတွေကို တစ်ထစ်ပြီးတစ်ထစ် လျှော့ပစ်တယ်။ လှုပ်ရှားမှု နည်းနိုင်သလောက် နည်းအောင်နေတယ်။ ကြာတော့ ဘာကိုမှ စိတ်မဝင်စားတော့ဘူး။ ဥမ္မတ္တကပြုလာတယ်။ တဲ့ဆိုင်းတွန့်ရှိလာတယ်။ ညညဆို အားဂပ်စ်ရဲ့ ဘောလုံးကလေးကို လက်ထဲမှာ တင်းတင်းကျပ်ကျပ် ကိုင်ပြီး အိပ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



'အားဂပ်စ်ရယ်၊ ကျေးဇူးပြုပြီး ပြန်လာပါကွယ်။ ငါ အမှားတစ်ခုခု ကျူးလွန်မိတယ်ဆိုရင်တောင်မှ ငါဟာ တခြားအရာအားလုံးထက် နင့်ကို ပိုချစ်ပါတယ်ဟယ်'

မေမေက နောက်ထပ်ခွေးတစ်ကောင် ဝယ်လာတော့ မေမေကြီး လှည့်တောင် မကြည့်တော့ဘူး။ ဒီကောင်က မေမေကြီးအတွက် သူစိမ်းပြင်ပြင်ပဲဟာ။ သူစိမ်းပြင်ပြင်အဖြစ်နဲ့ပဲ ဆက်ပြီး နေသွားဖို့ ရည်ရွယ်ထားတယ်လေ။

ကလေးတွေကို စောင့်ရှောက်ပျိုးထောင်ရာမှာ သူတော်ကောင်းယောင်ဆောင်တဲ့ အကျင့်ကြီးက လွှမ်းမိုးနေတယ်ကွဲ့။ မေမေကြီး ကောင်းကောင်း မှတ်မိနေသေးတာပေါ့။ တစ်နေ့၊ မေမေနဲ့ အတူ လမ်းလျှောက်သွားရင်း လမ်းမှာ သပိတ်လွယ်ငှက်သေကလေး တစ်ကောင်ကို တွေ့ရတယ်။ မေမေကြီးက မဆိုင်းမတွဘဲ အဲဒီငှက်သေကလေးကို ပြေးကောက်တယ်။ ပြီးတော့ မေမေ့ကို ပြတယ်။ သူက ချက်ချင်းပြောတယ်။ 'ပြန်ချထားလိုက်၊ သူ့ခမျာ အိပ်ပျော်နေတာ သမီး မမြင်ဘူးလား'တဲ့လေ။

သေခြင်းတရားဟာလည်း ချစ်ခြင်းမေတ္တာတရားလို မပြောကောင်း မဆိုအပ်တဲ့ အကြောင်းအရာဖြစ်နေပါပေါ့လား။

တကယ်လို့ အားဂပ်စ်သေသွားပြီလို့သာ သူပြောပြခဲ့ရင် အဆပေါင်း ထောင်သောင်းမက ပိုကောင်းမသွားပေဘူးလား။ မေမေ့အနေနဲ့ မေမေကြီးရဲ့ ပခုံးကိုဖက်ပြီး 'ဒီကောင်နေမကောင်းဖြစ်နေတာကွဲ့၊ ဒါနဲ့ သူဝေဒနာခံစားမနေရအောင် မေမေသတ်ပစ်လိုက်တယ်။ ခုဆို သူကောင်းရာမွန်ရာ ရောက်နေရောပေါ့ကွယ်'လို့ ပြောလို့လည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ ဟုတ်တယ်လေ၊ မေမေကြီး ဒီထက်မက ပိုပြီး ငိုကောင်းငိုမယ်။ အဖော်မဲ့ဝေဒနာကို လပေါင်းများစွာ ခံစားရကောင်း ခံစားရမယ်။ သူ့ကို မြှုပ်နှံထားတဲ့ နေရာကို သွားထိုင်ပြီး နာရီပေါင်းများစွာကြာအောင် စကားတွေ ပြောကောင်းပြောနေမယ်။ ဒါပေမဲ့ နည်းနည်းချင်း နည်းနည်းချင်း သူ့ကို မေမေကြီး မေ့လျော့စပြုလာမယ်။ တခြားအကြောင်းကိစ္စတွေက မေမေကြီးရဲ့ အာရုံကို ဖမ်းစားလိမ့်မယ်၊ မေမေကြီးရဲ့ မေတ္တာတရားကို ဆွဲဆောင်သွားလိမ့်မယ်။ အဲဒီအခါ အားဂပ်စ်ဟာ တဖြည်း



ဖြည်းနဲ့ မေမေကြီးစိတ်ရဲ့နောက်ပိုင်းကို ရောက်သွားမယ်၊ အမှတ်တရကလေး အဖြစ် ကျန်ရှိနေမယ်။ ကလေးဘဝရဲ့ လွမ်းမောစရာ အမှတ်တရကလေးပေါ့။ ခုတော့ အဲဒီလိုဖြစ်ရမယ့်အစား အားဂပ်စ်ဟာ မေမေကြီးရဲ့ ရင်ထဲမှာ ဆက်ပြီး လွယ်ပိုးထားရတဲ့ သေခြင်းတရား အငယ်စားကလေး ဖြစ်နေတာပေါ့။

ဒါကြောင့် မေမေကြီး ခြောက်နှစ်သမီးအရွယ်မှာ လူကြီးတစ်ယောက် ဖြစ်လာရတယ်လို့ ပြောတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပျော်ရွှင်ကြည်နူးမှုကို စိုးရိမ်ပူပန်မှုနဲ့ အစားထိုးခဲ့ရပြီး စူးစမ်းသိလိုစိတ်ကို လျစ်လျူရှုစိတ်နဲ့ အစားထိုးခဲ့ရပြီကိုး။ မေမေကြီးရဲ့ မိဘနှစ်ပါးဟာ ကြောက်စရာ အော့နှလုံးနာစရာ သတ္တဝါကြီးတွေလား။ မဟုတ်။ မဟုတ်ရေးချ မဟုတ်ထဲကပဲ။ သူတို့ဟာ သူတို့ခေတ် သူတို့အခါတုန်းကတော့ ပကတိပုံမှန် မှုမှန်လူသားနှစ်ဦးပါပဲ။

မေမေဟာ အသက်အရွယ် တော်တော်ထောက်လာမှ သူ့ငယ်ဘဝ အကြောင်း မေမေကြီးကို စပြီးပြောပြခဲ့တယ်။ သူ့မေမေ ကွယ်လွန်တော့ သူဟာ တော်တော်လေး ငယ်သေးတာကလား။ ပထမကလေးက ယောကျ်ားကလေးကွဲ့။ သုံးနှစ်သားမှာ အဆုတ်အအေးမိတဲ့ ရောဂါနဲ့ ဆုံးပါးသွားတယ်။ အဲဒီသားလေး သေဆုံးပြီး ချက်ချင်းလိုပဲ မေမေ့ကို သန္ဓေတည်ခဲ့ဆိုပဲ။ သူကတော့ ကံဆိုးရှာတယ်။ ဘာကြောင့်လဲဆိုတော့ သူက မိန်းကလေးဖြစ်နေလို့။ ဒါတင် မဟုတ်သေးဘူး။ သူ့ကိုမွေးတဲ့နေ့ဟာ ကောင်လေးသေတဲ့ တစ်နှစ်မြောက်နေ့ ဖြစ်နေလို့ပဲ။ ဒီစိတ်မချမ်းမြေ့စရာ တိုက်ဆိုင်မှုကို အမှတ်အသားပြုတဲ့ အနေနဲ့ မေမေ့ကို နို့မဖြတ်ခင်ကာလ တစ်လျှောက်လုံး ဝမ်းနည်းပူဆွေးခြင်း အထိမ်းအမှတ်နဲ့ ဝတ်ဆင်တဲ့ အဝတ်အစားမျိုးပဲ ဆင်မြန်းပေးခဲ့သတဲ့။ သူ့ပုခက် ပေါ်မှာ သူ့အစ်ကိုရဲ့ ပုံတူဆီဆေး ပန်းချီကားကြီးက စိုးမိုးနေတယ်။ သူ မျက်စိဖွင့်လိုက်တိုင်း ဒီပုံကြီးကို မြင်နေရတယ်။ သူဟာ သူ့ထက်သာသူ တင်းနိုင် ကို လိုက်လို့မမီတဲ့ မှုမှားတစ်ဦးသာဖြစ်ကြောင်း ဒီပုံကြီးက သတိပေးခဲ့တယ်။

အဲဒီအဖြစ်ကို သမီးလေး စိတ်ကူးနဲ့ မှန်းဆပုံဖော်ကြည့်ရစမ်း။

သူ့ရဲ့ အေးတိအေးစက်နိုင်မှု၊ သူ့ရဲ့အမှားအယွင်းတွေ၊ သူ့ရဲ့ လူ့စတွေနဲ့ ခပ်ကင်းကင်းနေဖို့ သန္နိဋ္ဌာန်ချထားမှု...ဒါတွေနဲ့ ပေါင်းစပ်ပြီး သူ့ကို

www.burmeseclassic.com



ဘယ်လိုလုပ် အပြစ်ပြောလို့ရမလဲ။ မိခင်အစစ်နဲ့ မနေရ မကြီးပြင်းရဘဲ ခေတ်ခွဲစမ်းသပ်ခန်းထဲမှာ နေထိုင်ကြီးပြင်းလာရတဲ့ မျောက်တွေတောင် ဆွေးဆွေးမြည့်မြည့် ဖြစ်လာပြီး အသက်ရှင်နေထိုင်ချင်တဲ့ ဆန္ဒတွေ လျော့ပါးလာသေးတာပဲကွယ်။ တကယ်လို့ မေမေရဲ့ အတိတ်ဘဝဇာတ်ကြောင်းတွေကို ဆက်ပြီး တူးဖော်မယ်ဆိုရင် မေမေရဲ့မေမေ၊ ဒါမှမဟုတ် မေမေ့ မေမေရဲ့ မေမေဟာ ဘယ်လိုမိန်းမစားတွေလဲဆိုတာ သိလာနိုင်တာပေါ့။ မေမေကြီးတို့ ဘယ်လို အကြောင်းအရာတွေများ ဖော်ထုတ်တွေ့ရှိမလဲ မသိဘူးနော်။

စိတ်မချမ်းမြေ့မှုတွေဟာ များသောအားဖြင့် မိန်းကလေးမျိုးဆက်ဘက်က ဖြတ်သန်းဆင်းသက်လာလေ့ရှိတယ်ကွဲ့။ မျိုးရိုးဗီဇ ဖောက်ပြန်မှု တချို့ဆိုရင် မအေကနေ့ သမီးဆီအထိ ပါလာတတ်တယ်။ နောက်ပြီး အဲဒီလိုဖြစ်တာဟာ သမီးလက်ထက်မှာ အားပျော့သွားဖို့ဝေးလို့ ပိုပြီးတောင် ပြင်းထန်လာသေးတယ်။ ဒီရောဂါလက္ခဏာတွေဟာ ဖျောက်မရ ဖျက်မရတဲ့အပြင် ပိုပြီးနက်နဲပြင်းထန်လာတယ်။ ရောဂါအရှိန်တက်ချိန်က ယောကျ်ားတွေနဲ့ မိန်းမတွေ မတူဘူး။ ယောကျ်ားတွေမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေရှိတယ်။ နိုင်ငံရေး၊ စစ်ရေးတွေရှိတယ်။ သူတို့ရဲ့ စွမ်းအားတွေအတွက် ထွက်ပေါက်တွေရှိတယ်။ ဒီစွမ်းအားတွေကို တိုးချဲ့လို့ရနိုင်တယ်။ တို့မိန်းမသားတွေမှာကျတော့ အဲဒီအခွင့်အရေးတွေ တစ်ခုမှ မရှိဘူး။ မျိုးဆက်တွေ တစ်ဆက်ပြီး တစ်ဆက် တို့မိန်းမသားတွေဟာ အိပ်ခန်းထဲ၊ မီးဖိုချောင်ထဲ၊ ရေချိုးခန်းထဲမှာပဲ အကျဉ်းကျခံနေကြရတယ်။ မေမေကြီးတို့ မိန်းမသားတွေ လျှောက်လှမ်းခဲ့တဲ့ ခြေလှမ်းတွေ ထောင်ပေါင်းသောင်းပေါင်းများစွာ ရှိခဲ့ပြီ။ ပြုလုပ်ခဲ့တဲ့ လှုပ်ရှားမှုတွေ မရေမတွက်နိုင် ရှိခဲ့ပြီ။ ဒါပေမဲ့ မေမေကြီးတို့ဟာ ဒီခါးသီးမှုမျိုးကိုပဲ ကြိတ်မှိတ်ခံစားနေကြရတယ်။ ဒီသိမ်ငယ် ရှုံးနိမ့်မှုမျိုးကိုပဲ အောင့်အည်းခံစားနေကြရတယ်။

မေမေကြီး မိန်းမသားဝါဒီများ ဖြစ်နေပြီလား။

ဟင့်အင်း မဖြစ်ပါဘူး။ ဘာမှ စိတ်မပူပါနဲ့။ ဒါတွေအားလုံးရဲ့ နောက်ကွယ်မှာ ဘာတွေရှိသလဲဆိုတာ ရှင်းရှင်းလင်းလင်း သိရအောင် ကြိုးစားအားထုတ်နေတာ သက်သက်ပါ။



ဩဂုတ်လဘက်ပိတ်ရက်မှာ မီးရှူးမီးပန်းတွေ ပစ်ဖောက်တာကို တို့မြေးအဘွား ကြက်လျှာစွန်းကလေးပေါ်က ရပ်ကြည့်နေကြတာကို သမီးလေး မှတ်မိသေးလားဟင်။ ပစ်လွှတ်လိုက်တဲ့ မီးရှူးမီးပန်းတွေထဲမှာ မိုးယံထဲထိုးတက်မသွားဘဲ အချိန်မတိုင်မီ ပေါက်ကွဲပြီး မီးပန်းတွေ ဖြာထွက်ကျသွားတာတွေကို မကြာမကြာ တွေ့ကြရတယ်နော်။

အင်း၊ မေမေကြီးရဲ့မေမေနဲ့ ဘွားဘွားတို့ရဲ့ ဘဝတွေ၊ နောက်ပြီး မေမေကြီး သိကျွမ်းခဲ့တဲ့ လူတော်တော်များများရဲ့ ဘဝတွေအကြောင်း စဉ်းစားမိတိုင်း မေမေကြီး အဲဒီမီးရှူးမီးပန်းတွေကို မြင်ယောင်မိတယ်။ မိုးယံထဲကို အရှိန်အဟုန်နဲ့ ထိုးတက်သွားရမယ့်အစား မြေကြီးပေါ်ကို ပြုတ်ကျလာတဲ့ မီးရှူးမီးပန်းတွေလေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## နိဝင်ဘာ ၂၁

တစ်ခါက တစ်နေရာရာမှာ မေမေကြီး ဖတ်ဖူးတယ်ကွဲ့။ စာရေးဆရာကြီး မန်ဖိုနီဟာ ဝတ္ထုတစ်ပုဒ်ရေးနေတဲ့အခါ မနက်မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်တာနဲ့ သူ့ဇာတ်ကောင်တွေဆီကိုပဲ ပြန်သွားချင်နေသတဲ့။ မေမေကြီးကတော့ အဲဒီလို မဖြစ်မိပါဘူး။ နှစ်ကာလတွေ အကြာကြီး ခြားခဲ့ပြီဖြစ်ပေမဲ့ ကိုယ့်မိသားစု အကြောင်း ပြန်ပြောရတာ တယ်ပြီး ပျော်ရွှင်ကြည်နူးစရာ မကောင်းလှပါဘူး။ မေမေဟာ မေမေကြီးရဲ့ မှတ်ဉာဏ်ထဲမှာ မလှုပ်မခတ်ကြီး ရှိနေတယ်။ အော့တိုမန်အင်ပါယာရဲ့ အထူးတပ်ဖွဲ့ဝင်တစ်ဦးလို ရန်လိုမာန်စောင် မျက်နှာပေးကြီးနဲ့ပေါ့။

ဒီမနက်တော့ မေမေကြီးနဲ့ မေမေကြီးရဲ့ မေမေအကြား၊ ပြီးတော့ မေမေကြီးနဲ့ မေမေကြီးရဲ့ အမှတ်တရ ဖြစ်ရပ်တွေအကြား တစ်ပိုင်းစီ တစ်ကန့်စီ ခြားဖို့ အားထုတ်ရင်း ပန်းခြံထဲမှာ လှည့်ပတ်လမ်းလျှောက်နေမိတယ်။ မနေ့ညက မိုးရွာခဲ့တာကိုး။ ခုတော့ အနောက်ဘက် မိုးကောင်းကင်ကြီးက ကြည်စင်လို့ပါပဲ။ ဒါတောင် အိမ်နောက်ဘက်မှာ ခရမ်းရောင့်တိမ်တိုက်တွေ ထီးထီးမားမား ရှိနေတုန်းပဲ။ နောက်တစ်ကျော့ မိုးရွာမချမိ မေမေကြီး အိမ်ထဲပြန်ဝင်ခဲ့တယ်။ သိပ်မကြာလိုက်ပါဘူး၊ မိုးမှောင်ကြီးကျတော့တာပဲ။ အိမ်ထဲမှာ မှောင်လွန်းလို့ မီးတွေ ဖွင့်ထားရတယ်။ လျှပ်စစ်မိုးကြိုးရန်ကို ကြောက်လို့ ရုပ်မြင်သံကြားနဲ့ ရေခဲသေတ္တာက ပလပ်တွေကို ဖြုတ်ထားရတယ်။ ပြီးတော့ လက်နှိပ်ဓာတ်မီး



ကိုယူတယ်။ အပေါ်အင်္ကျီအိတ်ထဲထည့်တယ်။ နေ့စဉ်ပုံမှန် အလုပ်ကို လုပ်ဖို့ စားဖိုဆောင်ဆီကိုလာတယ်။

ဒါပေမဲ့ကွယ်...ကုလားထိုင်မှာ ထိုင်ထိုင်ချင်းပဲ ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိတယ်။ ငါ့စိတ်တွေ ခါတိုင်းလို ပုံမှန်မဟုတ်ပါလားလို့။ ဒါပေမဲ့ အတွေးတွေကတော့ ဟိုရောက်လိုက် ဒီရောက်လိုက်နဲ့ ပျံ့လွင့်နေတယ်။ ဒါနဲ့ ထိုင်ရာက ထတယ်။ ဘာမှ မည်မည်ရရ ရည်ရွယ်ချက်မရှိဘဲ အိမ်ထဲမှာ လှည့်ပတ် လျှောက်နေလိုက်တယ်။ မေမေကြီး နောက်တော်ပါးက တစ်ဖဝါးမကွာ ကပ်ပါ လာတာကတော့ သတ္တိခဲကြီး ဘတ်ပဲပေါ့ကွယ်။ မေမေကြီးနဲ့ သမီးလေးရဲ့ဘိုးဘိုး အတူအိပ်ခဲ့တဲ့ အိပ်ခန်းထဲဝင်ကြည့်တယ်။ ပြီးတော့ လက်ရှိ မေမေကြီး အိပ်တဲ့ အခန်း (တစ်ချိန်တုန်းက သမီးလေးမေမေရဲ့အခန်းလေ)၊ ပြီးတော့ မသုံးတော့တာ ကြာပြီဖြစ်တဲ့ ထမင်းစားခန်း။ နောက်ဆုံးကျတော့ သမီးလေးရဲ့အခန်းပေါ့ကွယ်။

အခန်းတွေ တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ လျှောက်သွားနေတုန်းမှာပဲ ဒီအိမ်ကြီးကို မေမေကြီး ပထမဆုံး မြင်ရစဉ်က ခံစားချက်ကို သတိရမိသေးတယ်။ ဒီအိမ်ကြီးကို ဝယ်ဖို့ရွေးခဲ့တာ မေမေကြီးမဟုတ်ဘူး။ မေမေကြီးရဲ့ ယောကျ်ား အော်ဂပ်စတိုပေါ့။ တကယ်တော့ သူလည်း ကံတိုက်ကရိုက် ရွေးလိုက်ရတာပါ။ ပန်းခြံထဲကို မေမေကြီး ခြေတစ်လှမ်း လှမ်းဝင်လိုက်တာနဲ့ ဒီပန်းခြံဟာ အရောင်အဆင်းနဲ့ ဖွဲ့စည်းပုံ လိုက်ဖက်မှု မရှိဘူးဆိုတာ သိလိုက်တယ်။ အိမ်ကြီးကို ပြင်ဆင်ခြယ်မှုန်းထားပုံကလည်း ဟိုမရောက် ဒီမရောက်နဲ့။ ၁၉၂၀ ဝန်းကျင်က တည်ဆောက်ထားတာပဲ။ ဒါပေမဲ့ အဲဒီခေတ်ရဲ့ အငွေ့အသက်တွေ မပေါ်လွင်ဘူး။ ဒီအိမ်ကြီးဟာ ငါ့အိမ်ပါကလားဆိုတဲ့ အတွေး ခေါင်းထဲရောက်အောင် မေမေကြီး နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတာပေါ့ကွယ်။

သမီးလေးရဲ့ အခန်းထဲမှာ ရှိနေတုန်းမှာပဲ ခေါင်းပေါ်တည့်တည့်မှာ မိုးကြိုးတစ်ချက်ပစ်လိုက်တယ်။ အိမ်ထဲက မီးတွေလည်း မှိတ်သွားတယ်။ လက်နှိပ်ဓာတ်မီးကို ဖွင့်ရမယ့်အစား သမီးလေးရဲ့ အိပ်ရာပေါ်မှာ လဲလျောင်းနေမိတယ်။ အပြင်မှာ သဲကြီးမဲကြီး ရွာနေတဲ့ မိုးရဲ့ မာန်ဖီသံကို ကြားနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းရဲ့ ရိုက်နှက်သံကို ကြားနေရတယ်။ အိမ်ထဲက အသံတွေကတော့ မျိုးစုံပေါ့။ တကျွိကျွိနဲ့၊ တဒုတ်ဒုတ်နဲ့၊ သစ်သားချင်း ပွတ်တိုက်တဲ့အသံ တဂျစ်ဂျစ်နဲ့။ သမီးလေးရဲ့ အိပ်ရာပေါ်မှာ လဲလျောင်းရင်း တစ်ဖြုတ်ကလေးလောက် မျက်စိတွေ မှိတ်လိုက်တာနဲ့ ဒီအိမ်ကြီးကို သင်္ဘောကြီးလို မြင်ယောင်လာတယ်။ မြက်ခင်းပြင်ကြီးကို ဖြတ်ကူးနေတဲ့ ရေယာဉ်ကြီးလေ။ လေပြင်းမုန်တိုင်းက နေ့လယ်စာ စားချိန်လောက်အထိ တိုက်နေတာပေါ့။ သမီးလေး အခန်းပြတင်းပေါက်ကနေ အပြင်လှမ်းကြည့်လိုက်တော့ သစ်ကြားပင်က သစ်ကိုင်းကြီးနှစ်ခု ကျိုးကျနေတာကို တွေ့လိုက်ရတယ်။

ခုတော့ စားဖိုဆောင်ထဲကို ပြန်ရောက်နေပြီ။ မေမေကြီးရဲ့ စစ်မြေပြင်လေ။ မေမေကြီး စားစရာကလေး တစ်ဆုပ်တစ်လုတ်စားလိုက်တယ်။ ပြီးတော့ အသုံးပြုထားတဲ့ ပန်းကန်ခွက်ယောက်တွေကို ဆေးကြောတယ်။ ဘတ်ဆိုတဲ့ ကိုယ်တော်ကတော့ မေမေကြီးရဲ့ ခြေရင်းမှာ အိပ်ပျော်နေပြီ။ ဒီမနက်အဖို့ ကြောက်ရလန့်ရလွန်းလို့ မောပန်းသွားပြီထင်ပါရဲ့။ ဒီကောင်လေး အသက်ကြီးလာလေ မိုးချုန်းသံကို ပိုကြောက်လာလေ၊ တော်တော်နဲ့ အကြောက်မပြေနိုင်လေ ဖြစ်လာပုံရတယ်ကွဲ့။

တစ်လောက သတင်းစာအချပ်ပိုထဲက သိပ္ပံဆောင်းပါး တစ်ပုဒ်ဖတ်လိုက်ရတယ်။ အဲဒီဆောင်းပါးထဲမှာ ဖော်ပြထားတာက တစ်စတစ်စ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်ဆိုတာဟာ တို့များ အမြဲတမ်း တွေးထင်ထားသလို မဟုတ်ဘူးတဲ့။ ပိုပြီးရှည်တဲ့ ခြေဆံ ဒါမှမဟုတ် ပုံစံမတူတဲ့ နှုတ်သီးတစ်ခုဖြစ်ထွန်းလာတယ်ဆိုတာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် နည်းနည်းလေးစီ ပြောင်းလဲလာတာ မဟုတ်ဘူး။ အဲဒီလို အပြောင်းအလဲမျိုးဟာ ကောက်ကာငင်ကာဖြစ်ပေါ်တတ်တယ်တဲ့။ ကလေးတစ်ယောက်ဟာ သူ့မိခင်နဲ့ တော်တော်ကြီးကို အသွင်မတူဘဲ မွေးဖွားနိုင်တယ်တဲ့။

ဒီသဘောတရားကို အတည်ပြုပေးတဲ့ သက်သေတွေကတော့ ရပ်ကြွင်းတွေဖြစ်တဲ့ မေးရိုးတွေ၊ ခွာတွေ၊ သွားအမျိုးမျိုးရှိတဲ့ ဦးခေါင်းခွံတွေပေါ့။ တချို့မျိုးနွယ်စုတွေမှာဆို ကြားခံအဆင့်ကို လုံးဝ ရှာမတွေ့ဘူးတဲ့။ ဘိုးအေတစ်



ယောက်မှာ ထူးခြားတဲ့ အင်္ဂါရပ်တွေ တစ်မျိုးရှိပေမဲ့ သူ့မြေးမှာကျတော့ ထူးခြားတဲ့ အင်္ဂါရပ်က နောက်တစ်မျိုး ဖြစ်ပြန်ရော။ ဒါဟာ မျိုးဆက်တစ်ဆက်ထဲမှာပဲ ကြီးမားတဲ့ ခြားနားချက်ဖြစ်သွားတဲ့ သဘောပေါ့။ ဒီတော့ လူတွေရဲ့ စဉ်းစားတွေးခေါ်မှု ဖြစ်စဉ်တွေကော အဲဒီလိုပဲ ဖြစ်မယ်ဆိုရင် ဘာတွေ ဖြစ်လာမလဲ။

ပြောင်းလဲမှုတွေဟာ မသိမသာကလေး ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း ကြီးထွားစုပုံလာတယ်။ နောက်ဆုံးကျတော့ ရုတ်တရက် ထပြီးပေါက်ကွဲတော့တာပဲ။ ရုတ်တရက် ကောက်ကာငင်ကာ ဆိုသလို တစ်စုံတစ်ယောက်ဟာ အဝန်းအဝိုင်းထဲက ဖောက်ထွက်တယ်။ ခြားနားပြီး တသီးတခြားဖြစ်သွားတယ်။ ကံကြမ္မာဖန်လာချက်၊ မျိုးရိုးလိုက်ခြင်း၊ မြေတောင်မြှောက်ပျိုးထောင်မှု...အဲဒီတွေထဲက ဘယ်ဟာက စပြီး ဘယ်မှာ သွားဆုံးသလဲ။ သမီးလေး ခဏလောက်ကလေးပဲ အဲဒီအကြောင်း စဉ်းစားကြည့်စမ်း။ အဲဒါတွေထဲမှာ တိမ်မြုပ်ပုံးကွယ်နေတဲ့ ရောမ လျှို့ဝှက်ဆန်းကြယ်မှုတွေအကြောင်း စဉ်းစားမိလာလိမ့်မယ်။ အဲဒါ အခါမှာတော့ အဲဒီလျှို့ဝှက်ဆန်းကြယ်မှုတွေထဲမှာ သမီးလေး မျောပါသွားပြီသာတော်။

မေမေကြီး အိမ်ထောင်မပြုခင်ကလေးမှာ ဖေဖေ့ညီမ (သူက နာမ်လောကနဲ့ အဆက်အသွယ်ရှိသူလေ) က သူ့မိတ်ဆွေ ဗေဒင်ဆရာတစ်ဦးရဲ့ အကူအညီနဲ့ မေမေကြီးရဲ့ ဇာတာခွင်ကို ချပေးတယ်။ တစ်နေ့ကျတော့ အဲဒီစာရွက်ကို ပေးပြီး 'ဟောဒီမှာ၊ ညည်းရဲ့ အနာဂတ်' လို့ပြောတယ်။ စာရွက်ပေါ်မှာတော့ ဂြိုဟ်မြေတိုင်းကြမ်းတစ်ခုတွေ့ရတယ်။ အဲဒီအထဲမှာ ဂြိုဟ်တစ်ခုကနေ တစ်ခုကို ကူးသွားတဲ့ မျဉ်းကြောင်းတွေ၊ ထောင့်ကွေးတွေနဲ့ ရှုပ်နေတာပဲ။ ဒီမျဉ်းတွေကို မေမေကြီး မြင်မြင်ချင်း သတိထားလိုက်မိတာကတော့ ပြေပြေပြစ်ပြစ် မရှိဘူး၊ တစ်ဆက်တည်း မရှိဘူး။ ပြတ်တောက်သွားလိုက် ခုန်ပျံကျော်သွားလိုက်ပဲ။ ပြီးတော့ တစ်ဆစ်ချိုးအကွေ့တွေကလည်း အများကြီး။ စာရွက်ရဲ့ နောက်ဘက်မှာ ဗေဒင်ဆရာက ဟောစာတမ်း ရေးပေးထားတယ်။

'ခက်ခဲကြမ်းတမ်းတဲ့ လမ်းကို လျှောက်လှမ်းရမယ်။ သင်ခရီးဆုံးထိတိုင် လျှောက်လှမ်းချင်တယ်ဆိုရင် သင့်ကိုယ်သင် ကောင်းမွန်သင့်မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလများဖြင့် ကာကွယ်ထားပါ'

ဒီဟောစာတမ်းကို ဖတ်ပြီး မေမေကြီး အကြီးအကျယ် စိတ်ရှုပ်သွားတယ်။ အဲဒီအချိန်ထိ မေမေကြီးဘဝက ငြိမ်းချမ်းစရာတောင် ကောင်းနေသေးတယ်။ ဟုတ်တယ်၊ ပြဿနာတွေရှိတယ်။ ဒါပေမဲ့ အဲဒီပြဿနာတွေဟာ အသေးအဖွဲ့တွေချည်းပဲ။ မေမေကြီးအမြင်မှာတော့ ဘာမှ ကြီးကြီးကျယ်ကျယ် ဆိုးဆိုးရွားရွား မဟုတ်ဘူး။ အရွယ်ရောက်လာသူတစ်ဦး တွေ့မြဲကြုံမြဲဖြစ်တဲ့ အဆင်မချောမှု ကလေးတွေ။ ဘဝရဲ့ လှိုင်းကြပ်ခွပ်ကလေးတွေ။ လှိုင်းတံပိုးကြီးတွေ မဟုတ်ပါဘူး။ အရွယ်ရောက်ပြီး ဇနီးမယားဘဝ၊ မိခင်ဘဝ၊ မုဆိုးမဘဝ၊ ပြီးတော့ အဘွားဘဝရောက်တာတောင် မေမေကြီး ပုံမှန်မှာပဲ ရှိနေတယ်လို့ သဘောထားတယ်။ ပြောမယ်ဆိုရင် တစ်ခုတော့ ရှိတာပေါ့ကွယ်...သမီးလေး မေမေရဲ့ ရင်နင့်ကြေကွဲစရာ သေဆုံးမှုပေါ့။

သမီးလေးရဲ့ မေမေ သေဆုံးမှုကြောင့် ငြိမ်နေတဲ့၊ အတက်အကျမရှိတဲ့ မေမေကြီးရဲ့ဘဝဟာ တစ်စစီ ကွဲကြေသွားတာပဲ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာ မဟုတ်ပေမဲ့ မေမေကြီးမှာရှိထားတဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားစိတ်ကလေးဟာ တစ်မဟုတ်ချင်း ပြိုကွဲပျက်စီးသွားတော့တယ်။ ဝမ်းနည်းကြေကွဲစရာကောင်းလှတဲ့ အဲဒီကာလဆိုးကြီးအတွင်းမှာတော့ မေမေကြီး ပုံမှန်ဘဝကို ပြန်မှ ရောက်ပါဦးမလားလို့တောင် စိုးရိမ်မိတယ်။ အဲဒီအချိန်ကာလအထိ မေမေကြီး ရခဲ့သင်းသိမ်းခဲ့တဲ့ နားလည်သိတတ်မှု တရားကလေးဟာလည်း ကံကြမ္မာ ထိုးနက်ချက်တစ်ခုတည်းနဲ့ ကွယ်ပျောက်ခဲ့ရတယ်။ ကံထောက်မစွာနဲ့ တည္ငြိုးညို့ တပိန်ပိန်ဘဝနဲ့ ကြာကြာမနေလိုက်ရဘူး။ ပူဆွေးငေးငိုင်မနေနိုင်ဘဲ ဘဝရဲ့ တောင်းဆိုချက်ကြောင့် ဘဝခရီးကို ဆက်နှင်ခဲ့ရပြန်တာပေါ့။

တကယ်တော့ သမီးလေးဟာ မေမေကြီးရဲ့ အသက်ပါပဲကွယ်။ သမီးလေးဟာ လောကကြီးထဲကို အကာအကွယ်မဲ့စွာ ရောက်လာတဲ့ ပိစိကွေးကလေးလေ။ သမီလေးက သမီးလေးရဲ့ နီးနီးခစ်ခစ် ရယ်သံတွေ၊ တဝါးဝါး ငိုသံတွေနဲ့ ဒီတိတ်ဆိတ်ပြီး ကြေကွဲဆွေးမြေ့စရာ အိမ်ကြီးကို စီးနင်းလွှမ်းမိုးပစ်လိုက်တယ်။ မေမေကြီး မှတ်မိနေပါသေးတယ်။ ဆိုဖာနဲ့ စားပွဲကြားမှာ

ဒုတိယအကြိမ်



ဟိုဘက် လှိမ့်လိုက် ဒီဘက် လှိမ့်လိုက် ဖြစ်နေတဲ့ သမီးလေးရဲ့ခေါင်းကြီးကို မေမေကြီး ကြည့်ရင်း စဉ်းစားနေမိတယ်။ သူ့ရဲ့ ရက်ရောသဘောထားကြီးမှုကို ကြိုတင် ကြည့်မြင်လို့ မရတဲ့ ကံတရားက မေမေကြီးကို တစ်ခါတစ်လှည့် မုက်နှာသာ ပေးလိုက်ပြန်ပါပြီကောလားလို့။

ကံတရား။ ဆီညော်ရာ မော်ပါကိုရဲ့ ယောက်ျားက မေမေကြီးကို ပြောပြဖူးတယ်ကွဲ့။ သူတို့ရဲ့ ဟီးဘရူးဘာသာစကားမှာ ကံတရားဆိုတဲ့ ဝေါဟာရ မရှိဘူးတဲ့။ ဥစ္စာပစ္စည်းတွေ မထင်မှတ်ဘဲ ရလာတာမျိုးကို ပြောမယ်ဆိုရင် အရဲစွန့်မှုဆိုတဲ့ စကားလုံးပဲရှိသတဲ့။ အဲဒါကလည်း အာရဗီစကားလေ။ ထူးဆန်းတယ်လို့ သမီးလေး မထင်မိဘူးလား။ ဟုတ်တယ်၊ ထူးဆန်းတယ်။ ဒါပေမဲ့ စိုးရိမ်ကြောင့်ကြမှုကင်းစေတယ်။ ဘုရားသခင်ရှိတဲ့နေရာမှာ ကံတရားဆိုတာ မရှိဘူး။ ကံတရားဆိုတဲ့ စကားလုံးတောင် မရှိဘူး။ ဖြစ်ရပ်တိုင်းဟာ အမိန့်ချမှတ်ပြီးသားချည်းပဲ။ အထက်က စီမံပြဋ္ဌာန်းထားတာ။ ဖြစ်သမျှ ပျက်သမျှတိုင်းဟာ အကြောင်းတစ်ခုခုကြောင့် ဖြစ်ပျက်တာချည်းပဲတဲ့။

တစ်ခုခုဖြစ်ပျက်လာရင် ဒါဟာ ဘုရားသခင်ရဲ့ ဆန္ဒပဲ၊ ဘုရားသခင်က ငါ့ကို ရွေးချယ်ပြီး ဒီလိုဖြစ်စေဖို့ ချမှတ်ပေးတာပါကလားဆိုတဲ့ အတွေးအမြင်မျိုးနဲ့ ကမ္ဘာလောကကြီးကို ရှုမြင်နိုင်တဲ့ လူတွေရှိသကွဲ့။ အဲဒီလို ရှုမြင်နိုင်စွမ်းရှိတဲ့ လူတွေကို မေမေကြီးတော့ အရမ်းအားကျ မနာလို ဖြစ်မိတာပဲ။ မေမေကြီး အဲဒီလိုရှုတတ်၊ မြင်တတ်၊ ခံယူတတ်အောင် အားထုတ်ပါတယ်။ ဒါပေမဲ့ အဲဒီသဘောထားမျိုးကို တစ်ရက်နှစ်ရက်ထက် ပိုပြီး ပွေ့ပိုက်မထားနိုင်ဘူး။ ထိတ်လန့်ချောက်ချားစရာ ဒါမှမဟုတ် တရားမမျှတမှုနဲ့ ရင်ဆိုင်ရတိုင်း ရင်ဆိုင်ရတိုင်း မေမေကြီးကတော့ တုံ့ပြန်တွန်းကန်တာပဲ။ အဲဒီလို ဖြစ်ရပ်တွေကို ဘာဘူနူးတင်ဝမ်းမြောက်စိတ်နဲ့ ခံယူမယ့်အစား မေမေကြီးရင်ထဲမှာ တော်လှန်ပုန်ကန်ချင်စိတ်တွေသာ အမြဲတမ်း ပွက်ပွက်ဆူနေလေ့ရှိတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ လောလောဆယ်မှာတော့ မေမေကြီး အရဲစွန့်တဲ့ အလုပ်တစ်ခုကို လုပ်တော့မလို့။ သမီးလေးဆီ မွေးမွေးတစ်ချက် ပို့ပေးမလို့လေ။ သမီးလေးက မွေးမွေးပေးတာတွေကို အားကြီးမုန်းတီးတတ်တယ်မဟုတ်လား။

ဆွေမွန်စာပေလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မတတ်နိုင်ဘူး။ သမီးလေး ကြိုက်ကြိုက် မကြိုက်ကြိုက် မေမေကြီးကတော့ မွှေးမွှေးတစ်ချက် ပို့ပေးလိုက်ပြီ။ ဒါကို သမီးလေးလည်း တားလို့ဆီးလို့ မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ အဲဒီမွှေးမွှေးကလေးက ပျံသန်းလာနေပြီ။ ကြည်ကြည်စင်စင် ပေါ့ပေါ့ပါးပါးကလေးနဲ့ ပင်လယ်ပြင်ကြီးပေါ်က ဖြတ်ပြီး ပျံသန်းလာနေပြီလေ။ မေမေကြီး ပင်ပန်းသွားပြီဟော့။ ခုချိန်ထိ မေမေကြီး ရေးပြီးခဲ့သမျှ စာတွေကို စိုးရိမ်စိတ်ကလေးနဲ့ ပြန်ဖတ်ကြည့်ခဲ့တယ်။ ဒီစာတွေထဲမှာ ရေးထားတာတွေကို သမီးလေး တစ်လုံးတစ်ပါဒတောင် နားလည်ပါ့မလား။ အတွေးပေါင်းများစွာက မေမေကြီးရဲ့ ရင်ထဲမှာ ပြည့်သိပ်နေတယ်။ လျှော့ဈေးနဲ့ ဈေးရောင်းပွဲမှာ တန်းစီနေတဲ့ ဈေးဝယ်သူတွေလို မေမေကြီးရင်ထဲက အတွေးတွေကလည်း တစ်ခုနဲ့တစ်ခု တွန်းတိုက်တိုးခွေ့နေကြတာကလား။ မေမေကြီးဟာ တစ်ခါမှ ကိုယ့်အတွေးတွေကို စနစ်တကျ မစုစည်းနိုင်ဘူး။ စလယ်ဆုံးဆိုပြီး ကျိုးကြောင်းဆီလျော်အောင် မစီစဉ် မဖွဲ့စည်းနိုင်ခဲ့ဘူး။ တစ်ခါတစ်ခါတော့လည်း အတွေးကွန့်မိတယ်။ ငါတက္ကသိုလ်ကို မသွားခဲ့လို့များလားလို့။

မေမေကြီးစာအုပ်တွေ အများကြီး ဖတ်ခဲ့တယ်။ အကြောင်းအရာတော်တော်များများအကြောင်း သိချင်စိတ်ရှိခဲ့တယ်။ ဒါပေမဲ့ အတွေးတစ်ခုက ဖန်ပန်းကန်ပြားကလေးတွေအကြောင်း သိချင်နေချိန်မှာ ဒုတိယအတွေးက စားဖိုဆောင်ဆီ ရောက်သွားပြီး တတိယအတွေးက စိတ်ခံစားချက်တွေအကြောင်း ရောက်နေပြန်ရော။ ပန်းစုံတောထဲရောက်သွားတဲ့ ရုက္ခဗေဒပညာရှင်တစ်ဦးဟာ ပန်းတွေကိုခူးတယ်။ ခူးတဲ့နေရာမှာ သူစမ်းသပ်စစ်ဆေးချင်တဲ့ နမူနာတွေကို ရွေးပြီးခူးတယ်။ ဘယ်အမျိုးအစားကို သူစိတ်ဝင်စားတယ်၊ ဘယ်အမျိုးအစားကို စိတ်မဝင်စားဘူးဆိုတာ သိနေတယ်။ ဒီတော့ ပန်းတွေခူးတဲ့နေရာမှာ ရွေးတယ်၊ ပယ်တယ်၊ ဆက်သွယ်မှုတွေ ဆက်စပ်ဖော်ထုတ်တယ်။

ဒါပေမဲ့ ပန်းစုံတောထဲရောက်သွားတဲ့ အားလပ်ရက် အပန်းဖြေသူတစ်ဦး ပန်းခူးပုံကတော့ ခြားနားတယ်။ သူက ပန်းအဝါကလေးမို့၊ နောက်တစ်ပွင့်က အပြာကလေးမို့၊ နောက်တစ်ပွင့်ကျတော့ ရနံ့ကလေးမွှေးလို့၊ စတုဏ္ဌ





ပန်းကလေးက လမ်းဘေးမှာ ပွင့်နေတာမို့ ခူးခဲ့တာ။ အသိပညာလှေ့လာဆည်းပူးတာနဲ့ ပတ်သက်တဲ့ မေမေကြီးရဲ့ စိတ်သဘောထားကလည်း အဲဒီအတိုင်း ဖြစ်နေတယ်လို့ ပြောချင်တာကွဲ့။ အဲဒီလိုဖြစ်ရကောင်းလားဆိုပြီး သမီးလေးရဲ့ မေမေက မေမေကြီးကို အမြဲတမ်း အပြစ်ဆိုနေတာကလား၊ မေမေကြီးတို့ သားအမိ အကြောင်းအရာတစ်ခုကို ဆွေးနွေးမိတာနဲ့ ချက်ချင်းလို မေမေကြီး အလျှော့ပေးရလေ့ရှိတယ်။

'မေမေဟာ လျှောက်လဲချက်တစ်ခုကို ဘယ်လို တည်ဆောက်ရမယ်ဆိုတာကို နားမလည်ဘူး။ လူလတ်တန်းစား အားလုံးနည်းတူ မေမေလည်း ကိုယ့်ယုံကြည်ချက်ကို ဘယ်လို ခုခံကာကွယ်ရမယ်ဆိုတာ သိကို မသိဘူး'

သမီးလေးက စိတ်ခံစားချက်ပြင်းထန်ပြီး အမည်နာမ တပ်လို့ မရတဲ့ ဂနာမငြိမ်မှုတွေနဲ့ ပြည့်လျှမ်းနေသလို သမီးလေး မေမေက သဘောတရားရေးတွေနဲ့ ပြည့်ဝနေတာကလား။ မေမေကြီးက ကြီးကြီးမားမား ကိစ္စတွေအကြောင်း မပြောဘူး။ သေးသေးဖွဲဖွဲအကြောင်းအရာတွေကိုပဲ ပြောတယ်။ အဲဒါကို သူ့ဘက်က အပြစ်ပြောစရာ ဖြစ်နေတယ်။ သူက မေမေကြီးကို ကင်ပွန်းတပ်တယ်လေ၊ မြန်လည်ပြင်ဆင်ရေးဝါဒီတဲ့။ ဘူဇွာအရင်းရှင်တွေရဲ့ အရှုးချေးပန်း အာရုံကွန့်မှုတွေ လွှမ်းမိုးခံနေရသူတဲ့။ သူ့ရှုထောင့်ကနေကြည့်ရင် မေမေကြီးဟာ ချမ်းသာကြွယ်ဝနေသူ၊ အပေါယံ ရွှေမှုန်ကြဲဘဝကို မက်မောနေသူ၊ စည်းစိမ်ကို ခွဲလမ်းနေသူ၊ ပြီးတော့ ပင်ကိုဘဝကိုက ဆိုးယုတ်မှုဘက်ကို အားသန်နေသူပေါ့ကွယ်။

တစ်ခါတလေ သူ မေမေကြီးကို ကြည့်လိုက်တဲ့ အကြည့်ဟာ ပြည်သူ့ခုံရုံးမှာ သူသာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရရင် မေမေကြီးကို မလွှဲမသွေ သေဒဏ်အပြစ်ပေးမယ့် အကြည့်မျိုးဆိုတာ မေမေကြီး ကောင်းကောင်းသိတာပေါ့။ မေမေကြီးဟာ ဆင်းရဲသားရပ်ကွက်က အိမ်ငှားတန်းလျားကြီးမှာ အခန်းတစ်ခန်းငှားမနေဘဲ လုံးချင်းအိမ်တစ်လုံးနဲ့ ပန်းခြံနဲ့ ဟန်ကျပန်ကျနေထိုင်တယ်။ ဒီအတွက် မေမေကြီးမှာ အပြစ်ရှိတယ်။ မေမေကြီးရဲ့ အပြစ်ဟာ တိုးရင်းပေါင်းဖြစ်ပြီး အပြစ်ပိုကြီးလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေကြီးတို့ သားအမိ တင့်တောင့်တင့်တယ် နေနိုင်လောက်အောင် ဝင်ငွေ အမွေကလေး ရခဲ့လို့။



www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးရဲ့ မိဘတွေ မှားခဲ့တဲ့ အမှားမျိုးတွေ ထပ်မလုပ်မိအောင် ရှောင်ရှားဖို့ မေမေကြီးလေ...သူ့ ပြောတာပဲ နားထောင်ခဲ့တယ်။ ယုတ်စွအဆုံး အဲဒီလို နားထောင်နေနိုင်အောင် အားထုတ်ခဲ့တယ်။ မေမေကြီး သူ့ကို တစ်ခါမှ ရယ်သွမ်းမသွေးခဲ့ဘူး။ မေမေကြီးရဲ့ တွေးခေါ်ပုံနဲ့ သူ့ရဲ့ တစ်ပါတီ အာဏာရှင်စနစ် အတွေးအခေါ်တွေ ဘယ်လောက် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတယ်ဆိုတာလည်း သူ့ကိုထောက်ပြမနေတော့ဘူး။ ဘာပဲဖြစ်ဖြစ် ဆီသည်မ လက်သုတ်ဖတ် စကားလုံးတွေ သုံးပြီး ဖန်တစ်ရာတေအောင် ပြောနေတဲ့ သူ့ချေပလှောက်လဲချက်တွေနဲ့ ပတ်သက်ပြီး မေမေကြီး သောကမကင်း ဖြစ်မိတယ်ဆိုတာတော့ သူ ရိပ်မိမှာပါ။

အီလာရီယာက ပါဂျူးအာ တက္ကသိုလ်မှာ ကျောင်းတက်ခဲ့တာ။ သူ လရီအက်စတီတက္ကသိုလ်မှာ တက်မယ်ဆိုရင် အေးအေးဆေးဆေး တက်လို့ရတယ်။ ဒါပေမဲ့ သူက မေမေကြီးနဲ့အတူ ဆက်နေရမှာကို သည်းမခံနိုင်လောက်အောင် ဖြစ်နေပြီလေ။ သူ့ဆီကို မေမေကြီး တစ်ခေါက်တစ်ခါ သွားလည်ဖို့ ပြောတိုင်း ခပ်ရိုင်းရိုင်း နှုတ်ဆိတ်နေတာ သူ့အဖြေပေါ့။ ကျောင်းစာနဲ့ ပတ်သက်လို့ သူ့တိုးတက်မှုက အရမ်းနှေးကွေးတာကလား။ အဆောင်မှာ သူ ဘယ်သူနဲ့တွဲပြီး နေတယ်ဆိုတာ မေမေကြီး မသိရဘူး။ သူကလည်း မပြောဘူး။ သူ့ရဲ့ပျော့ညံ့ချက်တွေကို သိနေတော့ သူ့အတွက် မေမေကြီး စိတ်ပူတာပေါ့ကွယ်။ အထူးသဖြင့် မေလတုန်းက ပါရီမှာ ကျောင်းသားတွေ တော်လှန်ပုန်ကန်ကြတုန်းက တက္ကသိုလ်ကျေကို ကျောင်းသားတွေ အပိုင်စီးထားတုန်း၊ ကျောင်းသားလှုပ်ရှားမှုတွေ လုပ်နေတုန်းကပေါ့။

ကြိုကြားကြိုကြား ဆက်ဖြစ်တဲ့ တယ်လီဖုန်းထဲက သူ့ရဲ့ ပြောစကားတွေအရဆိုရင် သူဟာ အမြဲတမ်း တစ်ခုံတစ်ခုကို သဲကြီး မဲကြီး စိတ်အားထက်သန်နေတတ်တာကလား။ နောက်ပြီး အဲဒီတစ်ခုံတစ်ခုကလည်း အမြဲတမ်းပြောင်းလဲနေတာကွဲ့။ မိခင်တိုင်းရဲ့ထုံး နှလုံးမူပြီး မေမေကြီး သူ့ကို နားလည်နိုင်အောင် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ သူ့ကို နားလည်ဖို့ဆိုတာ တော်တော်ကြီးကို ခက်ခဲတယ်။ သူစိတ်ဝင်စားသမျှ အရာအားလုံးဟာ ခုတစ်မျိုး ခုတစ်မျိုး





နဲ့ သက်တမ်းတိုလှတယ်။ အတွေးအမြင်သစ်တွေက တစ်ပုံကြီး၊ အကြွင်းမဲ့အမှန်တရားတွေက တစ်ပုံကြီး။ သူ့ရဲ့ကိုယ်ပိုင်စကားလုံးတွေကို သုံးစွဲမယ့်အစား အီလာရီယာက ကြွေးကြော်သံတွေကိုသာ တစ်ခုပြီးတစ်ခု အော်ဟစ်နေတယ်။ ကြာလာတော့ သူ့စိတ်တည်ငြိမ်မှုကို ထိခိုက်လာမှာ မေမေကြီး စိုးရိမ်လာမိတယ်။

သူတို့အုပ်စုဟာ တူညီတဲ့ယုံကြည်ချက်တွေကို ကိုးကွယ်ကြတယ်။ တူညီတဲ့ တရားသေဝါဒတွေကို အကြွင်းမဲ့ လက်ခံကြတယ်။ အဲဒီအုပ်စုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်ဆိုတဲ့ ခံစားချက်က အီလာရီယာရဲ့ ပင်ကို သဘာဝဖြစ်တဲ့ နိုင်လိုမင်းထက် ပြုချင်စိတ်ကို အားပေးအားမြှောက် လုပ်ပေးနေတာ စိုးရိမ်စရာကောင်းတဲ့ အတိုင်းအတာအထိ ရောက်လာတယ်။

သူတက္ကသိုလ်တက်နေတဲ့ ဆဋ္ဌမမြောက် နှစ်အတွင်းမှာ သူ့ဆီက ဖုန်းမဆက် အကြောင်းမကြားတာ အရမ်းကြာသွားတော့ မေမေကြီးလည်း စိုးရိမ်သောကပွားပြီး သူနဲ့တွေ့ရအောင် ရထားတစ်စီးပေါ်တက်လိုက်သွားတယ်။ သူ ပါဂျူးအာမှာ ကျောင်းတက်နေတဲ့ ကာလတစ်လျှောက်အတွင်း မေမေကြီး တစ်ခါမှ အဲဒီလို မလုပ်ဖူးဘူး။ သူ့အခန်းတံခါးကို ဖွင့်လိုက်တဲ့ အခိုက်အတန့်လေးဟာဖြင့် စိတ်ချောက်ချားစရာ ကာလကလေးပေါ့ကွယ်။ သူဟာ မေမေကြီးကို ကြိုဆိုနှုတ်ဆက်ရမယ့်အစား ရင်ဝကို ဆီးကန်တော့တာပဲ။

'မေမေ့ကို ဘယ်သူက လိုက်လာခိုင်းလို့လဲ'

ပြီးတော့ မေမေကြီး စကားပြန်ပြောဖို့ အချိန်မပေးဘဲ ဆက်ပြောတယ်။

'မေမေ လာမယ်ဆိုရင် ကြိုပြောထားသင့်တာပေါ့။ သမီးက ခုပဲ အပြင်ကို သွားတော့မလို့။ ဒီမနက် အရေးကြီးတဲ့ စာမေးပွဲတစ်ခုဖြေရမှာ'

အဲဒီလိုသာပြောတာ၊ သူဟာ ညဥ့်ဝတ်အင်္ကျီတောင် မချွတ်ရသေးဘူး။ သူ ပြောင်ပြောင်တင်းတင်း လိမ်ပြောနေတယ်ဆိုတာ မေမေကြီး သိတာပေါ့။ ဒါပေမဲ့ မသိယောင်ဆောင်နေလိုက်ပါတယ်။

'ကိစ္စမရှိဘူးလေ။ ဆိုလိုတာက သမီးပြန်လာချိန်အထိ မေမေစောင့်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ပါတယ်။ သမီးပြန်ရောက်လာမှ စာမေးပွဲမှာ သမီးရလာတဲ့ အမှတ်တွေအတွက် နှစ်ယောက်အတူ အောင်ပွဲခံကြတာပေါ့နော်'

ခဏနေတော့ သူ တကယ်ပဲ အပြင်ထွက်သွားတယ်။ ဒါပေမဲ့ သူ ဘယ်လောက် ကတိုက်ကရိုက်ထွက်သွားသလဲဆို သူ့စာအုပ်တွေ အကုန်လုံး စားပွဲပေါ်မှာ ကျန်ခဲ့လေရဲ့။

အခန်းထဲမှာ တစ်ယောက်တည်းကျန်ခဲ့တော့ မေမေကြီးလည်း တခြားမိခင်တွေ လုပ်မယ့် အလုပ်မျိုးပဲ လုပ်တာပေါ့။ သူ့စားပွဲအံဆွဲတွေကို မွှေနှောက်ရှာတယ်။ သူ့ဘဝရဲ့ ဦးတည်ရာလမ်းကြောင်းကို ညွှန်ပြနိုင်မယ့် သဲလွန်စတစ်ခုခုများ တွေ့ရမလားလို့။ မေမေကြီး သူ့အကြောင်းကို ခိုးကြောင်ခိုးဝှက် စုံစမ်းဖို့၊ ဒါမှမဟုတ် သူ့လုပ်ရပ်တွေကို စိစစ်တားမြစ်ဖို့၊ ဒါမှမဟုတ် စပ်စုဖို့ ရည်ရွယ်ချက်မရှိပါဘူး။ မေမေကြီးရဲ့ စရိုက်သဘာဝထဲမှာ အဲဒါမျိုးတွေ လုပ်တာမပါဘူး။ အမှန်တော့ မေမေကြီးဟာ ကိုယ့်သမီးအတွက် စိုးရိမ်ကြောင့်ကြစိတ်ကြီးမားနေတာသက်သက်ပဲ။ ဒီတော့ စိတ်အေးစရာကလေး တစ်ကွက်တလေ တွေ့ရလို တွေ့ရငြား ဆိုပြီး ရှာဖွေကြည့်တာပါ။

တော်လှန်ရေးဝါဒ ဖြန့်ချက်တွေနဲ့ ပတ်သက်တဲ့ လက်ကမ်းစာရွက်တွေ၊ လက်ကမ်းစာစောင်တွေကလွဲပြီး ဘာမှ မတွေ့ရဘူး။ စာတစ်စောင်၊ နေ့စဉ်မှတ်တမ်းစာအုပ် တစ်အုပ်တောင် မတွေ့ရဘူး။ သူ့အိပ်ခန်းနံရံပေါ်မှာ ကပ်ထားတဲ့ နံရံကပ်ပိုစတာကြီးတစ်ရွက်တော့ တွေ့ရတယ်။ အဲဒီပေါ်မှာ ရေးထားတဲ့ စာတန်းက 'မိသားစုဆိုတာ ဘယ်လောက်ရှင်မြူးစရာ တက်ကြွစရာကောင်းသလဲဆို အဆိပ်ငွေ့ လူသတ်ခန်းနဲ့ အတူတူပါပဲ'တဲ့လေ။ အင်း၊ တစ်နည်းတစ်ဖုံအားဖြင့်တော့ ဒီစာတန်းဟာ သဲလွန်စပဲ ပေါ့။

နေ့ဝက်ကျော်ကျော်လောက် အီလာရီယာ ပြန်ရောက်တော့ သူဟာ အသွားတုန်းကလိုပဲ ပင်ပန်းနွမ်းနယ်နေပုံရတယ်။

'ဘယ်လိုလဲ၊ စာမေးပွဲ ဖြေနိုင်ရဲ့လားသမီး'

တတ်နိုင်သလောက် ချစ်စနိုးလေသံပေါက်အောင် မေမေကြီး ပြောပါတယ်။





'တခြားလူတွေအားလုံးရဲ့ အချိုးအတိုင်းပါပဲလား'

သူပြန်ပြောတယ်။ ခဏနေတော့ ထပ်ဖြည့်ပြောတယ်။

'မေမေ ဒါကြောင့် လိုက်လာတာလား။ သမီးကို စစ်ဆေးကြည့်ဖို့လေ'

သူနဲ့ အငြင်းမပွားဖို့ သန္နိဋ္ဌာန်ချထားပြီးသားဆိုတော့ မေမေကြီးရင်ထဲမှာ ဆန္ဒတစ်ခုပဲရှိတယ်၊ အဲဒါကတော့ သားအမိနှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကားပြောကြဖို့ပဲဆိုတာကို ရန်ပြေမာန်ပြေလေယူလေသိမ်းနဲ့ ပြောလိုက်တယ်။

'စကားပြောကြဖို့၊ ဟုတ်လား'

သူက မယုံနိုင်သလို ထပ်ပြောတယ်။

'ဘာအကြောင်းပြောမှာလဲ။ စိတ်ဝါဒကို မေမေ သိပ်သဘောကျတဲ့ အကြောင်းလား'

'မေမေပြောချင်တာ သမီးအကြောင်းပဲ အီလာရီယာ'

ညင်ညင်သာသာကလေး ပြောလိုက်တယ်။ မေမေကြီးရဲ့ မျက်လုံးတွေနဲ့ သူ့ မျက်လုံးတွေ ဆိုင်မိအောင် ကြိုးစားတယ်။ သူက ပြတင်းပေါက်ဆီကို လှော့ကြည့်သွားတယ်။ သူ့မျက်လုံးတွေက သေတော့မယ့်ဆဲဆဲ မိုးမခပင်ကလေးကို စိုက်ကြည့်လို့။

'သမီးမှာ ပြောစရာ ဘာမှမရှိဘူး။ ယုတ်စွအဆုံး မေမေ့ကို ပြောစရာမရှိဘူး။ သမီးကိုယ်ရေးကိုယ်တာနဲ့ ဘူဇွာလူတန်းစားတွေရဲ့ အတင်းအဖျင်းတွေပြောပြီး အချိန် မဖြုန်းချင်ဘူး'

အဲဒီနောက် သူ့မျက်လုံးတွေဟာ မိုးမခပင်ကနေ သူ့လက်ပတ်နာရီဆီကို ရွှေ့သွားတယ်။

'ဟင်...နောက်တောင်ကျနေပြီ။ သမီး အရေးကြီးတဲ့ အစည်းအဝေးတစ်ခု တက်စရာရှိတယ်။ မေမေပြန်တော့လေ'

သူ့ဆန္ဒကို မေမေကြီး မလိုက်လျောခဲ့ဘူး။ မေမေကြီးထိုင်ရာကထတယ်။ တံခါးပေါက်ဆီကို သွားမယ့်အစား သူ့ဆီကို သွားတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှစ်ဖက်ကို မေမေကြီးရဲ့ လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားလိုက်တယ်။

'ဘာဖြစ်နေတာလဲသမီး၊ သမီးနာကြည်းခံခက်ဖြစ်နေတာ ဘာကိုများလဲကွယ်'

မေမေကြီးမေးတယ်။ သူ့အသက်ရှူသံမြန်လာတာ မေမေကြီး ကြားတယ်။ ဒါနဲ့ ထပ်ပြီး ပြောလိုက်တယ်။

'သမီးကို ဒီအခြေအနေမျိုးနဲ့ တွေ့ရတာ မေမေရင်နာလှတယ်။ သမီးက မေမေ့ကို မအေတစ်ယောက်အဖြစ် လက်မခံဘဲ ပစ်ပယ်ပေမဲ့ မေမေက သမီးကို မပစ်ပယ်နိုင်ဘူး။ မေမေ သမီးကို ကူညီချင်တယ်။ ဒါပေမဲ့ သမီးက မေမေ့အကူအညီကို လက်မခံသရွေ့ကာလပတ်လုံး မေမေဘာမှ လုပ်လို့ မရဘူးလေ'

အဲဒီအချိန်မှာ သူ့မေးစေ့ကလေး တဆတ်ဆတ်တုန်နေပြီ။ သူ့ကလေးဘဝကတည်းက ငိုတော့မယ်ဆိုရင် အဲဒီလိုဖြစ်နေကျ။ သူ့လက်တွေကို မေမေကြီးရဲ့ လက်တွေထဲက ရုန်းထွက်လိုက်တယ်။ ပြီးတော့ အခန်းထောင့်ဘက်ကို ချာခနဲလှည့်လိုက်တယ်။ ပိန်လှီခြောက်ခန်းနေတဲ့ သူ့ကိုယ်ခန္ဓာဟာ ရှိုက်ကြီးတငင် ငိုကြွေးမှုကြောင့် တသိမ့်သိမ့်ခါနေတယ်။ မေမေကြီး သူ့ဆံပင်တွေကို ပွတ်သပ်ပေးတယ်။ သူ့လက်ဖျားတွေ အေးစက်နေသလို သူ့ခေါင်းကတော့ ပူကြွပ်နေတာကလား။ ရုတ်တရက်ဆိုသလို သူချာကနဲပြန်လှည့်လိုက်တယ်။ မေမေကြီးကို သိုင်းဖက်ပြီး မျက်နှာကို မေမေကြီးရဲ့ ပခုံးပေါ်မှာ အပ်ထားတယ်။

'မေမေ...သမီးလေ...သမီး'

ကွက်တိခွင်ကျ အဲဒီအခိုက်အတန့်ကလေးမှာပဲ တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာတယ်။

'မြည်နေပစေ'

သူ့နှာရှုက်နှာရှုက်ပြီး ပြောလိုက်တယ်။

'မဖြစ်ဘူး'

မျက်ရည်တွေ သုတ်ပစ်ရင်း ပြောလိုက်တယ်။



စကားပြောခွက်ကို မ, လိုက်တဲ့အခါ ခပ်မာမာနဲ့ သွေးအေးအေးဖြစ်နေပြန်တယ်။ တိုတိုတုတ်တုတ် ပြောတဲ့စကားအရ မရှုနိုင် မကယ်နိုင်ကိစ္စတစ်ခုခု ဖြစ်နေပြီဆိုတာ မေမေကြီး ရိပ်မိလိုက်တယ်။ ဟုတ်လည်းဟုတ်တယ်၊ စကားပြောခွက်ကို ပြန်ချိတ်ပြီးတာနဲ့ သူ မေမေကြီးကို ပြောလိုက်တယ်။

'စိတ်မကောင်းပါဘူး မေမေ၊ ဒါပေမဲ့ မေမေနဲ့ပဲ ပြန်တော့မှ ဖြစ်မယ်'

သားအမိနှစ်ယောက် အပြင်ကို ထွက်ခဲ့ကြတယ်။ တံခါးပေါက်ရှေ့ကားခုံကို ရောက်တော့ သူ မေမေကြီးကို စတိသဘောမျှ ဖက်လိုက်တယ်။ လိပ်ပြာမသန့်တဲ့ အပြုအမူကလေးပေါ့။

'သမီးကို ဘယ်သူမှ မကယ်နိုင်ပါဘူး မေမေ'

မေမေကြီးကို ပွေ့ဖက်ရင်း သူပြောတယ်။ နံရံတိုင်တစ်တိုင်မှာ သံကြိုးချည်ထားခဲ့တဲ့ သူ့စက်ဘီးဆီကို မေမေကြီး သူနဲ့အတူ လိုက်သွားတယ်။ သူက စက်ဘီးထိုင်ခုံပေါ်မှာ ထိုင်ရင်း မေမေကြီးရဲ့ လည်ဆွဲအောက်ကို လက်ချောင်းနှစ်ချောင်းထိုးသွင်းလိုက်တယ်။

'ပုလဲတွေ၊ ဟုတ်လား။ ဒါတွေဟာ မေမေ့နိုင်ငံကူးလက်မှတ်ပေါ့။ မေမေဟာ မွေးလာတဲ့နေ့ကတည်းက ဒါတွေမပါရင် ဘယ်ကိုမှ မသွားဖူးဘူးနော်'

ဒါဟာ ကြာရှည်ကြာမြင့်ကာလတုန်းက ဖြစ်ပျက်ခဲ့တဲ့ သမီးလေး မေမေရဲ့ ဘဝဇာတ်လမ်း တစ်စိတ်တစ်ဒေသပေါ့။ ဒီဖြစ်ရပ်က မေမေကြီးကို အကြိမ်ကြိမ်အခါခါ ထပ်တလဲလဲ ခြောက်လှန့်နေခဲ့တယ်။ ဒီအကြောင်းကို မေမေကြီး ခဏခဏ စဉ်းစားမိတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးမိတယ်။ တို့သားအမိနှစ်ယောက် အတူ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေထဲမှာ ဒီဖြစ်ရပ်ကိုမှ ဘာဖြစ်လို့ အပီပြင်ဆုံး အထင်ရှားဆုံး သတိတရဖြစ်နေရတာလဲလို့။ ဒီနေ့တော့ ဒီဖြစ်ရပ်အကြောင်းကို ဘယ်နှကြိမ်မြောက်မှန်းမသိနိုင်လောက်အောင် တမြုံ့ပြန် စဉ်းစားနေရင်း ခေါင်းထဲကို ဆိုရိုးစကားတစ်ခု ဖျတ်ခနဲ ဝင်လာတယ်။

'လှာက နာနေတဲ့သွားကိုပဲ အမြဲတမ်း ထိုးကြည့်နေမိလိမ့်မယ်တဲ့။

ဒီတော့ သမီးလေးက မေးလိမ့်မယ်၊ အဲဒါနဲ့ ဘာဆိုင်လို့တုံးလို့။

www.burmeseclassic.com



သိပ်ဆိုင်တာပေါ့ ကလေးရယ်။ အဲဒီဖြစ်ရပ်က မေမေကြီးကို အလွန်အမင်းခြောက်လှန့်နေတာ ဘာကြောင့်လဲဆိုတော့ အခြေအနေတွေ ပြောင်းလဲအောင် မေမေကြီး စွမ်းဆောင်နိုင်တာဆိုလို့ အဲဒီတစ်ကြိမ်ပဲ ရှိလို့ သမီးလေးရေ့။

သမီးလေးရဲ့ မေမေဟာ ရှိုက်ကြီးတငင် ငိုခဲ့တယ်။ မေမေကြီးရဲ့ ပခုံးကို သိုင်းဖက်ထားခဲ့တယ်။ အဲဒီအခိုက်အတန့်ကလေးမှာ သူ့ကို ကာကွယ်ထားတဲ့ အခွံဟာ မဆိုစလောက်ကလေး အက်ကွဲသွားတယ်။ သူ့ရင်တွင်းကို မေမေကြီး ဝင်မယ်ဆိုရင် ဝင်လို့ရတဲ့ အက်ကွဲကြောင်း သေးသေးလေးပေါ့။ သူ့ရင်တွင်းကို ဝင်ပြီးတာနဲ့ နံရံထဲကို စိုက်ဝင်ပြီးရင် ပြန့်ကားလာအောင် တီထွင်ထားတဲ့ သံချောင်းတွေလို မေမေကြီးလည်း လုပ်ရမှာ။ ဒီသံချောင်းတွေက နံရံထဲ စိုက်ဝင်မိတာနဲ့ သံချောင်းက ပြန့်ကားသွားတယ်။ ဒီတော့ သံချောင်းတစ်ချောင်းလုံး ဝင်လို့ရအောင် လမ်းကျယ်သွားတာပေါ့ကွယ်။ ဒီလိုလုပ်ဖို့ဆိုတာ မေမေကြီးဘက်က စိတ်တည်ငြိမ်မှုရှိရမယ်။ မေမေသွားတော့မှ ဖြစ်မယ်လို့ သူပြောခဲ့တဲ့အချိန်မှာ မေမေကြီး ဖွတ်ပေပြီး ကပ်နေရမှာ။ အနီးအနားက ဟိုတယ်တစ်ခုမှာ အခန်းတစ်ခန်းငှားနေပြီး သူ့တံခါးကို နေ့တိုင်းခေါက်နေရမှာ။ သူ့အခွံပေါ်က အက်ကွဲကြောင်းကလေးကနေ ဝင်လမ်းဖြစ်သွားတဲ့အထိ ပေကပ်နေရမှာ။ အဲဒီမှာ အခွင့်အလမ်း ရှိနေတယ်ဆိုတာကို မေမေကြီး ရိပ်မိနေတယ်။

ဒါပေမဲ့ မေမေကြီး အဲဒီလို မလုပ်ခဲ့ဘူး။ သူရဲဘောကြောင်မှု၊ ပျင်းရိမှုနဲ့ မလိုအပ်ဘဲ စည်းစောင့်မှုဆိုတဲ့ အားနည်းချက်တွေက မေမေကြီးကို သူနိုင်းတဲ့အတိုင်း လိုက်လုပ်စေခဲ့တယ်။ မေမေကြီးရဲ့ ကိစ္စတွေမှာ မေမေကြီးရဲ့ မေမေ ဖွတ်အတင်းဝင်ရောက်စွက်ဖက်ခဲ့တာတွေကို မေမေကြီး မုန်းတီးစက်ဆုပ်ခဲ့တယ်။ ဒီတော့ မေမေကြီး အလှည့်ကျတော့ ကိုယ့်သမီးရဲ့ လွတ်လပ်ခွင့်ကို တန်ဖိုးထားလေးစားတဲ့ အမေတစ်ယောက်ဖြစ်ချင်ခဲ့တယ်။

တစ်ခါတလေကျတော့ လွတ်လပ်ခွင့်ဆိုတဲ့ မျက်နှာဖုံးစွပ်ကြီးက စောင့်ရှောက်ချင်စိတ် နည်းပါးမှု၊ ပါဝင်ပတ်သက်ချက်စိတ် မရှိမှုတို့ကို ဖုံးကွယ်ပေးထားတတ်တယ်ကွဲ့။ ဒီလိုလုပ်ရေး၊ မလုပ်ရေးဆိုတဲ့ ဆုံးဖြတ်ချက် နှစ်ခုကြားမှာ ခြားထားတဲ့ စည်းက ပါးပါးလှပ်လှပ်ကလေးရယ်။ အဲဒီစည်းကလေးကို ဖြတ်



ကျော်ရမလား၊ မဖြတ်ကျော်ဘူးလားဆိုတာ တဒင်္ဂလုပ်ရပ်ကလေး တစ်ခုပဲ။ အဲ…အချိန်တွေ လွန်သွားပြီဆိုတော့မှ သဘောပေါက်လာတယ်။ ဒီအရေးအခင်းမှာ တကယ်တမ်းလိုအပ်နေတာ လွတ်လပ်ခွင့် မဟုတ်ဘဲ ဖွတ်အတင်၊ ဝင်ရောက်စွက်ဖက်မှုပါကလားဆိုတာ သိမြင်သဘောပေါက်လာတဲ့အခါကျမှ တို့များ ဝမ်းနည်းကြ၊ နောင်တရကြ ဖြစ်တာကိုး။

ပြဿနာဖြစ်တဲ့နေရာမှာ ကိုယ်ရှိနေတယ်။ ဘာဖြစ်နေတယ်ဆိုတာ ကိုယ်သိနေတယ်။ အဲဒီလိုသိနေတဲ့အတွက် ချက်ချင်းလက်ငင်းထပြီး လှုပ်ရှားဆောင်ရွက်ဖို့ ကိုယ့်မှာ တာဝန်ရှိတယ်။ ချစ်ခြင်းမေတ္တာဆိုတာ ပျင်းရိလေးကန်မှုရဲ့ အပေါင်းအသင်း မဟုတ်ဘူး။ ချစ်ခြင်းမေတ္တာတရား အစွမ်းကုန် ဖူးပွင့်ရှင်သန်နေရေးအတွက် တစ်ခါတလေမှာ ခိုင်မာပြီး တိကျတဲ့ အရေးယူဆောင်ရွက်မှုမျိုး လိုအပ်တယ်။

မေမေကြီး ဖြစ်ခဲ့တာတွေကို သမီးလေး နားလည်သဘောပေါက်လို့ ရရဲ့လားကွယ်။ မေမေကြီးဟာ မေမေကြီးရဲ့ သူရဲဘောကြောင်မှုနဲ့ ပျင်းရိလေးကန်မှုကို မြင့်မြတ်ပြီး ကျက်သရေ အလွန်ရှိတဲ့ လွတ်လပ်ခွင့် ဝတ်ရုံကြီးနဲ့ ဖုံးလွှမ်းထားခဲ့တယ်လေ။

ကံတရားအကြောင်းကို အသက်အရွယ်ကလေး ရလာမှ သတိပြုမိတတ်ကြတာကလား။ သမီးလေးတို့ အသက်အရွယ်မှာတော့ လူတွေဟာ ကံတရားအကြောင်း နည်းနည်းလေးမှ နှစ်ခါပြန် မစဉ်းစားကြဘူး။ ဖြစ်သမျှ ပျက်သမျှ အရာရာတိုင်းဟာ တို့များရဲ့ စိတ်ဆန္ဒအလိုအရ ပေါ်ပေါက်လာတယ်လို့ ရှုမြင်ကြတယ်။ တို့တစ်တွေဟာ တို့လျှောက်မယ့်လမ်းကို ခင်းဖို့ ကျောက်ခဲတစ်တုံးပြီး နောက်တစ်တုံး ခင်းနေတဲ့ အလုပ်ကြမ်းသမားတွေနဲ့ တူတယ်။ အချိန်အတော်ကြီး နောင်းမှ လမ်းကရှိပြီးသားပါကလား၊ တစ်ယောက်ယောက်က လမ်းခင်းထားပါကလား၊ တို့လုပ်ရမှာက အဲဒီလမ်းအတိုင်း လိုက်လျှောက်ရုံပဲပါကလားဆိုတာ သတိထားမိတော့တယ်လေ။

ဒီဖော်ထုတ်တွေ့ရှိချက်ကို တို့တစ်တွေ အသက်လေးဆယ်ဝန်းကျင် ရောက်မှ တွေ့သိတတ်ကြတာကလား။ အဲဒီအခါကျတော့လည်း ဖြစ်ပျက်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်တွေအတွက် ကိုယ်တစ်ဦးသာ အထူးတလည် တာဝန်ရှိတာ မဟုတ်ဘူး ဆိုတဲ့အကြောင်း သိမြင်သဘောပေါက်စပြုလာတော့တယ်။ မွန်းကျပ်လှတဲ့ ကြမ္မာအားကိုးဝါဒထဲကို ဝင်ရောက်မျောပါသွားတဲ့ အနိုက်အတန့်ဟာ အန္တရာယ်များလှတဲ့ အနိုက်အတန့်ပေါ့။ တကယ်တော့ ကံတရားရဲ့ လုပ်ဆောင်ချက်တွေကို အရှိအတိုင်း သိတတ်မြင်တတ်ဖို့ဆိုတာ နောက်နှစ်အနည်းငယ် ဖြတ်သန်းကျော်လွှားရသေးတယ်။ ဟော၊ အသက်ခြောက်ဆယ်နား ကပ်လာချိန်... တို့ရှေ့မှာ ကျန်ရှိနေတဲ့ လမ်းထက်နောက်မှာ ကျန်ခဲ့တဲ့လမ်းက ပိုပြီး ရှည်လျားနေတဲ့အခါကျတော့ အရင်တုန်းက တို့တစ်ခါမှ သတိမထားမိခဲ့တဲ့ တစ်စုံတစ်ရာကို သတိပြုမိလာတော့တယ်။

တို့တစ်တွေ လျှောက်ခဲ့တဲ့ လမ်းမကြီးဟာ လမ်းဖြောင့်ကြီး မဟုတ်ဘဲ အချိုးအကွေ့တွေ အများကြီးရှိတဲ့ ကွေ့ကွေ့ကောက်ကောက် လမ်းကြီးပါကလား ဆိုတာ သိမြင်လာတယ်။ ခြေတစ်လှမ်းလှမ်းမိတိုင်း တခြားလမ်းကြောင်းကို ညွှန်ပြထားတဲ့ ဆိုင်းဘုတ်တစ်ခုစီ ရှိနေတယ်။ ဒီဘက်နားက လျှောက်လမ်းကလေးကတော့ လမ်းပေါ်မှာ ပေါက်နေတဲ့ သစ်ပင်တွေ ကွယ်နေတာကြောင့် ရှေ့ဘက်နားမှာရှိတဲ့ မြက်ခင်းလွင်ပြင်ကြီးကို မမြင်ရ မတွေ့ရဘူး။ တချို့လမ်းသွယ်တွေဆို ဘယ်ရောက်လို့ ဘယ်ပေါက်မယ်မှန်း မသိဘဲ တို့တစ်တွေ ချိုးကွေ့ဝင်ခဲ့ကြတယ်။ တချို့လမ်းခွဲတွေကျတော့ ချိုးကွေ့ပြီး လျှောက်သွားလာတယ်၊ လမ်းရှိမှန်းတောင် မသိခဲ့ကြဘူး။ တချို့လမ်းတွေကျတော့ လမ်းဆုံးမှာ ပိုကောင်းလာမလား၊ ပိုဆိုးသွားမလားဆိုတာ မသိဘဲ မျက်ကန်းတစ်ရေ မကြောက် လျှောက်လှမ်းခဲ့ကြတယ်။

မသိနားမလည်လို့ လျှောက်ခဲ့ကြတာ ဖြစ်ပေမဲ့လည်း မထင်မှတ်တာတွေ ဖြစ်လာရင် ရင်ထဲမှာ တစစ်စစ် နာကျင်ကြရတာပဲလေ။ ဒီဟာလေးတွေ တို့တစ်တွေ လုပ်သင့်ပါလျက်နဲ့ မလုပ်မိခဲ့ပါကလား။ တို့တစ်တွေ ရှေ့ဆက်လျှောက်ရမဲ့အစား နောက်ကြောင်းပြန်လျှောက်နေမိခဲ့ပါကလား။ လှေကားမြွေကစားနည်းကို သမီးလေး မှတ်မိသေးလား။ ဘဝဆိုတာလည်း အဲဒီကစားနည်းအတိုင်းပါပဲကွယ်။



သမီးလေး အချိုးအကွေ့ အသီးသီးကို ဖြတ်ကျော်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ရင်း တခြားလူတွေ၊ တခြားဘဝတွေနဲ့ ဆုံတွေ့ရလိမ့်မယ်။ သမီးလေး သူတို့နဲ့ သိကျွမ်းသွားသလား၊ မသိကျွမ်းဘဲနေသလား၊ သမီးလေး သူတို့နဲ့ တစ်စုံတစ်ရာ အတိုင်းအတာအထိ လက်တွဲခဲ့သလား ဒါမှမဟုတ် သူတို့ကို လျစ်လျူရှုခဲ့သလားဆိုတာကတော့ သမီးလေး ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေပေါ်မှာပဲ လုံးလုံးလျားလျား တည်နေတယ် သမီးလေး။ တစ်ခါတလေကျတော့ လျှောက်လက်စ လမ်းဖြောင့်ကြီးအတိုင်း ဆက်လျှောက်မလား၊ လမ်းခွဲနောက်ကို လိုက်ရမလားဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ အဲဒီလိုဆုံးဖြတ်ချိန်မှာ သမီးလေး သတိမပြုမိခဲ့ပေမဲ့လည်း သမီးလေးရဲ့ ဘဝတစ်ခုလုံးကော သမီးလေးနဲ့ အနီးကပ် ဆက်နွယ်နေသူတွေရဲ့ ဘဝတွေပါ အဲဒီဆုံးဖြတ်ချက်ရဲ့ ကောင်းကျိုးဆိုးပြစ်ကို ခံယူကြရတယ်၊ သိလား။

❐

www.burmeseclassic.com

## နိဝင်ဘာ ၂၂

မနေ့ညကတော့ ရာသီဥတု အပြောင်းအလဲကလေးရှိတယ်ဟေ့။ လေကြောက အရှေ့ဘက်ကို ပြောင်းသွားတယ်။ တိမ်တောင်တိမ်လိပ်တွေကို နာရီပိုင်းကလေး အတွင်း အပြောင်ရှင်းပစ်လိုက်တယ်လေ။

စာရေးဖို့ မထိုင်မီ မေမေကြီး ပန်းခြံထဲ တစ်ပတ်လှည့်ခဲ့သေးတယ်။ လေက ပြင်းပြင်းထန်ထန်တိုက်နေဆဲပဲ။ လူတစ်ဦးရဲ့ အဝတ်အစားတွေကို ထွင်းဖောက်ပြီး အသားပေါ်ရောက်အောင်ကို တိုက်နေတာကလား။ ဘတ်ကတော့ အမြူးကြီး မြူး၊ အပျော်ကြီး ပျော်လို့။ သူက ဆော့ကစားချင်နေတယ်။ ကတော့ပုံစံ ထင်းရှူးသားအပိုင်းကလေးကို ပါးစပ်ထဲကိုက်ပြီး နံဘေးနားကနေ တကောက်ကောက် ပြေးလို[illegible]နေတယ်။ အဲဒီတုန်းက မေမေကြီး အားနည်းနေတာနဲ့ သူ့သစ်သားချော[illegible]ကလေးကို တစ်ခါပဲ အဝေးကို ပစ်ပေးဖြစ်တယ်။ ဒါတောင် သိပ်ဆေးဝေးကြီး ပစ်နိုင်တာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ဘတ်ကတော့ ပျော်တာပဲ။ သမီးလေးရဲ့ နှင်းဆီပင်ကလေး ကျန်းမာရေး အခြေအနေ ကောင်းမကောင်း စစ်ဆေးကြည့်ပြီးတာနဲ့ တရင်းတနှီး စကားပြောဖို့ မေမေကြီးရဲ့ အချစ်တော် နှစ်ဦးဆီကို သွားတယ်။ သစ်ကြားပင်ကြီးနဲ့ ချယ်ရီပင်ကြီးလေ။

အဲဒီသစ်ပင်ကြီးတွေရှေ့မှာရပ်၊ ပြီးတော့ ပင်စည်ကြီးတွေကို လက်နဲ့ ပွတ်သပ်ပေးလေ့ရှိတဲ့ မေမေကြီးကို သမီးလေး နောက်လေ့ ပြောင်လေ့ရှိတာကို မှတ်မိသေးလားဟင်။



'မေမေကြီး ဘာလုပ်နေတာလဲ။ အဲဒါမြင်းရဲ့ ဇက်မဟုတ်ဘူးလေ၊ သိတယ် မဟုတ်လား'

သမီးလေးက အဲဒီလိုပြောတတ်တယ်။ သစ်ပင်တစ်ပင်ကို ပွတ်သပ်ရတာဟာ တခြားသက်ရှိသတ္တဝါတစ်ကောင်ကို ပွတ်သပ်နေရတာနဲ့ ဘာမှမထူးဘူး။ တကယ်တမ်းပြောရရင် သစ်ပင်ကို ပွတ်သပ်ရတာ ပိုတောင်ကောင်းသေးတယ်လို့ မေမေကြီးက ဆင်ခြေပေးလေ့ရှိတယ်။ အဲဒီအခါမှာတော့ သမီးလေး ပခုံးနှစ်ဖက်ကိုသာ တွန့်ပြပြီး စိတ်ကသိကအောက်နဲ့ မေမေကြီးအနားက ထွက်သွားတတ်လေရဲ့။

ဘာဖြစ်လို့ ပိုကောင်းတာလဲသိလား။ ပမာဆိုပါတော့၊ မေမေကြီး ဘတ်ရဲ့ ဦးခေါင်းကို ပွတ်သပ်ပေးတယ်။ အနွေးဓာတ်နဲ့ တုန်ခါမှုကို ခံစားရတယ်။ ဒါပေမဲ့ အဲဒါရဲ့နောက်ကွယ်မှာ အမြဲတမ်း ရှိနေတာက ပြောပြလို့ ရနိုင်လောက်အောင် နူးညံ့တဲ့ ဂနာမငြိမ်မှုကလေးပဲ။ ဒီဂနာမငြိမ်မှုကလေးဟာ နောက်တစ်ကြိမ် ထမင်းစားချင်လို့ ဖြစ်နိုင်တယ်။ နောက်တစ်ကြိမ် ထမင်းစားချိန်ဟာ နီးချင်နီးမယ်၊ ဝေးချင်ဝေးနေဦးမယ်။ ဘာပဲဖြစ်ဖြစ် သူကတော့ ဂနာမငြိမ်ဖြစ်နေတယ်။ ဒါမှမဟုတ်လည်း မေမေကြီးရဲ့ ပွတ်သပ်ယုယမှုကို စောင့်တနေတာလည်း ဖြစ်နိုင်တယ်။ ယုတ်စွအဆုံး သူ့ရဲ့ အိပ်မက်ဆိုးတစ်ခုကို ပြန်ပြီး သတိရနေတာတောင် ဖြစ်နိုင်တယ်ကွယ်။ မေမေကြီး ဆိုလိုတာကို သမီးလေး သဘောပေါက်ပြီလား။ ခွေးတွေနဲ့ ပတ်သက်လာရင်၊ ဒါမှမဟုတ် လူသားတွေနဲ့ ပတ်သက်လာရင် စဉ်းစားစရာတွေ၊ လိုအပ်ချက်တွေက အမြဲလို အများကြီးရှိနေတတ်တာကလား။ သူတို့ရဲ့ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုဟာ သူတို့ ကိုယ်တိုင်ပေါ်မှာ၊ တခြားသတ္တဝါတွေပေါ်မှာ မူတည်နေတာကွဲ့။

သစ်ပင်တွေကျတော့ သတ္တဝါတွေနဲ့ မတူတော့ဘူး။ သစ်ပင်တစ်ပင်ဟာ အညှောက်ပေါက်ချိန်ကနေ သေဆုံးချိန်အထိ တစ်နေရာတည်းမှာပဲနေတယ်၊ ဘယ်ကိုမှ ရွှေ့မသွားဘူး။ သူ့အမြစ်တွေဟာ တခြားအရာတွေထက် ကမ္ဘာမြေရဲ့ နှလုံးသားနဲ့ နီးစပ်တယ်။ သူ့အညွန့်တွေဟာ တခြားအရာတွေထက် ကောင်းကင်နဲ့ နီးစပ်တယ်။ ပင်စည်တွင်း အစေးရည်ဟာ ထိပ်ဆုံးကနေ အောက်ဆုံး၊



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးကနေ ထိပ်ဆုံးအထိ စီးနေတယ်။ သစ်ပင်တစ်ပင်ဟာ နေ့အလင်းရောင်ပေါ်မှာ မှတည်ပြီး ပြန့်ကားတယ်၊ ကျုံ့တယ်။ သူက မိုးကိုမျှော်တယ်။ ရာသီတစ်ခုကနေ တစ်ခုအပြောင်းကို မျှော်တယ်။ သူက သေခြင်းတရားကိုလည်း မျှော်တယ်။ သူရှင်သန်နေနိုင်အောင် ကူပံ့ပေးတဲ့ အရာတွေထဲက ဘယ်အရာမှ သူက တောင်းဆိုလို့ ကူပံ့ပေးကြတာ မဟုတ်ဘူး။ ဆိုလိုတာက သူ့ကြောင့်... ဒီသစ်ပင်ကြောင့် ဒါတွေဖြစ်လာတာ မဟုတ်ဘူး။ ဒါတွေက သူတို့ဘာသာ သူတို့ ရှိနေပြီးသား။ ဒီတော့ကွယ် သစ်ပင်တစ်ပင်ဟာ ရှင်သန်နေတယ်၊ ပေါက်မြောက်နေတယ်၊ ဒါပဲ။

ဒီတော့ သစ်ပင်တစ်ပင်ကို ကိုင်တွယ်ပွတ်သပ်နေရတာ ဘာကြောင့် နှစ်သိမ့်ကျေနပ်စရာ အရမ်းကောင်းသလဲဆိုတာ သမီးလေး နားလည်ပြီးလား။ ဘာဖြစ်လို့လဲဆိုတော့ သစ်ပင်တစ်ပင်ဟာ ကြံ့ခိုင်တောင့်တင်းပြီး တည်ငြိမ်လို့။ ဘာဖြစ်လို့လဲဆိုတော့ သစ်ပင်တစ်ပင်ဟာ သက်ပြင်းရှည်ကြီးတွေကို ရှူရှိုက်တတ်လို့။

မေမေကြီး ငယ်ဘဝတုန်းက မေမေကြီးတို့ ခြံထဲမှာ ဝက်သစ်ချပင်ကြီးတစ်ပင်ရှိတယ်။ ပင်စည်ကြီးက ဘယ်လောက်ကြီးသလဲဆို လူနှစ်ယောက် ဝိုင်းဖက်လို့ရတယ်။ မေမေကြီး လေးငါးနှစ်လောက်ပဲ ရှိသေးပေမဲ့ အဲဒီသစ်ပင်ကြီးနဲ့ နီးနီးကပ်ကပ်နေရတာကို နှစ်ခြိုက်လှရှိတယ်။ မေမေကြီး အဲဒီအပင်ကြီးနားမှာထိုင်မယ်။ တင်ပါးအောက်က မြက်ပင်တွေရဲ့ စိုထိုင်းထိုင်း အထိအတွေ့ကို ခံစားမယ်။ လတ်ဆတ်တဲ့လေက ဆံပင်ထဲကို၊ နောက်ပြီး မျက်နှာကို တိုက်ခတ်နေတဲ့ အရသာကို ခံစားမယ်။ ပြီးတော့ အသက်ကို ပြင်းပြင်းရှူရှိုက်မယ်။ သြော်...ငါကော ငါ့ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေပါ ဘုရားသခင် ဖန်ဆင်းထားတဲ့ သဘာဝလောကကြီးရဲ့ အစိတ်အပိုင်း တစ်ခုပါလားလို့ သိနေမယ်။

ဂီတအကြောင်း နကန်းတစ်လုံးမှ မသိနားမလည်ပေမဲ့လည်း မေမေကြီးရဲ့ ရင်ထဲမှာ တစ်စုံတစ်ခုက တေးသီနေရဲ့။ ဘယ်လိုသံစဉ်မျိုးလဲ ဆိုတာတော့ ပြောမပြတတ်ဘူး။ မေမေကြီးရဲ့ နှလုံးသားတစ်နေရာကနေ တိုးထွက်လာပြီး မေမေကြီးရဲ့ ကိုယ်ခန္ဓာနဲ့ စိတ်ကို ဖြတ်သန်းထွက်လာတဲ့ သံစဉ်လှိုင်း





တစ်ခုဖြစ်မယ်။ အဲဒီခံစားချက်မျိုး ဖြစ်ပေါ်လာတဲ့အခါ မေမေကြီးလေ...လောကမှာ အသက်ရှင်နေထိုင်ရတာကို ကြည်နူးဝမ်းမြောက်လာတယ်။ မေမေကြီးအတွက်တော့ အဲဒီဝမ်းသာကြည်နူးမှုထက် အရေးကြီးတာ ဘာမှ မရှိတော့ပါဘူး။

ဒီတော့ကွယ်...ကလေးတစ်ယောက်မှာ ဒီလိုအာရုံသိတွေ ရှိနေတယ်ဆိုတာ သဘာဝမကျဘူး၊ ဒါမှမဟုတ် ထူးခြားလွန်းတယ်လို့ သမီးလေး ထင်ကောင်းထင်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးဘဝဆိုတာ ဘာမှ မမြင်တတ် မသိတတ်တဲ့ကာလ၊ မပြည့်စုံမကြွယ်ဝတဲ့ ကာလလို့ တို့များ မှတ်ယူလေ့ရှိကြတာကိုး။ ဒါပေမဲ့ မွေးကင်းစ ကလေးတစ်ယောက်ရဲ့ မျက်လုံးတွေကို သေသေချာချာ ကြည့်ရင် တကယ့်ကို သိတတ်မြင်တတ်ပြီး အတွေးတွေ ပြည့်စုံကြွယ်ဝနေတာကို တွေ့ရလိမ့်မယ်။ သမီးလေး အဲဒီလို လေ့လာကြည့်ဖူးလား။ အဲဒီမျက်လုံးကလေးတွေထဲမှာ ဘာတွေတွေ့ရလဲ။ ဘာအသိမှ မရှိတဲ့ ကြောင်တောင်တောင် အကြည့်မျိုးလား။ ဒါမှမဟုတ် သိတတ် မြင်တတ် တွေးတတ်တဲ့ အကြည့်မျိုးလား။ သဘာဝတရားကြီးက လူကြီးတွေထက် ကလေးတွေကို ပိုဆွယ်ပြန့်ပြီး ပိုနက်ရှိုင်းတဲ့ အာရုံသိမှုနဲ့ ပြည့်ဆည်းပေးထားတယ်ကွဲ့။ တကယ်တော့ အဲဒီအာရုံသိမှု ပျောက်ကွယ်သွားပြီး အဲဒီလို ပျောက်ကွယ်သွားပြီဆိုတာကို လက်သင့်မခံနိုင်တာက တို့တစ်တွေဖြစ်နေတာကလား။ အသက် လေးငါးနှစ်အရွယ်တုန်းက မေမေကြီး ဘာသာရေးအကြောင်း ဘာမှ မသိသေးဘူး။ ဘုရားသခင်အကြောင်း ဘာမှ မသိသေးဘူး။ ဒါမှမဟုတ် ဒီအကြောင်းအရာမျိုးတွေ ပြောတဲ့အခါ လိုက်နာဖို့ လူတွေ ပြုလုပ်ထားတဲ့ ပညတ်ချက်တွေအကြောင်းလည်း ဘာမှ မသိသေးဘူး။

ကျောင်းမှာတုန်းက သမီးလေး ဘာသာရေးသင်တန်းတက်ရေးမတက်ရေး ဆုံးဖြတ်ဖို့ ကိစ္စမှာ မေမေကြီး အချိန်အကြာကြီးယူပြီး စဉ်းစားချင့်ချိန်ခဲ့တယ် သိလား။ ဘာဖြစ်လို့လဲဆိုတော့ တရားသေ ဝါဒတွေနဲ့ မေမေကြီး ခေါင်ထိတွေ့ ရိုက်ခတ်မှုဟာ ဘယ်လောက်အထိ အကျိုးမဲ့ပြီး ဘယ်လောက်ထိ ရှုပ်ထွေးစေခဲ့သလဲ ဆိုတာ မေမေကြီး မှတ်မိနေလို့ပေါ့။ အင်း...ဒါပေမဲ့ တစ်ဖက်ကလည်း ပညာရေးဆိုတာ စိတ်ပိုင်းနဲ့သာ ဆိုင်တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ပိုင်းအရလည်း ဆိုင်တယ်ဆိုတာ မမကြီးသိနေတယ်လေ။

'စေးကရက်ဟတ် သီလရှင်ကျောင်း'မှာ ကျောင်းစတက်ခဲ့တဲ့ ငါး နှစ်တာကာလဟာဖြင့် မမကြီးဘဝမှာ အဆိုးရွားဆုံး ကာလရှည်ကြီးပေါ့ကွယ်။ သီလရှင်ဆရာမတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေက တယ်ပြီး တင်းကျပ်တာက လား။ နောက်ပြီး သူတို့ထိပ်တန်းတင် အလေးထားတဲ့ 'တန်ဖိုး' ဆိုတာတွေက အပြင်ပန်းအပေါ်ယံ ကိစ္စတွေပေါ်မှာချည်း ဆုံးဖြတ်တာကိုး။ မမကြီးဆိုရင် ကလေးတွေရဲ့ သဘာဝအတိုင်း ကိုယ့်ကို သင်ကြားထားတဲ့ စည်းမျဉ်းစည်းကမ်း တွေကို လေးစားလိုက်နာဖို့ အစွမ်းကုန် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ရင်ထဲမှာ ယုံယုံကြည်ကြည် စွဲမှတ်ထားတာက လူတစ်ဦးဟာ လိမ္မာရမယ်။ လိမ္မာတယ်ဆို တာ လိမ်ညာပြီး မပြောရဘူး။ မောက်မာဝင့်ကြွားမှု မရှိရဘူးပေါ့။ အဲဒီအတိုင်း ဖြစ်အောင်လည်း ကြိုးစားနေထိုင်တယ်၊ ကျင့်ကြံတယ်။ ဒါပေမဲ့ မမကြီး အမြဲတမ်း အပြစ်ပေးခံရတယ်၊ အဆူပူ အကြိမ်းမောင်းခံရတယ်။ ဘာပြစ်ချက် တွေကြောင့်လဲ သိလား။

'မနေ့က ညည်းဆံပင်မှာ ဖဲပြားပန်းပွင့် အကြီးကြီးတပ်ထားလို့'

'မနေ့က ကျောင်းအပြန်မှာ သီချင်းဆိုသွားတာ ညည်းသူငယ်ချင်း တစ်ယောက်က ပြန်ပြောပြလို့'

'ညစာမစားခင် လက်မဆေးခဲ့လို့'

ကဲ၊ တွေ့လား။ မမကြီး ကျူးလွန်ခဲ့မိတဲ့ အသေးအဖွဲပြစ်မှုကလေး တွေအားလုံးဟာ အပြင်ပန်းကိစ္စတွေချည်းပဲ။ မမကြီးရဲ့ မမေ စွပ်စွဲပြောဆို ခဲ့တဲ့ ပြစ်မှုမျိုးတွေလေ။ ဒီတော့ မမကြီးကို သင်ကြားပို့ချခဲ့ကြတာတွေဟာ အပြင်ပန်းဆိုင်ရာ ပြေပြစ်မှုတွေချည်းပဲ။ ရင်ထဲက စိတ်ပိုင်းဆိုင်ရာ ပြေပြစ်မှု တွေ မဟုတ်ဘူး။

အဲဒီလို ပြဿနာတွေ ကြုံရပြီး နှစ်လလောက် လုံးဝ အိပ်မပျော်ခဲ့ ဘူး။ မျက်စိတွေ မှိတ်လိုက်တိုင်း မမကြီးအောက်က မွေ့ရာဟာ မီးပင်လယ် ကြီးဖြစ်ပြီး အသံဆိုး အသံနက်ကြီးတွေက မမကြီးကို လာခေါ်ဖို့ ခြိမ်းခြောက် နေတော့တာကလား။ သိတဲ့အတိုင်းပဲလေ၊ အဲဒီအကြောင်းတွေ မမေတို့ကို





ပြန်ပြောမပြဘူး။ မမေက မမကြီးရဲ့ ဖြူဖျော့နေတဲ့ မျက်နှာကိုကြည့်ပြီး မမကြီး သိပ်ပင်ပန်းလွန်းလို့လို့ ဆုံးဖြတ်လိုက်တယ်။ ဒီတော့ ဘာဖြစ်လဲ၊ မမကြီးမှာ အားဆေးတွေ တစ်ခွန်းပြီးတစ်ခွန်း ကြိတ်မှိတ်မျိုရတော့တာပေါ့။ ဒါကြောင့် သမီးလေး ဘာသာရေးသင်တန်း တက်ရေး မတက်ရေးကိစ္စမှာ မတက်ဖို့ မမကြီး ဆုံးဖြတ်ခဲ့တာပေါ့။ အဲဒီလို ဆုံးဖြတ်ခဲ့တဲ့အတွက် မမကြီး တစ်စက်ကလေးမှ စိတ်မကောင်း မဖြစ်မိဘူး။ နောင်တလည်း မရခဲ့ဘူး။

မမကြီးရဲ့ ဖေဖေနဲ့မမေကဆို သီချင်းဆိုတဲ့အကျင့်ကို တစ်စက် ကလေးမှ သည်းမခံဘူး။ သီချင်းဆိုတာတွေ့ရင် အပြစ်ပေးဖို့ တစ်ချက်ကလေး မှ လက်မနှေးဘူး။ တစ်ခါကဆို ထမင်းစားနေတုန်းမှာပဲ ဖေဖေဟာ မမကြီး ရဲ့ ပါးကို ရိုက်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှတ်တမဲ့ သီချင်းတစ်စကို ညည်းမိလို့။

'ထမင်းစားပွဲမှာ သီချင်းမဆိုရဘူး'

ဖေဖေက ဒေါနဲ့မာန်နဲ့ပြောတယ်။

'သီချင်းသည်တွေပဲ သီချင်းဆိုခွင့်ရှိတယ်'

ဖေဖေ့သံယောင်လိုက်ပြီး မမေက ဝင်ပြောတယ်။

'ဒါပေမဲ့ သမီးရင်ထဲက တစ်ခုခုက သီချင်းဆိုနေတာ မမေရဲ့

မမကြီးက အရေးဆိုလိုက်တယ်။ ဒါပေမဲ့ မမကြီးရဲ့ မိဘနှစ် ပါးဟာ ရုပ်လောကနဲ့ မပတ်သက်တာဆိုရင် ဘာမှ နားလည်ခံစားလို့ မရကြ ဘူး၊ ဒီတော့ မမကြီးရဲ့ ရင်ထဲက ပေါက်ဖွားလာတဲ့ ဂီတကို ဘယ်လိုလုပ် ပြီး ဖက်တွယ်နေလို့ ရပါတော့မလဲ။ မမကြီးသာ သူတော်စင်ဘဝကို ခံယူဖို့ ဆံစာတာပါလာရင် ဒီဂီတမြတ်နိုးစိတ်ကလေး သေမသွားအောင် ကယ်တင်ထား နိုင်ကောင်းရဲ့။ ဒါပေမဲ့ မမကြီးရဲ့ ကံကြမ္မာက ရက်စက်တယ်လေ။ မမကြီး ကို သာမန်လူတစ်ယောက်အဖြစ်ပဲ ခံယူစေခဲ့တယ်။

ဒီတော့ မမကြီးရင်ထဲက ဂီတဟာ တစ်စတစ်စနဲ့ အသံတိတ်သွား တော့တယ်။ အဲဒီဂီတနဲ့အတူ မမကြီးရင်ထဲက လှိုက်လှဲပျော်ရွှင်မှုလည်း ပျောက်ဆုံးသွားတယ်။ အမှန်အတိုင်း ဝန်ခံရရင် ပျော်ရွှင်မှု ဆုံးရှုံးရတာကို



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘယ်လို ဆုံးရှုံးမှုမျိုးနဲ့မှ ယှဉ်မရအောင် ကြေကွဲဝမ်းနည်းခဲ့ရတယ်။ အင်း၊ နောက်ပိုင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုမျိုးကိုတော့ ခံစားခဲ့ရပါရဲ့။ ဒါပေမဲ့ ပျော်ရွှင်ကြည်နူးမှုနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်မှုဟာ နေမင်းကြီးနဲ့ လျှပ်စစ်မီးလုံး ကွာခြားသလို ကွာခြားတယ်ကွဲ့။ ဝမ်းမြောက်မှု၊ ဝမ်းသာမှုဆိုတာ ဘယ်တော့မဆို အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေါ်လာရတာ။ သမီးလေး အကြောင်းတစ်ခုခုနဲ့ ပတ်သက်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရတာ။ ဒီခံစားချက်ဟာ ပြင်ပကလာတာ။ အဲ၊ ပျော်ရွှင်ကြည်နူးမှုကတော့ တစ်ခုခုကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ အပေါ်ယံ ပေါ်လွင်ထင်ရှားတဲ့ အကြောင်းကိစ္စ တစ်စုံတစ်ရာ မရှိပေမဲ့လည်း ပျော်ရွှင်ကြည်နူးမှုက သမီးလေးကို လွှမ်းခြုံနေတတ်တယ်။ နေမင်းကြီးရဲ့ အတွင်းမှာ မီးလောင်ကျွမ်းတဲ့အတွက် နေမင်းကြီးက အပူဓာတ်တွေ ထုတ်လွှတ်ပေးနေသလိုပေါ့ကွယ်။

နှစ်ကာလတွေအတွင်း မေမေကြီးဟာ မိဘနှစ်ပါးဖြစ်စေချင်တဲ့ မိန်းကလေးမျိုး ဖြစ်လာအောင် မေမေကြီးရဲ့ အတ္တကို စွန့်ပယ်ခဲ့ရတယ်။ မေမေကြီးဟာ ကိုယ့်ကိုယ်ရည်ကိုယ်သွေးကို စရိုက်နဲ့ အလဲအလှယ်လုပ်ခဲ့ရတယ်။ သမီးလေးကိုယ်တွေ့ကြုံပြီး သိမြင်လာပါလိမ့်မယ်။ လူတွေက စရိုက်ကို ကိုယ်ရည်ကိုယ်သွေးထက် အများကြီး တန်ဖိုးထားတတ်ကြတယ်ဆိုတာကိုလေ။

သမီးလေး ယုံမှတ်ထားတာနဲ့ ဆန့်ကျင်ဖီလာဖြစ်နေမှာကတော့ စရိုက်နဲ့ ကိုယ်ရည်ကိုယ်သွေး မတူဘူးဆိုတာပဲ။ တကယ်တမ်းပြောရရင် ပြယုဂ်တော်တော်များများမှာ တစ်ခုက တစ်ခုကို တားဆီးဖယ်ရှားနေတတ်တယ်။ ဥပမာပြရရင် မေမေကြီးရဲ့ မေမေကိုကြည့်။ သူ့မှာ ကြံ့ခိုင်တဲ့ စရိုက်သဘာဝရှိတယ်။ သူဘာပဲလုပ်လုပ် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုရှိတယ်။ အဲဒီ ယုံကြည်စိတ်ချမှုကို ဘာဆိုဘာကမှ ယိမ်းယိုင်သွားအောင် မလုပ်နိုင်ဘူး။ အဲ၊ မေမေကြီးကတော့ သူနဲ့ အားလုံးပြောင်းပြန်ပဲ။ နေ့စဉ်ဘဝမှာ မေမေကြီး လှိုက်လှိုက်လှဲလှဲ ကြည်နူးပီတိဖြစ်ရတဲ့ ဖြစ်ရပ်ဆိုတာ မရှိဘူး။ ဆုံးဖြတ်ချက်တစ်ခု ချရတော့မယ်ဆိုရင် မေမေကြီးတွေဝေပြီ။ တုံ့ဆိုင်းနေပြီ။ အဲဒီလို တွေဝေတုံ့ဆိုင်းနေတာ ကြာလွန်းမက ကြာလာတော့ ဘေးဘီက လူတွေက စိတ်မရှည်နိုင်တော့ဘဲ မေမေကြီးကိုယ်





စား ဝင်ပြီး ဆုံးဖြတ်ချက်ချလိုက်ကြရော။

ကိုယ့်ရဲ့ကိုယ်ရည်ကိုယ်သွေးကို ဘေးချိတ်ထားပြီး ကိုယ့်မှာမရှိတဲ့ စရိုက်တစ်ခုကို မွေးစားယူရတယ်ဆိုတာ လွယ်တယ်မထင်လိုက်လေနဲ့ သမီးလေးရေ။ မေမေကြီး ရင်ထဲအသည်းထဲမှာ ရှိနေတဲ့ တစ်စုံတစ်ရာက မေမေကြီး ဒီလိုလုပ်တာကို ပုန်ကန်ဆန့်ကျင်နေတယ်။ တစ်စိတ်တစ်ပိုင်းက ကိုယ့်နဂိုမူလအတိုင်း ဆက်ပြီး ထိန်းထားချင်တယ်။ တခြားတစ်စိတ်တစ်ပိုင်းကတော့ သူများတွေ အချစ်ခံရရေးအတွက် သူများတွေ ဖြစ်စေချင်တဲ့အတိုင်း အသွင်ပြောင်းပြီး လိုက်နေစေချင်တယ်။ ကဲ၊ ဘယ်လောက်ခက်ခဲပြီး စိတ်ပင်ပန်းစရာကောင်းတဲ့ တိုက်ပွဲလဲကွယ်။

မေမေကြီးဟာ မေမေကြီးမေမေရဲ့ အနှစ်သာရကင်းမဲ့ပြီး အပေါ်ယံရွှေမှုန်ကြဲ ဟန်ပန်အမူအရာတွေကို စက်ဆုပ်ရွံရှာတယ်။ မေမေကြီးလေ... မေမေ့ကို ရွံတယ်၊ မုန်းတယ်။ ဒီကြားထဲကမှ ကိုယ့်စိတ်ကိုယ့်ဆန္ဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး မေမေကြီးဟာ သူနဲ့ တဖြည်းဖြည်း တဖြည်းဖြည်း တူလာတော့တယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် လူလားမြောက်အောင် ကြိုးစားအားထုတ်ရာမှာ ရှောင်မရ လွှဲမရ ပေးဆပ်ရတဲ့ တန်ဖိုး၊ ကြောက်စရာကောင်းပြီး ကြီးမားလှတဲ့ တန်ဖိုးပဲပေါ့။ အချစ်မရှိဘဲ ဘယ်ကလေးမှ နေထိုင်နိုင်စွမ်း မရှိဘူး။ ဒီတော့ တို့များကို လိုက်နာအတုယူခိုင်းတဲ့ စံပြပုံစံကြီးကို တို့တစ်တွေ မနှစ်မြို့ပေမဲ့၊ ဒီပုံစံကြီးဟာ မှားနေတယ်လို့ တို့ရဲ့စိတ်ထဲမှာ ထင်နေပေမဲ့ တို့ဟာ ကြိုးစားပြီး အဲဒီပုံစံကြီးနဲ့တူအောင် အသွင်ပြောင်းနေထိုင်ကြရတော့တယ်။

အဲဒီလို စိတ်ပိုင်းဆိုင်ရာ အသွင်ပြောင်းခြင်းရဲ့ အကျိုးသက်ရောက်မှုဟာ အချိန်တန်ရင် ပျောက်သွားမယ်လို့ မထင်လိုက်လေနဲ့၊ တို့တစ်တွေ ကြီးပြင်းလာတဲ့အထိ မပျောက်တော့ဘူး။ အသက်အရွယ်ကလေးရပြီး ကိုယ်က မိခင်ဘဝကိုလည်း ရောက်ရော ကိုယ့်ဘာသာကိုယ်တောင် မသိဘဲနဲ့၊ ကိုယ်ကိုယ်တိုင်က ဖြစ်စေချင်တဲ့ ဆန္ဒမရှိဘဲနဲ့ အဲဒီစိတ်ဟာ တစ်ကျော့ပြန်ပေါ်လာတော့တယ်။ အဲဒီအခါကျ ကိုယ့်ရဲ့လွှတ်ရှားဆောင်ရွက်မှုတွေကို အဲဒီစိတ်က လိုက်ပြီး ထိန်းချုပ် ကြိုးကိုင်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရဲ့ မေမေကိုမွေးပြီးချိန်မှာတော့ မေမေကြီး တစ်မျိုးတစ်ဘာသာ ကျင့်ကြံမယ်လို့ စိတ်ဆုံးဖြတ်ထားတယ်။ တကယ်လည်း အဲဒီအတိုင်း ကျင့်ကြံခဲ့တယ်။ သမီးလေးရဲ့ မေမေကို မေမေကြီး ကြုံခဲ့ရတဲ့ ဘဝမျိုး မကြုံစေချင်ဘူး။ သူ့ကို စံပြပုံစံကြီးပြပြီး အဲဒီလို လိုက်လုပ်ရမယ်လို့ ဇွတ်အတင်း ပုံမသွင်းချင်ဘူး။ ဒီတော့ သူကြိုက်ရာသူ လုပ်ဖို့ ခွင့်ပေးထားတယ်။ သူဘာပဲလုပ်လုပ် မေမေကြီးရဲ့ ခွင့်ပြုချက်ရပြီးသားလို့ သူ့စိတ်ထဲမှာ ခံယူထားစေချင်တယ်။ ဒါကြောင့် ပါးစပ်ကလည်း ထုတ်ပြောတယ်။

'တို့နှစ်ယောက် သဘောထားချင်း မတိုက်ဆိုင်ကြပေမဲ့လည်း တစ်ယောက်ကိုတစ်ယောက် လေးစားလို့ရတဲ့ အသွင်မတူသူ နှစ်ယောက်ဖြစ်ရမယ်'

ဒီသဘောထားထဲမှာ ချို့ယွင်းချက်တစ်ခုရှိနေတယ်။ ချို့ယွင်းချက်မှ ကြီးမားတဲ့ ချို့ယွင်းချက်ကြီးပေါ့။ အဲဒါဘာလဲ၊ သမီးလေး သိလား။ အဲဒါကတော့ မေမေကြီးရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် နည်းပါးမှုနဲ့ရပ်တည်ချက် မခိုင်မာမှုပေါ့ကွယ်။ မေမေကြီးဟာ လူကြီးတစ်ယောက် ဖြစ်နေပြီ။ ဒါပေမဲ့ ဘာဆိုဘာမှ ရေရေရာရာ ခိုင်ခိုင်မာမာ မရှိခဲ့ဘူး။ မေမေကြီးမှာ ကိုယ့်ကိုယ်ကိုယ် ချစ်စိတ် မရှိဘူး။ ကိုယ့်ကိုယ်ကိုယ်လေးစားစိတ် မရှိဘူး။ သမီးလေးရဲ့ မေမေကတော့ လျင်တယ်ကွဲ့။ မျက်နှာရိပ် မျက်နှာကဲကြည့်တတ်တဲ့ ကလေး၊ အခွင့်အရေးကောင်းကို ကြည့်တတ်တဲ့ကလေးဆိုတော့ ဒီအချက်ကို ချက်ချင်းလိုအထာပေါက်သွားတော့တယ်။ သူက မေမေကြီးရဲ့ အားနည်းချက်၊ မေမေကြီးရဲ့ ကြောက်စိတ်၊ မေမေကြီးရဲ့ ရပ်တည်ချက် မခိုင်မာမှုတို့ကို သိမြင်သွားတယ်။

မေမေကြီးတို့သားအမိရဲ့ ဆက်ဆံရေးအကြောင်း စဉ်းစားရင် စိတ်မျက်စိထဲမှာ သစ်ပင်ကြီးတစ်ပင်နဲ့ ကပ်ပါးနွယ်ပင်တစ်ပင်ကို မြင်ယောင်မိတယ်ကွဲ့။ ဒီသစ်ပင်ကြီး ဒီနေရာမှာ ပေါက်နေတာ ကြာပြီလေ။ ကပ်ပါးနွယ်ပင်ထက်စာရင် သူက အသက်ပိုကြီးတယ်၊ အရပ်ပိုမြင့်တယ်၊ အမြစ်တွေပိုရှည်တယ်။ ဒီသစ်ပင်ကြီးရဲ့ ခြေရင်းမှာ ပေါက်လာတဲ့ ကပ်ပါးပင်ကတော့ တစ်ရာသီအတွင်းမှာကိုပဲ တလူလူ တလွင့်လွင့် ဖြစ်လာတယ်။ သူ့အမြစ်တွေက ခိုင်ခိုင်မာမာ နက်နက်ရှိုင်းရှိုင်း ရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့မှာ အချွန်အတက်တွေ ရှိ





တယ်။ နွယ်နှာမောင်းတွေရှိတယ်။ နွယ်နှာမောင်းတစ်ခုချင်းစီရဲ့ အောက်မှာ စုပ်ခွက်ကလေးတွေရှိတယ်။ သစ်ပင်အခေါက်ကို ဒီစုပ်ခွက်ကလေးတွေနဲ့ စုပ်ပြီး တွယ်ကပ်ထားတယ်။ တစ်နှစ်နှစ်နှစ်အတွင်း ဒီနွယ်ပင်ဟာ သစ်ပင်ထိပ်ဖျားအထိ ရောက်တော့တာပဲ။ ပင်မသစ်ပင်ကြီးမှာ အရွက်တွေကြွေနေလည်း ကပ်ပါးနွယ်ပင်ကတော့ စိမ်းစိုလန်းဆန်းနေမြဲပဲ။ ဒီနွယ်ပင်ဟာ ကြီးထွားရှင်သန်ဖို့အတွက် ပင်မသစ်ပင်ကြီးကို ရစ်တယ်၊ ခွေတယ်၊ ဖြန့်ကြက်တယ်။ နောက်ဆုံး သစ်ပင်ကြီးတစ်ပင်လုံးကို ဖုံးလွှမ်းဝါးမျိုပြီး ရေနဲ့နေရောင်ခြည်ကို သူပဲ အရယူတော့တယ်။ အဲဒီအခါသစ်ပင်ကြီးခမျာ တဖြည်းဖြည်း ပင်စည်ကြီးပဲကျန်တော့တယ်။ ဒီပင်စည်ကြီးက ကပ်ပါးနွယ်ပင်ကို ဆက်ပြီး အထောက်အကူပြုနေတုန်းလေ။

ရင်နာစရာ သေဆုံးမှုမျိုးနဲ့ သူ ဇာတ်သိမ်းသွားပြီးတဲ့နောက်ပိုင်း နှစ်ပေါင်းအတော်ကြာတဲ့အတိ သူ့အကြောင်း မေမေကြီး မစဉ်းစားတော့ဘူး။ တစ်ခါတလေဆို မေမေကြီး သူ့ကို မေ့နေပြီလို့တောင် ထင်မိတယ်။ အဲဒီအခါ မျိုးကျ ငါဟာ နှလုံးသားမဲ့တဲ့ မိန်းမရိုင်းကြီးပါကလားလို့ ကိုယ့်ကိုယ်ကိုယ် ဇွပ်စွဲမိပါရဲ့။ မှန်တယ်။ သမီးလေးကို မေမေကြီး ကျွေးမွေးစောင့်ရှောက်နေရလို့ မေမေကြီး မအားဘူး။ သူ့ကိုသတိရတမ်းတနေဖို့ အချိန်မရဘူး။ ဒါပေမဲ့ ဒါဟာ ပြည့်စုံလုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ဘူး။ မှန်တယ်ဆိုရင်လည်း တစ်စိတ်တစ်ပိုင်းပဲမှန်မယ်။ မေမေကြီးရဲ့ ရှုံးနိမ့်မှု ခံစားချက်က ခါးသီးလွန်းလို့ ဒီအကြောင်းတွေကို မစဉ်းစားချင်တော့၊ အသိအမှတ် မပြုချင်တော့လောက်အောင် ဖြစ်ခဲ့ရတာ။ ခုနောက်ပိုင်း သိပ်မကြာသေးတဲ့ နှစ်ကာလတွေအတွင်း သမီးလေးဟာ မေမေကြီးနဲ့ တသီးတခြားဖြစ်လာပြီး ကိုယ့်လမ်းကိုယ်ရွေးလာတော့မှပဲ သမီးလေးရဲ့ မေမေအကြောင်းကို မေမေကြီး တစ်ကျော့ပြန်စဉ်းစားမိတယ်။ စဉ်းစားတာမှ ရွဲကြီးလမ်းကြီးကို စဉ်းစားခဲ့တာ။

မေမေကြီးရဲ့ အကြီးမားဆုံး နောင်တကတော့ သူ့ကို မားမားမတ်မတ် ရင်ဆိုင်ရဲလောက်အောင် သတ္တိ မရှိခဲ့တာပဲ။ တကယ်တော့ သူ မှားနေပြီဆို ပြောရမယ်။ သူ မိုက်မဲတဲ့ အလုပ်တစ်ခုကို လုပ်မိတော့မယ်ဆိုတာ ထောက်ပြရမယ်။ အလွန်မတန် အန္တရာယ်ကြီးတဲ့ ကြွေးကြော်သံတွေကို သူ့အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူ့လုပ်ရပ်တွေကို မမကြီး ဆန့်ကျင်ရမယ်၊ ဝေဖန်ရမယ်။ ဒါပေမဲ့ ဝင်ပြီး ဟန့်တားဖို့ မမကြီး ပျက်ကွက်ခဲ့တယ်။ ဒီကိစ္စဟာ သူ့ကို အရိပ်တကြည့်ကြည့်နဲ့ မြတ်နိုးကိုးကွယ်နေရမယ့် ကိစ္စမဟုတ်ဘူး။ မမကြီးတို့နှစ်ယောက် ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေဟာ သေရေးရှင်ရေးလောက်အရေးကြီးတယ်။

ဒီတော့ မမကြီး ဘာကြောင့် ဒီလိုလုပ်ခဲ့သလဲ။ တစ်နည်းပြောရရင် ဘာကြောင့် လုပ်စရာရှိတာ မလုပ်ခဲ့သလဲ။

အဲဒါဟာ မမကြီးမေမေရဲ့ စိတ်ထားပေါ့။ ကိုယ့်ကို မမုန်းစေချင်ဘူး။ ကိုယ့်ကို ချစ်နေစေချင်တယ်။ အဲဒီလို အချစ်ခံရဖို့အတွက် အငြင်းပွားမှုတွေကို ရှောင်ခဲ့တယ်။ စိတ်ထဲက မပါဘဲ ဟန်ဆောင်ခဲ့တယ်။ အီလာရီယာရဲ့ ပင်ကိုသဘာဝကိုက နိုင်ထက်စီးနင်းရှိတယ်။ သူ့စရိုက်က မမကြီးစရိုက်ထက် ပိုပြီး မာကျောတယ်။ ဒီတော့ မမကြီးက သူနဲ့ပြောင်ပြောင်တင်းတင်း အချင်းများရမှာကို ကြောက်တယ်။ အမှန်တော့ သူ့ကို တကယ်ချစ်ရင် မမကြီးစိတ်ဆိုးမာန်ဆိုးဖြစ်ရမယ်။ သူ့ကိုတင်းတင်းကျပ်ကျပ် ထိန်းခဲ့ရမယ်။ သမီးရေ... ဟိုဟာတော့ မလုပ်နဲ့၊ ဒီဟာလုပ်ဆိုတာမျိုး ဖွင့်ခိုင်းခဲ့ရမယ်။ သူလိုအပ်နေတာ၊ သူလိုလား တောင့်တနေတာကလည်း အဲဒီလို ထိန်းကျောင်းမှုမျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့။

တစ်ခါတလေတော့လည်း မမကြီး အံ့ဩမိတယ်ကွဲ့၊ ရိုးစင်းလှတဲ့ အမှန်တရားတွေဟာ ဘာဖြစ်လို့ နားလည်ရအခက်ဆုံးဖြစ်နေရပါလိမ့်လို့။ မေတ္တာတရားမှာ ပထမဆုံး ရှိသင့်တဲ့ အရည်အသွေးဟာ ခွန်အားပဲဆိုတာကို အဲဒီတုန်းကသာ မမကြီး နားလည်သဘောပေါက်ခဲ့ရင် ဖြစ်ရပ်တွေ တစ်မျိုးတစ်မည် ပြောင်းလဲသွားဖို့များတယ်ကွဲ့။ ဒါပေမဲ့ ရပ်တည်မှု ခိုင်မာဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် လေးစားမှုရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် လေးစားမှုရှိဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနားလည်မှုရှိရမယ်။ ကိုယ့်အကြောင်းကိုယ် ချေးခါးအူမ မကျန် နားလည်သဘောပေါက်နေရမယ်။ ဒါပေမဲ့ ဘဝမှာ ဆူညံညံ အသံတွေနဲ့ ယောက်ယက်ခတ် ပြေးလွှားလှုပ်ရှားမှုတွေက ဒယဉ်တိုက်ဆွဲခေါ်ခြင်းခံနေရတဲ့ လူမျိုးကျတော့





ဒီလိုအသိအမြင်တွေကို ဘယ်လိုလုပ် ရနိုင်ပါ့မလဲကွယ်။ ထူးခြားတဲ့ ပါရမီရှင် တွေလောက်သာ ဒါမျိုးအားထုတ်နိုင်တာ မဟုတ်လား။ မမကြီးနဲ့ သမီးလေးရဲ့ မေမေလို အညတရလူသားတွေအတွက်တော့ ရွေးစရာလမ်းမရှိဘူးလေ။ ကံကြမ္မာစီမံရာကို နာခံရုံပဲပေါ့။

တစ်ယောက်ယောက် လွှင့်ပစ်လိုက်တဲ့ ဒါမှမဟုတ် လေတိုက်လို့ လွင့်လာတဲ့ ပလတ်စတစ်ပုလင်းခွံတွေ၊ သစ်ကိုင်းခြောက်တွေကို မြစ်ထဲရောက်အောင် ကံကြမ္မာက တွန်းပို့လိုက်တယ်။ တော်သေးတာပေါ့ကွယ်၊ ပုလင်းက ပလတ်စတစ်နဲ့ လုပ်ထားတာဆိုတော့ ရေထဲမြုပ်မသွားဘဲ ပေါလောပေါ်နေတယ်။ ဒါကိုပဲ တို့က အောင်မြင်မှုကြီးအနေနဲ့ သတ်မှတ်ပြီး ချက်ချင်းလို ခရီးနှင်တော့တယ်။ ခပ်သွက်သွက် ခပ်မြန်မြန်ပဲ ရေစီးကြောင်းမှာ မျောလိုက်သွားတယ်။ ခရီးလမ်းတစ်လျှောက်မှာ မကြာခဏဆိုသလို ဒိုက်တွေ၊ မှော်တွေနဲ့ လုံးထွေးငြီး ငြိနေတတ်တယ်။ ကျောက်တုံးကျောက်ဆောင်တွေနဲ့ ဝင်တိုက်မိတတ်တယ်။ အဲဒီအခါမျိုးကျ တို့တစ်တွေ ခဏတစ်ဖြုတ် အဲဒီလိုပဲ ငြိတွယ်နေတာပေါ့ကွယ်။ ခရီးရဲ့ တိုက်စားမှုကိုလည်း ခံကြရတာပေါ့။ ဒါပေမဲ့ မကြာမတင်မှာပဲ ရေမျက်နှာပြင်က မြင့်တက်လာတယ်။ တို့လည်း ရှေ့ခရီးကို ဆက်လို့ ရလောက်အောင် တွယ်ငြိနေတာတွေနဲ့ လွတ်ကင်းသွားတယ်။

ရေစီးငြိမ့်ညောင်းနေတဲ့အခါ ရေပြင်ပေါ်မှာ အလိုက်သင့်ကလေးပေါ့။ ရေစီးကြမ်းတဲ့အခါ၊ ဝဲကတော့နဲ့ တွေ့တဲ့အခါမျိုးကျတော့လည်း ရေအောက်ကို ရောက်ရပြန်တာပေါ့။ ရေစီးမှာ မြုပ်တစ်ချီ ပေါ်တစ်လှည့်နဲ့ မျောပါလို့သာ နေတယ် ကိုယ့်ဘာသာကိုယ် ဘယ်ဌာနေကို သွားနေမှန်းမသိ၊ ဘယ်သောင် ဘယ်ကမ်း ဆိုက်မယ်မှန်းမသိ၊ သိအောင်လည်း တစ်ခါမှ အားမထုတ်မိဘူးလေ။

ငြိမ်သက်အေးချမ်းပြီး ရေကြောင်းသာတဲ့အခါမျိုးမှာ တို့တစ်တွေ ကမ်းခြေရှုမျှော်ခင်းကို ကြည့်လို့ရတယ်။ မြစ်ကမ်းပါးတွေ၊ ချုံတွေ၊ သစ်ပင်တွေ ဒါပေမဲ့ အသေးစိတ်မမြင်ရဘူး။ ပုံပန်းနဲ့ အရောင်တွေလောက်ပဲ မြင်ရတယ်။ ဒီထက်ပိုပြီး စေ့စေ့စပ်စပ် ကြည့်နေလို့ မရဘူးလေ၊ ကိုယ့်ရဲ့ ရွေ့လျားမှုနှုန်းက မြန်လွန်းနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အချိန်တွေ တရိပ်ရိပ် ကုန်လာတယ်။ မိုင်အကွာအဝေးတွေ တရိပ်ရိပ်ကျော်လာတယ်။ အဲဒီနောက်မှာတော့ ကမ်းပါးတွေ နိမ့်လာတယ်၊ မြစ်ပြင်က ကျယ်လာတယ်။ မြစ်ကြောင်းထဲမှာတော့ ရှိနေသေးတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ဘူး၊ မြစ်ကြောင်းပျောက်လာတယ်။

'ငါ ဘယ်အရပ်ကို ဦးတည်နေမိပါလိမ့်'

တို့တစ်တွေ အတွေးကြွယ်ကြတယ်။ အဲဒီအခိုက်အတန့်ကလေးမှာပဲ တို့ရှေ့မှာ ပင်လယ်ကြီးကို ဘွားခနဲ တွေ့လိုက်ကြရတယ်။

မေမေကြီးရဲ့ ဘဝလည်း အဲဒီဖြစ်ရပ်လိုပါပဲကွယ်၊ မေမေကြီးဟာ ရေကူးခဲ့တာ မဟုတ်ဘူး။ ခြေကားရား လက်ကားရား လှုပ်ရှားခဲ့တာ။ မေမေကြီးရဲ့ လှုပ်ရှားမှုတွေဟာ သေချာရေရာမှုမရှိ၊ တင့်တယ်လှပမှုမရှိ၊ ပျော်ရွှင်ကြည်နူးမှုမရှိ၊ ရေပေါ်မှာပေါ်နေရုံလောက်အတွက် ပရမ်းပတာ ယက်ခဲ့ကန်ခဲ့တဲ့ လှုပ်ရှားမှုတွေ။

နေပါဦး၊ ဘာဖြစ်လို့များ မေမေကြီး ဒီအကြောင်းတွေ လျှောက်ပြောနေမိပါလိမ့်။ ရှည်လျားပြီး အတွင်းရေးဆန်လွန်းတဲ့ ဒီဖွင့်ဟဝန်ခံချက်တွေမှာ ဘာများ ထူးခြားတာပါလို့လဲ။ ခုလောက်ဆို သမီးလေး အိပ်ငိုက်ချင် အိပ်ငိုက်နေရောမယ်။ စာမျက်နှာတွေ တစ်မျက်နှာပြီး တစ်မျက်နှာ လှန်ရင်း ရှုတ်ခမ်းတစ်တောင်လောက် စူချင် စူနေရောမယ်။ ဒီအဘွားကြီး ဘာတွေလျှောက်ပြောနေပါလိမ့်၊ သူ့ဒါတွေပြောတော့ ငါက ဘာလုပ်ရမှာလဲလို့ တွေးကောင်း၊ တွေးနေလိမ့်မယ်။

အမှန်ပဲ၊ မေမေကြီး စိတ်ပျံ့လွင့်သွားတယ်။ သိသာထင်ရှားတဲ့ လမ်းမကြီးပေါ်မှာပဲ အမြဲတမ်းလျှောက်လှမ်းနေရာက လမ်းမြောင်လမ်းသွယ်ကလေးတွေထဲ လိုလိုချင်ချင် ဝင်ခဲ့တာကွဲ့။ အဲဒီလို ဝင်ပြီး မျက်စိလည်နေတဲ့ အချိုးမျိုး ချိုးခဲ့တာလေ။ မျက်စိလည်တဲ့ အချိုးမျိုးတော့ ချိုးတာပဲ၊ ဒါပေမဲ့ တကယ်ကို မျက်စိလည် လမ်းပျောက်သွားတာကလား။ ဘာပဲဖြစ်ဖြစ် မေမေကြီးတောင့်တရှာဖွေနေတဲ့ နေရာကို ရောက်ဖို့ဒီလမ်းကြောင်းကို လိုက်ကို လိုက်ရှာရမှာပဲ။ မေမေကြီးတောင့်တရှာဖွေနေတဲ့ နေရာက အလယ်ဗဟိုတည့်တည့်လေ။



ဆီကြော်မုန့်တွေ ဘယ်လိုကြော်ရတယ်ဆိုတာ သမီးလေးကို မေမေကြီး သင်ပေးခဲ့တာ မှတ်မိသေးလား။ ကြော်ထားတဲ့မုန့်ကို လေထဲမြှောက်ပြီး ဒယ်အိုးနဲ့ ပြန်ဖမ်းတဲ့အခါမှာ မုန့်ကို သေသေသပ်သပ်ကလေး ဖမ်းမိရေးအကြောင်းကလွဲရင် တခြားစဉ်းစားချင်တာ စဉ်းစားလို့ မေမေကြီးပြောခဲ့တယ်နော်။ အဲဒီမုန့် လေထဲမြောက်နေတုန်း ဒီမုန့်ကို သေသေသပ်သပ် ဖမ်းမိဖို့အရေး စဉ်းစားလွန်းရင် တကယ်ဖမ်းချိန်မှာ မုန့်ကိုစောင်းလျက်သား ဖမ်းမိပြီး မုန့်ပုံစံပျက်သွားတတ်တယ်လေ။ ကြားရတာတော့ ထော်လော်ကန့်လန့်ကြီးနော်။ ဒါပေမဲ့ အရာဝတ္ထုတွေရဲ့ အလယ်ဗဟိုကို ရောက်ဖို့၊ သူတို့ရဲ့ နှလုံးသားဆီကိုရောက်ဖို့ လျှို့ဝှက်ချက်ဟာ စိတ်အာရုံပျံ့လွင့်ခြင်းပဲ။

ပြောသာပြောရတယ် လောလောဆယ် လှုပ်လှုပ်ခတ်ခတ် ဖြစ်နေတာကတော့ မေမေကြီးရဲ့ နှလုံးသားမဟုတ်ဘဲ ဝမ်းဗိုက်ဖြစ်နေတယ်။ ဗိုက်ထဲမှာ တဂွီဂွီမြည်နေပြီ။ မြည်ရမယ်လေ။ ပြောခဲ့တဲ့ အကြောင်းအရာတွေက မြစ်ကြောင်းခရီးတို့၊ ဆီကြော်မုန့်တို့အကြောင်းတွေကိုး။ နောက်ပြီး ညနေစာစားချိန်လည်း ရောက်နေပြီ။ ဒီတော့ စာရေးတာ ရပ်ထားလိုက်ဦးမယ်။ ဒါပေမဲ့ စာရေးတာ မရပ်ခင် သမီးလေးမုန်းတဲ့ အနမ်းတွေထဲက အနမ်းကလေးတစ်ခု ပို့လွှတ်လိုက်ပါရစေဦး။

□

www.burmeseclassic.com

www.burmeseclassic.com

## နိုဝင်ဘာ ၂၉

ခါတိုင်းလျှောက်နေကျအတိုင်း ဒီမနက်ပန်းခြံထဲလှည့်ပတ်လမ်းလျှောက်တော့ မနေ့က တိုက်ခဲ့တဲ့ လေပြင်းရဲ့ သားကောင် တစ်ကောင်ကို တွေ့ခဲ့ရတယ်။ မေမေကြီး ကိုယ်စောင့်နတ်က တိုက်တွန်းနေတယ်ထင်ပါရဲ့ကွယ်။ ခါတိုင်းလို အိမ်ကို တစ်ပတ်လျှောက်ရုံမဟုတ်ဘဲ ခြံထောင့်ဘက်ကိုပါ ခြေရှည်ခဲ့မိတယ်လေ။ ဟိုတုန်းက ကြက်ခြံရှိပြီး ခုမြေဆွေးတွေ ပုံထားတဲ့နေရာကိုပေါ့။ မေမေကြီးတို့ခြံနဲ့ ဝေါလ်တာတို့ခြံကို ခြားထားတဲ့ နံရံနံဘေးနားက ကပ်လျှောက်သွားရင်း မြေကြီးပေါ်မှာ မည်းမည်းပုံ့ပုံ့ကလေး တစ်ခု တွေ့မိတယ်။ ထင်းရှူးသီးကလေးလိုလို ဘာလိုလိုကလေး။ ဒါပေမဲ့ မဟုတ်ဘူး။ ဒီဟာကလေးက ပုံမှန်နီးပါး လှုပ်ရှားနေတာ။ မေမေကြီးက မျက်မှန်မပါဘဲ သွားတာဆိုတော့ အဲဒီဟာကလေးပေါ်မှာ စီးမိုးရပ်မိမှပဲ ဘာလေးလဲဆိုတာ သိရတော့တယ်။ အနက်ရောင်ငှက်ကလေးလေ။ ငှက်မကလေး။

အဲဒီအကောင်ကလေးကို မေမေကြီး ဖမ်းဖို့ ကြိုးစားလိုက်တာ မတော်တဆ ခြေတစ်ချောင်းကျိုးတော့မလို့။ ဘာဖြစ်လို့လဲဆိုတော့ မေမေကြီးက သူ့ကို လှမ်းကိုင်လိုက်တိုင်း သူက ခုန်ခုန်ပြီး ပြေးနေတာကိုး။ မေမေကြီးသာ ငယ်ငယ်ရွယ်ရွယ်ဆိုရင် ဒီအကောင်ကလေးကို ဖမ်းမိဖို့ တစ်စက္ကန့်တောင် ကြာမှာ မဟုတ်ဘူး။ ခုတော့ မေမေကြီးရဲ့ လှုပ်ရှားမှုတွေက နှေးကွေးလေးကန် လွန်းနေပြီလေ။ နောက်တော့မှ အကြဲတစ်ခု ဖူးတ်ခနဲ ရလာတယ်။ မေမေကြီးရဲ့





ခေါင်းစီးပဝါကို ချွတ်ပြီး ငှက်ကလေးအပေါ် ပစ်အုပ်လိုက်တယ်။ ပြီးမှ ငှက်ကော ပဝါကော သိမ်းထုပ်ပြီး မယူလိုက်ရတယ်။ ပြီးတော့ အိမ်ထဲကို ယူသွား၊ မိနပ်ထည့်တဲ့ ဘူးတစ်ဘူးကိုရှာ၊ အတွင်းထဲ ဘေးဘက်မှာ အဝတ်စတွေ စီပြီး ထည့်၊ ဘူးကို လေဝင်ပေါက်တွေဖောက်၊ ဘူးအဖုံးအလယ်တည့်တည့်မှာ ငှက်ကလေးရဲ့ ဦးခေါင်းထွက်ပြူလို့ ရလောက်တဲ့ အပေါက်ကြီးကြီး တစ်ပေါက်ဖောက်။

ခု မေမေကြီး စာရေးနေချိန်မှာ ငှက်မလေးက မေမေကြီးရဲ့ ရှေ့မှာလေ။ ဒါပေမဲ့ သူက သိပ်ပြီး အထိတ်ထိတ် အလန့်လန့်ဖြစ်နေသေးတာမို့ ဘာအစာမှ မကျွေးရသေးဘူး။ ငှက်ကလေး ပြူးပြူးပျာပျာ ဖြစ်နေတော့ မေမေကြီးလဲ ပြူးပြူးပျာပျာ ဖြစ်တော့တာပေါ့။ သူ့မျက်လုံးတွေထဲမှာ ထင်ဟပ်နေတဲ့ ထိတ်လန့်ကြောက်ရွံ့မှုတွေကို တွေ့တော့ မေမေကြီး စိတ်မသက်မသာ ဖြစ်ရတာပေါ့။ ခုနေများ ရေခဲသေတ္တာနဲ့ ထမင်းပေါင်းအိုးကြားကနေရာမှာ မျက်စိတွေပြာသွားလောက်တဲ့ အလင်းတန်းကြီးနဲ့အတူ နတ်သမီးလေးတစ်ပါး ပေါ်လာမယ်ဆိုရင် မေမေကြီး ဘာဆုတောင်းမလဲ သိလား။ မင်းကြီးဆော်လမွန်ရဲ့ သော်စွပ်ပေါ့။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ တိရစ္ဆာန်တွေကို စကားပြောနိုင်စွမ်းရှိအောင် စွမ်းဆင်းပေးတဲ့ မှော်လက်စွပ်ကလေး ပေးပါလို့ တောင်းမှာပဲ။ ဒါမှ ဒီငှက်မည်းမည်းကလေးကို မေမေကြီး စကားပြောလို့ရမယ်လေ။

'မကြောက်ပါနဲ့ အသေးစားလေးရယ်၊ မေမေကြီးက လူသားတစ်ယောက် ဖြစ်ပေမဲ့ အရမ်းသဘောကောင်းပါတယ်။ မေမေကြီးလေ…ညည်းကို မွေးမယ်၊ စောင့်ရှောက်မယ်၊ အစာကျွေးမယ်၊ ညည်းကလေးနေကောင်းသွားရင် ပြန်လွှတ်ပေးမယ 'သိလား' လို့ ပြောမယ်။

ကဲပါလေ၊ မေမေကြီးတို့ ကိုယ့်အကြောင်းကိုယ် ပြန်ကောက်ကြရအောင်ပါ။ မနေ့က ဆီကြော်မုန့် ဥပမာနဲ့ မေမေကြီးရဲ့ အိမ်တွင်းဖြစ် သင်ခန်းစာလေးပေးခဲ့တယ်နော်။ ဒီဥပမာက သမီးလေးကို စိတ်ကသိကအောက်ဖြစ်စေမှာ သေချာပေါက်နီးပါးပါပဲ။ လေးလေးနက်နက် အကြောင်းအရာတွေကိုပြောရင် ကြီးကျယ်လေးနက်တဲ့ စကားလုံးကြီးတွေနဲ့ ပြောရမယ်လို့ လူငယ်တွေက



www.burmeseclassic.com

www.burmeseclassic.com



ယူမှတ်ထားတတ်ကြတာကလား။

သမီးလေး မသွားခင်ကလေးမှာ သမီးလေးစာတစ်စောင် ရေးပြီး မေမေကြီးရဲ့ ခေါင်းအုံးအောက်မှာ ထည့်ထားခဲ့တယ်။ စာထဲမှာ သမီးလေးရဲ့ ပြဿနာတွေကို ကြိုးစားပြီး ရှင်းပြထားတယ်။ အင်း...ခုချိန်မှာ သမီးလေးက ဝေးတစ်နေရာကို ရောက်နေပြီဆိုတော့ မေမေကြီး ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်ပါ့မယ်...သမီးလေးရဲ့ ရင်ထဲမှာ လှိုင်းထန်နေတာလောက်ကလွဲပြီး သမီးလေး ရေးထားတာတွေကို မေမေကြီး တစ်လုံးတစ်ပါဒတောင် နားမလည်ခဲ့ပါဘူး။ ရေးထားတဲ့ စကားလုံးတိုင်းက ရှုပ်ထွေးနေတယ်။ အဓိပ္ပာယ် မသဲကွဲဘူး။ နားမရှင်းဘူး။ မေမေကြီးက ရိုးရိုးကြီးရယ်။ မေမေကြီးတို့ရဲ့ ခေတ်နဲ့ သမီးလေးတို့ရဲ့ခေတ်က အရမ်းကွာခြားနေတာကလား။ မေမေကြီးကတော့ ဂေါ်ပြားကို ဂေါ်ပြားပဲခေါ်တယ်။ တို့တစ်တွေအနေနဲ့ နေ့စဉ် ဘဝအတွေ့အကြုံတွေနဲ့သာ ပြဿနာ အထွေထွေကို ဖြေရှင်းလို့ ရနိုင်တယ်။ အဲဒီလိုဖြေရှင်းရာမှာ အကြောင်းကိစ္စတွေကို သူ့နဂိုအတိုင်းသာ ကြည့်တတ်မြင်တတ်ရမယ်။ ကိုယ်ဖြစ်စေချင်တဲ့ ပုံစံမျိုးနဲ့ မကြည့်သင့် မမြင်သင့်ဘူး။ ပြင်ပ ပယောဂကြောင့် ဖြစ်ပေါ်လာတဲ့ အတွေးတွေကို ကိုယ်ပိုင်ဖြစ်ပေါ်လာတဲ့ ဉာဏ်အလင်းရောင်နဲ့ ချိန်ထိုးလိုက်တာနဲ့ တစ်ပြိုင်နက် တို့များ လမ်းကြောင်းမှန်ပေါ် ရောက်ပြီသာမှတ်။

မေမေကြီး မကြာမကြာ တွေးမိတာတော့ သမီးလေးဖတ်တဲ့ စာအုပ်တွေဟာ သမီးလေးကို အသိဉာဏ်ဖွင့်ပေးမယ့်အစား အတွေးတွေ ရှုပ်ထွေးစေတယ်၊ အတွေးအမြင်တွေ ကြည်လင်ထက်မြက်လာစေမယ့်အစား အတွေးအမြင်တွေ မည်းမှောင်ထွေပြားစေကုန်တယ်လို့ ထင်တယ်။

သမီးလေး ဝေးမြေရပ်ခြားကို မသွားခင် မေမေကြီးကို ရွေးချယ်ခွင့် တစ်ခုပေးခဲ့တယ်။ သမီးလေး ဝေးတစ်နေရာကို တစ်နှစ်သွားနေခွင့်ပြုရမလား၊ ဒါမှမဟုတ် သမီးလေးကို စိတ်ဆရာဝန်တစ်ယောက်နဲ့ ကုသခွင့်ပေးမလားဆိုတဲ့ ရွေးချယ်ခွင့်ပေါ့။ မေမေကြီးရဲ့ အဖြေက တိကျတယ်၊ ပြတ်သားတယ်။ မှတ်မိသေးလား။ အမေရိကမှာ သွားနေချင်သပါ့ဆိုရင် တစ်နှစ်မဟုတ်ဘူး သုံးနှစ်လည်း နေခွင့်ပြုမယ်။ ဒါပေမဲ့ စိတ်ကုဆရာဝန်ဆီကိုတော့ ဘယ်တော့မှ မသွားရဘူး။





မသွားရဘူးဆို တစ်ကြိမ်တစ်ခါတောင် မသွားရဘူး။ ဆရာဝန်စရိတ်ကို ကိုယ့်ဘာသာကိုယ် ကုန်ကျခံမယ်ဆိုလည်း မသွားရဘူး။ မေမေကြီးရဲ့ အဖြေမှာ အလျှော့အတင်း မရှိဘူး။ အပေးအယူမရှိဘူး။ ဘာကြောင့် ဒီလောက် ပြင်းပြင်းထန်ထန် တစ်ချက်လွှတ် အမိန့်ချပါလိမ့်ဆိုပြီး သမီးလေးတောင် လန့်ဖျပ်သွားရတယ် မဟုတ်လား။

တကယ်တော့ သမီးလေးက မေမေကြီးကို ပိုပြီး ခံသာတဲ့နည်းတစ်နည်းကို တင်ပြကမ်းလှမ်းခဲ့တာပါ။ နောက်ပြီး သမီးလေး ပါးစပ်က ထုတ်မပြောခဲ့ပေမဲ့ မေမေကြီးက အိုမင်းရင့်ရော်လွန်းနေပြီ၊ ဒါမှမဟုတ် ဗဟုသုတ ခေါင်းပါးလွန်းလှတယ်၊ ဒီတော့ စိတ်ရောဂါကုနည်းတွေအကြောင်း နားလည်မှာ မဟုတ်ဘူးလို့ ယူဆထားမှာပေါ့။ သမီးလေးမှားသွားပြီ။ မေမေကြီး ကလေးဆေါက်စ ဘဝကတည်းက ဖရွိုက်အကြောင်း လူတွေ ပြောတာ ကြားဖူးနေပြီ။ ဖရွိုက်ရဲ့ စိတ်ကုထုံးတွေအကြောင်းပြောတဲ့ ဆရာဝန်တွေနဲ့ မေမေနဲ့ ငြင်းခုံကြတာများ တခြိမ်းခြိမ်းပေါ့။

ဒါပေမဲ့ စိတ်စိစစ်မှုပညာနဲ့ မေမေကြီး တွေ့ဆုံသိကျွမ်းမှုဟာ ကလေးဘဝ အတွေ့အကြုံနဲ့တွင် ရပ်နေတာ မဟုတ်ဘူးကွဲ့။ သမီးလေးရဲ့ မေမေဟာ စိတ်စိစစ်မှု ဆရာဝန်ဆိုသူ တစ်ဦးဆီကို ဆယ်နှစ်ဆယ်မိုးလုံးလုံး သွားပြီး အကုသခံခဲ့တယ်။ သူသေသွားချိန်အထိ အဲဒီဆရာဝန်ဆီကို သွားနေတုန်းပဲ။ ဒီတော့ သူ့ရဲ့လှုပ်ရှားမှုတွေနဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို တစ်နေ့ပြီးတစ်နေ့ အကဲခတ်လို့ရတာပေါ့။

အစပထမပိုင်းမှာတော့ အမှန်အကန်ပါပဲ။ ကုသမှုခံယူတဲ့အကြောင်း မေမေကြီးကို တစ်လုံးတစ်ပါဒမှ ပြန်ပြောမပြဘူး။ မှန်တယ်လေ၊ ဆေးဝါးကုသမှုဆိုတာ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်မျိုး မဟုတ်လား။ ဒါပေမဲ့ မေမေကြီး ကြိုက်တာက သူဟာ ဒီဆရာဝန်ပေါ်မှာ လုံးလုံးလျားလျားကြီး မှီခိုအားထားလာတာပဲ။ အကုသခံလို့ တစ်လတောင် မပြည့်သေးဘူး အီလာရီယာရဲ့ ဘဝဟာ ဆရာဝန်နဲ့ တွေ့ရတာနဲ့ပဲ လုံးလည်ချာလည်လိုက်နေတော့တယ်။

မေမေကြီး စိတ်မချမ်းမသာ ဖြစ်မိတာက အီလာရီယာဟာ စွဲလမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနောက်ကို ကောက်ကောက်ပါအောင် လိုက်တတ်တဲ့ အကျင့်ပဲ။ ကနဦးပိုင်းတုန်းက နိုင်ငံရေး။ ဟော...ခုကျတော့ စိတ်ဝေဒနာကုသခံယူမှု ဖြစ်နေပြန်ပြီလေ။ ဒီဆရာဝန်နဲ့သူဟာ ပါဂျူးအာမြို့မှာ သိကျွမ်းခဲ့တာ။ ဒီတော့ သူ့မှာ ပါဂျူးအာမြို့ကို အပတ်စဉ်သွားနေရတယ်။ ဒီတော့ မေမေကြီးက မေးတယ် ဒီလောက်ဝေးလံတဲ့အရပ်ကို အပတ်စဉ်သွားနေဖို့ တကယ်ပဲ လိုအပ်သလား နီးနားဝန်းကျင်မှာ ထိုက်သင့်တဲ့ ဆရာဝန်တစ်ဦးနဲ့ အကုသခံလို့ မရနိုင်ဘူးလားလို့။

သူ့ရဲ့ စိတ်ဖိစီးမှုဒဏ် ခံစားနေရတာကို လျော့ပါးသွားအောင် အကုသခံတာ တစ်နည်းအားဖြင့် ကောင်းပါတယ်။ ဒီအတွက် မေမေကြီး ကျေနပ်ပါတယ်။ ဒါဟာ လမ်းမှန်ပေါ်ကို ခြေတစ်လှမ်းနင်းမိတာပဲလေ။ ဒါပေမဲ့ ကိုယ့်သမီးရဲ့ အားနည်းချက်ကို သိထားတော့ တစ်ဖက်က သောကပွားရပြန်ရော။ ဒီဆရာဝန်အကြောင်း မေးတော့လည်း အီလာရီယာက ရှေ့ဂ်နှုတ်ပိတ်နေတယ်။ 'မေမေ နားမလည်ပါဘူး'တဲ့လေ။

အီလာရီယာနဲ့ မေမေကြီးက ထရီအက်စတီမြို့ထဲမှာပဲ တစ်အိမ်စီ ခွဲနေကြပေမဲ့ အနည်းဆုံး တစ်ပတ်တစ်ကြိမ်တော့ ထမင်းအတူ စားလေ့ရှိကြတယ်။ အရင်တုန်းက ထမင်းဝိုင်းမှာ သားအမိပြောတဲ့ စကားတွေက တရင်းတနှီးနဲ့ စိုစိုပြည်ပြည်ရှိပေမဲ့ နောက်ပိုင်းကျတော့ အီလာရီယာက မေမေကြီးတို့ အိမ်ထောင်ရေးရဲ့ အတိတ်ဘဝအကြောင်းတွေသာ တစ်မေးတည်း မေးလာတော့တယ်။ သူ မေးပုံက မေမေကြီးကို တရားခံစစ် စစ်နေတဲ့ပုံစံကြီး။ ဘာကြောင့် ဒါတွေကို မေးနေရတာလဲလို့ မေမေကြီးကပြောတော့ 'တစ်ခုပဲ ရှိတယ် အဲဒါကတော့ အမှန်တရားပဲ။ မေမေတို့ လင်မယားဟာ ဘာဖြစ်လို့ ကျွန်မရဲ့ အတောင်ပံတွေကို ဖြတ်ညှပ်ထားရတာလဲ'တဲ့။

ဒါနဲ့ နောင်ကို မေမေကြီးဆီလာပြီး ထမင်းစားမယ်ဆိုရင် အဲဒီမေးခွန်းတွေ မမေးမှ လာစားခွင့်ပြုမယ်လို့ ရာဇသံပေးလိုက်ရတယ်။ အဲဒီနောက် လပေါင်း အတော်ကြာတော့ သူဟာ ကိုယ်အလေးချိန်တွေ ကျလာတယ် စကားပြောတဲ့အခါ အရင်က မကြားဘူးတဲ့ စိတ်ချောက်ချားရောဂါ ခံစားနေရ



အသံတွေ ကြားလာရတယ်။ အရင်တုန်းကတော့ မေမေကြီး သာမန်စိုးရိမ်မိတာလောက်ပဲ။ ဒါပေမဲ့ ခုတော့ ပူပန်သောကတွေ ပွားလာရပြီပေါ့။

ဒီတော့ ဆရာဝန်အကြောင်း နည်းနည်းပါးပါး မေးမြန်းစုံစမ်းကြည့်တယ်။ သိလာရတဲ့ အဖြေတွေက ဒီဆရာဝန်မှာ ဘာဘွဲ့မှ မရှိဘူးတဲ့။ ဒါတင်လားဆိုတော့ ဘယ်ဟုတ်ဦးမလဲ၊ အီလာရီယာရဲ့ အခြေအနေကလည်း တစ်နေ့တခြားယိုယွင်းလာပြီလေ။ တကယ်လို့ ကုထုံးသာမှန်ရင် အီလာရီယာ့အခြေအနေ တိုးတက်မှုရှိရမှာပေါ့။ ခုတော့ အီလာရီယာဟာ သူ့ဝန်းကျင်မှာရှိတဲ့ အရာတွေကို ဘာဆိုဘာမှ စိတ်မဝင်စားတော့ဘူး။ ကျောင်းပြီးသွားတာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ ဒါပေမဲ့ ဘာအလုပ်မှ မလုပ်ဘူး။ နည်းနည်းပါးပါးလောက်သာရှိတဲ့ သူ့သူငယ်ချင်းတွေနဲ့ အဆက်အသွယ်ပြတ်သွားပြီ။ သူ့အလုပ်က သူ့ရဲ့စိတ်ဝေဒနာကို တစိုက်မတ်မတ် ဆန်းစစ်ကြည့်နေဖို့ပဲ။

နောက်သုံးနှစ်အကြာ နွေရာသီမှာ မျှော်လင့်ချက်ရောင်ခြည်ကလေး ရိပ်ခနဲ သန်းလာသေးတယ်။ အီစတာပွဲတော်ရက်အပြီး သိပ်မကြာလှတဲ့ ကာလအတွင်းမှာပဲ တို့သားအမိနှစ်ယောက် အပန်းဖြေခရီး ထွက်ကြရင် မကောင်းဘူးလို့ မေမေကြီးက အကြံပေးတယ်။ ဒီအကြံကို ချက်ချင်း လက်ငင်းပယ်ချလိုက်မယ့်အစား အီလာရီယာက ထမင်းစားနေရာက ချက်ခနဲ မော့ကြည့်ပြီး 'သမီးတို့ ဘယ်ကို သွားကြမလဲဟင်'တဲ့၊ ပြန်မေးတယ်။ မေမေကြီး အံ့အားတသင့် ဖြစ်သွားတယ်။

'မသိဘူးလေ၊ သမီးကြိုက်တဲ့ဆီသွား။ ဒါမှမဟုတ် တို့သားအမိ စိတ်ကူးဟည့်ရာကို သွားကြတာပေါ့ကွယ်'

အဲဒီညနေမှာပဲ မေမေကြီးတို့ စပြီး လှုပ်ရှားတော့တာပဲ။ ခရီးသွားအေဂျင်စီပေါင်းများစွာကို သွားပြီး စုံစမ်းကြတယ်။ လေ့လာကြတယ်။ မေလကုန်ပိုင်းလောက်မှာ ခရီးကျွန်းနဲ့ ဆန်တိုရီနီကျွန်းအပါအဝင် ဂရိနိုင်ငံကို သွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ခရီးစဉ်အတွက် စီစဉ်ပြင်ဆင်မှုတွေ လုပ်ရတာ သားအမိနှစ်ယောက်ကို အရင်ကထက်ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်လာစေတယ်။ ထုပ်ပိုးပြင်ဆင်တဲ့အခါ အရေးကြီးတဲ့ ပစ္စည်းပစ္စယတွေ ကျန်ခဲ့မှာကိုသူက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တတ်တာကိုး။ ဒါနဲ့ မေမေကြီးက မှတ်စုစာအုပ်ကလေး တစ်အုပ် ဝယ်ပေးတယ်။ ခရီးထွက်တဲ့အခါ ယူသွားချင်တဲ့ ပစ္စည်းတွေကို သတိရရင် ရသလို ရေးမှတ်ထားဖို့လေ။

အဲဒီည အိပ်ရာဝင်တော့ မေမေကြီးလေ…ကိုယ့်ကိုယ်ကိုယ် ဒေါသလည်းထွက်ရဲ့၊ အပြစ်လည်းတင်မိရဲ့။ ဒီလိုခရီးအတူထွက်တာဟာ သားအမိနှစ်ယောက်ရဲ့ ဆက်ဆံရေး ပြန်လည်သင့်မြတ်ဖို့ အကောင်းဆုံး နည်းလမ်းပါကလားဆိုတာကို ဘာကြောင့် အစောကြီးကတည်းက မစဉ်းစားမိခဲ့ပါလိမ့်ဆိုပြီးတော့လေ။ အဲဒီနောက် ခရီးထွက်ရက်မတိုင်မီ သောကြာနေ့မှာ အီလာရီယာဆီက ဖုန်းလာတယ်။ သူ့အသံက မာတောင့်တောင့် ဖြစ်နေတယ်။ သူ အများသုံး တယ်လီဖုန်းရုံကနေ စကားပြောနေတာ ဖြစ်ရမယ်လို့ မေမေကြီး တွက်လိုက်တယ်။

'သမီး ပါဂျူးအာကို သွားရမယ် မေမေ။ ဒါပေမဲ့ ကြာသပတေးညနောက်အကျဆုံးထားပြီး ပြန်ရောက်လာမှာပါ'

'သမီး မသွားလို့ မဖြစ်ဘူးလားဟင်'

မေမေကြီး ပြန်မေးတယ်။ ဒါပေမဲ့ သူက တယ်လီဖုန်းချသွားပြီ။

နောက်တစ်ပတ် ကြာသပတေး မတိုင်မီအတွင်း သူ့ဆီက ဘာသတင်းမှ မကြားရဘူး။ အဲဒီနေ့ နှစ်နာရီကျမှ သူ့ဆီက တယ်လီဖုန်းဝင်လာတယ်။ သူ့အသံက မာနေပေမဲ့ ကြေကွဲနေတဲ့ လေသံမျိုး။

'စိတ်မကောင်းပါဘူး မေမေ၊ သမီး ဂရိကို မလိုက်ဖြစ်တော့ဘူး'

မေမေကြီး တုံ့ပြန်ချက်ကို သူ စောင့်နေတယ်။ မေမေကြီးလည်း သူ ဘာဆက်ပြောမလဲလို့ စောင့်နေတယ်။ ခဏနေတော့ မေမေကြီးကပဲ ပြောလိုက်တယ်။

'မေမေလည်း အရမ်းစိတ်မကောင်းဖြစ်မိပါတယ် သမီး။ ဒါပေမဲ့ မေမေကတော့ စီစဉ်ထားတဲ့အတိုင်း သွားဖြစ်အောင် သွားမယ်'

မေမေကြီး စိတ်ကွက်သွားတာကို သူသိတယ်။ ဒီတော့ ဆင်ခြေဆင်လက်တွေပေးဖို့ အားထုတ်တယ်။





'သမီး အဲဒီလိုသွားရင် သမီးရဲ့ အတ္တကနေခွာပြီး ထွက်ပြေးသလို ဖြစ်သွားလိမ့်မယ်'

သူ တိုးတိုးကလေး ပြောတယ်။

သမီးလေး တွေးကြည့်လို့ ရပါတယ်ကွယ်။ ဒီအပန်းဖြေခရီးစဉ်ကြီးဟာ စိတ်ဆင်းရဲစရာ ခရီးစဉ်ကြီး ဖြစ်သွားတာပေါ့။ ညှော်လမ်းညွှန်ရဲ့ စကားတွေကိုသာ နားထောင်နေရတယ်၊ ရှေးဟောင်း ဓိသုကာလက်ရာတွေကိုသာ ကြည့်နေရတယ်၊ ခေါင်းထဲလွှမ်းမိုးနေတာကတော့ သမီးလေးရဲ့ မေမေအကြောင်းပဲပေါ့။ သူ့ဘဝ ဘယ်လိုဖြစ်ပြီး ဘယ်ဆီကို ဦးတည်နေပြီလဲဆိုတာတွေပေါ့ကွယ်။

အီလာရီယာဟာ သစ်စေ့ကလေးတွေ မျိုးထောင်ထားပြီး အဲဒီသစ်စေ့ကလေးတွေက ထွက်လာတဲ့ အညှောက်ကလေးတွေကို စမြင်ရတဲ့ ဥယျာဉ်မှူးတစ်ဦးနဲ့ တူနေတယ်လို့ မေမေကြီး တွေးမိတယ်။ ဒီဥယျာဉ်မှူးဟာ ပင်ညှောက်ကလေးတွေ သေကုန်မှာစိုးတော့ လေဒဏ်၊ မိုးဒဏ်က ကာကွယ်နိုင်အောင် ပလတ်စတစ်စပါးပါးကလေးနဲ့ ဖုံးအုပ်ကာကွယ်ထားတယ်။ ပိုးမွှားတွေရဲ့ ရန်ကကင်းဝေးအောင် ပိုးသတ်ဆေးတွေ ဖျန်းပေးတယ်။ ဥယျာဉ်မှူးဟာ တစ်ချက်မှ နားမနေဘူး။ သူ့အပင်ကလေးတွေကို ဘယ်လိုကာကွယ်ရမယ်ဆိုတာကို နေ့ညမပြတ် စဉ်းစားတယ်၊ ကြံဆတယ်။

တစ်မနက်၊ ပလတ်စတစ်ကိုလည်း ခွာလိုက်ရော သူ အံ့အားအသင့်ကြီး သင့်သွားတယ်။ ပြီးတော့ ဝမ်းနည်းပက်လက် ဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ပင်ညှောက်ကလေးတွေအားလုံး ပုပ်ပြီးသေနေတာကို တွေ့ရတာကိုး။ သူသာ ဒီအညှောက်ကလေးတွေကို လွတ်လွတ်လပ်လပ် ပေါက်ခွင့်ပေးလိုက်ရင် တချို့တလေ သေကုန်မယ်။ ဒါပေမဲ့ တချို့တလေကတော့ ရှင်မှာပဲ။ ပိုးမွှားတွေနဲ့ လေရဲ့သယ်ဆောင်မှုကြောင့် သူမျိုးထားတဲ့ မျိုးစေ့ကလေးတွေ နံဘေးမှာ တခြားမျိုးစေ့ကလေးတွေ ကျရောက် ပေါက်မြောက်လာနိုင်တာပေါ့။ တစ်ချိန်တည်းမှာပဲ ပေါင်းပင်၊ မြက်ပင်တွေကိုတော့ နုတ်ပစ်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် တခြားအပင်တွေက ဖူးပွင့်လာတဲ့ အရောင်တောက်တောက်ပန်းပွင့်တွေက ထုံထိုင်းငြီးငွေ့စရာ ပန်းခြံကလေးကို လန်းဆန်းတက်ကြွစရာ ဖြစ်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



အလှဆင်ပေးမှာပဲ။

မမကြီး ဘာကို ရည်ရွယ်ပြီး ပြောနေတယ်ဆိုတာ သမီးလေး သဘောပေါက်ရဲ့လား။ အခြေအနေ အရပ်ရပ်ဟာ အဲဒီအတိုင်း ဖြစ်လေ့ပျက်လေ့ ရှိတယ် သမီးလေး။ ဘဝက ရက်ရောခြင်းကို တောင်းဆိုတယ်။ တို့ ပတ်ဝန်းကျင်က အခြင်းအရာတွေကို အရေးအရာ မလုပ်ဘဲ တို့တစ်တွေရဲ့ ကိုယ်ပိုင်အကျင့်စရိုက်ကလေးကိုသာ ပျိုးထောင်နေမယ်ဆိုရင် တို့တစ်တွေ ဆက်ပြီး အသက်တော့ရှူနေပါရဲ့၊ ဒါပေမဲ့ ဘဝက သေသွားပြီသာ မှတ်ပေတော့ သမီးလေးရေ့။

အီလာရီယာဟာ သူ့စိတ်သူ အလွန်အမင်း တင်းတင်းကျပ်ကျပ် ချုပ်ချယ်လွန်းတော့ သူ့နှလုံးသားရဲ့အသံကို ဖိနှိပ်မျိုသိပ်ထားရတာပေါ့။ နှလုံးသားဆိုတဲ့ စကားလုံးကို သူနဲ့ဆွေးနွေးရင် မမကြီးမှာ အကြောက်ကြောက် အလန့်လန့် တုန့်တုန့်ယင်ယင်နဲ့ သုံးစွဲခဲ့ရရဲ့။

ဒီနေ့ဒီခေတ်မှာတော့ နှလုံးသားဆိုတဲ့ စကားလုံးကို သာမန်အဆင့် သိပ်အသုံးမဝင်တော့တဲ့ အဆင့်အဖြစ်အောင် သဘောထားနေကြပြီ။ မမကြီး ခပ်ငယ်ငယ်ခေတ်က ဒီစကားလုံးကို စိတ်ကသိကအောက်မဖြစ်ဘဲ ပြောလို့ဆိုလို့ ဖြစ်နေသေးတယ်။ ဒီခေတ်မှာတော့ ဒီစကားလုံးကို ဘယ်သူမှ မသုံးကြတော့ဘူး လေ။ တစ်ခါတစ်ရံ ရှားရှားပါးပါး ကြားရပြန်တော့လည်း ပုံမှန် အလုပ်မလုပ် တော့တာမျိုးနဲ့ ဆက်စပ်ပြီး ပြောလေ့ရှိတယ်။ သူတို့ပြောနေတာက 'နှလုံးသား'ဆိုတဲ့ အဓိပ္ပာယ်အပြည့်အဝကို ရည်ညွှန်းပြီး ပြောတာ မဟုတ်ဘူး။ ဆေးပညာအရ အခေါ်အဝေါ် တစ်ရပ်အနေနဲ့သာ သုံးစွဲကြတာ။ နှလုံးသားဆိုတာ လူသားဝိညာဉ်ရဲ့ ဗဟိုမဏ္ဍိုင်ပဲရယ်လို့ ဘယ်သူမှ ရိပ်ဖမ်းသံဖမ်းတောင် မပြောကြတော့ဘူး။

လူတွေ ဒီစကားလုံးကို ဘာကြောင့်များ ပစ်ပယ်ထားကြပါလိမ့်လို့ မမကြီး မကြာမကြာ စဉ်းစားမိပါရဲ့။ ခရစ်ယာန်သမ္မာကျမ်းစာထဲက ကောက်နုတ်ပြီး အော်ဂတ်စတို မကြာမကြာ ပြောလေ့ရှိတဲ့ စကားကတော့ 'မိမိ၏ နှလုံးသားကို မိမိယုံကြည်စိတ်ချသူသည် သူရူးဖြစ်၏'တဲ့လေ။ ဘာဖြစ်လို့များ ဒီလူဟာ အရူးဖြစ်ရမှာတဲ့လဲ။ ဒီနေရာက မီးထပွင့်တတ်တဲ့ အခန်းကန့်ကလေး





ဖြစ်နေလေလို့လား။ ဒီအထဲမှာ အမှောင်ထုလွှမ်းနေလို့လား။ အမှောင်ထုနဲ့ မီးလေ။ စိတ်ဆိုတာ ခေတ်ဆန်သလောက် နှလုံးသားဆိုတာက ရှေးဆန်နေတယ်။ နှလုံးသားရဲ့ အသံကို နာခံသူတွေဟာ တိရစ္ဆာန်တွေဘက်ကို ပိုပြီး နီးစပ်တယ်၊ ဆင်ခြင်တုံတရားမဲ့သူတွေနဲ့ ပိုပြီး နီးစပ်တယ်၊ ကျိုးကြောင်းပြဆင်ခြင်တုံတရား ရဲ့အသံကို နာခံသူတွေကတော့ ပိုပြီး အဆင့်မြင့်တာတွေနဲ့ နီးစပ်တယ်လို့ ဒီခေတ် လူတွေက ယူဆနေကြပုံရတယ်။

ဒါပေမဲ့ သူတို့ ယူဆနေသလို မဟုတ်ဘူးဆိုရင်ကော။ သူတို့ယူဆချက် နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ အယူအဆက အမှန်တရားဖြစ်နေရင်ကော။ ကျိုးကြောင်းပြဆင်ခြင် သုံးသပ်မှုတွေ လွန်ကဲလွန်းမှုက တို့များရဲ့ ဘဝတွေကို ခြောက်ခန်းနွမ်းကြေစေနိုင်သလား။

ဂရိနိုင်ငံကအပြန် သင်္ဘောပေါ်မှာ မမကြီး မနက်တိုင်း တက်မ ငင်နားသွားကြည့်တဲ့အကျင့် ရလာတယ်ကွဲ့။ တက်မကိုင် အခန်းထဲလှမ်းကြည့် ရတာ ပျော်စရာကောင်းတယ်။ ရေဒါနဲ့ တခြားရှုပ်ရှုပ်ထွေးထွေး ကိရိယာတွေက တို့ ဘယ်ကို ရောက်နေပြီလဲ၊ တို့ဘယ်ကို ဦးတည်သွားနေသလဲဆိုတာတွေကို ညွှန်ပြနေတယ်။ တစ်နေ့တော့ လေထဲမှာ တုန့်ခါနေတဲ့ ကောင်းကင်ကြိုးအမျိုး မျိုးကို ကြည့်ပြီး လူတွေဟာ အသံလှိုင်းတစ်ခုတည်းသာ ဖမ်းလို့မိတဲ့ ရေဒီယို ကလေးတွေနဲ့ တဖြည်းဖြည်း တူလာပြီလို့ မမကြီး အတွေးပေါက်လာတယ်။ ဟို...ကြော်ငြာအဖြစ် လူတွေကို အလကားပေးတဲ့ ရေဒီယို သေးသေးလေးတွေ သိလေကွယ်။ ဒိုင်ခွက်ပေါ်မှာ အသံလွှင့်ဌာနတိုင်းကို ပြထားတယ်။ ဒါပေမဲ့ အသံလှိုင်းရှာခလုတ်ကို လှည့်တဲ့အခါ အသံလွှင့်ဌာန တစ်ခု နှစ်ခုပဲ ဖမ်းလို့ ရတယ်။ တခြားဌာနတွေ နေရာကျတော့ ရှီ...ဝီ...နဲ့ဖြစ်နေတော့တယ်။

စိတ်ကို အသုံးပြုလွန်းတဲ့အခါမှာလည်း အဲဒီအကျိုးသက်ရောက်မှုမျိုး ဖြစ်ထွန်းစေမယ်လို့ မမကြီး ယူဆတယ်။ မမကြီးတို့ ပတ်ဝန်းကျင်မှာ ရှိတဲ့ အရှိတရားတွေထဲက တစ်စုံတစ်ရာ အတိုင်းအတာအထိပဲ တို့များ ရှာဖွေ နိုင်မယ်လေ။ အဲဒီအကန့်အသတ်နဲ့ အရှိတရားတွေတောင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နိုင်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီအရှိတရားတွေထဲမှာ စကားလုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



အဆာသွတ်ထားလို့ပဲ။ များသောအားဖြင့် စကားလုံးတွေက တို့တွေကို ပိုပြီး ကျယ်ပြောတဲ့ နယ်ပယ်ထဲကို ခေါ်သွားမယ့်အစား တို့တစ်တွေကို ဝိုင်းကြီးပတ်ပတ် ချာချာလည်အောင်သာ ဦးဆောင်ခေါ်ငင်သွားတတ်တာကလား။

နားလည်သဘောပေါက်ဖို့ တိတ်ဆိတ်ခြင်း လိုအပ်တယ်သမီးလေး။ ငယ်ငယ်ရွယ်ရွယ် မိန်းမသား ဘဝတုန်းကတော့ မေမေကြီးလည်း ဒါကို မသိခဲ့ဘူး။ ဒါပေမဲ့ မှန်ကန်ကလေးထဲမှာ တစ်ကိုယ်တော် စံမြန်းနေတဲ့ ရွှေငါးကလေးလို အိမ်ထဲမှာ တစ်ယောက်တည်း မွှေနှောက်သွားလာနေတဲ့ ခုချိန်မှာ ဒါကို မေမေကြီးသိလာပြီ။ ဒါနဲ့က ဘာနဲ့ ဆင်တူသလဲဆိုတော့ ဖုန်တင်နေတဲ့ ကြမ်းပြင်ကို တံမြက်စည်းနဲ့ လှည်းတာနဲ့ ရေစိုအဝတ်စနဲ့သုတ်တာလိုပဲကွဲ့။ တံမြက်စည်းကို သုံးရင် လေထဲမှာ ဖုန်တွေထပြီး တစ်ခန်းလုံး ပျံ့နှံ့ကုန်ရော။ အဲ ရေစိုဝတ်စနဲ့ သုတ်တဲ့အခါကျတော့ ကြမ်းပြင်တစ်ပြင်လုံး သန့်ရှင်းပြီး ပြောင်လက်သွားတယ်။ တိတ်ဆိတ်ခြင်းဟာ ရေစိုအဝတ်စနဲ့တူရဲ့။ တင်နေတဲ့ဖုန်မှုန့်တွေ -အမြဲတမ်း ကင်းစင်ရှင်းသန့်သွားအောင် လုပ်ပေးနိုင်တယ်။

စကားလုံးတွေက စိတ်ကို အကျဉ်းချထားတယ်။ တကယ်လို့ အဲဒီစကားလုံးတွေမှာ စည်းချက်ဝါးချက် ရှိမယ်ဆိုရင်တောင် အဲဒါဟာ အဆက်အစပ်မဲ့ ဖြစ်ပေါ်နေတဲ့ အတွေးတွေရဲ့ စည်းချက်ဝါးချက်ပဲ ဖြစ်မယ်။ နှလုံးသားကတော့ ပိုပြီးအေးချမ်းတယ်။ တစ်သမတ်တည်း လှုပ်ရှားနေတဲ့ တစ်ခုတည်းသော ကိုယ်အင်္ဂါအစိတ်အပိုင်း ဖြစ်တယ်။ နှလုံးရဲ့ တုန်ခုန်မှုက တို့တစ်တွေကို ပိုပြီး ကြီးမားတဲ့ တုန်ခုန်မှုတွေနဲ့ အလိုက်သင့် ဖြစ်အောင် ညှိပေးတယ်။

မေမေကြီးဆိုရင် မေ့မေ့လျော့လျော့နဲ့ ရုပ်မြင်သံကြားစက်ကို မပိတ်မိဘဲ တစ်နေ့ခင်းလုံး ဖွင့်ထားတာမျိုး ဖြစ်လေ့ရှိတယ်။ ဒီစက်ကို ကြည့်နေတာ မဟုတ်ပေမဲ့ ဒီစက်က မြည်နေတဲ့အသံတဂျိုးဂျိုးကို အိမ်ထဲ ဘယ်နေရာကဖြစ်ဖြစ် ကြားနေရတာပဲ။ ညအိပ်ရာဝင်ချိန်လည်းကျရော မေမေကြီးရဲ့စိတ်ဟာ ခါတိုင်းထက်ပိုပြီး တင်းကျပ်နေတယ်။ အိပ်မပျော်တော့ဘူး။ အဆက်မပြတ် မြည်နေတဲ့အသံနဲ့ ယောက်ယက်ခတ်လှုပ်ရှားမှုဟာ မူးယစ်ဆေးတစ်မျိုးပဲ။ ဒီဆေးသောက်တာ အကျင့်ပါသွားတာနဲ့ အဲဒီဆေး မမှီဝဲရင် ဘာမှလုပ်လို့ မရတော့ဘူးသာမှတ်။





ကဲ၊ ဟိုအကြောင်း ဒီအကြောင်းတွေ ထပ်ရေးမနေချင်တော့ပါဘူးကွယ်။ ဒီနေ့ရေးခဲ့တဲ့ စာမျက်နှာတွေက တို့မြေးအဘွား တစ်ခါတုန်းက ဖုတ်ခဲ့တဲ့ ကိတ်မုန့်တစ်လုံးကို သွားပြီး သတိရစေတယ်။ အဲဒီတုန်းကလည်း သမီးလေး ပဲ မေမေကြီးကို မြှောက်ပေးခဲ့တာလေ။ အကောင်းတကာ့ အကောင်းဆုံး ကိတ်မုန့်ကြီးဖုတ်ဖို့။ ဒီကိတ်မုန့်ထဲမှာ တို့မြေးအဘွား ထည့်ခဲ့တဲ့ ပစ္စည်းတွေက သီဟိုဠ်သရက်စေ့၊ စတော်ဘယ်ရီ၊ ဒိန်ခဲ၊ ချောကလက်...တခြား အမည်ပေါင်းလည်း မနည်းဘူး။ အကောင်းဆုံးတွေချည်း ရောစပ်ပြီး ဖုတ်ထားတဲ့ ကိတ်မုန့်ပေါ့။

ခု မေမေကြီးရဲ့ စာလည်း အဲဒီလိုဖြစ်နေပြီ။ အရှုံးလွယ်အိတ်လားဖြစ်နိုင်တယ်။ မေမေကြီး စိတ်မျက်စိထဲမှာ ပုံဖော်ကြည့်လို့ ရပါတယ်။ တကယ်လို့ ဒီစာတွေကို အတွေးအခေါ်ပညာရှင်တစ်ယောက်သာ ဖတ်မိရင် ဟိုတုန်းက ဆရာအိုကြီးတွေ လုပ်လေ့ရှိသလို မင်နီတံထုတ်ပြီး မျဉ်းသားချင်စိတ်ကို ချုပ်တည်းနိုင်မှာ မဟုတ်ဘူးလို့၊ ပြီးရင် သူ မှတ်ချက်တွေ ရေးမယ်။ 'ရှေ့နောက်ညီဘူး'၊ 'လိုရင်းမရောက်ဘူး'၊ 'ဟုတ္တိဗေဒအရ မခိုင်လုံဘူး'ဆိုတာတွေပေါ့။

ဒီစာတွေကို စိတ်ပညာရှင်တစ်ယောက်က ဖတ်မိရင်ကော...သူဘာလုပ်မယ်ထင်လဲ သိလား။ မေမေကြီးနဲ့ မေမေကြီးရဲ့သမီး ဆက်ဆံရေး မအောင်မြင်ခဲ့တာတွေ၊ မေမေကြီး မလုပ်ခဲ့တာတွေ၊ မပြောခဲ့တာတွေကို သုတေသနစာတမ်း တစ်စောင် ရေးဖြစ်သွားမယ် ထင်တယ်။

ထားပါတော့လေ၊ မေမေကြီး မလုပ်မပြောဘဲ ထိမ်ချန်ထားခဲ့တဲ့ တိုင်အောင် ဒါတွေဟာ ဘာများအရေးပါတော့လို့လဲ။ မေမေကြီးမှာ သမီးတစ်ယောက်ရှိခဲ့တယ်၊ သူ့ကို ဆုံးရှုံးခဲ့ရတယ်။ သူဟာ ကားတိုက်မှုဖြစ်ပြီး သေခဲ့ရတာ။ သူ့ဘဝကို စိတ်ဆင်းရဲစရာဖြစ်အောင် လုပ်တဲ့အဖေ (သူ့စွပ်စွဲချက်အရ) ဟာ သူ့အဖေရင်း မဟုတ်တဲ့အကြောင်း မေမေကြီး ဖွင့်ပြောလိုက်တဲ့နေ့မှာပဲ အဲဒီလို ကားတိုက်မှုဖြစ်ခဲ့တာ။ အဲဒီနေ့က ဖြစ်ပျက်ခဲ့တဲ့ အခိုက်အတန့်ကလေးတိုင်းကို ရုပ်ရှင်ကြည့်နေရသလို ပြက်ပြက်ထင်ထင် ပြန်မြင်နေရတယ်။ ဘာပြီး ဘာဖြစ်တယ်၊ ဘာပြောတယ်ဆိုတာတွေကို တစ်ကွက်ချင်း မှတ်မိနေတာကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုဘာမှ မမေ့ဘူး။ အကြောင်းအရာတွေအားလုံး ရင်ထဲမှာ ရှိနေတယ်။ မမကြီး အိပ်နေနေ၊ နိုးနေနေ ဒီအကြောင်းအရာတွေက မမကြီးစိတ်ထဲမှာ တုန်ခုန်နေတယ်။ မမကြီး သေပြီးတဲ့တိုင် ဆက်ပြီး တုန်နေ ခုန်နေဦးမှာပဲ။

ငှက်မည်းကလေး အိပ်ရာကနိုးလာပြီး ဘူးအပေါက်ထဲက ခေါင်းကလေး ပြူလာတယ်။ ပြီးတော့ တကျစ်ကျစ်နဲ့ မြည်သံပေးနေတယ်။ ကြည့်ရတာ 'ကျွန်မဆာနေပြီ၊ ဘာဖြစ်လို့ ကျွန်မကို အစာမကျွေးသေးတာလဲ' လို့ ပြောနေပုံပဲ။ မမကြီး စောစောကလေးကပဲ သူ့ကိုကျွေးစရာ ဘာများရှိမလဲလို့ ရေခဲသေတ္တာထဲ သွားကြည့်ပြီးပြီ။ သူ စားလို့ရတာ ဘာမှ မရှိဘူး။ ဒါနဲ့ တီကောင်ကလေး နည်းနည်းပါးပါးမျှဖို့ ဒေါ်တာဆီ ဖုန်းဆက်ထားရတယ်။ တယ်လီဖုန်း ဒိုင်ခွက်ကို လှည့်ရင်း ငှက်မည်းမကလေးကို မမကြီး ပြောနေမိတယ်။

'ညည်းဥက ပေါက်ပြီးတဲ့နောက် ပထမဦးဆုံးအကြိမ် စမ်းပျံကြည့်တယ်၊ အဲဒီနောက် ညည်းမိဘတွေရဲ့ ပုံပန်းကို မမှတ်မိတော့ဘဲ မေ့လျော့သွားတယ်။ အဲဒါ ညည်းဘယ်လောက် ကံကောင်းတယ် မှတ်သလဲ'

□

## နိဝင်ဘာ ၃၀

ဒီမနက် ကိုးနာရီထိုးလောက်မှာ ဒေါ်တာနဲ့ သူ့မိန်းမ ရောက်လာတယ်၊ တီကောင်တွေ အိတ်ကလေး တစ်အိတ်နဲ့ ထည့်လို့။ ဒေါ်တာရဲ့ ညီဝမ်းကွဲ တစ်ယောက် ငါးမျှားဖို့ဆောင်ထားတဲ့ တီကောင်တွေတဲ့။

ဒေါ်တာရဲ့ အကူအညီနဲ့ ငှက်မည်းမကလေးကို စက္ကူဘူးထဲက ညင်ညင်သာသာကလေး မထုတ်တယ်။ သူ့ရဲ့ရင်ဘတ်မွေးနုနုကလေးတွေအောက်က နှလုံးသေးသေးကလေးဟာ တဒိုင်းဒိုင်းခုန်နေရှာတယ်။ ပန်းကန်ပြားပေါ်တင်ထားတဲ့ တီကောင်တွေကို သံညှပ်ကလေးနဲ့ ညှပ်ပြီး ငှက်ကလေးကို ပြတယ်။ ဒါပေမဲ့ သူ့နှုတ်သီးရှေ့မှာ တီကောင်ကို ဘယ်လောက်ပဲ လှုပ်ပြ လှုပ်ပြ သူက ကြည့်ဖော်တောင် မရဘူး။

'နှုတ်သီးကို သွားကြားထိုးတံနဲ့ထိုးပြီး ဖွင့်၊ ဒါမှမဟုတ်လည်း ခင်ဗျားလက်နဲ့ပဲ ဆွဲဖွင့်ဗျာ'

ဒေါ်တာက အကြံပေးတယ်။ ဒါပေမဲ့ မမကြီးကလည်း အဲဒီလို မလုပ်ရဲဘူး။ အဲဒီနောက်မှာမှ တို့မြေးအဘွားငှက်ကလေးတွေ မွေးကြတုန်းက ငှက်နှုတ်သီးနံ့ဘေးကို ပွတ်ပေးရတာ သတိရလာတယ်။ ဟုတ်လည်း ဟုတ်တယ်ကွဲ့။ အဲဒီလိုလည်း ပွတ်ပေးလိုက်ရော သူ့နှုတ်သီးကလေး ချက်ချင်းပွင့်လာတော့တယ်။ တီကောင် သုံးကောင်နဲ့ပဲ သူ ဝသွားပါတယ်။ ဆီညော်ရာရှာဇမင်ဂျ ကော်ဖီဖျော်တယ်။ မမကြီးရဲ့ လက်တစ်ဖက်ချည့်သွားကတည်းက မမေ

www.burmeseclassic.com

www.burmeseclassic.com



ကြီး မလုပ်နိုင်တော့တဲ့ အလုပ်လေ။ အဲဒီနောက် စားပွဲမှာ ဝိုင်းထိုင်ပြီး ခဏ တစ်ဖြုတ် စကားစမြည်ပြောကြတယ်။ သူတို့ လင်မယားရဲ့ ကြင်နာမှုနဲ့ ကူညီမှု ကိုသာ မရရင် ခုနောက်ပိုင်း မေမေကြီးရဲ့ ဘဝဟာ တော်တော်ကြီး ဒုက္ခရောက် မှာပဲ။ နောက်သုံးလေးရက်လောက်နေရင် သူတို့နှစ်ယောက် သစ်ပင်ပန်းမန်ပျိုး ဥယျာဉ်ကိုသွားပြီး လာမယ့် နွေဦးမှာစိုက်ဖို့ ပန်းဥတွေနဲ့ မျိုးစေ့တွေ ဝယ်မလို့ တဲ့။ သူတို့နဲ့ လိုက်ခဲ့ပါလားလို့ မေမေကြီးကို ပြောတယ်။ မေမေကြီးက စဉ်းစားဦးမယ်၊ နက်ဖြန်မနက် ကိုးနာရီကျမှ ဖုန်းဆက်ပြီး အကြောင်းပြန်မယ် လို့ ပြောလိုက်တယ်။

အဲဒီနေ့က မေလရှစ်ရက်နေ့ပေါ့။ မေမေကြီး တစ်မနက်လုံး ပန်းခြံထဲ မှာ တကုပ်ကုပ် အလုပ်လုပ်နေတယ်။ နေ့လယ်စာ စားချိန်မှာ သမီးလေးရဲ့ မေမေရောက်လာတယ်။ လုံးဝမျှော်လင့်မထားမိဘူး။ သူ မေမေကြီးနောက်ကို တိတ်တိတ်ကလေးကပ်လာတယ်။ ပြီးမှ 'အံ့အားသင့်သွားအောင်ကွ'လို့ ရုတ် တရက်ကြီး အော်လိုက်တယ်။ မေမေကြီးလည်း အထိတ်တလန့်ဖြစ်သွားလိုက် တာ လက်ထဲက ထွန်ခြစ်တောင် လွတ်ကျသွားပါရဲ့။ ဒီစိတ်ဓာတ်တက်ကြွမှုနဲ့ ပျော်ပျော်နေမှုကို သစ္စာဖောက်နေတာက သူ့မျက်နှာသွင်ပြင်ပဲ။ သူ့မျက်နှာက ဖြူဖျော့နေတယ်။ နှုတ်ခမ်းတွေက တင်းတင်းစေ့ထားတယ်။ စကားပြောရင်း ဆံပင်ထဲကို လက်ထိုးဖွနေတယ်။ မျက်နှာပေါ်ကျနေတဲ့ ဆံခြည်မျှင်ကိုဆွဲဖယ် တယ်။ အဲဒီဆံခြည်မျှင်ကို လက်နဲ့ ဆွဲထားတယ်။ ဆံစအဖျားကို ပါးစပ်ထဲ ထည့်တယ်။

သူ ဒီလို အကျင့်မျိုးရနေတာ တော်တော်လေး ကြာပါပြီ။ ဒီတော့ မေမေကြီးလည်း စိုးရိမ်သောကတွေ ပွားမနေတော့ပါဘူး။ ယုတ်စွအဆုံး ခါတိုင်း ထက်ပိုပြီး စိုးရိမ်ပူပန်မဖြစ်မိဘူးပေါ့။ မေမေကြီး သူ့ကိုမေးတယ်၊ သမီးလေး ဘယ်မှာကျန်ခဲ့သလဲလို့။ သမီးလေး သူ့သူငယ်ချင်း တစ်ယောက်ရဲ့အိမ်မှာ ဆော့နေတယ်လို့ သူက ပြန်ပြောတယ်။ သားအမိနှစ်ယောက် အိမ်ဘက်ကို လျှောက်လာတော့ သူက သူ့အိတ်ထဲက ရေစို ညစ်ပတ်နေတဲ့ 'တို့ကို မေ့မသွား နဲ့နော်' ပန်းတစ်စည်းကို ထုတ်ယူတယ်။



'ဒီနေ့ မိခင်နေ့လေ'

ပြောပြီး မတ်တတ်ရပ်နေတယ်။ မြေကြီးမှာ အမြစ်တွယ်နေပုံမျိုး။ ဒီတော့ မေမေကြီးကပဲ ဦးဆောင်လှုပ်ရှားလိုက်ပါတယ်။ သူ့ဆီကိုသွားတယ်။ သူ့ကို မြတ်မြတ်နိုးနိုး ပွေ့ဖက်ပြီး ကျေးဇူးတင်စကားပြောတယ်။ သူ့ကိုယ်ခန္ဓာ နဲ့ ထိတွေ့ရတဲ့အတွေ့ဟာ တုန်လှုပ်စရာကောင်းလှတယ်။ သူ့ကိုယ်ခန္ဓာဟာ ထိတ်လန့်စရာ ကောင်းလှအောင် တောင့်တောင့်ကြီး ဖြစ်နေတယ်။ သူနှင့် ရင်ချင်းအပ်လိုက်တော့ ပိုပြီးတောင် တောင့်တောင့်တင်းတင်းကြီး ဖြစ်သွားသေး။ သူ့ကိုယ်ခန္ဓာဟာ အခေါင်းပေါက်ကြီးဖြစ်နေသလို မေမေကြီး ထူးထူးခြားခြား ခံစားရတယ်။ သူ့ကိုယ်ခန္ဓာက လိုဏ်ဂူတစ်ခုရဲ့ အေးစိမ့်မှု မျိုးကို ထုတ်လွှတ်ပေးနေတယ်။

မေမေကြီး ကောင်းကောင်းမှတ်မိနေတာပေါ့ကွယ်၊ အဲဒီအချိန်မှာ မေမေကြီး ချက်ချင်း စဉ်းစားမိတာက သမီးလေးအကြောင်းပေါ့။ ဒီလောက်ထိ အခြေအနေ ဆုတ်ယုတ်လာတဲ့ မိခင်တစ်ဦးရဲ့ ကလေးရဲ့ နောင်ရေးဟာ ဘယ်လို နေမလဲလို့ မေမေကြီး တွေးပူမိတယ်။ သူ့အခြေအနေက ပိုကောင်းမလာဘဲ ဆိုးလာတယ်။ ဒီတော့ သမီးလေး လူတစ်လုံး သူတစ်လုံး ဖြစ်ရေးအတွက် မေမေကြီး တွေးပူရပြီပေါ့။ သမီးလေးရဲ့ မေမေက ပိုင်ဆိုင်လိုစိတ် သိပ်ပြင်းထန် တယ်။ ဒီတော့ တတ်နိုင်သလောက် သမီးလေးကို မေမေကြီးဆီ ခေါ်မလာဘူး။ သူ့သမီးလေးကို မေမေကြီးရဲ့ အပျက်မြင် အယူအဆတွေ မလွှမ်းမိုးအောင် ထားကွယ်တာပေါ့ကွယ်။ မေမေကြီးက သူ့ဘဝကို ဖျက်ဆီးခဲ့ပြီ။ ဒီတော့ သမီး လေးရဲ့ဘဝကို မေမေကြီး ဖျက်ဆီးတာ မခံတော့ဘူးဆိုတဲ့ သဘောပေါ့။

အချိန်က နေ့လယ်စာ စားချိန်။ သူ့ကို တွေးမွေ့ပြီးတဲ့အခါ မေမေ ကြီးက စားဖို့ဆောင်ကိုသွားတယ်။ စားစရာ တစ်ခုခုပြင်ဆင်ဖို့။ ရာသီဥတုက အေးအေးပျော့နေတယ်။ ဒါနဲ့ စားပွဲကို အပြင်မှာပဲ ပြင်လိုက်တယ်။ အဖြူ အစိမ်းလေးကွက်ကြား စားပွဲခင်းကို ခင်းတယ်။ စားပွဲအလယ်တည့်တည့်မှာ ပန်းအိုးသေးသေးလေး ချပြီး 'တို့ကို မေ့မသွားနဲ့နော်' ပန်းတွေထိုးလိုက်တယ်။ တွေ့လား၊ မေမေကြီး မှတ်ဉာဏ်မကောင်းဘူးဆိုပေမဲ့ ဒီဖြစ်စဉ်တွေကိုတော့

www.burmeseclassic.com



အံ့စရာကောင်းလောက်အောင် အသေးစိတ် မှတ်မိနေပါတယ်။

အဲဒီတုန်းက ဒါဟာဖြင့် သူ့ကို အသက်ရှင်လျက် နောက်ဆုံးအကြိမ် တွေ့ရတာပဲလို့ မေမေကြီးစိတ်ထဲမှာ ထင်နေခဲ့သလား။ ဒါမှမဟုတ် မေမေကြီးရဲ့ မှတ်ဉာဏ်ကပဲ မေမေကြီးကို လှည့်စားနေသလား။ မေမေကြီးတို့နှစ်ယောက် နောက်ဆုံးအတူနေခဲ့တဲ့ အချိန်အကြောင်းကို ကြေကွဲစရာဇာတ်လမ်း အပြီးမှာမှ ပိုပိုသာသာ ဝေဝေဆာဆာဖြစ်အောင် လုပ်မိနေသလား။ ဘယ်သူဘာပြောနိုင်မလဲ။ မေမေကြီးတော့ မပြောတတ်ဘူး။

အသင့်ပြင်ပြီးသား စားစရာ ဘာမှမရှိဘူး။ ဒါနဲ့ ခရမ်းချဉ်သီးချဉ်ရည်စပ်လိုက်တယ်။ ချဉ်ရည်အသင့်ဖြစ်ခါနီးတော့ အီလာရီယာကို ဘာခေါက်ဆွဲစားမလဲလို့ လှမ်းမေးလိုက်တယ်။ အီလာရီယာက 'ကြိုက်တာသာလုပ်' လို့ ခြံထဲက လှမ်းအော်ပြောတယ်။ မေမေကြီးက မုန့်ပြားသလက်လုပ်လိုက်တယ်။ စားပွဲမှာ ထိုင်မိတော့ မေမေကြီးက သမီးလေးအကြောင်းမေးတယ်။ သူက ဝေ့လည်ကြောင်ပတ်အဖြေတွေပဲဖြေတယ်။ မေမေကြီးတို့ ပတ်ဝန်းကျင်မှာ ပိုးကောင်တွေ ရှုပ်ရှက်ခတ်အောင် ပျံသန်းနေတယ်။ သူတို့က ပန်းဝတ်ရည်တွေ စုပ်လိုက်၊ ထပျံလိုက်နဲ့ တဝီဝီမြည်နေတာ တစ်ခါတလေ မေမေကြီးတို့တောင် တစ်ယောက်ပြောတာ တစ်ယောက် မကြားရလောက်အောင်ပဲ။ အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလို သမီးလေးမေမေရဲ့ ပန်းကန်ပေါ်ကို မည်းမည်းအကောင်တစ်ကောင်ကျလာပါရော။

'အမယ်လေ၊ အဲဒါနကျယ်ကောင် မေမေရဲ့။ သတ်ပစ်ပါ၊ သတ်ပစ်ပါ'

သူအော်တယ်၊ ထိုင်ရာက ခုန်ပြီးထတယ်။ အားလုံးမှောက်ကုန်တယ်။ မေမေကြီး ခါးကိုင်းပြီးကြည့်လိုက်တော့ ပိတုန်းတစ်ကောင် ဖြစ်နေတာ တွေ့ရတယ်။

'နကျယ်ကောင် မဟုတ်ပါဘူး သမီးရဲ့၊ ပိတုန်းပါ။ အန္တရာယ်မရှိပါဘူး'

ပိတုန်းကို စားပွဲပေါ်က မောင်းထုတ်ပြီး မုန့်ပျားသလက်ကို သူ့ပန်း



ကန်ထဲ ပြန်ထည့်ပေးလိုက်တယ်။ သူစားပွဲမှာ ပြန်ထိုင်တယ်။ ကတုန်ကယင်ဖြစ်နေတုန်းပဲ။ သူခက်ရင်းကို ကောက်ကိုင်တယ်။ ခက်ရင်းကို ဟိုလှည့်ဒီလှည့်လုပ်နေတယ်။ ပြီးတော့ ခက်ရင်းကို ဟိုဘက်လက်ထဲ ပြောင်းကိုင်လိုက် ဒီဘက်လက်ထဲ ပြောင်းကိုင်လိုက် လုပ်နေတယ်။ အဲဒီနောက် စားပွဲပေါ်မှာ တံတောင်ဆစ်တွေ ထောက်ပြီး 'သမီးငွေနည်းနည်းလိုနေတယ်'လို့ ပြောတယ်။ စားပွဲခင်းတစ်နေရာ၊ ချဉ်ရည်တွေ ဖိတ်ကျတဲ့ နေရာမှာတော့ အနီကွက်ကြီးထင်းလို့။

ဒီငွေကြေးကိစ္စပေါ်နေတာ လပေါင်း အတော်ကြာနေပြီ။ လွန်ခဲ့တဲ့နှစ် ခရစ်စမတ်ပွဲတော် မတိုင်ခင်ကတည်းကပဲ။ အဲဒီတုန်းကတည်းက အီလာရီယာဟာ သူ့ဆရာဝန်အတွက် စာချုပ်စာတမ်းတချို့ကို လက်မှတ်ထိုးပေးလိုက်ရတယ်လို့ ဝန်ခံတယ်။ မေမေကြီးက စိစိစစ်စစ် တိတိကျကျ မေးတော့ ထုံးစံအတိုင်း ဝေ့လည်ကြောင်ပတ်တွေ လျှောက်ပြောတော့တာပဲ။

'အာမခံချက်တွေလေ၊ ထုံးတမ်းစဉ်လာ စာရွက်စာတမ်းတွေပါ'

အဲဒါမေမေကြီး ကြောက်လန့်လာအောင် လုပ်တဲ့ သူ့နည်းပေါ့။ မေမေကြီးကို ပြောစရာတစ်ခုခုရှိရင် တစ်ဝက်တစ်ပျက်ပဲ ပြောတယ်။ သူ့ရဲ့ ပူပင်သောကတွေကို ရင်ဖွင့်ပြီး မေမေကြီးအပေါ် လွှဲပေးတယ်။ နောက်ပြီး သူ့ကို ကူညီနိုင်ရေးအတွက် အချက်အလက်တွေကျတော့ ပြောမပြဘူး။ ဒီအမူအကျင့်တွေထဲမှာ တစ်ဖက်သားကို ညှဉ်းဆဲရတာ အရသာခံတတ်တဲ့ စိတ်ဖောက်ပြန်မှုငွေ့ငွေ့ကလေး ပါဝင်နေတယ်။ နောက်ပြီး တခြားလူတွေရဲ့ စိုးရိမ်ကြောင့်ကြမှုကို ခံယူရသူ ဖြစ်ချင်တဲ့ ဆန္ဒကလည်း ပြင်းထန်တယ်။

ဥပမာအဖြစ် ပြောရရင် 'မေမေ၊ သမီးမှာ သားအိမ်ကင်ဆာဖြစ်နေပြီ'လို့ သူတစ်ခါက ပြောဖူးတယ်။ ဒါပေမဲ့ မေမေကြီး နည်းနည်းအားထုတ်ပြီး စုံစမ်းကြည့်လိုက်တော့ တခြားမိန်းကလေးတွေလို သူလည်း ပုံမှန်ဆေးစစ်မှုပဲ လုပ်နေတာပါပဲ။ တွေ့တယ် မဟုတ်လား။ သူ့ကို သနားလာအောင် ကယောင်ပရိယာယ်များပြီး ငိုနေတဲ့ကလေးတစ်ယောက်လိုပေါ့။

လွန်ခဲ့တဲ့နှစ် အနည်းငယ်လောက်ကတည်းက သူ မေမေကြီးကို ဆားဆိုး အန္တရာယ်ဆိုးကြုံပြီး ဖြစ်ပျက်ခဲ့တဲ့ ကြေကွဲစရာဇာတ်လမ်းတွေ အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြောပြခဲ့တာပေါ့။ များလွန်းမက များလွန်းလာတော့ သူပြောတဲ့ ဓာတ်လမ်းတွေကို မမကြီး မယုံတော့ဘူး။ ဒါမှမဟုတ်လည်း သိပ်လေးလေးနက်နက် သဘောမထားတော့ဘူး။ ဒီတော့ စာချုပ်စာတမ်းတွေ လက်မှတ်ထိုးတဲ့အကြောင်း ပြောပြတော့ မမကြီး အလေးမထားခဲ့ဘူး။ ဒီ့ထက် အသေးစိတ် အချက်အလက်တွေလည်း ထပ်မမေးမိဘူး။ မမေးတာလည်း မပြောနဲ့လေ၊ သူ့ထွင်လုံးတွေကို မမကြီး စိတ်ပျက်ငြီးငွေ့နေပြီကိုး။ မမကြီး ဖွတ်အတင်းမေးလို့ ဒီအကြောင်း စေ့စေ့စီးစီး သိရလည်း သိပ်အကြောင်းထူးမှာ မဟုတ်ပါဘူး။ စာတမ်းတွေကို သူက လက်မှတ်ထိုးပြီးသား ဖြစ်နေပြီကိုး။

တကယ့်အရေးအခင်းက ဖေဖော်ဝါရီလကုန်ပိုင်းကျမှ ပေါ်လာတာ။ အီလာရီယာ လက်မှတ်ထိုးထားတဲ့ စာချုပ်စာတမ်းတွေက သူ့ဆရာဝန်ရဲ့ စီးပွားရေးလုပ်ငန်းကို လိုင်ယာ သန်းသုံးရာအထိ တာဝန်ယူ အာမခံထားတဲ့ စာချုပ်စာတမ်းတွေကိုး။ သူ လက်မှတ်ထိုးပေးပြီး နှစ်လအတွင်းမှာ သူ့ဆရာဝန်ရဲ့ လုပ်ငန်းက လူမွဲစာရင်းသွင်းခံလိုက်ရတယ်။ ဘဏ်ကို ပြန်ဆပ်ရမှာက ကုဋေနှစ်ရာလောက်ရှိနေတော့ ဘဏ်က အပေါင်ပစ္စည်းတွေ သိမ်းဖို့ စီစဉ်တော့တာပေါ့။ အဲဒီမှာတင် သမီးလေးရဲ့ မေမေဟာ မမကြီးဆီ ပြေးလာပြီး ငိုတော့တာပဲ။ သူဘာလုပ်ရမလဲလို့လည်း မေးတယ်။ သူ့ရဲ့အာမခံငွေအတွက် အပေါင်ထားတာက သမီးလေးတို့ သားအမိနေတဲ့အိမ်ပေါ့ကွယ်။ ခုဘဏ်က ဒီအိမ်ကို သိမ်းတော့မယ်လေ။

သမီးလေး စဉ်းစားကြည့်စမ်း၊ မမကြီး ဘယ်လောက် ဒေါသထွက်မလဲဆိုတာ။ သမီးလေးရဲ့မေမေဟာ အသက်သာ သုံးဆယ်ကျော်လာတယ်၊ မမကြီးရဲ့ ကူညီထောက်ပံ့မှုမပါဘဲ လုံးလုံးရပ်တည်နေနိုင်တာ မဟုတ်ဘူး။ ခုကြည့်၊ သမီးလေးကို မွေးတော့မှ သမီးလေးတို့ သားအမိ နေဖို့ဆိုပြီး အီလာရီယာရဲ့ နာမည်နဲ့ မမကြီး ဝယ်ပေးခဲ့တဲ့အိမ်ကို လက်လွှတ်ဆုံးရှုံးရအောင် လုပ်ပစ်လိုက်ပြီ။ မမကြီး စိတ်တွေ မချုပ်တည်းနိုင်လောက်အောင် ဖြစ်သွားတယ်။ ဒါပေမဲ့ သူ မရိပ်မိအောင် ထိန်းထားလိုက်တယ်။ သူ့အပေါ်ထပ်ပြီး ဖိအားမပေးချင်တာနဲ့ ဣန္ဒြေမပျက် အေးအေးဆေးဆေးပဲ ပြောလိုက်တယ်။



'ဘယ်လို စီစဉ်ရမလဲဆိုတာ ကြည့်ကြသေးတာပေါ့ သမီးရယ်'

သူဘာမှ မလုပ်တတ်တော့ဘူး။ သူလုံးလုံးလျားလျား လက်မြှောက်အရှုံးပေးထားပြီ။ ဒီတော့ မမကြီးက ရှေ့နေကောင်းကောင်း တစ်ယောက်ကို ငှားလိုက်တယ်။ ဘဏ်တွေနဲ့ ရင်ဆိုင်တဲ့အခါ ကိုယ့်ဘက်က ခိုင်ခိုင်မာမာ ခုခံနိုင်ဖို့ မမကြီးဟာ စုံထောက်တစ်ယောက်လို သတင်းအစအနတွေကို ရနိုင်သလောက် လိုက်ပြီး စုံစမ်းထောက်လှမ်းတယ်။ အဲဒီလို သတင်းအနံ့ခံလိုက်ရင်း မတော်တဆ ခလုတ်တိုက်ပြီး သိခဲ့ရတာကတော့ နှစ်ပေါင်းများစွာအတွင်း အဲဒီဆရာဝန်ဟာ အီလာရီယာကို ဆေးပြင်းလိပ်တွေ တိုက်ခဲ့တယ်ဆိုတဲ့ အချက်ပဲ၊ ကုသမှုခံနေချိန်အတွင်း စိတ်ကျရောဂါဝင်လာရင် ဆရာဝန်က သူ့ကို ဝီစကီ တိုက်သတဲ့လေ။ ဒီကုထုံးကို ထပ်ကာတလဲလဲ ကျင့်သုံးရင်း အီလာရီယာ သူ့ရဲ့ အချစ်ဆုံးပါရမီရှင် တပည့်မကလေး ဖြစ်လာတယ်။ မကြာတော့တဲ့ ကာလအတွင်း တစ်ပါးသူတွေကို ကုသပေးနိုင်တဲ့ အဆင့်ရောက်တော့မယ်တဲ့လေ။

စဉ်းစားကြည့်စမ်း။ သူ့ရဲ့ပျော့ညံ့မှု၊ သူ့ရဲ့တွေဝေမှု၊ သူ့ရဲ့ သရုပ်မပေါ်ပြင်မှုတွေနဲ့ အီလာရီယာက တခြားလူတွေကို ကုသဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲ။ ငွေကြေးပြဿနာကသာ ဝင်ပြီး မနှောင့်ယှက်လိုက်ရင် သူဟာ ဆရာမကြီးလုပ်တော့မှာ။ တခြားလူတွေကို ကုသတော့မှာ။ မမကြီးကို တစ်ချက်ကလေးမှ မတိုင်ပင် အကြောင်းမကြားဘဲ သူ့ဆရာကြီး လုပ်သလိုသူ ပါ လိုက်လုပ်တော့မယ်။

ထုံးစံအတိုင်းပေါ့ကွယ်၊ အဲဒီလို ရှုပ်ရှုပ်ပွေပွေ စီမံကိန်းမျိုးတွေ သူ မမကြီးကို ပြောမပြဝံ့ဘူး။ စာပေနဲ့ပတ်သက်ပြီး ရထားတဲ့ဘွဲ့ကို ဘာဖြစ်လို့ အသုံးမချသေးတာလဲလို့ မမကြီးက မေးတော့ သူက အထာပေါက်တဲ့ အပြုံးမျိုးပြုံးပြီး 'အဲဒီ ဒီဂရီကို သမီး အသုံးချတာ မမတွေ့လာမှာပါ'တဲ့လေ။

တချို့ ကိစ္စတွေကို စဉ်းစားရတာ အရမ်းရင်နာစရာကောင်းတယ်။ အဲဒီအကြောင်းတွေကို ပါးစပ်က ပြောပြဖို့ဆို ပိုပြီးတောင် ရင်နာစရာကောင်းသေးတယ်။ တုန်လှုပ်ချောက်ချားစရာကောင်းလှတဲ့ အဲဒီကာလပိုင်းတွေအတွင်



www.burmeseclassic.com

www.burmeseclassic.com



အီလာရီယာနဲ့ ပတ်သက်တဲ့ အချက်တစ်ခုကို မေမေကြီး သိမြင်ခဲ့တယ်။ ဒီအကြောင်း သမီးဇလေးကို ပြောသင့်ပါ့မလားတောင် မသိဘူး။ ဘာပဲဖြစ်ဖြစ်လေ သမီးလေး မသိအောင် ဖုံးကွယ်လျှို့ဝှက်ထားတာဆိုလို့ ဘာတစ်ခုမှ မရှိစေချင်ဘူး။ မေမေကြီး ရုတ်တရက် သိလာရတာကတော့ သမီးလေးရဲ့ မေမေဟာ ဉာဏ်ရည်နိမ့်နေတယ်ဆိုတဲ့ အချက်ပဲကွယ့်။ ဒီအချက်ကို သိရဖို့နဲ့ လက်သင့်ခံဖို့အတွက် မေမေကြီး တန်ဖိုးကြီးကြီးပေးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ကြောင်းက ဘို့တစ်တွေဟာ တို့သားအမိတွေနဲ့ ပတ်သက်လာရင် ကိုယ့်ကိုယ်ကိုယ် လိမ်လည်လှည့်စားနေတတ်ကြလို့ပဲ။ နောက်တစ်ကြောင်းကတော့ အီလာရီယာဟာ သူ့ရဲ့ တတ်ယောင်ကား အသိပညာတွေ၊ ကျိုးကြောင်းပြ ဆင်ခြေဆင်လက်တွေ အသုံးပြုပြီး မေမေကြီး မျက်စိကို အမြင်ကွယ်အောင် လုပ်ထားနိုင်စွမ်း ရှိလို့ပဲ။ အစောကြီးကတည်းက ဒီပြဿနာတွေကို သတ္တိရှိရှိနဲ့ ကြံ့ကြံ့ခိုင်ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ရင် သူ့ကို ဒီထက် အကာအကွယ်ပေးနိုင်ခဲ့မှာပဲ။ မေမေကြီး သူ့အပေါ်ထားတဲ့ မေတ္တာတရားထဲမှာ တည်ကြည်မှုဆိုတာ ပြသနိုင်ခဲ့မှာပဲ။ အဲဒီလိုသာ ကာကွယ်နိုင်ခဲ့ရင် မေမေကြီး သူ့အသက်ကို ကယ်တင်နိုင်ခဲ့မှာပေါ့ကွယ်။

ဒီလောက် သေရေးရှင်ရေး အရေးကြီးတဲ့ ကိစ္စကို မေမေကြီး သိရချိန်မှာ အနေအထားတွေက လွန်ကျူးကုန်ပြီ။ မေမေကြီး ဝင်စွက်လို့ မရနိုင်လောက်တဲ့ အခြေအနေအထားမျိုး ဖြစ်နေပြီ။ ဒီတော့ ရွေးစရာလမ်းက တစ်လမ်းပဲရှိတော့တယ်။ အီလာရီယာဟာ သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေကော၊ စီးပွားရေးလုပ်ငန်းကိစ္စတွေကိုပါ ဆောင်ရွက်နိုင်လောက်တဲ့ စိတ်အခြေအနေမရှိကြောင်း တရားရုံးမှာ ကြေညာပေးဖို့ပဲ။ ရှေ့နေနဲ့မေမေကြီးက အဲဒီလို လုပ်ဖို့ ဆုံးဖြတ်ထားကြောင်း သူ့ကိုပြောပြတော့ သူတစ်ခါတည်း သွေးရူးသွေးတန်း ဖြစ်တော့တယ်။

'ဒါ မေမေရည်ရွယ်ချက်နဲ့ တမင်လုပ်တာ။ ကျွန်မသမီးလေးကို ကျွန်မဆီက ခေါ်ယူသွားဖို့ မေမေ တမင်ကြံစည်တာ'

ဒါပေမဲ့ သူဟာ စိတ်အခြေအမှန်သူတစ်ယောက်ပါလို့ ကြေညာခံလိုက်ရရင် သူလုပ်ဖို့ ကြံစည်ထားတဲ့ လုပ်ငန်းကို သူ ဘယ်တော့မှ လုပ်နိုင်တော့မှာ





မဟုတ်တော့ဘူးဆိုတဲ့ အတွေးက ထိပ်ဆုံးက နေရာယူထားတာပါ။ ဒါကို မေမေကြီး ကံသေကံမ ပြောနိုင်တာပေါ့။ တကယ်တော့ သူဟာ မျက်စိကို အဝတ်စည်းပြီး ချောက်ကမ်းပါးအစွန်းမှာ လမ်းလျှောက်နေတာ။ ဒါကို သူက သူဟာ မြေပြန့်လွင်ပြင်မှာ ပျော်ပွဲစားထွက်နေတယ်လို့ ထင်ထားတာကွဲ့။ ဒါနဲ့ ဒီရှေ့နေကို ဆက်မငှားဖို့ နောက်ပြီး သူ့ကိစ္စတွေကို မေမေကြီးဘာမှ ဝင်မစွက်ဖို့ အမိန့်ထုတ်ခဲ့တယ်လေ။ သူ့ဘာသာသူ ရှေ့နေတစ်ယောက် ထပ်ငှားတယ်။ သူ့ကိစ္စသူ ဆောင်ရွက်တယ်။ သူ့ဆီက ဘာသတင်းမှ မကြားရဘူး။ အဲ...'တို့ကို မေ့မသွားနဲ့နော်' ပန်းတစ်စည်းနဲ့ မေမေကြီးဆီကို ရောက်လာတဲ့နေ့အထိပေါ့။

သူ့တံတောင်ဆစ်နှစ်ဖက်ကို စားပွဲပေါ်ထောက်ပြီး သူ ငွေလိုနေကြောင်းပြောတော့ မေမေကြီး စိတ်ထဲမှာ ဘယ်လိုနေမလဲဆိုတာ သမီးလေး ခန့်မှန်းကြည့်လို့ရနိုင်ပါ့မလား။ ဟုတ်တယ်၊ သမီးလေး မေမေအကြောင်းပြောနေတဲ့အတွက် မေမေကြီးကျေနပ်တယ်။ ဒါပေမဲ့ မေမေကြီး ပြောသမျှတွေထဲမှာ စိမ်းကားပြီး ရက်စက်တဲ့ စကားလုံးတွေချည်းပဲလို့ သမီးလေး ထင်လိမ့်မယ်။ ပြီးတော့ သမီးလေး မေမေက မေမေကြီးကို မုန်းတာ ကျိုးကြောင်းခိုင်လုံတယ်လို့လည်း တွေးမိလိမ့်မယ်။

ဒါပေမဲ့ ကနဦးပိုင်းကတည်းက မေမေကြီး ပြောခဲ့တဲ့ စကားကို မှတ်မိသေးရဲ့လား။ သမီးလေး မေမေဟာ မေမေကြီးရဲ့ သမီးပါဆိုတာလေ။ သမီးလေး ဆုံးရှုံးတာထက် မေမေကြီးက ပိုပြီး ဆုံးရှုံးခဲ့ရပါတယ်ကွယ်။ သူ့ရဲ့ ဒဏ်ကို သမီးလေး မခံစားခဲ့ရဘူး၊ မေမေကြီး ပြောပုံဆိုပုံတွေက စိမ်းကားလွန်းတာလို့ သမီးလေး မကြာမကြာ ထင်မိလိမ့်မယ်။ အဲဒီလို ထင်မိတဲ့အခါမှာ မေမေကြီး ရင်နဲ့အမျှ ခံစားခဲ့ရတဲ့ စိတ်ဆင်းရဲမှုတွေရဲ့ အတိမ်အနက်ကို ခန့်မှန်းလောက် မှန်းဆကြည့်လိုက်ပါ။ စကားလုံးတွေနဲ့ ဖော်မပြနိုင်လောက်အောင် နက်ရှိုင်းတဲ့ ဝေဒနာတွေလေ။

သူ့ကြွေးတွေကို ပြန်ဆပ်ပေးဖို့ ပြောတဲ့အခါ မေမေကြီးဘဝမှာ ပထမဆုံးအကြိမ်အဖြစ် သူ့ကို ငြင်းပယ်လိုက်တယ်။ လုံးဝ မပေးဘူးလို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေဟာ ဆွစ်ဇာလန်က ဘဏ်တိုက်ကြီး မဟုတ်ဘူး၊ အဲဒီလောက်များတဲ့ ငွေလည်း မေမေ့မှာ မရှိဘူး။ ရှိခဲ့ရင်လည်း ညည်းကို မပေးဘူး။ ညည်းဟာ ကိုယ့်လုပ်ရပ်တွေကို ကိုယ်တာဝန်ယူရမယ့် အရွယ်ရောက်နေပြီ။ မေမေ့မှာ အိမ်တစ်လုံးပဲရှိတယ်။ အဲဒီအိမ်ကို သမီးကို လွှဲပေးခဲ့တယ်။ အဲဒီအိမ်ကို ညည်းက ဆုံးရှုံးအောင် လုပ်ပစ်လိုက်တယ်။ အဲဒါမေမေနဲ့ ဘာမှမဆိုင်ဘူး'

အဲဒီလိုလည်း ပြောလိုက်ရော သူ တအီးအီးငိုတော့တာပဲ။ ဝါကျတစ်ခုကို စတယ်၊ တစ်ဝက်နဲ့ ရပ်ထားပြီး နောက်ထပ်ဝါကျတစ်ကြောင်း စပြန်ရော။ သူပြောတဲ့ စကားလုံးတွေမှာကော ပြတ်တောင်းပြတ်တောင်းဝါကျတွေမှာပါ အကျိုးသင့် အကြောင်းသင့် ကောက်ယူလို့ ရလောက်အောင် အဓိပ္ပာယ် မရှိဘူး။ ဆယ်မိနစ်လောက် တအီအီ လုပ်ပြီးတာနဲ့ သူ့ရဲ့ စွဲချက်ဟောင်းကို ပြန်တင်တော့တာပဲ။ သူ့အဖေက သူ့ကို အရေးမပေးဘဲ ရက်စက်ခဲ့တယ်ဆိုတဲ့ စွဲချက်ပေါ့။

'အဲဒီအတွက် ကျွန်မလျော်ကြေးလိုချင်တယ်၊ ဒါကို မေမေ နားမလည်ဘူးလား'

မေမေကြီးကို အော်ဟစ်ပြောလိုက်တယ်။ သူ့မျက်လုံးတွေက ထိတ်လန့် ချောက်ချားစရာ ကောင်းလောက်အောင် အရောင်တဖျပ်ဖျပ်ထွက်နေတယ်။ အဲဒီနောက် ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးကွယ်၊ မေမေကြီး ထပေါက်ကွဲတော့တာပဲ။ မေမေကြီး အုတ်ဂူထဲရောက်တဲ့အထိ ယူသွားမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ လျှို့ဝှက်ချက်ဟာ ပါးစပ်ဖျားကို ခုန်ထွက်လာတယ်။ နှုတ်ဖျားက ထွက်သွားတာနဲ့ တစ်ပြိုင်နက် အဲဒီစကားလုံးတွေကို ပြန်ရုပ်သိမ်းလိုက်ချင်တယ်။ အဲဒီစကားလုံးတွေကို ပြန်မျိုချလို့ရမယ်ဆိုရင် မေမေကြီး ဘာမဆို လုပ်ဝံ့ပါတယ်။ ဒါပေမဲ့ မရတော့ဘူးလေ၊ သိပ်နောက်ကျသွားပြီ။

'သမီးအဖေဟာ သမီးရဲ့ ဖအေရင်း မဟုတ်ဘူး'

ဖွင့်ဟသတိပေးချက်က သူ့နားထဲရောက်သွားပြီ။ သူ့မျက်နှာ ပိုပြီး ဖြူရော်သွားတယ်။ သူဖြေးဖြေးချင်းမတ်တတ်ရပ်တယ်။ မျက်လုံးတွေကို မေမေကြီးဆီက လုံးဝမခွာဘူး။





'မေမေ ဘာပြောလိုက်တယ်'

လေသံသဲ့သဲ့ကလေးနဲ့ မေးတယ်။ မကြားရသလောက်ပဲ။ ထူးဆန်းတာက မေမေကြီးက ပြန်ပြီး တည်တည်ငြိမ်ငြိမ်ဖြစ်နေတာပဲ။

'ညည်း နားကြားမလွဲပါဘူး။ ငါ့ယောကျ်ားဟာ ညည်းရဲ့အဖေ မဟုတ်ဘူးလို့ ငါပြောလိုက်တယ်လေ့

အီလာရီယာရဲ့ တုံ့ပြန်မှု၊ ဟုတ်လား။ သူ မေမေကြီးအနားက ထွက်သွားတယ်။ တစ်ဖက်ကို လှည့်တယ်။ ပြီးတော့ လူသားတစ်ယောက်နဲ့ မတူတဲ့ စက်ရုပ်တစ်ခုလို ပန်းခြံတံခါးဝဆီကို လျှောက်သွားတယ်။

'နေဦးလေ၊ ဒီအကြောင်း မေမေတို့ ပြောကြရအောင်ပါ'

ချောက်ချားစရာကောင်းတဲ့ အသံစူးစူးနဲ့ မေမေကြီး လှမ်းအော်ပြောလိုက်တယ်။

ဘာကိစ္စ မေမေကြီး ထိုင်ရာက မထခဲ့သလဲ။ ဘာကိစ္စ မေမေကြီး သူ့နောက်ကို ပြေးလိုက်မသွားခဲ့သလဲ။ ဘာကိစ္စ သူ မထွက်သွားအောင် တစ်နည်းနည်းနဲ့ မဟန့်တားခဲ့သလဲ။ ဘာဖြစ်လို့လဲဆိုတော့ မေမေကြီး ပြောလိုက်တဲ့ စကားတွေကြောင့် မေမေကြီး ကိုယ်တိုင် ကြက်သေသေနေလို့ပဲ။ နားလည်နိုင်စွမ်းရှိအောင် ကြိုးစားကြည့်ပါသမီးလေး။ မေမေကြီး အစွဲကြီးကြီးနဲ့ နှစ်ပေါင်းများစွာ ထိန်းသိမ်းထားခဲ့တဲ့ လျှို့ဝှက်ချက်ကြီးက မထင်မှတ်ဘဲ မရည်ရွယ်ဘဲ ဖွင့်ထွက်သွားပြီလေ။ လှောင်ချိုင့်တံခါး ပွင့်နေတာ တွေ့လိုက်ရတဲ့ ငှက်ကလေးတစ်ကောင်လို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြန်းခနဲ ပျံထွက်သွားပြီး သူ ဘယ်တော့မှ မရောက်သင့် မရောက်အပ်တဲ့ လူဆီကို ပျံသန်းရောက်ရှိသွားပြီလေ။

အဲဒီနေ့ညနေမှာ စိတ်လက်မအီမသာနဲ့ပဲ မေမေကြီး ပန်းပင်တွေ ရေလောင်းနေတယ်။ ခြောက်နာရီထိုးတော့ ယာဉ်ထိန်းလှည့်ကင်းကား တစ်စီး ရောက်လာပြီး ယဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့တဲ့အကြောင်း အကြောင်းကြားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်း၊ အချိန်က တော်တော်ကလေးလင့်နေပြီ။ ခဏတစ်ဖြုတ်တော့ နားဦးမှ။ ဘတ်နဲ့ ငှက်မည်းမကလေးကို အစာကျွေးတယ်။ ပြီးတော့ မေမေကြီး ညနေစာ စားတယ်။ ရုပ်မြင်သံကြား ခဏတစ်ဖြုတ် ကြည့်တယ်။ မေမေကြီးရဲ့ အခွံက အပေါက်အပြဲတွေ များလွန်းနေပြီ။ ပြင်းထန်တဲ့ စိတ်ခံစားချက်တွေကို ကြာရှည် ထိန်းမထားနိုင်တော့ဘူး။ ဒီတော့ ဒီစာကို ဆက်မရေးခင် စိတ်အင်အား ပြန် ပြည့်လာအောင် ကိုယ့်ကိုယ်ကိုယ် အားရုံပြောင်းပေးရတယ်ကွယ်။

သမီးလေး သိတဲ့အတိုင်း သမီးလေးရဲ့ မေမေဟာ ပွဲချင်းပြီး သေဆုံး သွားတာ မဟုတ်ဘူး။ သူဟာ ဆယ်ရက်လုံးလုံး ရှင်ခြင်းနဲ့ သေခြင်းကြားမှာ ကူးချည်သန်းချည် လုပ်နေတယ်။ အဲဒီရက်တွေအတွင်း မေမေကြီး သူ့အနားက တစ်ဖဝါးမှ မခွာခဲ့ဘူး။ တဒင်္ဂလောက်ကလေး မျက်လုံးတွေ ဖွင့်ကြည့်လေမလား၊ မေမေ့ကို ခွင့်လွှတ်ပါလို့ တောင်းပန်ဖို့ နောက်ဆုံး အခွင့်အရေးကလေးတစ်ချက် ပေးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ကွယ်။ စက်ကိရိယာတွေ ပြည့်နေတဲ့ အခန်း ထဲမှာ မေမေကြီးတို့ သားအမိ နှစ်ယောက်တည်းရယ်။ ရုပ်မြင်သံကြားစက် ဖန်သားပြင် သေးသေးကလေးတစ်ခုက သူ့နှလုံးခုန်နေဆဲဆိုတာကို ဖော်ပြနေ တယ်။ တခြား ဖန်သားပြင်ကလေး တစ်ခုကတော့ သူ့ဦးနှောက်ဟာ သေဆုံး သလောက် နီးပါး ဖြစ်နေတာကို ဖော်ပြနေတယ်။

သူ့ကို ကုသပေးတဲ့ ဆရာဝန်က မေမေကြီးကို ပြောပြတယ်၊ ဒီ အခြေအနေမျိုး ဖြစ်နေတဲ့ လူနာတွေဟာ သူတို့နှစ်သက်မြတ်နိုးတဲ့ အသံတစ် ခုကို ကြားနိုင်စွမ်းရှိတယ်တဲ့။ ဒီတော့ သူ ကလေးဘဝတုန်းက အကြိုက်ဆုံး သီချင်းတစ်ပုဒ် အသံသွင်းထားတဲ့ တိပ်ခွေကို ယူပြီး တစ်နာရီတစ်ခါလောက် ဖွင့်ပေးကြည့်တယ်။ သူ တစ်ခုခုကြားရပုံရတယ်ကွဲ့။ ဘာကြောင့်လဲဆိုတော့ သီချင်းလေးဖွင့်ပေးပြီး သိပ်မကြာခင်မှာပဲ သူ့မျက်နှာပြေလျော့သွားတယ်။ နို့စို့ ပြီးသွားတဲ့ ကလေးတစ်ယောက်လို သူ့နှုတ်ခမ်းတွေကို လှုပ်ရှားတယ်။ ကြည့်ရ တာ ကျေနပ်နှစ်သက်ပြီး ပြုံးနေပုံမျိုး။ ဘယ်ပြောနိုင်မလဲ၊ သောကကင်းဝေးတဲ့ အချိန်ကာလတွေတုန်းက ပျော်ရွှင်မှုကလေးတစ်ကွက်ဟာ အလုပ်လုပ်နေဆဲဖြစ် တဲ့ သူ့ဦးနှောက်ရဲ့ အစိတ်အပိုင်းကလေးထဲ ပေါ်ချင်ပေါ်လာမှာပေါ့။ အဲဒီအခိုက်





အတန့်ကလေးမှာ သူ့စိတ်သက်သာချင် သက်သာသွားမှာပေါ့။ အဲဒီမဆိုစလောက် အပြောင်းအလဲကလေးကိုတွေ့လိုက်ရရုံနဲ့ပဲ မေမေကြီးမှာ ပီတိတွေ ဖြာခဲ့ရတယ်။ ဒီအနေအထားမျိုးမှာ လူတစ်ဦးဟာ မိရာ ကောက်ရိုးမျှင်ကို ဆွဲဆုပ်ကြတာပဲ မဟုတ်လား။ မေမေကြီး မညောင်းနိုင် မပင်ပန်းနိုင် သူ့ခေါင်းကို သာသာကလေး ပွတ်သပ်ပေးနေတယ်။ ပါးစပ်ကလည်း အထပ်ထပ်အခါခါ ပြောနေတယ်။

'သမီး...အားတင်းထားနော်၊ တို့သားအမိ တစ်ကနေ ပြန်စပြီး တစ်မျိုးတစ်ဘာသာ ကြံစည်ကြတာပေါ့ကွယ်။ တို့သားအမိ အတူနေဖို့ အချိန် တွေ အများကြီး ရှိပါသေးတယ် သမီးရယ်'

အဲဒီစကားတွေကို ပြောရင်း မေမေကြီး စိတ်မျက်စိထဲမှာ မြင်ကွင်း တစ်ခုကို ပြန်ပြီး မြင်ယောင်လာတယ်။ အဲဒီတုန်းက သူ့အသက်ဟာ ရှိလှ လေးနှစ်၊ ငါးနှစ်ပေါ့။ သူဟာသူ အကြိုက်ဆုံး အရုပ်ကလေးတစ်ရုပ်ကို လက် တစ်ဖက်နဲ့ ဖက်ထားပြီး ပန်းခြံထဲမှာ ကွေ့ပတ်လျှောက်သွားရင်း ပါးစပ်က ဘာရားရေလွှတ် တတွတ်တွတ် ပြောနေတာ မရပ်မနားပေါ့။ မေမေကြီးက အားပိုဆောင်ထဲမှာ။ ဒီတော့ သူ ဘာတွေ ပြောနေတယ်ဆိုတာ မကြားရဘူး။ ဒါပေမဲ့ တစ်ချက်တစ်ချက် ရယ်လိုက်သံကိုတော့ ကြားနေရတယ်။ သူ့ရယ်သံ က တကယ့်ကို ကြည်နူးရွှင်ပျပြီး လိုက်လိုက်လှဲလှဲ ရယ်သံမျိုးကလား။ တစ်ချိန် တစ်ခါတုန်းက သူ ပျော်ခဲ့တယ်။ သူ နောက်တစ်ကြိမ်ထပ်ပြီး ပျော်ရွှင်တဲ့ ဘဝမျိုးကို ရနိုင်ပါသေးတယ်လို့ မေမေကြီး ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ သူ့ကို ပြန်လည်မွေးဖွားဖို့အတွက် တို့တစ်တွေ သူမွေးထူးပျော်ပါးခဲ့တဲ့ ကလေး ဘဝကနေ ပြန်စကြရမယ်လေ။

သူယာဉ်တိုက်မှုဖြစ်ပြီးနောက် ဆရာဝန်တွေ ပထမဆုံး ပြောတဲ့ စကားက သူ့အသက်မသေတောင်မှ အရင်ကလို ပြန်ဖြစ်မှာ မဟုတ်တော့ဘူးတဲ့။ သူ လေဖြတ်ချင်ဖြတ်သွားမယ်၊ ဒါမှမဟုတ် ရာသက်ပန် ဦးနှောက်ပျက်စီးသွား နိုင်တယ်။ ဒီတော့ ဘာဖြစ်လဲသိလား။ ဘာကြီးပဲ ဖြစ်နေဖြစ်နေ မိခင်တစ်ဦး ရဲ့ အတ္တစိတ်ထဲမှာ ရှိနေတဲ့ တစ်ခုတည်းသော ဆန္ဒကတော့ သူ အသက်ရှင်နေ ရေးပဲ။ ဘယ်ပုံဘယ်နည်း အသက်ရှင်နေတယ်ဆိုတာ အရေးမကြီးဘူး။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး ဘီးတပ်ကုလားထိုင်ကို တွန်းဖို့၊ သူ့ကို ရေမိုးချိုး သန့်စင်ပေးဖို့၊ သူ့ကို ထမင်းခွံ့ကျွေးဖို့၊ သူ့ကို ပြုစုစောင့်ရှောက်ဖို့ဆိုတာ မေမေကြီးရဲ့ တစ်ခုတည်းသော ဘဝရည်မှန်းချက်ဖြစ်ဖို့...ဒါတွေဟာ မေမေကြီးရဲ့ အပြစ်တွေအတွက် ပေးဆပ်ဖို့ အကောင်းဆုံးနည်းလမ်းတစ်ခုလေ။ အမှန်တော့ မေမေကြီးသာ သူ့ကို တကယ်ချစ်ခဲ့ရင်၊ မေမေကြီးသာ သူ့ကို နှလုံးသားထဲက ချစ်ခဲ့ရင် သူ့ကို မြန်မြန်သေပါစေလို့ မေမေကြီး ဆုတောင်းရမှာ။

နောက်ဆုံးကျတော့လည်း 'တစ်စုံတစ်ဦး' က သူ့ကို မေမေကြီးထက် ပိုချစ်ကြောင်း ပြသသွားတာပဲ။ ကိုးရက်မြောက်နေ့ ညနေပိုင်းမှာ သူ့နှုတ်ခမ်းတွေပေါ်က အပြုံးသဲ့သဲ့ကလေး ပြယ်ပျောက်သွားတယ်။ ပြီးတော့ သူ သေဆုံးသွားတယ်။ ဘာဖြစ်သွားပြီလဲဆိုတာ မေမေကြီး ချက်ချင်း သဘောပေါက်လိုက်ပါရဲ့။ ဒါပေမဲ့ သူနာပြုဆရာမကို ရုတ်တရက် မပြောသေးဘူး။ ဘာလို့လဲဆိုတော့ မေမေကြီး သူနဲ့အတူ ကြာကြာကလေး နေချင်သေးလို့ပေါ့။ သူ့မျက်နှာကလေးကို ပွတ်သပ်ပေးတယ်။ သူ ကလေးဘဝ မေမေကြီးနဲ့ နှစ်ယောက်တည်း နေစဉ်တုန်းက လုပ်သလို သူ့လက်တွေကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ထားတယ်။ ပြီးတော့ တိုးတိုးကလေး ရေရွတ်နေမိတယ်။

'အချစ်ကလေးရယ်...သြော်၊ မေမေ့အချစ်ကလေးရယ်'

အဲဒီနောက် သူ့လက်ကို မလွှတ်ဘဲ ခုတင်ဘေးမှာ ဒူးထောက်ပြီး ဝတ်ပြုဆုတောင်းနေတယ်။ ဆုတောင်းနေခိုက်မှာပဲ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျလာတော့တယ်။

သူနာပြုဆရာမက မေမေကြီးရဲ့ ပခုံးကို ပုတ်လိုက်တဲ့အချိန်အထိ မေမေကြီး ငိုနေတုန်း။

'ကျွန်မနဲ့လိုက်ခဲ့ပါ။ အမေကြီးကို အိပ်ဆေးပေးလိုက်မယ်'

အိပ်ဆေးသောက်ဖို့ ငြင်းပစ်လိုက်တယ်။ မေမေကြီးရဲ့ ပရိဒေဝမီး လျော့ပါးသွားစေမယ့် ကိစ္စဆို ဘာမှ မလုပ်ချင်ဘူး။ သူ့ကို ရေခဲတိုက်ဆီ သယ်သွားကြတဲ့အထိ မေမေကြီး သူ့အနားက မခွာဘူး။ အဲဒီနောက်မှာမှ အငှားကားတစ်စီးနဲ့ သမီးလေးကို ထိန်းပေးထားတဲ့ မေမေကြီး မိတ်ဆွေတစ်





ယောက်ရဲ့ အိမ်ကို သွားတယ်။ အဲဒီညအိမ်မှာ မြေးအဘွားနှစ်ယောက်တည်း ညနေစာစားချိန်ကြတော့ သမီးလေးက မေးတယ်။ 'မေမေရော'တဲ့။

'မေမေ ခရီးထွက်သွားတယ်ကွဲ့။ ဟိုးမိုးကောင်းကင်ထဲရောက်တဲ့အထိ ခရီးရှည်ကြီးထွက်သွားတာ'

သမီးလေးက ညနေစာကို ဆက်စားနေတယ်။ စာ.ခရာပေါ်ကို ခေါင်းငုံ့လို့။ စားသောက်လို့လည်းပြီးရော သမီးလေးက မျက်နှာတည်တည်ကြီးနဲ့ မေးတယ်။

'သမီးတို့ မေမေ့ကို လက်ပြလို့ ရမလား မေမေကြီး'

'ရတာပေါ့ သမီးလေးရဲ့'

သမီးလေးကို ကောက်ချီပြီး ပန်းခြံထဲထွက်ခဲ့တယ်။ မြက်ခင်းပေါ်မှာ မြေးအဘွား အတော်ကြာကြာလေး ရပ်နေတယ်။ သမီးလေး ဟိုးမိုးပေါ်က ကြယ်တွေကို လက်သေးသေးကလေးတွေနဲ့ ဝေ့ယမ်းပြလို့ပေါ့။

❒

www.burmeseclassic.com

www.burmeseclassic.com

## ဒီဇင်ဘာ ၁

ဒီရက်ပိုင်းတွေအတွင်း မေမေကြီး စိတ်လေနေတယ်ကွယ်။ ဘာကိုမှ မည်မည်ရရ လုပ်ကိုင်ချင်စိတ် မရှိဘူး။ ထူးခြားတဲ့ အကြောင်းတစ်စုံတစ်ရာကြောင့် အဲဒီလို ဖြစ်ရတာလည်း မဟုတ်ဘူး။ ခန္ဓာကိုယ်ကြီးက ဒီလိုပဲကွယ့်။ ကိုယ်တွင်း ယန္တရားကြီးက သူ့ဘာသာသူ စစ်ဆေးမှုတွေရှိတယ်။ ဟန်ချက်ညီအောင် ထိန်းသိမ်းမှုတွေ ရှိတယ်။ တစ်ခါတလေမှာ ဘာမဟုတ်တဲ့ အသေးအဖွဲ့အကြောင်းကလေးတစ်ခုကြောင့် ပုံမှန် မလည်ပတ်တော့တာမျိုးလည်း ရှိတယ်။

မနေ့မနက်က ဆိုင်ကယ်ရာရာခွဲမန်ဈေးအပြန်မှာ မေမေကြီး မှာလိုက်တဲ့ ပစ္စည်းတွေ လာပို့တော့ မေမေကြီး စိတ်ဓာတ်ကျနေတာ တွေ့သွားတယ်။ သူ့အထင်ကတော့ ဖိုးလမင်းကြီးကြောင့် ဒီလိုဖြစ်တာတဲ့။ မနေ့ညက လပြည့်ညလေ။ လမင်းကြီးက ဒီရေအတက်အကျကို ဖြစ်ပေါ်စေတယ်။ ခြံထဲက မှန်လာဥတွေကို မြန်မြန် ကြီးထွားစေတယ်။ ဒါဆို လူတွေရဲ့ စိတ်အခြေအနေကိုကော မလွှမ်းမိုးနိုင်ဘူးလား။ တို့တစ်တွေဟာ ရေ၊ ဓာတ်ငွေ့၊ သတ္တုဓာတ်တွေနဲ့ ဖွဲ့စည်းထားတာပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ်လေ၊ သူက အပေါ်စား မဂ္ဂဇင်းတွေ တစ်ပုံကြီးပေးသွားသကွယ့်။ ဒီတော့ အဲဒီမဂ္ဂဇင်းစာမျက်နှာတွေထဲမှာ တစ်နေ့လုံး နစ်မြုပ်နေတော့တာပေါ့။ အဲဒီမဂ္ဂဇင်းတွေ ကောက်ကိုင်မိတိုင်း အဲဒီလို အမြဲဖြစ်တယ်။ အစ ပထမပိုင်းမှာတော့ စဉ်းစားတာပဲ။ ငါ နှာရိုဝက်လောက် ဟိုလှန်ဒီလှန်လျှောက်





ကြည့်မယ်၊ ပြီးရင် လောက်လောက်လားလား အလုပ်တစ်ခု ထလုပ်မယ်ပေါ့။ ဒါပေမဲ့ စဖတ်မိပြီဆိုတိုင်း နောက်ဆုံး စကားလုံးအထိ ဖတ်ပြီးမှ လက်ကချနိုင်တော့တယ်လေ။

ဒီနေ့ရာသီဥတုက မနေ့ကထက် ပိုအေးတယ်ဟေ့။ မေမေကြီး ခြံထဲတောင် ဆင်းမလျှောက်ဝံ့ဘူး။ အပြင်က အအေးနဲ့ ကိုယ်တွင်းက အအေးပေါင်းမိသွားရင် နှင်းတောထဲက သစ်ကိုင်းခြောက် တစ်ချောင်း ဖျောက်ခနဲ ကျိုးသလို ကျိုးသွားမှာစိုးလို့။

မေမေကြီးရဲ့ ပျင်းရိငြီးငွေ့စရာ စာရှည်ကြီးကို သမီးလေး ဆက်ဖတ်နေသေးရဲ့လားလို့ မေမေကြီး စဉ်းစားမိတယ်။ ဒါမှမဟုတ် မေမေကြီးအကြောင်းခုမှ ပိုသိလာရတော့ မေမေကြီးအပေါ် ရွံရှာမုန်းတီးစိတ်တွေ ပိုကြီး လာပြီးစာကို ဆက်မဖတ်ချင်လောက်အောင် ဖြစ်နေပြီလား။

ဘာပဲဖြစ်ဖြစ် ဒီစာကို မရေးမဖြစ် ရေးမှဖြစ်တော့မယ်ဆိုတဲ့ စိတ်က မေမေကြီးကို လွှမ်းမိုးနေပြီ။ ဒီတော့ အဖြစ်မှန်တွေကို ဖုံးဖိမျိုသိပ်မထားချင်တော့ဘူး။ ခုမှတော့ တိုးလိုးတန်းလန်း ရပ်မထားနိုင်တော့ဘူး။ ဒါမှမဟုတ် တခြားအကြောင်းအရာတွေဘက်ကို အာရုံပြောင်းပြီး မရေးချင်တော့ဘူး။ ဒီဖြစ်ရပ်တွေကို လျှို့ဝှက်ချက်အဖြစ် နှစ်ပေါင်းများစွာ ထိန်းထားခဲ့သေးမဲ့လည်း ခုတော့ မျိုသိပ်မထားနိုင်တော့ဘူး သမီးလေးရေ့။

ကိုယ့်မျိုးရိုးနဲ့ ပတ်သက်လို့ သမီးလေး ဇဝေဇဝါဖြစ်ပြီး စိတ်ရှုပ်နေခဲ့မှုမျိုးမှာ မေမေကြီးလည်း သမီးလေးလိုပဲ ခံစားရတယ်၊ တစ်ခါတလေ မေမေကြီးကတောင် ပိုပြီး စိတ်ရှုပ်မိသေးတယ်လို့ သမီးလေးကို ပြောပြဖူးတယ်နော်။ ဒီခံစားချက်မျိုး ဖြစ်ပေါ်လာရတာဟာ သမီးလေးရဲ့ အဖေ ဘယ်သူဘယ်ဝါပါလို့ မသိရတာနဲ့ အများကြီး သက်ဆိုင်နေတယ်ကွယ့်။ သမီးလေး မေမေ့ရင်နင့်ကြေကွဲစရာ ဓာတ်သိမ်းခန်းကို ပြောပြရတာ သိပ်မထောင်းသာဘူး။ ဒါပေမဲ့ သမီးလေး ဖေဖေအကြောင်း မေးလာတိုင်း မေမေကြီး အဖြေမပေးနိုင်ခဲ့ဘူးလေ။ ဘယ်လိုလုပ် အဖြေပေးနိုင်မလဲ၊ သူ ဘယ်သူဘယ်ဝါဆိုတာကို မေမေကြီး ရိုးတိုးရိပ်တိပ်ကလေးတောင် မသိလို့ပေါ့။ နွေတစ်နွေမှာ အီလာရီယာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ၁၂ရက်ကို သူ့အစီအစဉ်နဲ့ သူသွားတယ်။ နွေအနားယူရက်ရှည်ခရီးပေါ့။ အဲဒီကပြန်လာတော့ သူ့မှာ ကိုယ်ဝန်ရှိလာတယ်။ အဲဒီအချိန်မှာ သူ့အသက် သုံးဆယ်ကျော်နေပြီ။ အဲဒီအရွယ်ရောက်ပြီး သားသမီးမရှိတဲ့ မိန်းမတွေဟာ ထူးဆန်းတဲ့ စိတ်အစွဲတစ်ခုရဲ့ သားကောင်ဖြစ်သွားတတ်တယ် သမီးလေးရဲ့။ သူတို့ဟာ ကလေးတစ်ယောက်လောက် လိုချင်လာတယ်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် လိုချင်လာတယ်။ ဘယ်လိုရသလဲ၊ ဘယ်သူနဲ့ ရသလဲဆိုတာ အရေးမပါတော့ဘူး။

ဒါ့အပြင် အဲဒီခေတ် အဲဒီအခါတုန်းက မိန်းမအများစုဟာ မိန်းမသားဝါဒီတွေ ဖြစ်နေကြတယ်လေ။ သမီးလေး မေမေနဲ့ သူ့အပေါင်းအသင်း တစ်စုကလည်း အုပ်စုကလေးတစ်စု ဖွဲ့ထားတာပေါ့။ သူတို့ရဲ့ အတွေးအမြင် အတော်များများဟာ မှန်သလိုရှိတယ်။ အဲဒီအတွေးအမြင်တွေကို မေမေကြီး မှုဝေခံစားလို့ ရတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ ဆွမ်းဆန်ထဲ ကြွက်ချေးရောတဲ့ အတွေးအမြင်တွေလည်း ပါနေပြန်ရော။ အဲဒီထဲက တစ်ခုက ဘာပြောလဲဆိုတော့ မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာသမျှ ကိစ္စတိုင်းကို ကာယကံရှင် မိန်းမတစ်ဦးတည်းကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်တဲ့။ ကလေးယူရေး၊ မယူရေးကိစ္စကို သူပဲဆုံးဖြတ်မယ်၊ ယောကျ်ားဖြစ်သူက ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး၊ ယောကျ်ားဆိုတာ ဇီဝဆိုင်ရာ လိုအပ်ချက်တစ်ခုအဆင့်ပဲ ရှိတယ်၊ အဲဒီထက် ပိုပြီး ဘာမှ နေရာပေးစရာ မလိုဘူးတဲ့။

အဲဒီလိုပြောပြီး အဲဒီအတိုင်းလုပ်ခဲ့တာ သမီးလေး မေမေတစ်ယောက်တည်းတော့ မဟုတ်ဘူး။ သူ့အပေါင်းအသင်း နှစ်ယောက်သုံးယောက်လည်း ဒီအတိုင်း လုပ်ခဲ့ကြတယ်။ ဒီပုံစံမျိုးနဲ့ ကလေးတွေ ယူခဲ့ကြတယ်။ သူတို့ ဘာကြောင့် ဒီလိုလုပ်ခဲ့ကြသလဲဆိုတာကို တစ်စုံတစ်ရာ အတိုင်းအတာအထိ စာနာ နားလည်လို့ရပါတယ်။ ကလေးမွေးဖွားနိုင်စွမ်းဆိုတာ အနန္တတန်ခိုးရှင်ရဲ့ အခွင့်အာဏာတစ်မျိုးပဲ မဟုတ်လား။ မိန်းမသားတစ်ဦးဟာ သူ့ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းတစ်ခုကို ကမ္ဘာလောကကြီးထဲ ရောက်အောင် ဖိတ်ခေါ် သယ်ဆောင်လာတဲ့အခါ သေခြင်းတရား၊ မှောင်မိုက်ခြင်းနဲ့ မလုံခြုံမှုဆိုတာတွေဟာ



နောက်ကို ဆုတ်သွားရတယ်။ ဒါတွေကို ကြောက်စရာတွေလို့ မမြင်တော့ဘူး။ ဒီအဲ့မွယ် ဖြစ်ရပ်က အရာရာတိုင်းဟာ တစ်ခုနဲ့တစ်ခု အဆက်အစပ်မဲ့ လွတ်ကင်းနေတယ်ဆိုတဲ့ သဘောကို ပြဆိုနေတယ်။

ဒီအတွေးအမြင်' မှန်ကန်ကြောင်း အထောက်အထားပြတဲ့ အနေနဲ့ သမီးလေး မေမေနဲ့ သူ့အပေါင်းအသင်းတွေက တိရစ္ဆာန်တွေကို ထောက်ပြကြတယ်။

'အမတွေဟာ မိတ်လိုက်ချိန်မှာပဲ အဖိုနဲ့အတူနေတယ်။ ပြီးရင် ကိုယ့်လမ်းကိုယ် သွားကြတာပဲ။ ကလေးတွေက သူတို့အမေနဲ့ အတူနေကြတယ်'

ဒါ သူတို့ရဲ့အပြော။ ဒီစကား မှန်မမှန်ဆိုတာ မေမေကြီး မပြောတတ်ဘူး။ ဒါပေမဲ့ တို့တစ်တွေဟာ တိရစ္ဆာန်တွေ မဟုတ်ဘူး။ လူသားတွေဆိုတာတော့ ပြောနိုင်တယ်။ နောက်ပြီး တို့လူသားတိုင်းဟာ မွေးကတည်းက ထူးခြားထင်ရှားတဲ့ မျက်နှာတစ်ခုပါလာတယ်။ အဲဒီမျက်နှာနဲ့ပဲ ဘဝတစ်လျှောက်လုံး နေသွားကြတယ်။ တောဆိတ် တစ်ကောင်ဟာ တောဆိတ်နှုတ်သီးနဲ့ မွေးလာတယ်။ ခြသေ့်တစ်ကောင်ဟာ ခြသေ့်နှုတ်သီးနဲ့ မွေးလာတယ်။ မွေးလာတဲ့ တောဆိတ်ဟာ တခြားတောဆိတ်တွေနဲ့ ချွတ်စွပ်တူတယ်။ မွေးလာတဲ့ ခြသေ့်ဟာ တခြားခြသေ့်တွေနဲ့ ခွဲမရအောင် တူတယ်။ သဘာဝတရားမှာ သွင်ပြင် လက္ခဏာတွေ ပြောင်းလဲမသွားဘူး။ လူတွေမှာသာ တစ်ယောက် တစ်မျက်နှာစီရှိနေတာ။

တစ်မျက်နှာလေ၊ သမီးလေး သဘောပေါက်ရဲ့လားဟင်။ အဲဒီမျက်နှာက အရာရာတိုင်းကို ပြောပြနေတယ်။ အဲဒီမျက်နှာထဲမှာ လူတစ်ဦးရဲ့ သမိုင်းကြောင်းရှိနေတယ်။ သူ့အဖေ၊ သူ့အမေ၊ သူ့ရဲ့ ဘိုးဘွားဘီဘင်တွေ ကာလကြာရှည်ပျောက်ဆုံးနေပြီး ဘယ်သူကမှ သတိမရတော့တဲ့ သူ့ဦးလေးတစ်ယောက် အကြောင်းတောင် ပါချင်ပါလိုက်ဦးမယ်။ အဲဒီမျက်နှာရဲ့ နောက်ကွယ်မှာ ကိုယ်ရည်ကိုယ်သွေး ရှိနေမယ်။ သူ့ဘိုးဘွားဘီဘင်တွေဆီက တစ်ဆင့်ပြီးတစ်ဆင့် အမွေဆက်ခံရရှိလာတဲ့ ကောင်းခြင်းလက္ခဏာတွေ၊ ဆိုးခြင်းလက္ခဏာတွေ။ တို့ရဲ့မျက်နှာဟာ တို့ရဲ့ကနဦးဇာတိရုပ်ပဲ။ ဒီဇာတိရုပ်ကြောင့် ဘယ်မှာ ကိုယ့်နေရာ

www.burmeseclassic.com



ကိုယ် ရှာဖွေနေထိုင်ခွင့် ရလာတယ်။ ကျွန်မလေ...ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတဲ့ စကားမျိုး ပြောခွင့်ရလာတယ်။

အသက်ကလေး ဆယ့်သုံးလေးနှစ်လောက်ရောက်ရင်ပဲ သမီးလေး မှန်ရှေ့မှာ နာရီပေါင်းများစွာကြာအောင် ထိုင်ပြီး ကိုယ့်မျက်နှာကိုယ် ဆန်းစစ်လေ့လာနေတော့မယ်။ သမီးလေး ဘာကို ကြည့်နေတယ်ဆိုတာ မေမေကြီး သိတာပေါ့။ မှန်တယ်၊ သမီးလေးကြည့်နေတာ ဝက်ခြံတွေရယ်၊ တင်းတိတ်တွေရယ်၊ နေ့ချင်းညချင်း အချိုးမညီလောက်အောင် ရှည်လျားလာတဲ့ နှာခေါင်းကြီးရယ်ပါပဲ။ ဒါပေမဲ့ သမီးလေးကြည့်နေတာ တခြားတစ်ခု ရှိသေးတယ်။ သမီးလေး မေမေရဲ့ မိသားစုဘက်က သွင်ပြင်လက္ခဏာတွေကို စိတ်ကူးနဲ့ဖယ်ထုတ်ပြီး သမီးလေးကို လှသားစစ်စစ်ဖြစ်လာစေခဲ့တဲ့ ဖေဖေ့ရဲ့ ရုပ်ဆင်းသဏ္ဌာန်တို့ စိတ်ကူးနဲ့ ပုံဖော်ကြည့်နေတာပဲပေါ့။

သမီးလေးမေမေနဲ့ သူ့အပေါင်းအသင်းတွေ အလေးထားပြီး မတွေးခဲ့တဲ့ အချက်ဟာ အဲဒီအချက်ပဲပေါ့ကွယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူတို့ရဲ့ ကလေးဟာ မှန်ထဲကို ကြည့်မယ်။ ဒီမျက်နှာထဲမှာ တခြားတစ်ယောက်ရှိနေသေးတယ်ဆိုတာ သဘောပေါက်မယ်၊ အဲဒီ တခြားတစ်ယောက်အကြောင်း ကကြီးကနေ အ, အထိ သိချင်ရှာလိမ့်မယ်။ တချို့လူတွေများဆို သူတို့ရဲ့ ဘဝ တစ်လျှောက်လုံး သူတို့ရဲ့အဖေ၊ ဒါမှမဟုတ် အမေရဲ့ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာတွေကို လိုက်ပြီး ရှာဖွေထောက်လှမ်းရင်း အချိန်ကုန်သွားကြရရှာတယ်။

ကလေးတစ်ယောက် ဖွံ့ဖြိုးတိုးတက်ရေးမှာ မျိုးရိုးဗီဇရဲ့ အခန်းကဏ္ဍက ဘာမှ အရေးပါအရာရောက်မှု မရှိဘူး၊ ပညာရေး၊ ပတ်ဝန်းကျင်နဲ့ ဂရုတစိုက် ပြုစုပျိုးထောင်မှုတွေသာ အရေးကြီးတယ်လို့ အီလာရီယာက မွဲမြဲယုံကြည်ထားတယ်လေ။ ဒီအမြင်ကို မေမေကြီး လက်မခံဘူး။ နှစ်မျိုးစလုံး အရေးကြီးတယ်လို့ပဲ မေမေကြီးက ယူဆတယ်။ စနစ်တကျ ပြုစုပျိုးထောင်မှု အရေးကြီးတယ်ဆိုတာ တစ်ပိုင်းမှန်သလို မျိုးရိုးဗီဇ အရေးကြီးတယ်ဆိုတာကလည်း တစ်ပိုင်း မှန်နေတယ်ကွယ့်။



သမီးလေး ကျောင်းစမတက်မီကဆို ဘာပြဿနာမှ မရှိဘူး။ သမီးလေးက သမီးလေးရဲ့ ဖေဖေအကြောင်း တစ်ခါမှ မမေးခဲ့သလို မေမေကြီးကလည်း ဒီအကြောင်းကို စကားမစမိအောင် သတိထားခဲ့တယ်။ ဒါပေမဲ့ သမီးလေးလည်း မူလတန်းကျောင်းကို စတက်ရော ပြဿနာစပေါ်တော့တာပဲ။ ကျောင်းမှာ သမီးလေးတို့ မိန်းကလေးချင်းပြောတဲ့စကားတွေ၊ သမီးလေးတို့ရဲ့ ဆရာတွေ ရေးခိုင်းတဲ့ စာစီစာကုံးတွေ...အဲဒါတွေက သမီးလေး ကျင်လည်လှုပ်ရှားနေတဲ့ နေ့စဉ်ဘဝမှာ တစ်ခုခု လစ်ဟာနေပြီဆိုတာကို သမီးလေး သတိပြုမိလာစေတယ်။ ထုံးစံအတိုင်းပေါ့ကွယ်၊ သမီးလေးတို့ အတန်းထဲ မှာ မိဘနှစ်ပါးကွဲကွာနေတဲ့ ကလေးတွေ၊ ပုံမှန်နောက်ခံမရှိတဲ့ ကလေးတွေ ရှိတာပေါ့။ ဒါပေမဲ့ ဖခင်နဲ့ ပတ်သက်ပြီး သမီးလေးမှာရှိနေတဲ့ ဟာကွက်မျိုး တခြားဘယ်ကလေးမှာမှ မရှိဘူး။ ဒီတော့ကွယ် အသက်ကလေး ခြောက်နှစ် ခုနစ်နှစ်လောက်သာ ရှိသေးတဲ့ သမီးလေးကို သမီးလေးရဲ့မေမေ ဘာတွေ လုပ်သွားတယ်ဆိုတာ မေမေကြီး ဘယ်လိုလုပ် ရှင်းပြလို့ ရမလဲ။ နောက်ပြီး သမီးလေးက ဒီအကြောင်း မေးလာတဲ့အခါ သမီးလေးကို တူရကီမှာ ကိုယ်ဝန် ရှိလာတယ်ဆိုတာကလွဲပြီး မေမေကြီးကိုယ်တိုင် ဘာမှ မသိဘူးလေ။ ဒီတော့ ပုံပြင်မဆန်တဲ့ ဇာတ်လမ်းတစ်ပုဒ် ဖန်တီးပြီး ပြောဖို့ ခိုင်မာတဲ့ အချက်အလက် တစ်ခုကို အခြေခံလိုက်တယ်။ အဲဒါကတော့ သမီးလေးရဲ့ ဇာတိဖြစ်တဲ့ တူရကီ နိုင်ငံပေါ့ကွယ်။ ဒါနဲ့ အရှေ့တိုင်းပုံပြင်များ စာအုပ်တစ်အုပ် ဝယ်လိုက်တယ်။ သမီးလေးကို တစ်ညပုံပြင်တစ်ပုဒ် ဖတ်ပြတယ်။ အဲဒီပုံပြင်တွေကို စံပြအဖြစ် သုံးပြီး သမီးလေးအတွက် သီးသန့်ပုံပြင်ကလေး တစ်ပုဒ် ဖန်တီးတယ်။ အဲဒီ ပုံပြင်ကို သမီးလေး မှတ်မိသေးလားဟင်။

သမီးလေးရဲ့ မေမေနဲ့ ဖေဖေဟာ လခြမ်းနိုင်ငံတော်ကြီးရဲ့ မင်းသမီးလေးနဲ့ မင်းသားကလေးပေါ့။ မင်းသားကလေးနဲ့ မင်းသမီးကလေးတွေရဲ့ ထုံးစံအတိုင်း တစ်ဦးကိုတစ်ဦး သိပ်ချစ်ကြတာကိုး။ ဒါကြောင့် တစ်ဦးအတွက် တစ်ဦးက အသက်စွန့်ဖို့ အဆင်သင့် ဖြစ်နေကြသတဲ့။ သူတို့ အဲဒီလို သဲကြီးမဲကြီး ချစ်နေကြတာကို မနာလို မရှုစိမ့်သူတွေ နန်းတော်ထဲမှာ ရှိတာပေါ့။

www.burmeseclassic.com



အဲဒီအထဲမှာ အဆိုးဆုံးကတော့ ဩဇာအာဏာကြီးပြီး စိတ်ယုတ်စိတ်ညံ့လည်းရှိတဲ့ ဇိဇိယာ အမတ်ကြီးပေါ့ကွယ်။ သူက မင်းသမီးလေးနဲ့ မင်းသမီးကလေးရဲ့ ဝမ်းထဲက ကလေးကိုပါ ပျက်စီးရာပျက်စီးကြောင်း ဖြစ်အောင် ပြုစားတော့မှာကိုး။ ကံကောင်းထောက်မစွာပဲ မင်းသားကလေးကို သူ့ရဲ့ ယယ်ကျွန်တော်တစ်ဦးက သတိပေးလျှောက်ထားလိုက်တယ်။ ဒါနဲ့ သမီးလေးရဲ့ မေမေဟာ တစ်ညမှာ လယ်သူမ အဝတ်အစားတွေ ဝတ်ဆင်ပြီး နန်းတော်ထဲက ထွက်ပြေးလွတ်မြောက်လာတယ်၊ သမီးလေးကို မွေးဖွားတဲ့မြို့မှာ ခိုလှုံနေခဲ့တယ်ဆိုတဲ့ ပုံပြင်ကလေးပေါ့။

'သမီးက မင်းသားလေးရဲ့ သမီးတော်လားဟင်၊ ဟုတ်လား'

သမီးလေး မေးလေ့ရှိတယ်။ မျက်လုံးတွေ အရောင်တလက်လက်တောက်လို့။

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒီအကြောင်းက တကယ့်လျှို့ဝှက်ချက်နော်။ သမီးလေး ဘယ်သူ့ကိုမှ ပြောမပြရဘူး'

ဒီကြောင်စီစီ မုသားစကားတွေ ပြောပြီး မေမေကြီး ဘာလုပ်ဖို့ကြိုးစားအားထုတ်ခဲ့တာလဲ။ သမီးလေး နောက်ထပ် နှစ်အတန်ကြာ စိတ်အနှောင့်အယှက်ကင်းကင်း နေနိုင်ရေးကလွဲပြီး တခြားဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူး။ မေမေကြီး သိထားပြီးသားလေ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီယုံတမ်းပုံပြင်ဇာတ်လမ်းကို သမီးလေး ယုံတော့မှာ မဟုတ်ဘူး။ နောက်ပြီး အဲဒီလိုမယုံတော့တာနဲ့ တစ်ပြိုင်တည်း သမီးလေး မေမေကြီးကို မုန်းတီးစက်ဆုပ်တော့မှာပဲဆိုတာ မေမေကြီး ကြိုတွက် ကြိုသိထားတာပေါ့။ ဒါပေမဲ့ ဒီလိုဇာတ်လမ်းထွင်ပြီး မပြောလို့ မဖြစ်တဲ့ အနေအထားမျိုးလေ။ မေမေကြီးမှာ ရှိသမျှသတ္တိတွေ စုစည်းပြီး အားထုတ်တာတောင်

'သမီးလေးရဲ့ဖေဖေ ဘယ်သူဆိုတာ မေမေကြီး မသိပါဘူးကွယ်။ အဲဒီလိုပဲ သမီးလေးရဲ့ မေမေလည်း သိဟန်မတူပါဘူး'

ဆိုတဲ့ စကားမျိုးကို မေမေကြီး ပြောမထွက်ခဲ့ဘူးလေ။ အဲဒီနှစ်ကာလတွေက လိင်ဆက်ဆံမှု လွတ်လပ်ရေး နှစ်ကာလတွေပေါ့။ သွေးသားဆက်ဆံ





ခွင့်ရှိရမယ်။ ဒီနေ့ဒီတစ်ယောက်နဲ့ လိင်ဆက်ဆံပြီးရင် နောက်နေ့မှာ နောက်တစ်ယောက်နဲ့ ဆက်ဆံခွင့်ရှိရမယ်ဆိုတဲ့ အယူအဆ လွှမ်းမိုးတဲ့ကာလလေ။ သမီးမေမေမှာ ယောကျ်ားလေး အဖော် ဒါဇင်ပေါင်းများစွာ ရှိတယ်။ ဒါပေမဲ့ တစ်လထက် ပိုကြာအောင်တွဲတဲ့ အဖော်ရယ်လို့ မေမေကြီး မမှတ်မိပါဘူး။ ဝင်ကိုသဘာဝကိုက မတည်ငြိမ်တဲ့ အီလာရီယာဟာ ဒီလိုနေထိုင်ကျင်လည်မှုရဲ့ အထိရာဒဏ်ချက်တွေကို တခြားသူတွေထက် ပိုပြီး ခံစားခဲ့ရတယ်။ မေမေကြီးဟာ သူ့ဆန္ဒတွေကို မတားဆီး မပိတ်ပင်ခဲ့ဘူး၊ အပြစ်မဆို မဝေဖန်ခဲ့ဘူး။ ဒါပေမဲ့ ဒီလိုက်လျောမှုဟာ အန္တရာယ်ကြီးကြောင်း သိလာတယ်။ ကြုံရာလူနဲ့လိင်ဆက်ဆံမှုပြုနေတာကို မေမေကြီး ဒီလောက်ကြီး မထိတ်လန့်ဘူး။ မေမေကြီးထိတ်လန့်တာက အရုံခံစားချက်တွေ ခန်းခြောက်ခေါင်းပါးလာတာပဲ။ အဟာနဲ့အတားဆိုတာ မရှိတော့ဘဲ တစ်ဦးတစ်ယောက်ချင်းရဲ့ ထူးခြားတဲ့ အရည်အချင်းဆိုတာကိုလည်း ထည့်မတွက်တော့တဲ့အခါ စုံမက်ခြင်းဆိုတာလည်း မရှိတော့ဘူးပေါ့။

အီလာရီယာနဲ့ သူ့အပေါင်းအသင်းတွေက အအေးမိနှာစေးနေလျက်နဲ့ မလွဲသာလို့ ညစာစားပွဲတက်ရောက်ရတဲ့ ဧည့်သည်တွေနဲ့ ယှဉ်ပြပြီး ဥပမာပေးတယ်။ ဧည့်ခံသူကတော့ သူတို့ရှေ့မှာ အစားအစာ မျိုးစုံချပေးပြီး ဧည့်ခံတာပေါ့။ မုန်လာဥတွေ၊ အသားကြော်တွေ၊ အချိုပွဲတွေ၊ နှာစေးနေတဲ့ ဧည့်သည်ဟာ အဲ့ကျေးမှုအရသာ ဒီအစားအစာတွေကို တစ်မျိုးပြီးတစ်မျိုး စားနေရတာ။ သူ့လျှာပေါ်မှာတော့ အရသာက တစ်မျိုးတည်း ဖြစ်နေသတဲ့လေ။

ဒီတော့ သမီးလေးရယ်...မေမေကြီး သမီးလေးကို ဘယ်လိုလုပ်ပြီး ဒီအကြောင်းတွေ ပြောပြလို့ဖြစ်မလဲ။ ဒီတော့ လိမ်လည်လှည့်ဖြားတဲ့ မုသားပုံပြင်ဆိုပဲ လုပ်ကြံပြီး ပြောရတော့တာပေါ့။ အချိန်ကာလတစ်ခုအထိတော့ သမီးလေးယုံနေမှာပဲ၊ ဒါပေမဲ့ တစ်နေ့နေ့မှာ သမီးလေး ယုံတော့မှာ မဟုတ်ဘူးဆိုတာမေမေကြီး သိတာပေါ့။ မယုံတော့တဲ့နေ့ကစပြီး ဒီယုံတမ်းပုံပြင်ကြီးက သမီးလေးကို နှိပ်စက်ခြောက်လှန့်နေတော့မယ်ဆိုတာလည်း သိထားပါရဲ့။ သမီးလေးအသက်ဆယ်နှစ်အရွယ်၊ တစ်နေ့မှာ ကျောင်းကနေ မျက်ရည်ရွှဲရွဲ ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



'မိန်းမလိမ်ကြီး' လို့ ပက်ခနဲပြောတယ်။ နောက်ပြီး သမီးလေးရဲ့ အခန်းထဲကို ဝင်သွားပြီး တံခါးပိတ်ထားလိုက်တော့တယ်။ မေမေကြီး ပြောပြခဲ့တဲ့ ဇာတ်လမ်းဟာ မုသားစကားတွေဆိုတာ သမီးလေး သိသွားပြီပေါ့။

မေမေကြီးရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို 'မိန်းမလိမ်ကြီး'လို့ ခေါင်းစဉ်တပ်မယ်ဆိုရင် တပ်လို့ရနေပြီ။ မေမေကြီးဟာ အမိဝမ်းက ကျွတ်လာတဲ့နေ့ကစပြီး ဒီနေ့ထိ အတွင်း မုသားစကားကို တစ်ကြိမ်တည်းသာ ပြောခဲ့တယ် သမီးလေး။

အဲဒီမုသားစကားက ဘဝသုံးခုကို ချေမှုန်းဖျက်ဆီးပစ်လိုက်တယ်လေ။

□

## ဒီဇင်ဘာ ၄

…က်မည်းမကလေးဟာ မေမေကြီးရှေ့က စားပွဲပေါ်မှာပဲ ရှိနေသေးတယ်ကွဲ့။ …ကောင်လေး အရင်ရက်တွေတုန်းကလောက် အစားကို ကောင်းကောင်းမစား… မေမေကြီးကို တကျစ်ကျစ်နဲ့ စကားတွေပြောနေရမယ့်အစား သူ့စက္ကူဘူးထဲ…မှာပဲ နားနေတယ်။ ဘူးအပေါ်ပေါက်ကနေ ခေါင်းကလေးတောင် တစ်ချက်…လာဖော်မရဘူး။

ဒီနေ့မနက် အအေးကဲနေတဲ့ကြားထဲကပဲ မေမေကြီး ရာဇ့်မန်တို့…င်မယားနဲ့အတူ ပျိုးပင်အရောင်းဆိုင်ကို သွားခဲ့တယ်။ နောက်ဆုံးအချိန်အထိ…တို့နဲ့ လိုက်ရေး မလိုက်ရေးကို မေမေကြီး ချီတုံချတုံ ဖြစ်နေတုန်းကွဲ့။ …အေးက ဘယ်လောက်ကဲသလဲဆို မြောက်ဝင်ရိုးစွန်းက ဝက်ဝံတောင် အပြင်…ကိုဖို့ နှစ်ခါပြန်စဉ်းစားရမယ့် အအေးမျိုး။ နောက်ပြီး မေမေကြီးရဲ့ နှလုံးသား…ောင်ကျကျ တစ်နေရာက အသံတစ်သံက မေးနေတယ်၊ ပန်းပင်တွေ ထပ်စိုက်…လို့ကော ဘာထူးတော့မှာမို့လို့လဲတဲ့။ ဒါပေမဲ့ ရာဇ့်မန်တို့ဆီကို တယ်လီဖုန်း…က်နေတုန်းမှာပဲ ပန်းခြံထဲက မှေးမှိန်နေတဲ့ အရောင်တွေကို သတိထားမိတယ်။ …တော့ ကိုယ့်ရဲ့ အတ္တကြီးမှုကို အပြစ်တင်မိတယ်။ နောက်နှစ်ရဲ့ နွေဦးကို …မေကြီး မြင်ချင်မှမြင်ရတော့မယ်။ သမီးလေးကတော့ မြင်ရမယ်လေ။

ခုတစ်လော မေမေကြီး ဂနာမငြိမ်ဖြစ်နေတယ်။ စာရေးနေချိန် မဟုတ်… တစ်အိမ်လုံး နေရာအနှံ့ လျှောက်သွားနေမိတယ်။ စိတ်ငြိမ်းချမ်းမှု ရနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာလည်း ရှာမတွေ့ဘူး။ မေမေကြီးလုပ်နိုင်နေသေးတဲ့ မံဆိုစလောက် အလုပ်ကလေးတွေကလည်း မေမေကြီးကို စိတ်ကျေနပ်မှု မပေးနိုင်ဘူး။ တစ်နည်းပြောရင် ကြေကွဲစရာ အမှတ်တရတွေကို ခဏတစ်ဖြုတ်ကလေးတောင် အောင်အောင်မြင်မြင် မောင်းထုတ်မပစ်နိုင်ဘူး။ မှတ်ဉာဏ်ဆိုတာ ရေခဲသေတ္တာထဲက အအေးလွန်အခန်းနဲ့ ဆင်ဆင်တူတယ်လို့ မေမေကြီး တွေးမိတယ်ကွဲ့။ အအေးလွန်ခန်းထဲမှာ ခပ်ကြာကြာ ထည့်ထားတဲ့ အစားအစာ တစ်ခုကို ထုတ်ယူလိုက်ရင် ဘယ်လိုဖြစ်နေတယ်ဆိုတာ သမီးလေး သိပါတယ်။ ဒီအစားအစာဟာ အုတ်ခဲတစ်တုံးလို မာနေမယ်။ အနံ့မရှိ၊ အရသာမရှိ၊ အပေါ်မှာ ရေခဲလွှာပါးပါးကလေး အုပ်နေမယ်။ ဒါပေမဲ့ အဲဒီအတုံးအခဲကို အပူပေးလိုက်တာနဲ့ သူ့ရဲ့ နဂိုပုံစံနဲ့ အရောင်ပြန်ပေါ်လာမယ်။ သူ့အနံ့က စားဖို့ဆောင်တစ်ခုလုံးကို လွှမ်းခြုံသွားမယ်။

အဲဒီအတိုင်းပဲ ပေါ့ကွယ်။ စိတ်ဆင်းရဲစရာကောင်းတဲ့ အမှတ်တရဖြစ်ရပ်တွေဟာ တစ်ဦးတစ်ယောက်ရဲ့ စိတ်ထဲက မရေမတွက်နိုင်တဲ့ အကွဲအဟကလေးတွေထဲမှာ နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်းများစွာ၊ ဘဝတစ်လျှောက်လုံး ငြိမ်သက်ကိန်းအောင်းနေတတ်တယ်။ အဲဒီနောက်တစ်နေ့မှာ အမှတ်တရဖြစ်ရပ်တွေကို ပြန်သတိရလာရော။ ဒီဖြစ်ရပ်တွေနဲ့ တွဲနေတဲ့ ဝေဒနာဟောင်းတွေ ပြန်ကြွလာရော။ ဒီဝေဒနာတွေဟာ ဘယ်လောက်ပြင်းထန်သလဲဆိုရင် အဲဒီဖြစ်ရပ် ဖြစ်ခဲ့စဉ်တုန်းကအတိုင်း အလူးအလဲခံစားရတယ်လေ။

အဲဒီဝေဒနာတွေက သမီးလေးကို မေမေကြီးအကြောင်း၊ မေမေကြီးရဲ့ လျှို့ဝှက်ချက်အကြောင်း ပြောပြနေတယ်။ ဒါပေမဲ့ ဇာတ်လမ်းဆိုတာ အစကနေပြီး ပြောရမှာပေါ့။ ဒီဇာတ်လမ်းရဲ့ အစကတော့ မေမေကြီးရဲ့ ငယ်ဘဝပေါ့။ ပြီးတော့ မေမေကြီးရဲ့ ငယ်ဘဝကော ကြီးဘဝပါ ကျင်လည်ကျက်စားခဲ့ရတဲ့ သီးခြားကမ္ဘာကျဉ်းကလေးပေါ့။

မေမေကြီးတို့ ငယ်စဉ်ခေတ်က အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး စဉ်းစားကြတဲ့အခါ ဉာဏ်ရည်ထက်မြက်တဲ့ မိန်းကလေးကို မစဉ်းစားကြဘူး။ ဉာဏ်ရည်ထက်မြက်ခြင်းဟာ အဲဒီမိန်းကလေးအတွက် အနုတ်လက္ခဏာပဲ။ ဇနီးမယား





ဆိုတာ သားမွေးဖို့၊ သစ္စာစောင့်သိဖို့၊ ချစ်မြတ်နိုးတတ်ဖို့ပဲလိုတယ်။ ဒီထက်ဘာအရည်အချင်းမှ ပိုပြီး မလိုဘူးလို့ ထုံးတမ်းစဉ်လာက တောင်းဆိုတယ်။ မေးခွန်းတွေ မေးတတ်တယ်၊ စူးစမ်းလေ့လာတတ်တယ်၊ လှုပ်လှုပ်ရှားရှားနေတတ်တယ် ဆိုတဲ့ မိန်းမတစ်ယောက်ကို ဘယ်ယောက်ျားကမှ မကြိုက်ဘူး၊ မယူချင်ဘူး။ မေမေကြီးငယ်စဉ်က ဘာကြောင့် သီးသီးခြားခြား တစ်ကိုယ်တည်းနေချင်စိတ် ပြင်းထန်သလဲဆိုတာကို အဲဒီထုံးတမ်းစဉ်လာ အယူအဆတွေက ရှင်းပြနေတယ်။

အမှန်အတိုင်း ပြောရရင် မေမေကြီးက ရုပ်သိပ်မဆိုးလှဘူး။ မိဘက အသင့်အတင့် ချမ်းသာကြွယ်ဝတယ်။ ဒီတော့ မေမေကြီးအသက်ဆယ့်ရှစ်နှစ်နဲ့ နှစ်ဆယ်အတွင်းမှာ ချစ်သူဝိုင်းဝိုင်းလည်နေတာပေါ့။ ဒါပေမဲ့ စကားစမြည်ပြောကြတဲ့အခါ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ပြောတတ်တာကို သိသွားတာနဲ့၊ စကားကိုပွင့်ပွင့်လင်းလင်းနဲ့ ကိုယ့်ရင်ထဲမှာ ဘာတွေရှိနေသလဲ ဆိုတာကို သိသွားတာနဲ့ အဲဒီလူတွေ ကိုယ်ရောင်ဖျောက်သွားကြတော့တာပဲ။ မှန်တယ်၊ မေမေကြီး အေးအေးကလေးနေပြီး ကြော့ကြော့ကလေး ဟန်လုပ်နေမယ်ဆို နေလို့ရတာပေါ့။ ဒါပေမဲ့ ကံမကောင်းအကြောင်းမလှချင်တော့...ကံကောင်းပြီး အကြောင်း လှချင်လို့ပဲ ပြောရမလား...ဒီအသိုင်းအဝိုင်းထဲမှာ ကြီးပြင်းလာရတဲ့ ကြားထဲကပဲ မေမကြီးရဲ့စိတ်ရင်းမှန် တစ်စိတ်တစ်ပိုင်းက ရှင်သန်နေဆဲ ဖြစ်နေတယ်။ အဲဒီစိတ်ရင်းမှန် တစ်စိတ်တစ်ပိုင်းက လိမ်လည်လှည့်ဖြားမှုကို လက်သင့်မခံဘူး။

သိတဲ့အတိုင်းပဲလေ။ အထက်တန်းကျောင်းပြီးသွားချိန်မှာ မေမေကြီးရဲ့ ပညာရေးရပ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ပညာဆက်သင်ခွင့်မပေးလို့။ အဲဒီလိုဆုံးဖြတ်လိုက်တာကို မေမေကြီး အကြီးအကျယ် မကျေနပ်ဘူး။ ဒါကြောင့်လည်း မေမေကြီး အသိပညာကို ငမ်းငမ်းတက်လိုချင်တာဖြစ်မယ်။ လူတစ်ယောက်က သူဟာ ဆေးကျောင်းတက်နေသူပါလို့ ဆိုလိုက်တာနဲ့ မေမေကြီးက မေးခွန်းတွေ စက်သေနတ်ပစ်သလို မေးတော့တာပဲ။ အရာရာတိုင်းကို သိချင် နားလည်ချင်နေတာကိုး။ အင်ဂျင်နီယာကျောင်းသားတွေ၊ ဥပဒေကျောင်းသားတွေနဲ့ တွေ့လည်း ဒီအတိုင်းပဲ။ အဲဒီမှာတင် သူတို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ဦးနှောက်ခြောက်ကြတော့တယ်။ သူတို့က ထင်တယ်လေ၊ မေမေကြီးဟာ သူတို့ကို စိတ်ဝင်စားတာထက် သူတို့ရဲ့ ပညာတွေကို စိတ်ဝင်စားနေတာလို့။ သူတို့ထင်တာလည်း မှန်နိုင်ပါတယ်။

ကျောင်းမှာ တခြား မိန်းကလေးတွေနဲ့ စကားပြောတဲ့အခါ မေမေကြီးဟာ အလင်းနှစ်ပေါင်းများစွာ ကွာခြားတဲ့ တခြား ဂြိုဟ်တစ်ခုပေါ်က ဂြိုဟ်သားတစ်ယောက်လို ဖြစ်နေတာကလား။ သူတို့နဲ့ မေမေကြီးအကြား အဓိက ခြားနားချက်ကတော့ မိန်းမတို့ရဲ့ မာယာပရိယာယ်ပေါ့။ သူတို့မှာ မာယာပရိယာယ်တွေ ပြည့်စုံကြွယ်ဝနေပေမဲ့ မေမေကြီးမှာ အဲဒီအရည်အချင်းမျိုး လုံးဝမရှိဘူး။ သူတို့အမြင်မှာ ယောကျ်ားတွေဟာ အရမ်းပျော့ညံ့ကြတယ်၊ သူတို့လှည့်စားသလို ခံကြရတဲ့ သတ္တဝါတွေလို့ ခံယူထားကြတယ်။ ဘယ်လိုယောကျ်ားကို ဘယ်လိုမက်လုံးပေးပြီး ဘယ်လိုချုပ်ကိုင်ရမယ်ဆိုတာ သူတို့ကောင်းကောင်းသိကြတယ်ကွဲ့။ အဲဒီကိစ္စတွေကို မေမေကြီးက အတော်နှောင်းမှ သိနားလည်လာတယ်။ သူတို့ကတော့ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်သမီးအရွယ်ကတည်းက တစ်ဖက်ကမ်းခတ် ကျွမ်းကျင်နေကြတာကလား။

သူတို့က ကောင်လေးတွေကို ငြင်းပယ်တယ်၊ လက်ခံတယ်။ လေသံကို တိုးတိုးကလေး တစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး လိုချင်သလို လုပ်ပြီးပြောတတ်တယ်။ ကောင်လေးတွေနဲ့ ချိန်းတယ်။ ပြီးတော့ မသွားဘဲ နေချင်နေတယ်၊ ဒါမှမဟုတ် အချိန်နောက်ကျပြီးမှ သွားချင်သွားတယ်။ ကောင်လေးတွေကို မြူဆွယ်တဲ့ မျက်လုံးတွေနဲ့ ကြည့်တတ်တယ်။ မေမေကြီးကတော့ ကိုယ့်ဝန်းကျင်မှာ ဘာဖြစ်လို့ ဖြစ်နေမှန်းတောင် မသိဘူး။ သူတို့ကြားထဲမှာ မေမေကြီးက အရူးတစ်ယောက်ဖြစ်နေရော။

သမီးလေးစိတ်ထဲမှာ ထူးဆန်းတယ်လို့ ထင်ကောင်းထင်မယ်။ ဒါပေမဲ့ မေမေကြီးမှာ သစ္စာစောင့်သိစိတ်ကလေး ရှိနေတယ်ကွဲ့။ ဆိုလိုတာက ယောကျ်ားတွေကို ကစားစရာ အရုပ်လို သဘောမထားချင်ဘူး။ တစ်နေ့နေ့မှာ မေမေကြီးနဲ့ ညဥ့်နက်သန်းခေါင်အထိ မမောနိုင် မပန်းနိုင် စကားထိုင်ပြောနေလို့ ရမယ့် ယောကျ်ားကလေးတစ်ယောက်တော့ တွေ့လာမှာပဲလို့ မေမေကြီး ယုံကြည်





ထားတယ်။ အဲဒီလိုပြောရင်း ဆိုရင်းနဲ့ တို့နှစ်ယောက်ရဲ့အမြင်တွေ၊ အယူအဆတွေ တူညီပါကလားလို့ သိမြင်လာမယ်။ ခံစားချက်တွေ တူညီပါကလားလို့ သဘောပေါက်လာမယ်။ အဲဒီအခါ ချစ်ခြင်းမေတ္တာဆိုတာ ပေါက်ဖွားလာမယ်။ ခင်မင်ရင်းနှီးမှုအပေါ်မှာ အခြေတည်တဲ့ ချစ်ခြင်းမေတ္တာ၊ အပြန်အလှန်လေးစားမှုအပေါ်မှာ အခြေတည်တဲ့ ချစ်ခြင်းမေတ္တာ၊ လိမ်လည်လှည့်စားမှုအပေါ်မှာ အခြေတည်တာ မဟုတ်တဲ့ ချစ်ခြင်းမေတ္တာလေ။

ကြာတော့ မေမေကြီးကို ချဉ်းကပ်လာတဲ့ သကောင့်သားတွေက မေမေကြီးကို ကြောက်လာကြတယ်၊ လန့်လာကြတယ်။ မေမေကြီးလည်း 'ရိုးရိုးကြီး'ဘွဲ့ကိုရလာတယ်။ မေမေကြီးမှာ မိန်းကလေး အပေါင်းအသင်းတွေလည်း ရှိပါတယ်။ ဒါပေမဲ့ သူတို့နဲ့ မေမေကြီးရဲ့ဆက်ဆံရေးက တစ်ဖက်သတ် ဆက်ဆံရေးကြီး ဖြစ်နေတယ်။ သူတို့က သူတို့ရဲ့ ချစ်ရေးချစ်ရာတွေကို တိုးတိုးတိတ်တိတ် ပြောပြရမယ့် 'နှုတ်လုံသူ'အဖြစ်သာ မေမေကြီးကို ပေါင်းသင်းကြတာကလား။ သူတို့တွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ပြုသွားကြတယ်။ မေမေကြီးမှာ တခြားလူတွေရဲ့ မင်္ဂလာဆောင်တွေကိုပဲ တစ်သွားတည်း သွားနေခဲ့ရတယ်လေ။ နောက်တော့ တစ်ယောက်ပြီးတစ်ယောက် ကလေးတွေမွေးကြတယ်။ ဒီတော့ မေမေကြီးက အဒေါ် အပျိုကြီးဖြစ်ရပြန်တာပေါ့။

တကယ်တမ်းပြောရရင်တော့ မေမေကြီးမှာ မိသားစုတစ်စု ဘူထောင်ချင်တဲ့ ဆန္ဒ မရှိခဲ့ဘူး။ ကလေးတစ်ယောက် မွေးရမှာကို တွန့်ရွံ့နေတယ်။ ကလေးတစ်ယောက်အဖြစ်နဲ့ မေမေကြီး နာကြည်းခံစားခဲ့ရတာတွေက ဆိုးရွားလွန်းတယ်။ ဒါကြောင့် အပြစ်မဲ့လူသားကလေးတစ်ဦး အဲဒီလို စိတ်ဆင်းရဲမှုခံစားရမှာကို မေမေကြီး စိုးရိမ်ပူပန်ခဲ့တယ်။ နောက်တစ်ချက်က မေမေကြီးနေထိုင်ရတာ အရမ်းလွတ်လပ်တယ်ကွဲ့။ ကိုယ့်အိမ်မှာကိုယ် နေချင်သလို နေလို့ရတယ်။ လုပ်ချင်တာလည်း လုပ်လို့ရတယ်။ စာသင်သားလေးငါးယောက်ကို ဂရိဘာသာနဲ့ လက်တင်ဘာသာ သင်ပြပေးလို့ရတဲ့ ငွေကိုလည်း ကိုယ့်ဘာသာကိုယ် ကြိုက်သလိုသုံးခွင့်ရှိတယ်။ ဒီတော့ အဲဒီလို လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားမှာကို စိုးရိမ်မိတာလည်း ပါတာပေါ့။ အလုပ်မရှိလို့ အားနေရင်



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်ထဲ သွားထိုင်ပြီး တစ်နေကုန် အချိန်ဖြုန်းနေလည်း ဘယ်သူကမှ အပြစ်မပြောဘူးလေ။

တခြားမိန်းမတွေရဲ့ ဘဝတွေနဲ့ယှဉ်ရင် မေမေကြီးရဲ့ ဘဝက လွတ်လပ်တဲ့ ဘဝ တစ်ခုပေါ့ကွယ်။ ဒါပေမဲ့ အချိန်ကာလတွေ ရင့်ညောင်းလာတော့ ဒီလွတ်လပ်မှုနဲ့ ဒီပျော်ရွှင်မှုဟာ တစ်စထက်တစ်စ အတုအယောင်တွေ၊ အတင်းအကျပ် ဖန်တီးထားမှုတွေသဘော သက်ရောက်လာတော့တယ်။ တစ်ကိုယ်တော် စံမြန်းရတဲ့ဘဝဟာ ကနဦးပိုင်းမှာ အခွင့်ထူးကြီးတစ်ရပ်လို့ ထင်ရပေမဲ့ နောင်ကြာလာတော့ စိတ်ဆင်းရဲစရာကြီး ဖြစ်လာတယ်။

မိဘနှစ်ပါးက အိုမင်းရင့်ရော်နေပြီ။ ဖေဖေက လေဖြတ်ထားလို့ မစွမ်းမသန်ဘဝနဲ့။ မေမေကြီးဟာ နေ့စဉ်နေ့တိုင်း ဖေဖေ့လက်မောင်းကို ကိုင်ပြီး သတင်းစာထွက်ဝယ်လေ့ရှိတယ်။ အဲဒီတုန်းက မေမေကြီး နှစ်ဆယ့်ခုနစ်၊ နှစ်ဆယ့်ရှစ်လောက်ရှိပြီ။ ဆိုင်ပြတင်းပေါက်မှန်ထဲမှာ မေမေကြီးတို့သားအဖရဲ့ အရိပ်ကို ယှဉ်ပြီး မြင်ရတဲ့အခါ ဖေဖေသာ မဟုတ်ဘူး ကိုယ်ကိုယ်တိုင်လည်း အိုမင်းလာပါပြီကောလို့ ခံစားရတယ်။ ပြီးတော့ မေမေကြီးဘဝရဲ့ လားရာလမ်းကြောင်းကို သဘောပေါက်မိတယ်။ ဖေဖေသေဆုံးပြီး များမကြာမီအတွင်း မေမေက ဖေဖေ့နောက်ကို လိုက်တော့မှာ။ မေမေကြီးကတော့ စာအုပ်ပေါင်းများစွာ ပြည့်လျှံနေတဲ့ အိမ်ကြီးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရမှာပေါ့။ အချိန်တွေ ကုန်လွန်အောင် ဇာထိုးပန်းထိုး လုပ်ချင်လုပ်၊ ရေဆေးပန်းချီကားတွေ ဆွဲချင်ဆွဲ၊ ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်သွား။ အဲ...မနက်ခင်းတစ်ခုမှာတော့ မေမေကြီးကို မတွေ့မိတာ သုံးလေးရက် ရှိနေပြီဆိုပြီး တစ်ယောက်ယောက်က မီးသတ်ဌာနကို တယ်လီဖုန်းဆက် အကြောင်းကြားမယ်။ မီးသတ်ရဲဘော်တွေက တံခါးမကြီးကို ဖျက်ပြီးဝင်မယ်။ ကြမ်းပြင်မှာ လဲနေတဲ့ မေမေကြီးကို တွေ့ကြမယ်။ မေမေကြီးအသက်ပျောက်ချင် ပျောက်နေမှာပေါ့။ ကြွင်းကျန်ရစ်တဲ့ မေမေကြီးရဲ့ ရုပ်အလောင်းဟာ ပိုးကောင် မွှားကောင်ကလေးတစ်ကောင် သေပြီး ကျန်ခဲ့တဲ့ ရုပ်အလောင်းနဲ့ သိပ်ပြီး မခြားနားတော့ဘူးလေ။

လူ့ဘဝမှာ အဓိပ္ပာယ်ရှိရှိ ကျင်လည်နေထိုင်မှု မပြုရဘဲ မေမေကြီးရဲ့





မိန်းမသားခန္ဓာကိုယ်ကြီးဟာ တရွေ့ရွေ့ ယိုယွင်းပျက်စီးနေပြီလို့ စိတ်ထဲခံစားရတယ်။ နောက်ပြီး အထီးကျန်ဝေဒနာကို ခံစားရတယ်။ အထီးကျန်ဝေဒနာကို အသည်းအသန် ခံစားရတယ်။ မေမေကြီးဘဝမှာ စကားပြောရမယ့် လူ တစ်ယောက်မှ မရှိခဲ့ဘူး...ဆိုလိုတာက တကယ်တမ်း ရင်ဖွင့်ပြီး တရင်းတနှီးပြောရမယ့်လူမရှိဘူး။ ဟုတ်တယ်၊ မေမေကြီး ဉာဏ်ရည်ထက်မြက်တယ်။ စာတွေအရမ်း ဖတ်တယ်။ ဖေဖေကဆို

'အော်လ်ဂါဟာ ဘယ်တော့မှ အိမ်ထောင်ပြုမှာ မဟုတ်ဘူး၊ သူ့မှာ ဉာဏ်ရှိလွန်းနေတယ်'လို့ ဂုဏ်ယူဝင့်ကြွားပြီး ပြောခဲ့သေးတာပဲ။

ဒါပေမဲ့ အဲဒီဉာဏ်တွေက မေမေကြီးကို ဘယ်မှ ရောက်အောင် ပို့မပေးနိုင်ခဲ့ဘူး။ မေမေကြီးဟာ ဘဝခရီးလမ်းတစ်ခု သတ်မှတ်ပြဋ္ဌာန်းပြီး မလျှောက်လှမ်းနိုင်ခဲ့ဘူး။ ဘာဆို ဘာကိုမှ နက်နက်ရှိုင်းရှိုင်း လေ့လာနိုင်စွမ်းမရှိခဲ့ဘူး။ ဒီလိုဖြစ်နေရတာ ဘာကြောင့်လဲ။ တက္ကသိုလ်ပညာရေးကို မသင်ယူခဲ့ရလို့လို့ မေမေကြီး ထင်ခဲ့တယ်။ ဒါပေမဲ့ ကိုယ့်အစွမ်းအစ၊ ကိုယ့်ပါရမီကို ထိထိရောက်ရောက် အသုံးချနိုင်စွမ်း မရှိခြင်းရဲ့ အကြောင်းရင်းက တစ်နေရာမှာ ရှိနေတယ်ကွယ့်။ ပြောရမယ်ဆိုရင်တော့ ထရှိုင်မြို့ကြီးကို ဖော်ထုတ်တွေ့ရှိချိန်မှာ ရှလီမန်ဟာ ကိုယ့်အားကိုယ်ကိုးပြီး ပညာတတ်ထားတဲ့လူ မဟုတ်လား။ မေမေကြီး ရှေ့မတိုးနိုင်အောင် ဆွဲဟန့်ထားတာက ဟိုခွေးပုကလေးနဲ့ ပတ်သက်ပြီးဖြစ်ခဲ့တဲ့ အပြစ်သနစ်လေ၊ မှတ်မိသေးလား။ မေမေကြီး ရှေ့မတိုးနိုင်ဘူး။ တစ်နေရာတည်းမှာ မားမားကြီး ရပ်နေတယ်၊ စောင့်နေတယ်။ ဘာကို စောင့်နေတာလဲ။ မသိဘူး။ ဘာကိုစောင့်နေမိမှန်းလည်း မသိဘူး။

အိမ်ကို အော်ဂတ်စကို စရောက်တဲ့နေ့က နှင်းတွေကျနေတဲ့ နေ့ပေါ့။ အဲဒီနေ့ကို မေမေကြီး ကောင်းကောင်း မှတ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေကြီးတို့နေတဲ့ ဒေသမှာ နှင်းကျတယ်ဆိုတာ မြင်တောင့် မြင်ခဲ မြင်ကွင်းမို့လို့ပဲ။ နောက်တစ်ကြောင်းက ညစာ စားမယ့် ဧည့်သည်ဟာ အချိန်နောက်ကျပြီးမှ ရောက်လာလို့ပဲ။ အော်ဂတ်စတိုက ဖေဖေ့လိုပဲ...ကော်ဖီဆိုင်သွင်းသူ တစ်ဦးလေ။ ထရီအက်စတီမြို့ကိုသူလာတာကတော့ မေမေကြီးတို့ရဲ့လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ရောင်းမယ်ဆိုလို့ လာပြီး ညှိနှိုင်းတာ။ ဖေဖေဟာ လေဖြတ်သွားပြီးတဲ့နောက် ပိုင်း၊ သူ့ စီးပွားရေးလုပ်ငန်းကို အမွေဆက်ခံမယ့် သားယောကျ်ားလေးလည်း မရှိတော့ အေးအေးချမ်းချမ်းပဲ နေတော့မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

မမကြီးကတော့ အော်ဂတ်စတိုကို မြင်မြင်ချင်း မချစ်မိတဲ့အပြင် ကြည့်လို့တောင် မရချင်ဘူး။ အံ့ဩစရာကောင်းသားနော်၊ ကိုယ့်ဘဝမှာ အရေး ကြီးတဲ့ ကဏ္ဍ ပါဝင်လာမယ့် လူတွေကို ကနဦးပိုင်းမှာ ကြည့်မရတဲ့ အဖြစ်မျိုး တွေကို မကြာမကြာ ကြုံတွေ့ခဲ့ကြတာကလား။ ညစာစားပြီးချိန်မှာ ဖေဖေက ခဏတစ်ဖြုတ် လဲလျောင်းဖို့ အိပ်ခန်းထဲဝင်သွားတယ်။ ဧည့်သည်ကို သူ ရထား ဘူတာဆင်းချိန်အထိ ဧည့်ခန်းထဲမှာ ဧည့်ခံနေဖို့ မမကြီးကို တာဝန်ပေးခဲ့တယ်။ မမကြီးတို့နှစ်ဦး အတူရှိနေတဲ့ နာရီပိုင်းအတွင်းမှာ မမကြီးဟာ ကိုယ့်အစဉ် အလာကို ဖျက်ပြီး သူ့ကို ခပ်ရိုင်းရိုင်းပဲ ဆက်ဆံခဲ့တယ်။ သူ တစ်ခွန်းမေးရင် တစ်ခွန်းပဲ ဖြေတယ်။ အထူးသဖြင့် 'အင်း' နဲ့ 'ဟင့်အင်း' ဆိုတဲ့ စကားလုံးတွေ ပဲပေါ့။ သူ စကားမစလို့ကတော့ မမကြီးတစ်ခွန်းမှ မဟခဲ့ဘူး။ ပြန်ခါနီး သူက နှုတ်ဆက်ဖို့ လက်ကမ်းပေးတော့ မြို့စားကြီးရဲ့ သမီးတော်ကလေးက လူတန်းစားမတူသူ တစ်ဦးကို မျက်နှာသာပေးပြီး ဆက်ဆံတဲ့အချိုးမျိုးနဲ့ လက် ကမ်းပေးခဲ့တယ်။

နောက်တစ်နေ့ ညနေစာ ထမင်းစားဝိုင်းလည်းကျရော မမေတို့ ဖေဖေတို့က အော်ဂတ်စတို ချီးမွမ်းခန်းတွေ ဖွင့်တော့တာပဲ။ တော်ကြောင်း၊ သိက္ခာရှိကြောင်း၊ စီးပွားရေးအောင်မြင်သူဖြစ်ကြောင်း. . .။

'ဟုတ်တယ်နော်၊ သူ့လက်မှာ လက်ထပ်လက်စွပ်လည်း ဝတ်မထား ဘူး'

မမကြီး စိတ်တိုတိုနဲ့ အရွဲ့တိုက် ပြောပစ်လိုက်တယ်။ ဒီတော့ ဖေဖေက

'အင်း. . .ဟုတ်တယ်၊ သနားစရာကောင်းပါတယ်ကွယ်။ ဒီသူငယ် မှဆိုးဖိုကွဲ့'

တဲ့လေ။ တကယ်တော့ မမကြီး စိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲသွား



တာကို ကိုယ့်ဘာသာကိုယ် ရှက်သွားတယ်။ ဖေဖေ အဲဒီစကားတွေ ပြန်မပြောမီ ကတည်းက မမကြီးရဲ့မျက်နှာဟာ ခရမ်းချဉ်သီးမှည့်တစ်လုံးလို နီမြန်းနေပြီ လေ။

နောက်နှစ်ရက်အကြာ သင်တန်းတစ်ခုက ပြန်အလာမှာ မမကြီး တို့ရဲ့ အိမ်ရှေ့တံခါးပေါက်နားမှာ ငွေရောင်ထုပ်ပိုးစက္ကူနဲ့ထုပ်ထားတဲ့ အထုပ် တစ်ထုပ်ကို တွေ့ရပါရော။ မမကြီးဘဝမှာ လက်ဆောင်ပစ္စည်းပို့ပေးတာမျိုး တစ်ခါမှ မကြုံဖူးဘူး။ ဒီအထုပ်ပို့ပေးလိုက်တာ ဘယ်သူဖြစ်နိုင်မလဲဆိုတာလည်း ခေါ်းစားလို့ မရဘူး။ အထုပ်အောက်မှာ စာရွက်ကလေးတစ်ရွက် ညှပ်ထားတာ တွေ့ရတယ်။ စာရွက်ပေါ်မှာ ရေးထားတာက 'ဒါမျိုးလေးတွေ မြည်းကြည့်ဖူး လား'တဲ့။ အောက်မှာ လက်မှတ်ထိုးထားတာက အော်ဂတ်စတို။

အဲဒီညကတော့ အိပ်ရာနံဘေးက စားပွဲပုကလေးမှာ အဲဒီချောကလက် ဘူး တင်ထားပြီး မမကြီး အိပ်မရနိုင်လောက်အောင် ဖြစ်ခဲ့ရတယ်။ ဖေဖေ့မျက် နှာကြောင့်သာ သူ ဒါတွေ ငါ့ဆီပို့လိုက်တာ ဖြစ်မယ်လို့ တွေးတယ်။ ပြီးတော့ ချောကလက်တွေ တစ်ခုပြီးတစ်ခု စားနေမိတယ်။ သီတင်းသုံးပတ်ကြာတော့ ဆရီအက်စတီကို သူရောက်လာပြန်တယ်။ ညစာစားရင်း ပြောတာကတော့ 'အလုပ်ကိစ္စ'နဲ့ လာတာတဲ့။ ဒီတစ်ခေါက်တော့ အရင်အခေါက်ကလို ချက်ချင်း မပြန်ဘဲ မြို့ထဲမှာ ခဏတစ်ဖြုတ် နေသွားတယ်။ သူမပြန်ခင် မြို့ထဲမှာ ကား လျှောက်မောင်းဖို့ အဖော်အဖြစ် မမကြီးကို ခေါ်သွားခွင့်ပြုပါလို့ သူက ဖေ ဖေဆီမှာ ခွင့်တောင်းတယ်။ ဖေဖေကတော့လား. . .မမကြီးရဲ့ သဘောကို တောင် မေးဖော်မရဘဲ တစ်ခါတည်း ခွင့်ပြုလိုက်တယ်။ မြို့ထဲက လမ်းတွေပေါ် မှာ တစ်ညနေခင်းလုံး ကားလျှောက်မောင်းကြတယ်။ သူက စကားနည်းတယ်။ ထဲမှာ တွေ့တဲ့ ကျောက်တိုင်တွေ၊ ကျောက်ရုပ်တွေအကြောင်း ပြောပြဖို့ မမကြီးကို ပြောတယ်။ နောက်ပြီး မမကြီးပြောသရွေ့ကို သူ တိတ်တိတ် ဆိတ်ဆိတ်နဲ့ နားထောင်တယ်။ သူ နားထောင်ဖော်ရတယ်ဟုတ်။ မမကြီးအတွက် ဒါဟာ အံ့ဖွယ်တစ်ပါးပါပဲ။

သူပြန်တဲ့နေ့ကတော့ မမကြီးဆီကို နှင်းဆီပန်းစည်း တစ်စည်း

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးလိုက်တယ်။ မေမေဆိုတာ ဝမ်းတွေသာလို့။ မေမေကြီးကတော့ ဝမ်းမသာသလိုပေါ့လေ၊ ဟန်ကြီးတစ်ခွဲသားနဲ့ပေါ့။ ဒါပေမဲ့ စာရေးထားတဲ့ ကတ်ပြားကလေးကို ချက်ချင်းဖွင့် မဖတ်သေးဘဲ နာရီပေါင်းများစွာ ကြာအောင် 'ဥ' ထားမိတယ်။

မကြာပါဘူး။ ဒီလူရောက်ရောက်လာတာ အပတ်စဉ်ဖြစ်လာတယ်။ ထရီအက်စတီကို စနေနေ့တိုင်း လာတယ်။ သူ့မြို့ကို တနင်္ဂနွေနေ့မှပြန်တယ်။ မင်းသားကလေးက မြေခွေးမကလေးနဲ့ ကျွမ်းဝင် ယဉ်ပါးလာအောင် ဘယ်လိုလုပ်တယ်ဆိုတာ သမီးလေး မှတ်မိသေးလား။ မင်းသားကလေးဟာ မြေခွေးမကလေး အောင်းနေတဲ့ ဂူထဲက ထွက်လာတဲ့အထိ နေ့စဉ်နေ့တိုင်း ဂူရှေ့မြင်သာတဲ့နေရာမှာ ထိုင်ထိုင်နေလေ့ရှိတယ်လေ။ ကြာတော့ မြေခွေးမကလေးဟာ မင်းသားကလေးကို မှတ်မိလာတယ်။ မကြောက်တော့ဘူး။ နောင် ကြာလာတော့ မင်းသာ.ကလေးနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ အကြောင်းအရာတစ်ခုခုကို တွေ့ရတာနဲ့ မြေခွေးမကလေးဟာ သူ့မိတ်ဆွေကလေးကို သတိရလာတယ်။ ရင်ခုန် လှုပ်ရှားလာတယ်လေ။

အော်ဂတ်စတိုကလည်း အဲဒီနည်းပရိယာယ်နဲ့ မေမေကြီးကို ညို့ဖမ်းသွားတာကလား။ ကြာသပတေးနေ့လောက်ရောက်ရင်ပဲ မေမေကြီး ရင်တွေခုန်နေပြီပေါ့။ အရိုင်းကို ယဉ်အောင်လေ့ကျင့်တဲ့ အစီအစဉ်ကစပြီပေါ့။ တစ်လတောင် မကြာလိုက်ပါဘူး။ မေမေကြီးဟာ သီတင်းပတ်ကုန်ရက်တွေကို စောင့်မျှော်ရင်း အချိန်တွေ ကုန်လွန်တတ်လာပြီ။ တိုတောင်းတဲ့ ကာလအတွင်းမှာပဲ **မေမေကြီးတို့ နှစ်ယောက်အကြားမှာ ရင်းနှီးမှုကလေးတွေ ပေါ်ပေါက်လာတော့**တယ်။

နောက်ဆုံးမှာ မေမေကြီး ရင်ဖွင့်စကားပြောလို့ရတဲ့ လူတစ်ယောက်၊ မေမေကြီးရဲ့ ဉာဏ်ရည်ကို တန်ဖိုးထား လေးစားတတ်ပြီး မေမေကြီးရဲ့ ပညာလိုလားစိတ်ကို စာနာနားလည်တတ်တဲ့ လူတစ်ယောက်ကို တွေ့ရပြီပေါ့။ မေမေကြီးဘက်ကတော့ သူ့ရဲ့အေးချမ်းတည်ငြိမ်မှုကို သဘောကျတယ်။ တစ်ဖက်သားပြောတာကို နားထောင်နိုင်စွမ်းရှိတဲ့ အရည်အချင်းတွေကို သဘောကျတယ်၊



အသက်ပိုကြီးတဲ့ လူတစ်ယောက်က မိန်းမသားတစ်ယောက်ကို ပေးအပ်နိုင်တဲ့ အကွယ်စောင့်ရှောက်မှုကို သဘောကျတယ်။

မေမေကြီးတို့နှစ်ယောက် ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှာ ရိုးရိုးစင်းစင်း အခမ်းအနားကလေးလုပ်ပြီး လက်ထပ်လိုက်ကြတယ်။ လက်ထပ်ပြီး ဆယ်ရက်အကြာမှာ ဒုတိယကမ္ဘာစစ်ကြီး စဖြစ်တော့တာပဲ။ မေမေက ဒင်နက်တိုတောင်တန်းတွေမှာရှိတဲ့ ရွာကလေးတစ်ရွာမှာ သွားပြီး ခိုလှုံတယ်။ မေမေကြီးက ယောကျာ်းနဲ့အတူ အယ်လ်အကီလာကို လိုက်သွားတယ်။

မေမေကြီးတို့ လာကွီလာမှာရှိတဲ့ အော်ဂတ်စတိုတို့ရဲ့ မိသားစုနေအိမ်မှာ နေကြတယ်။ မြို့လယ်ခေါင်က မူးကြီးမတ်ရာတွေနေတဲ့ နန်းတော် အဆောက်အအုံကြီးရဲ့ ပထမထပ်မှာရှိတဲ့ အိမ်ခန်းကျယ်ကြီးပေါ့။ မရိဘောဂတွေက လေးလံပြီး နက်မှောင်နေတယ်။ အလင်းရောင်ပျပျကလေးပဲလင်းတယ်။ မြင်ကွင်းက မှုန်မှိုင်းမှိုင်းနဲ့ လေကားခုံကို ဖြတ်ကျော်ဝင်လိုက်မိတာနဲ့ မေမေကြီး စိတ်ဓာတ်အကြီးအကျယ် ကျသွားတာပဲ။ ငါ ခြောက်လလောက်ပဲ သိကျွမ်းရင်းနှီးခဲ့သူနဲ့ အတူနေရမယ့်နေရာဟာ ဒီနေရာလား။ တစ်မြို့လုံးမှာ ငါ့အသိမိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိတဲ့နေရာလေ။ မေမေကြီး အဲဒီလိုပဲတွေးတယ်၊ စဉ်းစားတယ်။

လင်တော်မောင်က မေမေကြီး စိတ်ပျက်လက်ပျက်ဖြစ်နေတာကို ရိပ်မိတယ်၊ သဘောပေါက်တယ်။ ဒီတော့ ပထမ သီတင်းပတ်နှစ်ပတ်အတွင်း မေမေကြီး အာရုံပြောင်းအောင် အစွမ်းကုန် ကြိုးစားပါတယ်။ ကားတစ်စီးနဲ့ မြို့ထဲအနှံ့ လည်တယ်။ တောင်ကုန်းတွေပေါ် လျှောက်သွားကြတယ်။ မေမေကြီးတို့ နှစ်ယောက်စလုံး လေ့လာရေးခရီးထွက်နေရတာကို မြတ်နိုးကြတယ်လေ။ သာယာလှပတဲ့ တောင်တွေ၊ တောင်ကုန်းထိပ်တွေမှာ တည်ထားတဲ့ ရွာတွေရဲ့ ရှုခင်းတွေက မေမေကြီးကို စိတ်အေးချမ်းလာအောင် ကုစားပေးတယ်။ ဒီရှုခင်းတွေကြောင့် မေမေကြီး တစ်စုံတစ်ရာ အတိုင်းအတာအထိ စိတ်ပြေလက်ပျောက်ဖြစ်လာတယ်။ မေမေကြီးရဲ့ ဇာတိမြို့ကလေးကို ခွဲခွာလာခဲ့ရတယ်ဆိုတဲ့ ခံစားချက်တွေ လျော့ပါးလာတယ်။

အဲဒီနောက်မှာတော့ မေမေကြီးတို့ရဲ့ ပျားရည်ဆမ်းကာလကုန်လွန်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သူက သူ့လုပ်ငန်းခွင်ကို ပြန်ဝင်ပြီး မေမေကြီးက ပုံမှန်ဘဝကို စတင်ရတော့တယ်။ ကြီးမားကျယ်ဝန်းလှတဲ့ အိမ်ကြီးထဲမှာ အိမ်ဖော်မိန်းမကြီး တစ်ယောက်ကလွဲလို့ မေမေကြီးမှာ အဖော်မရှိ၊ တစ်ကိုယ်တည်း။ အိမ်မှုကိစ္စတွေ အားလုံးနီးပါးကို အိမ်ဖော်မိန်းမကြီးက လုပ်နေတော့ မေမေကြီးမှာ လုပ်စရာ အလုပ်လည်း မရှိ။ ဒီတော့ နေ့စဉ်နေ့တိုင်း အပြင်ထွက်လမ်းလျှောက်တဲ့ အကျင့်ကို ရလာတယ်။

လမ်းမကြီးတွေပေါ်မှာ ခေါက်ကယ်ပြန်ကယ် စိတ်လိုက်မာန်ပါ လျှောက်တယ်။ ရှုပ်ထွေးပြီး မဖြေရှင်းနိုင်တဲ့ အတွေးတွေက ခေါင်းထဲမှာ အပြည့်။ လမ်းလျှောက်နေရာက မြွန်းဆို ရပ်ချင်ရပ်လိုက်တယ်။ ငါ သူ့ကိုချစ်လို့လား။ မေမေကြီး တွေးတယ်။ ဒါမှမဟုတ် ငါသူ့ကို ယူမိတာ မဟာအမှားကြီးလား။ မေမေကြီးနဲ့ သူနဲ့ ထမင်းစားပွဲမှာ၊ ဒါမှမဟုတ် ဧည့်ခန်းထဲမှာ အတူထိုင်မိကြတဲ့အခါ မေမေကြီး သူ့ကို ကြည့်တယ်။ ငါ့ရင်ထဲမှာ ဘယ်လို ခံစားရသလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်တယ်။ ရင်ထဲမှာ ကြင်နာစိတ်ကလေး ရှိနေတာတော့ သေချာတယ်။ သူလည်း အဲဒီလိုပဲ ခံစားရတယ်လို့ မေမေကြီး ယုံတယ်။ ဒါပေမဲ့ အဲဒါဟာ အချစ်လား။ ဒီခံစားချက်တွေက ဘာတွေလဲ။ ကိုယ့်တစ်သက်မှာ တစ်ခါမှ ဒီလိုခံစားချက်တွေ မရှိခဲ့ဖူးတော့ ကိုယ့်မေးခွန်းကိုလည်း ကိုယ်မဖြေနိုင်ပြန်ဘူး။

သိပ်မကြာပါဘူး၊ မြို့ခံလူတွေရဲ့ တီးတိုးစကားတွေကို မေမေကြီး ပြန်ပြီး ကြားရတာပါပဲ။ 'ဂျာမန်မက တစ်နေ့လုံး အချိန်မရွေးအခါမရွေး လမ်းပေါ်မှာ လမ်းလျှောက်နေတာပဲ'တဲ့လေ။ မေမေကြီး ကြက်သေသေ သွားတယ်။ သူတို့နဲ့မတူတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာတဲ့ မေမေကြီးအနေနဲ့ ကိုယ့်ဘာသာကိုယ် လမ်းပေါ်မှာ လွတ်လွတ်လပ်လပ် လျှောက်တာ ဘာမှ ပြဿနာမရှိဘူး၊ ဘာမှ ဟိုးလေးတကျော် ဖြစ်ရမယ့် ကိစ္စမဟုတ်ဘူးလို့ ယူဆထားခဲ့တယ်။ အော်ဂတ်စတိုခမျာ စိတ်မချမ်းမသာ ဖြစ်ရတာပေါ့ကွယ်။ မြို့ခံလူတွေရဲ့ သဘောထားကို မေမေကြီး နားမလည်နိုင်တာကို သူသဘောပေါက်တယ်။ ဒါပေမဲ့ ရပ်ထဲရွာထဲမှာ ပြောစရာမဖြစ်အောင်နဲ့ သူ့ဂုဏ်သိက္ခာကို



ထိန်းပေးတဲ့အနေနဲ့ မေမေကြီးတစ်ယောက်တည်း လျှောက်သွားနေတာ ဆင်ခြင်ဖို့ သူက တောင်းပန်တယ်။ အဲဒီဘဝမျိုးနဲ့ ခြောက်လလောက် နေပြီးသွားတဲ့အခါကျတော့ မေမေကြီးရဲ့ ခန္ဓာကိုယ်မှာ အစအနကျန်နေသေးတဲ့ ခံနိုင်ရည်ရှိမှုတွေ ခန်းခြောက်သွားပြီလို့ ခံစားရတယ်။ မေမေကြီးရင်ထဲမှာ ရှိနေတဲ့ ချွေးသေကောင်ကလေးဟာ ဧရာမချွေးသေကောင်ကြီး ဖြစ်လာတယ်။ မေမေကြီးဟာ ကြောင်တောင်တောင် မျက်လုံးတွေနဲ့ စက်ရုပ်ကြီးတစ်ရုပ်လို လှုပ်ရှားနေမိတယ်။ စကားပြောတဲ့အခါ ကိုယ့်စကားတွေကို တခြားလူတစ်ယောက်က ပြောနေသလို ပီပီသသကြီး ပြန်ပြီး ကြားနေရတယ်။

နောက်တော့လည်း အော်ဂတ်စတို့မိတ်ဆွေတွေရဲ့ ဇနီးတွေနဲ့ အသိအကျွမ်းဖွဲ့ရတာပေါ့။ မေမေကြီးတို့တစ်တွေ မြို့လယ်ခေါင်က ကော်ဖီဆိုင်တစ်ဆိုင်မှာ ကြာသပတေးနေ့တိုင်း ဆုံကြတယ်။ သူတို့အားလုံး မေမေကြီးနဲ့ သက်တူရွယ်တူလောက်ပဲ ရှိပေမဲ့ စကားပြောစရာ အကြောင်းအရာကတော့ အလွန်ရှားသကွဲ့။ မေမေကြီးတို့ ဘာသာစကားတစ်မျိုးတည်းကို ပြောကြတယ်။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး တူညီတာ တစ်ခုမှ မရှိဘူး။

သူ့ပတ်ဝန်းကျင်ထဲမှာ ပြန်လည် နစ်မြုပ်သွားပြီဖြစ်တဲ့ အော်ဂတ်စတိုဟာ သူတို့နယ်သား တခြားယောကျ်ားတွေလိုပဲ စတင်ကျင့်ကြံလာတော့တယ်။ မေမေကြီးတို့နှစ်ယောက် ထမင်းဝိုင်းမှာ စကားမပြောဖြစ်ကြတော့ဘူး။ မေမေကြီးက စကားစမြည်ပြောဖို့ ကြိုးစားတဲ့အခါ သူက 'အင်း'၊ 'ဟင့်အင်း' ဆိုတာလောက်ပဲ ဖြေတတ်တော့တယ်။ ညစာစားပြီးတဲ့အခါ သူကလပ်ကို သွားချင် သွားတယ်။ မသွားဖြစ်တဲ့အခါ စာကြည့်ခန်းထဲဝင်ပြီး သူ စုဆောင်းနေတဲ့ နားချေးပိုးကောင်ကလေးတွေကို စုစည်းလေ့လာနေတတ်တယ်။ သူ့ရဲ့ ကြီးမားတဲ့ ရည်ရွယ်ချက်က ဘယ်သူမှ မတွေ့သေး မဖော်ထုတ်ရသေးတဲ့ ပိုးကောင်တစ်မျိုးမျိုးကို ဖော်ထုတ်တွေ့ရှိဖို့ပဲ။ ဒါဆိုရင် သိပ္ပံပညာရပ်ဆိုင်ရာ လက်စွဲကျမ်းတွေထဲမှာ သူ့နာမည်ကို ထာဝစဉ် မှတ်တမ်းတင်ထားကြရမယ်ပေါ့။

မေမေကြီးကတော့ သူ့နာမည်ကို တခြားတစ်နည်းနဲ့ ရှင်သန်စေချင်တယ်။ သားတစ်ယောက် မွေးလိုက်တဲ့ နည်းလေ။ ခုဆို မေမေကြီး အသက်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်ရှိနေပြီ။ အချိန်တွေဟာ ကုန်မှန်းမသိ မြန်မြန်ဆန်ဆန်ကြီး ကုန်လွန်နေတယ်။ မမေကြီးတို့ နှစ်ယောက် လင်ခန်း မယားခန်း ဆက်ဆံရေးအပိုင်းကျတော့ အခြေအနေဆိုးတယ်။ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ရင်းရင်းနှီးနှီး မရှိဘူး။ မမေကြီးရင်ထဲမှာ ခံစားရတာကတော့ အော်ဂတ်စတို မိန်းမယူတာ ထမင်းဝိုင်းမှာ အတူရှိနေဖို့၊ တနင်္ဂနွေနေ့ ဘုရားကျောင်းတက်တဲ့အခါ မော်မော်ကြွားကြွားနဲ့ စုံတွဲခုတ်ဖို့လောက်ပဲ ဖြစ်မယ်လို့ ထင်ခဲ့တယ်။

ဒီတော့ကွယ်...မမေကြီးကို ပိုးပန်းနေတဲ့ အချိန်တုန်းက တွေ့ခဲ့ရတဲ့ ခင်မင်နှစ်လိုစရာ လူတစ်ယောက်ဟာ ဘယ်ရောက်သွားပြီလဲ။ ချစ်ခြင်းမေတ္တာဟာ ဒီလိုပဲ ရပ်ဆိုင်းသွားနိုင်သလား။ အော်ဂတ်စတိုက မမေကြီးကို တစ်ခါပြောပြဖူးတယ်။ ငှက်ကလေးတွေဟာ အသိုက်ဆောက်ရာမှာ ကူညီလာအောင် သူတို့ကြင်ဖော်ကို ဆွဲဆောင်ဖို့ နွေဦးကာလမှာ ဂိုပြီးကျယ်ကျယ်လောင်လောင် တေးဆိုကြတယ်တဲ့။ သူလည်း ဒီအတိုင်းပြုကျင့်ခဲ့တယ်လေ။ မမေကြီးလည်း အသိုက်ထဲရောက်လာရော သူ မမေကြီးကို ဆက်ပြီး စိတ်မဝင်စားတော့ဘူး။ မမေကြီးကတော့ အသိုက်ထဲရောက်နေပြီ။ သိုက်မြုံကို နွေးထွေးနေအောင် ထိန်းသိမ်းပေးတယ်။ လုပ်စရာရှိတာကလည်း ဒါပဲရှိတယ်လေ။

ဒီတော့ မမေကြီး သူ့ကို မုန်းသလား။ ဟင့်အင်း။ မမေကြီး သူ့ကို မုန်းလို့ မရဘူး။ ဆန်းတော့ဆန်းသားနော်။ လူတစ်ယောက်ကို အမုန်းပွားဖို့ဆိုတာ အဲဒီလူက ကိုယ့်ကို တစ်နည်းနည်းနဲ့ ထိခိုက်အောင်၊ နာကျင်အောင် လုပ်ရမယ်လေ။ အော်ဂတ်စတိုက မမေကြီးကို ဘာဆိုဘာမှ မလုပ်ဘူး။ အဲဒါပြဿနာပေါ့။ လူတစ်ဦးဟာ နာကျင်မှုဝေဒနာကြောင့်ထက် ဘာမှမဖြစ်တာကြောင့် ပိုပြီး လွယ်လွယ်ကူကူ သေသွားနိုင်တယ်။ နာကျင်မှုဝေဒနာကို ကြိတ်မှိတ်တွန်းလှန်လို့ရတယ်။ ဘာမှမဖြစ်တာကိုတော့ တွန်းလှန်လို့ မရဘူး။

မမေကြီးရဲ့ မိဘနှစ်ပါးကို တယ်လီဖုန်းနဲ့ စကားပြောတဲ့အခါ ထုံးစံအတိုင်း အစစအဆင်ပြေပါတယ်လို့ ပြောတာပေါ့။ ကိုယ့်ကိုယ်ကိုယ် ဇနီးမယားတစ်ယောက်ပုံစံမျိုး ချိုးရတာပေါ့။ မမေကြီးဟာ လင်ကောင်းတစ်ယောက် ရထားတယ်လို့ သူတို့ထင်နေကြတယ်။ သူတို့ရဲ့ ယုံကြည်မှုပျက်ပြား





အောင် မမေကြီး မလုပ်ချင်ဘူး။ မေမေကဆို တစ်လတစ်ကြိမ် ဖုန်းဆက်စကားပြောတိုင်း မေးလေ့ရှိတဲ့စကားက 'ထူးခြားပြီလားဟေ့'တဲ့လေ။ မမေကြီးကလည်း ဖြေနေကျအတိုင်း ဟင့်အင်း၊ မထူးသေးပါဘူးပေါ့။ မေမေက မြေးတစ်ယောက် လိုချင်နေတာ။ မမေကြီး သူ့ကိုစိတ်မပျက်စေချင်ဘူး။ ဘာ့ကြောင့်ဒီလောက်ကြာတဲ့အထိ ကလေးမရသေးတာလဲဆိုတာ ရှင်းမပြချင်ဘူး။ မေမေကဆို စာရေးတိုင်း သူ့မြေးဦးအတွက် အဝတ်အထည်ကလေးတွေ ချုပ်လုပ်ပြင်ဆင်နေကြောင်းထည့်ရေးနေကျ။ အဲဒီအချိန်မှာ မမေကြီးကတော့ တဖြည်းဖြည်း ညှိုးရော်ခန်းခြောက်လာနေတယ်။ မနက်မိုးလင်းလို့ မှန်ထဲကြည့်လိုက်တိုင်း ပိုပိုပြီး အရုပ်ဆိုး အကျည်းတန်လာတာ မြင်တွေ့နေရတယ်။ တစ်ခါတလေ မမေကြီးက အော်ဂတ်စတိုကို မေးမိတယ်။

'ကျွန်မတို့ ဘာဖြစ်လို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြတာလဲဟင်'

'ဘာအကြောင်း ပြောရမှာလဲ'

သူက ပိုးကောင်ကလေးတစ်ကောင်ကို စစ်ဆေးကြည့်နေရာက တစ်ချက်မှ မော့ကြည့်ဖော်မရဘဲ ပြန်မေးတတ်တယ်။

'မသိဘူးလေ၊ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် တစ်ခုခုအကြောင်းပြောကြဆိုကြဆိုရင် ကောင်းမလားလို့'

ဒီတော့ သူက ခေါင်းကိုခါပြီး ပြောလေ့ရှိတာက

'အော်လ်ဂါရယ်၊ မင်း ဘာတွေ ကြံကြီးစည်ရာတွေ ကြံစည်နေပြန်တာလဲ'တဲ့ကွယ်။

ကြာတော့ သူဟာ သူစုဆောင်းလေ့လာနေတဲ့ နွားချေးပိုးပုံစံမျိုး ပေါက်လာတော့တယ်။ သူ့လှုပ်ရှားပုံ၊ သူ့အသံ..အားလုံးပြောင်းလဲလာတယ်။ သူဟာ သူ့ပိုးကောင်ကလေးတွေနဲ့ သူ့အလုပ်ထဲမှာ လုံးဝဥဿုံ နစ်မြုပ်နေတော့တယ်။ ဒါတွေသာ သူ့ရဲ့ တွယ်တာမြတ်နိုးရာတွေ ဖြစ်လာတယ်။

အိမ်ထောင်သက် တစ်နှစ်အကျော်မှာ မမေကြီးတို့ တစ်ယောက်တစ်ခန်း ခွဲပြီး အိပ်ကြတယ်။ သူက သူ့ရဲ့ နွားချေးပိုးတွေနဲ့ ညဥ့်နက်သန်း

www.burmeseclassic.com



ခေါင်အထိ နေလေ့ရှိပြီး မမေကြီး အိပ်ရေးပျက်အောင် မနှောင့်ယှက်ချင်လို့ လို့ အကြောင်းပြတယ်။ ဒီလိုပြောတော့ မမေကြီးရဲ့ အိမ်ထောင်ရေးဟာ စိတ်ပျက်စရာကြီးဖြစ်ပြီး သမီးလေးအတွက် တစ်မျိုးကြီးဖြစ်ကောင်း ဖြစ်နေလိမ့် မယ်။ ဒါပေမဲ့ ဒါဟာ ဘာမှမထူးခြားဘူး သမီးလေးရေ့။ အဲဒီခေတ် အဲဒီကာလ က အိမ်ထောင်ရေးအားလုံးဟာ ဒီအတိုင်းချည်းပဲ။ အိမ်ထောင်ရေးငရဲမှာ ဝင်ခံ ကြရပြီး ယောကျ်ား၊ ဒါမှမဟုတ် မိန်းမ...တစ်ယောက်ဟာ အနေးနဲ့အမြန် ဆိုသလို သေဆုံးသွားကြရတာပါပဲ။

ဒီတော့ ဒီလိုဖြစ်နေတာကို မမေကြီးက ဘာဖြစ်လို့အောင့်အည် သည်းခံနေသလဲ။ ဘာဖြစ်လို့ ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး ထရီအက်စတိကို မပြန်တာလဲ။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီခေတ်အခါတုန်းက လင်မယားကွဲမှုဆို တာတွေ မရှိဘူးကွဲ့။ တစ်ဖက်ဖက်က မတော်မတရားကြီး ညှဉ်းပန်းနှိပ်စက် မှသာ အိမ်ထောင်ရေးတစ်ခု ရပ်ဆိုင်းသွားရတာကလား။ မဟုတ်လို့ကတော့ အိမ်ထောင်ရေးတစ်ခုက ခွဲထွက်လွတ်မြောက်ဖို့ဆိုတာ တစ်ဦးတစ်ယောက်ဟာ အတော်ကြီးကို တော်လှန်ပုန်ကန်ဝံ့တဲ့ စိတ်ဓာတ်ရှိမှဖြစ်တာ။ ဒါပေမဲ့ တော်လှန် ပုန်ကန်တယ်ဆိုတာ မမေကြီးရဲ့ ပင်ကိုသဘာဝမှ မဟုတ်ဘဲ။ ဒါကို သမီးလေး လည်း အသိ။ နောက်တစ်ချက်က အော်ဂတ်စတိုဟာ မမေကြီးကို လက်ရှ ရှုယ်ဖို့ဝေးလို့ အသံကျယ်ကျယ်နဲ့တောင် ပြောတာ မဟုတ်ဘူး။ ဒါပြင် မမေ ကြီးမှာ အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားတယ်လေ

ဒီတော့ သမီးလေး စဉ်းစားကြည့်စမ်း၊ မနက်မိုးလင်းလို့ အိပ်ရာနိုး နိုးလာတိုင်း မမေကြီးရဲ့ ခံစားချက်တွေ ဘယ်လိုရှိမလဲ ဆိုတာ။ အိမ်ထောင် သက် သုံးနှစ်ကျော်လာတဲ့အခါ မမေကြီးခေါင်းထဲမှာ ရှိနေတဲ့ တစ်ခုတည်း သော အတွေးက သေခြင်းတရားရဲ့ ထွေးပိုက်မှုကိုခံယူဖို့ပါပဲ။

အော်ဂတ်စတိုက သွားလေသူ သူ့ပထမ မိန်းမအကြောင်း တစ်ခါမှ ပြောမပြဖူးဘူးကွယ်။ တစ်ခါတလေ မမေကြီးက မေးကြည့်တဲ့အခါမှုကျတော့ လည်း စကားလမ်းကြောင်းပြောင်းပစ်လေ့ရှိတယ်။ အချိန်တွေ ကုန်လွန်လာတော့





နဲ့အမျှ မမေကြီးလည်း အိမ်ခန်းကျယ်ကြီးထဲက ချောက်ချားစရာ အခန်းတွေ ထဲ လှည့်ပတ်လျှောက်သွားပြီး အော်ဂတ်စတိုရဲ့ ပထမမိန်းမ အဒေါ်အကြောင်း သဲလွန်စတွေ ရှာဖွေကြည့်မိတယ်။ မမေကြီး စိတ်ထဲမှာ စွဲနေတဲ့ အစွဲက အဒေါ်ဟာ သွေးရိုးသားရိုး သေတာမဟုတ်ဘူး၊ မတော်တဆ ထိခိုက်မှုဖြစ်ပြီး သေတာလည်းမဟုတ်ဘူး၊ သူ့ကိုယ်သူ သတ်သေတာလို့ စွဲထင်နေတယ်။ ဒါ ပေမဲ့ ဒီထင်မြင်ချက်ကို အတည်ပြုပေးနိုင်မယ့် အထောက်အထားတွေ မတွေ့ရ ပါဘူး။ ဘာပဲဖြစ်ဖြစ် မမေကြီးဟာ စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ အချိန်တွေ ကုန်လွန်ခဲ့ရတယ်။

စစ်ကြီးဟာလည်း မမေကြီးရဲ့ အိမ်ထောင်သက်အတိုင်း ငါးနှစ်တွင်း ရောက်လာပြီ။ ဖေဖော်ဝါရီလမှာတော့ ထရီအက်စတီမြို့ ဗုံးကြဲခံရတယ်။ ဗုံးတစ် လုံးက မမေကြီး ကလေးဘဝက နေခဲ့တဲ့အိမ်ကို ဖြိုချဖျက်ဆီးပစ်လိုက်တယ်။ အသေအပျောက်ကတော့ ဖေဖေ့မြင်းလှည်းကိုဆွဲတဲ့ မြင်းကြီးတစ်ကောင်ပါပဲ။ ခြေနှစ်ဖက်ပြတ်နေတဲ့ မြင်းကြီးရဲ့ အလောင်းကို ပန်းခြံထဲမှာ တွေ့ကြရတယ်လေ။

အဲဒီခေတ်မှာ ရုပ်မြင်သံကြားစက်တွေ မပေါ်သေးတော့ သတင်းပျံ့ နှံ့မှုက အခုထက်ပိုပြီး နှေးကွေးတယ်ကွဲ့။ မမေကြီးတို့အိမ် ပျက်စီးသွားတာ ကို တစ်ရက်ခြားပြီးမှ ဖေဖေတယ်လီဖုန်းဆက်ပြောလို့ မမေကြီး သိရတယ်။ ဖေဖေရဲ့ အသက်ကင်းမဲ့တဲ့ အသံကို ကြားလိုက်ကတည်းက ဆိုးဆိုးရွားရွား တစ်ခုခုတော့ ဖြစ်ပြီဆိုတာ သိလိုက်ပါရဲ့။ ခုတော့ မမေကြီးမှာ ပြန်သွားစရာ အိမ်မရှိတော့ဘူး။ ဒီတော့ ကိုယ့်ဘဝမှာ အစစအရာရာ အကုန်လုံး ဆုံးရှုံးသွားပြီ လို့ မမေကြီး ခံစားခဲ့ရတယ်။

တို့တစ်တွေ အမြဲတမ်း ကျူးလွန်လေ့ရှိတဲ့ အမှားတစ်ခုကို သမီးလေး သိရဲ့လား။ အဲဒါဟာ ဘာလဲဆိုတော့ ဘဝဆိုတာ ပြောင်းလဲလို့ မရနိုင်ဘူးလို့ ယုံမှတ်မှုပဲ။ တို့တစ်တွေ ဘဝလမ်းကြောင်း တစ်ခုပေါ်မှာ ခြေချမိတာနဲ့ အဲဒီ လမ်းကြောင်းအတိုင်းပဲ ခရီးဆုံးတဲ့အထိ ဆက်လျှောက်နေရမယ်ဆိုတဲ့ ယုံမှတ် မှုလေ။ တကယ်တော့ ကံကြမ္မာကမှ တို့များထက် ပိုပြီး စိတ်ကူးစိတ်သန်း ကောင်းသေးတယ်။ တို့များ အနေအထား တစ်ခုထဲမှာ ပိတ်မိနေပြီ၊ ထွက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ မရှိတော့ဘူး၊ အကြဲကုန် ဉာဏ်ကုန်နဲ့ လက်မှိုင်ချနေရချိန်မျိုးမှာ လေပြင်းတစ်ချက်တေ့တဲ့ အရှိန်အဟုန်မျိုးနဲ့ အပြောင်းအလဲတွေဖြစ်၊ ဇောက်ထိုးမိုးမျှော်တွေဖြစ်၊ နောက်တဒင်္ဂအတွင်း ကိုယ်ဟာ ဘဝသစ်တစ်ခုကို ရောက်နေပြီဆိုတာ သိလိုက်ရရော။

အိမ်ဖုံးကြဲခံရပြီး နှစ်လလည်းကြာရော စစ်ကြီးလည်း ပြီးသွားရော မေမေကြီး ချက်ချင်းပဲ ထရီအက်စတီကိုသွားတယ်။ မေမေတို့ ဖေဖေတို့က အိမ်တစ်အိမ်မှာ တခြားလူတွေနဲ့ ယာယီအတူတွဲနေကြတယ်။ မေမေကြီးမှာ လက်တွေ့လုပ်စရာ ကိုင်စရာတွေ များလွန်းလို့ သီတင်းတစ်ပတ်ဆိုတာ ဘယ်လိုကုန်သွားမှန်း မသိလိုက်ဘူး။ လာကွီလာမှာ နေခဲ့ရတဲ့ နှစ်ကာလတွေကို မေ့ပျောက်သလောက် ဖြစ်သွားတဲ့အထိပဲ။

နောက်တစ်လအကြာမှာ အော်ဂတ်စတိုလိုက်လာတယ်။ စစ်အတွင်းကာလတစ်လျှောက်လုံး မန်နေဂျာနဲ့ လွှဲထားရလို့ ပျက်လုမတတ် ဖြစ်နေတဲ့ ဖေဖေ့စီးပွားရေးလုပ်ငန်းကို လွှဲပြောင်းဖို့ အစီအစဉ်ရှိတယ်လေ။ နောက်ပြီး အသက်အရွယ် အိုမင်းရင့်ရော်ပြီး အိုးမဲ့အိမ်မဲ့ ဖြစ်နေတဲ့ မေမေကြီးရဲ့ မိဘနှစ်ပါးကို ကြည့်ရှုစောင့်ရှောက်ရမယ့် တာဝန်က ရှိနေသေးတယ်။ အော်ဂတ်စတိုဟာ မေမေကြီး အံ့အားတသင့်ဖြစ်သွားလောက်အောင် လျှင်မြန်တဲ့နှုန်းနဲ့ သူ့အိမ်ကနေ ထရီအက်စတီကို ပြောင်းရွှေ့လာခဲ့တယ်။ တောင်ကုန်းမြင့်ပေါ်မှာ ဆောက်ထားတဲ့ ဒီအိမ်ကလေးကို ဝယ်ပြီး ဆောင်းဦးမပေါက်မီ မေမေကြီးတို့ မိသားစု စုစုစည်းစည်း နေထိုင်ကြတော့တယ်။

မေမေကြီးတို့ ထင်မြင်ထားတာနဲ့ တလွဲစီ ဖြစ်သွားတာကတော့ မိသားစုကို ပထမဦးဆုံး ခွဲခွာသွားသူဟာ မေမေဖြစ်နေတာပဲ။ နွေရာသီ တောင်ပိုင်းမှာ မေမေဆုံးသွားတယ်။ နှစ်ပေါင်းများစွာ အထိတ်ထိတ် အလန့်လန့်နဲ့ တစ်ကိုယ်တည်း နေခဲ့တဲ့ အတွေ့အကြုံတွေက သူ့ကျန်းမာရေးကို ဖြိုဖျက်သွားတာပဲ။ မေမေ သေဆုံးမှုက မေမေကြီးရဲ့ ကလေးလိုချင်စိတ်ကို ပြန်ပြီးအသက်သွင်းပေးလိုက်တယ်။ ဒါနဲ့ မေမေကြီးဟာ အော်ဂတ်စတိုနဲ့အတူ ပြန်အိပ်တယ်။ ဒါပေမဲ့ မေမေကြီးတို့ ဘာမှ အလုပ်မဖြစ်ကြပါဘူး။ အချိန်အများစုမှာ မေမေကြီး



ဟာ ဖေဖေနဲ့ ပန်းခြံထဲ ထိုင်နေတာများတယ်။ နေသာတဲ့ ညနေချမ်းတစ်ခုမှာ တော့ ဖေဖေက စကားစလာတယ်။

'ရေပူစမ်းက ရေဟာ အသည်းရောဂါသမားတွေနဲ့ မိန်းမတွေအတွက် အံ့သြစရာကောင်းလောက်အောင် အစွမ်းထက်တယ်ကွဲ့'

သီတင်းပတ် နှစ်ပတ်အကြာမှာ အော်ဂတ်စတိုက မေမေကြီးကို ဘုတာရုံကို ကားနဲ့လိုက်ပို့တယ်။ ဗင်းနစ်ကိုထွက်မယ့် ရထားစီးဖို့လေ။ ဗင်းနစ် ရောက်တော့ ရထားတစ်စီး ပြောင်းစီးပြီး ဘိုလိုဂနာကို သွားတယ်။ အဲဒီကမှ အောက်ထပ် ရထားတစ်စီး ပြောင်းစီးပြီး ညနေပိုင်းမှာ ပေါ်ရက်တာတာမီကို ရောက်ခဲ့တယ်။

အမှန်အတိုင်း ပြောရရင် မေမေကြီးက ရေပူစမ်းရဲ့ဆေးစွမ်းအာနိသင်ကို သိပ်ယုံလှတာ မဟုတ်ဘူး။ ခုလိုထွက်လာတာဟာ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် နေချင်လို့။ လွန်ခဲ့တဲ့ နှစ်ကာလတွေရဲ့ အတွေ့အကြုံတွေထဲကနေ ရုန်းထွက်ချင်လို့။

မေမေကြီး ခံစားခဲ့ရပြီလေ။ မေမေကြီးရဲ့ ရင်ထဲမှာ အရာရာတိုင်းနီးပါးဟာ သေဆုံးနေပြီ။ မေမေကြီးဟာ မီးလောင်ထားတဲ့ စိုက်ခင်းကြီးတစ်ခုနဲ့ တူနေပြီ။ အရာရာတိုင်းဟာ မည်းနက်နေပြီ။ မီးသွေးဖြစ်နေပြီ။ မိုးနဲ့လေနဲ့ နေရောင်နဲ့ ထိတွေ့နေရလို့သာ အသစ်တစ်ဖန် ပြန်လည်ရှင်သန်ပေါက်မြောက်ဖို့ အင်အားလေးတွေ ရုန်းကြွလာရတာပေါ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဒီဇင်ဘာ ၁၀

သမီးလေး မရှိတဲ့တော့နောက်ပိုင်းကတည်းက မေမေကြီး သတင်းစာ မဖတ်ဖြစ်တော့ဘူး။ သတင်းစာ ဝယ်ပေးဖို့ သမီးလေး မရှိတော့ဘူးလေ။ တခြားဘယ်သူမှလည်း မရှိဘူး မဟုတ်လား။ အစဦးပိုင်းမှာတော့ ဟာတာတာကြီး ဖြစ်နေတာပေါ့။ ဒါပေမဲ့ ဒီသတင်းစာတွေ မဖတ်ရတာကပဲ စိတ်ချမ်းသာစရာကောင်းသလို ဖြစ်လာတယ်။ အိုက်ဇက်ဘာရှီဗစ် ဆင်ဂါရဲ့ အမေပြောခဲ့တဲ့ စကားကို မေမေကြီး မှတ်မိနေသေးတယ်။ ဒီခေတ်လူတွေ လုပ်ထားတဲ့ အကျင့်တွေထဲမှာ နေ့စဉ်သတင်းစာဖတ်တဲ့အကျင့်ဟာ အဆိုးဆုံးပဲတဲ့။ တစ်နေ့တာရဲ့ မနက်ပိုင်း၊ လူတစ်ယောက်ရဲ့ စိတ်ဓာတ် ကြည်လင်လန်းဆန်းပြီး ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေချိန်မှာ သတင်းစာတွေက မနေ့က ကမ္ဘာပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ အနိဋ္ဌာရုံ သတင်းတွေကို သတင်းစာဖတ်သူအပေါ် သွန်းလောင်းချတော့တာပဲ။ တစ်ခေတ်တစ်ခါတုန်းကတော့ အဲဒီအနိဋ္ဌာရုံ သတင်းတွေကို ရှောင်ရှားချင်ရင် သတင်းစာတွေကို မဖတ်ဘဲနေရုံပဲ။ ဒီခေတ်မှာတော့ ဒီအနိဋ္ဌာရုံ သတင်းတွေကို ရှောင်လို့ ရှားလို့ သိပ်မလွယ်တော့ဘူး။ ရုပ်မြင်သံကြားစက်တွေ၊ ရေဒီယိုတွေ ရှိနေပြီလေ။ လူတစ်ဦးဟာ ခလုတ်ကလေးဖွင့်လိုက်ရုံပဲ။ တစ်စက္ကန့်အတွင်း ကမ္ဘာကြီးရဲ့ အနိဋ္ဌာရုံ သတင်းတွေ ကိုယ့်ဆီ ရောက်လာရော။ နောက်ပြီး ကိုယ့်စိတ်ကို ကသိကအောက်ဖြစ်အောင် ကလိရော။

ဒီမနက် အဲဒီအတိုင်း ဖြစ်သွားပါရောလား။ မေမေကြီး အဝတ်အစား





သဲနေတုန်းမှာပဲ ဒေသဆိုင်ရာ သတင်းတစ်ပုဒ် ကြားလိုက်ရတယ်။ စစ်ပြေးဒုက္ခသည်တွေကို သယ်ဆောင်လာတဲ့ ယာဉ်တန်းကြီး နယ်စပ်ကို ဖြတ်ကျော်နိုင်ရသွားပြီတဲ့။ သူတို့ခများ ရေ့တိုးမရ နောက်ဆုတ်မရနဲ့ အဲဒီမှာ သောင်တင်နေတာ လေးရက်ရှိနေပြီ။ သူတို့ သယ်ဆောင်လာတာက သက်ကြီးရွယ်အိုတွေ၊ နာမကျန်းဖြစ်နေသူတွေ၊ ကလေးပေါက်စကလေးတွေ ဖက်ပြီး ဖေးကူသူ ကင်းမဲ့နေတဲ့ မိန်းမတွေ။ သတင်းကြေညာသူပြောတဲ့အတိုင်း ဆိုရင်တော့ ပထမအသုတ်ဟာ ကြက်ခြေနီအဖွဲ့က တည်ပေးထားတဲ့ စခန်းကို ရောက်သွားပြီတဲ့။ မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းအသုံးအဆောင်တွေလည်း ရကြပြီတဲ့။

စစ်ကြီးရဲ့ အဖျားအနားကို မေမေကြီး ကြုံတွေ့လိုက်ရတယ်။ အကြီးအကျယ် စိတ်မကောင်းဖြစ်ရတယ်။ စစ်ကြီး စဖြစ်လာကတည်းက မေမေကြီး နှလုံးသားမှာ ဆူးတစ်ချောင်း စူးဝင်နေသလို ခံစားနေရတယ်။ အနှစ်သာရမရှိတဲ့ ဒီစစ်ကြီးကြောင့် ရင်ထဲမှာ နာကျင်နေရတယ်။ တစ်နှစ်ကျော်လာတဲ့အခါကျတော့ မေမေကြီး ရင်နာရုံမဟုတ်တော့ဘူး၊ မခံမရပ်နိုင် ဖြစ်လာတယ်။ ဒီလူသတ်ပွဲကြီး ရပ်တန့်သွားအောင် ဘယ်သူကမှ ကြားဝင် ဆောင်ရွက်ပေးမှာမဟုတ်ဘူးဆိုတာ မဖြစ်နိုင်ဘူး။ နောက်တော့လည်း မေမေကြီး စိတ်လျှော့လိုက်ရတယ်။ မေမေကြီးတို့ရဲ့ ဒေသမှာ ရေနံတွင်းတွေရှိတာမှ မဟုတ်ဘဲ။ ကျောက်ဆောင်ကြီးတွေပဲ ရှိတာပဲဟာ။ အချိန်တွေ ကြာလာတော့ မခံမရပ်နိုင်ဖြစ်မှုတွေဟာ ဒေါသတွေ ဖြစ်လာတယ်။ ဒီဒေါသက ခုချိန်ထိ မေမေကြီးရင်ထဲမှာ တင်းတင်းစ် ကိုက်ဖဲ့နေတုန်း။

ဒီမနက်တော့ အနိဋ္ဌာရုံလွှမ်းတဲ့ မနက်နဲ့တူပါရဲ့ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေကြီး စားပိုဆောင်ထဲ ဝင်သွားတော့ သူ့ရဲ့အဝတ်စုတ်အိပ်ရာပေါ်မှာ ကြက်မည်းမကလေး သေနေတာ တွေ့ရလို့ပဲ။ သူ ခေါင်းစင်းစင်းဖြစ်နေတာ လေးရက်ရှိပြီကွယ့်။ အစာလည်း သိပ်မစားဘူး။ အစာစားရင်း အိပ်ပျော်သွားတာကို မကြာမကြာတွေ့ရတယ်။ မနက်မိုးလင်းခါစကလေးမှာ သေသွားတာဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကိုကောက်ကိုင်လိုက်တဲ့အခါ သူ့ခေါင်းကလေးဟာ ဟိုဘက်လည်သွားလိုက် ဒီဘက်လည်သွားလိုက် ဖြစ်နေလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အထဲက စပရင်တစ်ချောင်း ပြတ်သွားတဲ့ အရုပ်ကလေးတစ်ခုလိုပေါ့ကွယ်။ သူ့ကိုယ်ကလေးက ပေါ့ပေါ့ကလေး၊ နုနုကလေး။ နောက်ပြီး အေးစက်လို့။ သူ့အမွေးတွေကို တစ်မိနစ်လောက် ပွတ်သပ်ပေးမိတယ်။ ပြီးတော့ အဝတ်တစ်စနဲ့ ပတ်ပေးလိုက်တယ်။ သူကလေး နွေးထွေးပါစေတော့လို့။

အပြင်ဘက်မှာ နှင်းပါးပါးကျနေတယ်။ ဘတ်ကို အခန်းတစ်ခန်းထဲမှာ ပိတ်ထားပြီး မေမေကြီး အိမ်ပြင်ထွက်ခဲ့တယ်။ ဂေါ်ပြားနဲ့ တွင်းတွေဘာတွေ တူးရလောက်အောင် မေမေကြီးမှာ ခွန်အားမရှိတော့ဘူး။ ဒီတော့ ပန်းခင်းထဲက မြေအပျော့ဆုံး နေရာကိုရွေး၊ ဖိနပ်ဦးချွန်နဲ့ ထိုးကော်ပြီး ကျင်းတစ်ကျင်းလုပ်၊ ငှက်မည်းမည်းကလေးကို ကျင်းထဲမှာချ၊ အိမ်ထဲပြန်မဝင်မီ တို့မြေးအဘွား ငှက်ကလေးတွေ မြေမြှုပ်တိုင်း ရွတ်ဆိုနေကျဖြစ်တဲ့ 'အို အဖ ဘုရားသခင်၊ အခြားအခြားသော သူများကို လက်သင့်ခံသလို ဒီအသက်ကလေးတစ်ချောင်းကိုလည်း လက်သင့်ခံတော်မူပါဘုရား'လို့ ဝတ်ပြုဆုတောင်း။

သမီးလေး ငယ်ငယ်တုန်းက တို့မြေးအဘွား ငှက်ကလေးတွေကို ကယ်တင်ဖို့ ကြိုးစားခဲ့တာ ဘယ်လောက်များသလဲဆိုတာ မှတ်မိသေးလားဟင်။ လေပြင်းတိုက်ပြီးသွားတိုင်း ဒဏ်ရာအနာတရ ဖြစ်နေတဲ့ ငှက်တစ်ကောင်တော့ တွေ့နေကြပဲလေ။ သူတို့ သက်သာရာ သက်သာကြောင်း တို့နှစ်ယောက် အစွမ်းကုန် အားထုတ်ကြတာပဲ။ ဒါပေမဲ့ တယ်ပြီး အရာမရောက်လှပါဘူးကွယ်။ ဒီနေ့ မဟုတ်ရင် နောက်တစ်နေ့မှာ သေနေတာ တွေ့ရတာပါပဲ။ နောက်ပြီး ဘယ်လောက် ကြေကွဲစရာကောင်းလဲ နော်။ ဘယ်လောက်ပဲ အကြိမ်ကြိမ်အခါခါ ဖြစ်နေဖြစ်နေ သမီးလေးကတော့ ဝမ်းနည်းကြေကွဲစမြဲပဲ။ မြေမြှုပ်ပြီးသွားတဲ့အခါတိုင်း သမီးလေးက မျက်လုံးနဲ့ နှာခေါင်းကို လက်ဝါးနဲ့ သုတ်ပစ်၊ ပြီးတော့ 'စိတ်ပြေလက်ပျောက်'ဖြစ်အောင် အိပ်ခန်းတံခါးပိတ်ပြီး အခန်းအောင်းနေပါလေရော။

တစ်နေ့မှာတော့ သမီးလေးက မေးတယ်၊ ကောင်းကင်ဘုံက အကျယ်ကြီး ဆိုတော့ လူတွေကို ရှာရတာ မလွယ်ဘူး။ ဒီတော့ သမီးလေးရဲ့ မေမေကို ဘယ်လိုနည်းနဲ့ တွေ့အောင် ရှာရမလဲတဲ့လေ။ မေမေကြီးက သမီးလေးကို





ပြောပြတယ်၊ ကောင်းကင်ဘုံဆိုတာ ရောမဟိုတယ်ကြီးလိုပဲ၊ လူတိုင်းဟာ ကိုယ့်အခန်းနဲ့ ကိုယ်နေကြတယ်၊ ကမ္ဘာပေါ်မှာတုန်းက ချစ်ခင်ခဲ့ကြသူတွေဟာ သေသွားပြီးတဲ့နောက် အဲဒီအခန်းထဲမှာ သွားဆုံကြတယ်၊ အဲဒီအခန်းထဲမှာပဲ အတူနေကြတယ်လို့။ ဒီရှင်းချက်ကို သမီးလေး ခဏတော့ သဘောကျကျေနပ်သွားတယ်။ ဒါပေမဲ့ သမီးလေးရဲ့ ရွှေငါးကလေးတွေထဲက လေးကောင်မြောက်လား၊ ငါးကောင်မြောက်လား သေသွားတော့ ဒီမေးခွန်းကို ပြန်မေးလာပြန်တယ်လေ။

'နေရာမဆံ့ရင် ဘယ့်နှယ်လုပ်မလဲ'

'နေရာမလောက်တော့ဘူးဆိုရင် သမီးလေး မျက်စိတွေမှိတ်ပြီး 'အခန်းကြီး...ကျယ်လာ၊ ကျယ်လာ'လို့ တစ်မိနစ်လုံးလုံး ထပ်ကာထပ်ကာ ရွတ်နေရမယ်။ အဲဒီအခါကျ အခန်းဟာ ချက်ချင်းအကျယ်ကြီး ဖြစ်လာရော'

အဲဒီကလေး အတွေးကလေးတွေကို သမီးလေး မှတ်မိနေသေးလား။ ဒါမှမဟုတ် သမီးလေးရဲ့ အခွံက ချေဖျက်ပစ်လိုက်ပြီလား။ မေမေကြီးကတော့ ဒါကို မေ့နေတယ်ကွဲ့။ ဒီနေ့ ငှက်မည်းမည်းကလေးကို မြေမြှုပ်မှပဲ ပြန်ပြီး သတိရတော့တယ်။ 'အခန်းကြီး...ကျယ်လာကျယ်လာ'။ ဘယ်လောက်ချစ်စရာကောင်းတဲ့ ပဥ္စလက်ပညာလဲ။ ဟုတ်ပါရဲ့၊ သမီးလေး မေမေနဲ့အတူ ငှက်ကလေးတွေ၊ ရွှေငါးကလေးတွေပါ ရှိနေမယ်ဆိုရင် သမီးလေးရဲ့ အခန်းဟာ ဘောလုံးပွဲကြည့်စင် တစ်ခုလို ပြည့်ကျပ်နေတော့မှာပဲနော်။

မကြာမြင့်တော့တဲ့ ကာလအတွင်း မေမေကြီးလည်း အဲဒီ ဘုံဗိမာန်ဆီကို တက်ရတော့မှာ။ အဲဒီအခါကျ မေမေကြီးကို သမီးလေးတို့ အခန်းမှာပဲ နေခွင့်ပြုမှာလား။ ဒါမှမဟုတ် မလှမ်းမကမ်းက အခန်းတစ်ခန်းမှာ ကိုယ့်ဘာသာကိုယ် တားနေရမလား။ အဲဒီအခါကျ မေမေကြီး ပထမဦးဆုံး ချစ်ခဲ့ဖူးသူကို ဖိတ်ခေါ်လို့ ရမလား။ နောက်ပြီး သမီးလေးရဲ့ ဘိုးအေအစစ်နဲ့ မိတ်ဆက်ပေးလို့ ရမလားဟင်။

အဲဒီစက်တင်ဘာလရဲ့ ညနေချမ်းမှာ ပေါ်ရက်တာရောက်တော့ ရထားပေါ်က ဆင်းခဲ့တယ်။ အဲဒီတုန်းက မေမေကြီးခေါင်းထဲမှာ ဘာအတွေးတွေ ရှိနေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာ ဘာပုံရိပ်တွေ ထင်ဟပ်နေသလဲ။ ဘာဆိုဘာမှ မရှိပါဘူး။ လေထဲမှာ သစ်အယ်ရနံ့ကလေး သင်းနေတယ်။ မမေကြီးခေါင်းထဲမှာတော့ အခန်းကြိုတင်ငှားထားတဲ့ တည်းခိုရိပ်သာရှိရာကို ရှာသွားဖို့ပါပဲ။

မမေကြီးဟာ ခုချိန်ထိ လောကကြီးအကြောင်း ဘာမှ မသိတဲ့ ရိုးရိုးအအကြီးပဲ ရှိသေးတယ်။ ကံကြမ္မာရဲ့ လှည့်စားချက်ဆိုတာတွေကိုလည်း မသိပါဘူး။ မမေကြီး ယုံကြည်ထားတာကတော့ မမေကြီး ဘာပဲဖြစ်ဖြစ် အဲဒီဖြစ်ပျက်သမျှဟာ ကိုယ့်စိတ်တန်ခိုးကြောင့် ဖြစ်ရတာလို့ ယုံကြည်ထားတယ်။ ဒါပေမဲ့ ရထားပေါ်က ဆင်းပြီး ပလက်ဖောင်းပေါ် ခြေချလိုက်မိတာနဲ့ မမေကြီးရဲ့ စိတ်တန်ခိုးတွေ အရည်ပျော်သွားတော့တယ်။ မမေကြီးစိတ်ထဲမှာ ဘာဆန္ဒမှ မရှိဘူး။ ဒါမှမဟုတ်လည်း ဆန္ဒတစ်ခုတည်းပဲ ရှိတယ်။ အဲဒီဆန္ဒကတော့ တစ်ယောက်တည်း အေးအေးချမ်းချမ်းကလေး နေလိုက်ဖို့ပဲ။

အဲဒီပထမဦးဆုံးညမှာပဲ သမီးလေးရဲ့ အဘိုးကို မမေကြီး စတွေ့ခဲ့ရတယ်။ သူက မမေကြီးရဲ့ တည်းခိုရိပ်သာ ထမင်းစားခန်းမှာ တခြားလူတစ်ဦးနဲ့အတူ ညစာစားနေတယ်။ ထမင်းစားခန်းထဲမှာ နောက်ထပ် အဘိုးကြီးတစ်ဦးကလွဲပြီး ဘယ်သူမှ မရှိဘူး။ သူက နိုင်ငံရေးနဲ့ပတ်သက်ပြီး အကြိတ်အနယ် ငြင်းခုံဆွေးနွေးနေတယ်။ သူ့လေသံက မမေကြီးကို ချက်ချင်းလို စိတ်တိုအောင် ဖန်တီးပေးနေတယ်။ ဒါနဲ့ ထမင်းစားမပြီးခင်အတွင်း သူ့ကို နှစ်ကြိမ်တိတိ ဘုကြည့်ကြည့်ပစ်လိုက်တာပေါ့။ နောက်နေ့မနက် ရေပူစမ်းကို သွားတော့မှ သူဟာ ရေပူစမ်းက ဆရာဝန်ဖြစ်နေမှန်း သိလိုက်ရတော့ မမေကြီး ဘယ်လောက် အံ့သြသွားမယ်ဆိုတာ သမီးလေး မှန်းကြည့်ပေတော့။

သူက မမေကြီးရဲ့ ကျန်းမာရေးအခြေအနေကို ဆယ်မိနစ်လောက် မေးခွန်းတွေ မေးတယ်။ အဲဒီနောက်မှာတော့ တော်တော်ကြီး ပုံပျက်ပန်းပျက်ဖြစ်မယ့် ကိစ္စတစ်ခု ဖြစ်သွားပါလေရော။ မမေကြီး အဝတ်အစားတွေ ချွတ်နေတုန်းမှာပဲ ပင်ပန်းတကြီး အလုပ်တစ်ခုကို အားသွန်ခွန်စိုက်လုပ်နေရသလို ချွေးသီးချွေးပေါက်တွေ ထွက်လာတယ်။ မမေကြီးရဲ့ နှလုံးကို နားကြပ်နဲ့ ထောက်နားထောင်လို့လည်းပြီးရော 'ဘုရားရေ၊ ခင်ဗျား ဘာတွေကိုများ ဒီလောက်တောင်





ကြောက်လန့်နေရတာလဲ'လို့ ရေရွတ်တယ်။ နောက်ပြီး မမေကြီး မနေတတ် မထိုင်တတ် ဖြစ်လောက်အောင် တဟားဟား ဟားတိုက်ရယ်ပစ်တယ်လေ။ မမေကြီးရဲ့သွေးပေါင်ကိုလည်းတိုင်းရော ပြဒါးမှတ်ကလေးက ထိပ်ဆုံးထိ မြောက်တက်သွားတယ်။ မမေကြီးမှာ သွေးတိုးရောဂါရှိသလားတဲ့၊ သူက မေးတယ်။ မမေကြီး ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် ဒေါသထွက်မိတယ်။ ကိုယ့်ကိုယ်ကိုလည်း ထပ်တလဲလဲ သတိပေးနေမိတယ်။ ဘာမှ ကြောက်စရာ မရှိဘူး၊ သူဟာ ဆရာဝန်တစ်ယောက် လုပ်ရမယ့် တာဝန်ကို လုပ်နေတာ၊ ငါ ခုလို ပုံပျက်နေတာဟာ မှုမမှန်တဲ့ အနေအထားမျိုးဖြစ်နေတယ်ပေါ့လေ။ ဒါပေမဲ့ ဘယ်လောက်ပဲ အားထုတ်အားထုတ် မအောင်မြင်ပါဘူးကွယ်။ မမေကြီး ပြန်ခါနီးကျတော့ မမေကြီးရဲ့ ကျန်းမာရေးမှတ်တမ်းပါတဲ့ စာရွက်ကို လှမ်းပေးတယ်။ ပြီးတော့ လက်ဆွဲနှုတ်ဆက်တယ်။

'စိတ်အေးလက်အေး အနားယူလိုက်။ မဟုတ်လို့ကတော့ ရေပူစမ်းက ရေလည်း ခင်ဗျားကို ကုစားနိုင်မှာ မဟုတ်ဘူး'

အဲဒီညနေဘက်၊ ညနေစာစားအပြီးမှာ သူက မမေကြီးရဲ့ စားပွဲမှာ လာထိုင်တယ်။ နောက်နေ့ကျတော့ မမေကြီးတို့နှစ်ယောက် စကားတွေ တတွတ်တွတ်ပြောရင်း မြို့လုံးအနှံ့ လမ်းလျှောက်ကြတယ်။ စောစောပိုင်းတုန်းက မမေကြီးကို စိတ်ကသိကအောက်ဖြစ်စေခဲ့တဲ့ သူ့ရဲ့ သက်ဝင်လှုပ်ရှားမှုနဲ့ အင်တိုက်အားတိုက် ပြောဆိုတတ်မှုတွေဟာ ခုတော့ စွဲမက်စရာတွေ ဖြစ်လာတယ်။ သူ စကားပြောပြီဆိုရင် စိတ်အားထက်သန်မှုအပြည့်၊ စုံမက်မြတ်နိုးမှုအပြည့်နဲ့ ပြောတတ်တာကလား။ ဒီတော့ သူ့အနားမှာရှိနေတဲ့ လူတစ်ဦးဟာ နွေးနွေးထွေးထွေး ဖြစ်နေတဲ့ သူ့စကားတွေရဲ့ ဓာတ်ကူးမှုကို ခံစားရတယ်။ နွေးနွေးထွေးထွေး ဖြစ်နေတဲ့ သူ့ကိုယ်ခန္ဓာရဲ့ ဓာတ်ကူးမှုကို ခံစားရတယ်။

ဟိုတစ်ခါတုန်းက သတင်းစာထဲမှာ မမေကြီး ဖတ်ဖူးတာ ရှိတယ်ကွဲ့။ နောက်ဆုံးပေါ် သီအိုရီတွေအရ အချစ်ဆိုတာ နှလုံးသားက ပေါ်ထွက်လာတာမဟုတ်ဘူးတဲ့၊ နှာခေါင်းက ပေါ်ထွက်လာတာတဲ့။ လူနှစ်ယောက် ဆုံမိပြီး တစ်ယောက်ကိုတစ်ယောက် စုံမက်သွားပြီဆိုရင် သူတို့ရဲ့ နှာခေါင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကနေ ဟော်မုန်းဓာတ်တွေ ထုတ်လွှတ်ပေးတယ်ဆိုပဲ။ အဲဒီဟော်မုန်းဓာတ်ရဲ့ နာမည်ကိုတော့ မေ့နေပြီကွယ်။ တစ်ဖက်က ထုတ်လွှတ်လိုက်တဲ့ ဟော်မုန်းဓာတ်ဟာ တစ်ဖက်လူရဲ့ နှာဝကနေ ဦးနှောက်ထဲအထိ တက်သွားတယ်။ အဲဒီဟော်မုန်းဓာတ်က လှို့ဝှက်ရှုပ်ထွေးတဲ့ နည်းတွေနဲ့ စုံမက်မြတ်နိုးမှုတွေ မုန်တိုင်းထန်လာအောင် မွှေနှောက်နှိုးဆွတော့တာပဲတဲ့။ အတိုချုပ်ပြောရရင်တော့ ခံစားချက်တွေ ဆိုတာ မျက်စိနဲ့ မမြင်နိုင်တဲ့ အနံ့အသက်တွေပဲ ဖြစ်တယ်။ တခြားဘာမှ ထွေထွေထူးထူး မဟုတ်ဘူးလို့ ဆောင်းပါးမှာ နိဂုံးချုပ်ထားတယ်လေ။ ဘယ်လောက် ပေါက်တတ်ကရ နိုင်လိုက်သလဲကွယ်။

တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်အရာနဲ့မှ တိုင်းတာလို့မရသလို ဘယ်အရာနဲ့မှ ဖော်ပြလို့ မရပါဘူး။ ချစ်ခြင်းမေတ္တာဆိုတာ ရနံ့တစ်ခုပါပဲလို့ ဆိုတဲ့အဆိုဟာ နှလုံးသားကို သိက္ခာချဖို့ အားထုတ်တဲ့ ပြောဆိုချက်ပေါင်း များစွာထဲက တစ်ခုသာ ဖြစ်တယ်။ အချစ်စစ် အချစ်မှန်ကို ခံစားဖူးတဲ့လူတိုင်း ဒါကို သိပါတယ်။ ကိုယ်ချစ်နေတဲ့ လူတစ်ယောက်ဆီက ရတဲ့ ရနံ့ဟာ ပြင်းထန်တဲ့စိတ် လှုပ်ရှားမှုဖြစ်ပေါ်စေတယ်ဆိုတာကို မေမေကြီး မငြင်းပါဘူး။ ဒါပေမဲ့ စိတ်လှုပ်ရှားမှုတွေ ကြွလာဖို့အတွက် တစ်ခုခုတော့ ဖြစ်ပေါ်ပြီးသား ဖြစ်နေရမယ်။ အဲဒီတစ်ခုခုဆိုတာဟာ ရနံ့တစ်ခုမည်ကာမတ္တတော့ မဟုတ်ဘူး။ ရနံ့နဲ့ အတော်ကြီးခြားနားတဲ့ တစ်ခုခုဖြစ်ရမှာ သေချာပါတယ်။

အာနက်စတိုနဲ့ မေမေကြီး အတူရှိနေတဲ့ အဲဒီရက်တွေအတွင်းကဆိုရင် မေမေကြီးရဲ့ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် အာရုံခံစားမှုတွေ နိုးကြွနေတယ်။ မေမေကြီးရဲ့ ကိုယ်ခန္ဓာဟာ အတိုင်းမသိ အာရုံခံစားနိုင်စွမ်းတွေ ဖြစ်ထွန်းနေတယ်။ မေမေကြီးရဲ့ ကိုယ်ခန္ဓာဝန်းကျင်မှာ ထိတွေ့ကိုင်တွယ်လို့ မရတဲ့ အရောင်အဝါတွေ ထွက်နေတယ်လို့ ခံစားရတယ်။ မေမေကြီးရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေ ပိုပြီး ကြီးမားကျယ်ပြန့်နေတယ်၊ ဒီကြီးမားကျယ်ပြန့်မှုဟာ မေမေကြီး လှုပ်ရှားလိုက်တိုင်း လေထဲမှာ တဖျပ်ဖျပ်ခါနေတယ်လို့ ခံစားရတယ်။

ရက်အနည်းငယ်လောက် ရေလောင်းပေးတာ မခံရတဲ့ သစ်ပင်တွေ ဘယ်လိုဖြစ်တယ်ဆိုတာ သမီးလေး သိပါတယ်။ သစ်ရွက်တွေဟာ ပျော့အိလာ





တယ်။ အလင်းရှိရာဆီကို ထောင်မတ်ပြီး တက်သွားရမယ့်အစား စိတ်ဓာတ်ကျနေတဲ့ ယုန်တစ်ကောင်ရဲ့ နားရွက်တွေလို ကုပ်ချည်သွားတယ်လေ။ အင်း၊ ကုန်လွန်ခဲ့တဲ့ နှစ်ကာလတွေအတွင်းက မေမေကြီးရဲ့ ဘဝဟာလည်း ရေအလောင်းမခံရတဲ့ သစ်တစ်ပင်လိုပါပဲကွယ်။ ညဘက်မှာကျတော့ မြူနှင်းက အသက်ရှင်ရုံလောက်တော့ စွမ်းဆောင်ပေးတယ်။ ဒါပေမဲ့ တခြားဘာမှ ပေးနိုင်စွမ်း မရှိဘူး။ ထောင်ထောင်မတ်မတ် နေနိုင်ရုံလောက်ကလွဲပြီး ဒီထက်ဘာမှ မတတ်နိုင်ဘူး။ ဒါပေမဲ့ ဒီသစ်ပင်ကလေး ပြန်ပြီးရှင်သန်လန်းဆန်းလာဖို့ အရွက်တွေ ငွားငွား စွင့်စွင့် ဖြစ်လာဖို့ဆိုတာ တစ်ကြိမ်တော့ ရေလောင်းပေးဖို့ လိုတယ်ကွဲ့။

မေမေကြီး အာနက်စတိုနဲ့တွေ့ပြီး သီတင်းတစ်ပတ်အတွင်းမှာပဲ အဲဒီလို ဖြစ်သွားတယ်။ ပေါ်ရက်တာကို ရောက်ပြီး ခြောက်ရက်အကြာမှာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်လိုက်တော့ တခြားမိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။ မေမေကြီးရဲ့ အသားတွေ ပိုပြီး ညက်လာတယ်။ မျက်လုံးတွေ ပိုပြီး အရောင်တောက်လာတယ်။ အဝတ်အစားလဲရင်း တေးစကလေးတစ်စကို သီဆိုနေမိတယ်။ ကလေးဘဝကတည်းက တစ်ခါမှ တေးမဆိုခဲ့ဖူးတဲ့ မေမေကြီးလေ။

ဒီဖြစ်ရပ်ကို အေးကနေ ကြည့်တဲ့အခါ ဒီသာယာ ကြည်နူးစရာဖြစ်ရပ်တွေရဲ့အောက်မှာ ချိတုံချတုံ ဖြစ်မှုတွေ၊ စိုးရိမ်သောကတွေ၊ ပြင်းထန်တဲ့ ဆန္ဒတွေ ရှိနေရမယ်လို့ သမီးလေး တွေးကောင်းတွေးနေမိလိမ့်မယ်။ တကယ်တော့ မေမေကြီးဟာ လင်ရှိမယားတစ်ယောက်။ ဒီတော့ တခြားလူတစ်ယောက်နဲ့ ပေါင်းသင်းဆက်ဆံတာကို ဘယ်လိုလုပ် စိတ်လွတ်လက်လွတ် ပြုနိုင်မှာလဲ၊ ဟုတ်လား။

ဒါပေမဲ့ မေမေကြီး အဲဒီလိုမဖြစ်ခဲ့ရုံမကဘူး သမီးလေးရေ့။ မေမေကြီးလေ...ချိတုံချတုံလည်း မဖြစ်ခဲ့ဘူး။ စိတ်ထင့်တာ၊ စိတ်သောကရောက်တာတွေလည်း မရှိဘူး။ ဘာကြောင့်လဲဆိုတော့ မေမေကြီးဟာ လွတ်လပ်ပွင့်လင်းတဲ့ စိတ်ထားရှိလို့သာ မဟုတ်ဘူး၊ မေမေကြီးနဲ့ ပတ်သက်ပြီးဖြစ်သမျှ ပျက်သမျှ ကိစ္စအားလုံးဟာ မေမေကြီးရဲ့ ကိုယ်ခန္ဓာ...မေမေကြီးရဲ့ ကိုယ်ခန္ဓာ တစ်ခုတည်းနဲ့သာ သက်ဆိုင်နေတာမို့လို့ပဲ။ မေမေကြီးဟာ ဆောင်းအေးအေးကာလအတွင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းတကာလမ်းပေါ်မှာ လျှောက်သွားနေခဲ့ရပြီး နောက်ဆုံးကျမှ မှေးခိုဖို့ နွေးထွေးနေရာကလေးတစ်ခု တွေ့လိုက်ရတဲ့ ခွေးကလေး တစ်ကောင်နဲ့ တူလှတယ်။ ဒီခွေးကလေးဟာ ဘာမှ စုံစမ်းမေးမြန်းမှုတွေ လုပ်မနေဘဲ အသာလေး ဝင်ခွေပြီး နွေးထွေးတဲ့ အရသာကို ခံစားနေတော့တယ်လေ။ ဒါ့ပြင် မေမေကြီးဟာ မိန်းမသားတစ်ယောက်အနေနဲ့ ညှို့ယူဖမ်းစားထားနိုင်စွမ်း တော်တော်နည်းတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားတာ။ ဒီတော့ ယောက်ျားတစ်ယောက်က မေမေကြီးကို အဲဒီပုံစံမျိုးနဲ့ စိတ်ဝင်စားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။

ပထမဆုံး တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်းဆီကို လျှောက်သွားနေတုန်း မေမေကြီး နံဘေးကို ကားတစ်စီး ထိုးရပ်လာတယ်။ အထဲမှာ အာနက်စတိုပေါ့။

'ဘယ်သွားမလို့လဲ'

ကားပြတင်းပေါက်ထဲက ကိုင်းထွက်ပြီး သူမေးတယ်။ မေမေကြီး အဖြေပေးပြီးတာနဲ့ သူကားတံခါးကို ဖွင့်ပေးတယ်။

'ခင်ဗျား ဘုရားရှိခိုးကျောင်းကို သွားမယ့်အစား ကျွန်တော်နဲ့ လိုက်ခဲ့ပြီး သစ်တောအုပ်ထဲမှာ တစ်ဝကြီး လမ်းလျှောက်ပစ်လိုက်မယ်ဆိုရင် ဘုရားသခင် အများကြီး ပိုပြီး ဝမ်းသာသွားလိမ့်မယ်ဗျ။ ကျွန်တော်ပြောတာကို ယုံ'

လေတဝိုးဝိုး တိုက်နေတဲ့ လမ်းမကြီးအဆုံးမှာ သစ်အယ်ပင်ကြီးတွေကြားထဲကို တိုးဝင်ပျောက်ကွယ်သွားတဲ့ တောလမ်းလေးရဲ့ အစရှိတယ်။ မေမေကြီး စီးထားတဲ့ ဖိနပ်တွေက လမ်းကြမ်းကြမ်းမှာစီးဖို့ ချုပ်လုပ်ထားတဲ့ ဖိနပ်မျိုးမှ မဟုတ်ဘဲ။ တော်တော်ကြာရင် ခလုတ်တိုက်၊ တော်တော်ကြာရင် ဟပ်ထိုးဟပ်ထိုး ဖြစ်ပေါ့။ အာနက်စတိုက မေမေကြီးလက်ကို ဆွဲကိုင်လိုက်တဲ့အခါ ဒီအပြုအမူဟာ ကမ္ဘာပေါ်မှာ သဘာဝအကျဆုံး အပြုအမူတစ်ခုကို ပြုလုပ်လိုက်သလိုပဲလို့ ထင်မိပါရဲ့။

မေမေကြီးတို့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အကြာကြီး လမ်းလျှောက်ကြတယ်။ ဆောင်းဦးရဲ့ ရနံ့က လေထဲမှာ သင်းလို့။ မြေကြီးက စိုထိုင်းထိုင်းရယ်။ သစ်ပင်တွေပေါ်က သစ်ရွက်အတော်များများဟာ အဝါသန်းနေပြီ။ ဒီသစ်ရွက်



တွေကြားထဲက တိုးဝင်လာတဲ့ အလင်းရောင်က ခပ်ပျော့ပျော့ ဖြစ်နေတယ်။

ခဏနေတော့ ကွက်လပ်တစ်ခုကို ရောက်သွားတယ်။ အဲဒီကွက်လပ်ရဲ့ အလယ်မှာ ဧရာမ သစ်အယ်ပင်ကြီး။ ငယ်ဘဝတုန်းက တွယ်တာခဲ့တဲ့ ဝက်သစ်ချပင်ကြီးကို သတိရပြီး အဲဒီသစ်အယ်ပင်ကြီးဆီကို သွားတယ်။ အရင်ဦးဆုံး ပင်စည်ကြီးကို လက်နဲ့ ပွတ်သပ်တယ်။ ပြီးတော့ ပါးနဲ့အပ်ထားလိုက်တယ်။ ခဏလေးနေတော့ အာနက်စတိုကလည်း သစ်အယ်ပင်ကြီးကို သူ့ပါးနဲ့ အပ်လိုက်တယ်။ သူ့ပါးက မေမေကြီးနားမှာကပ်လို့။ မေမေကြီးတို့နှစ်ယောက် သိကျွမ်းပြီးတဲ့နောက်ပိုင်း သူ့မျက်လုံးတွေနဲ့ မေမေကြီး မျက်လုံးတွေ တစ်ခါမှ ဒီလောက် နီးနီးကပ်ကပ် မဆုံခဲ့ဖူးဘူး။

နောက်နေ့ကျတော့ မေမေကြီး သူနဲ့ မတွေ့ချင်တော့ဘူး။ ခင်မင်ရင်းနှီးတဲ့ ပေါင်းသင်းဆက်ဆံရေးကနေ တစ်စုံတစ်ရာ ဖြစ်ထွန်းလာနေပြီလေ။ ဒီတော့ မေမေကြီး စဉ်းစားဖို့ အချိန်ယူရတော့မယ်။ မေမေကြီးဟာ ငယ်ငယ်ရွယ်ရွယ် ကောင်မကလေး မဟုတ်တော့ဘူး။ အိမ်ထောင်ရှိမိန်းမတစ်ယောက်။ စောင့်စည်းထိန်းသိမ်းရမယ့် တာဝန်တွေ ရှိနေတဲ့ အိမ်ထောင်ရှင် မိန်းမတစ်ယောက်။ သူကလည်း အိမ်ထောင်ရှိယောက်ျားတစ်ယောက်။ ဒါ့ပြင် သူ့မှာ သားတစ်ယောက်တောင် ရှိနေလိုက်သေး။

မေမေကြီးက အသက်အရွယ် ကြီးရင့်ချိန်အထိ ဘာတွေဖြစ်ပြီး ဘယ်လိုနေသွားရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကြိုတင်ဟောကိန်းထုတ်ခဲ့သူ။ ခုတော့ ကြိုတင်မြင်နိုင်စွမ်း မရှိတဲ့ ကိစ္စတွေ ဖြစ်လာပြီ။ ဒီကိစ္စတွေက မေမေကြီးရဲ့ ကြိုတင်တွက်ဆမှုတွေကို အနှောင့်အယှက်ပေးနေပြီ။ ဒီတော့ မေမေကြီး စိုးရိမ်သောက ပွားလာရတယ်။ မေမေကြီး ဘာလုပ်ရမှန်းမသိဘူး။ မမျှော်လင့်တဲ့ ဖြစ်ရပ်တွေက ဘယ်တော့မဆို အရင်ဦးဆုံး အလန့်တကြား ဖြစ်ပေါ်လာလေ့ရှိတယ်။ ရှေ့ဆက်တိုးဖို့ဆိုတာ ကြောက်စိတ်ကို ကျော်လွှန်နိုင်မှ ဖြစ်မယ်။

ဒီတော့တစ်ချိန်မှာ မေမေကြီး စဉ်းစားနေမိတယ်။ ဒီဖြစ်ရပ်ကတော့ မဖွယ်မရာ ဖြစ်ရပ်ကြီး။ ဖြစ်ပျက်ခဲ့သမျှကို ငါမေ့ပစ်မှ ဖြစ်မယ်။ ခုချိန်ထိ ဖြစ်ပျက်ခဲ့သမျှကလေးကို ပြည်ဖုံးကား ချပစ်ရမယ်။ ဒါပေမဲ့ နောက်တစ်ချိန်

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ နောက်တစ်မျိုးစဉ်းစားနေမိပြန်ရော။ ငါ ကလေးဘဝကနေ ခုချိန်ထိ အတွင်း ပထမဆုံးအကြိမ် အသက်ဝင်လာတာ။ ငါ့ဝန်းကျင်နဲ့ ငါ့ရင်ထဲမှာ မှ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာတာ။ ဒီအချိန်မျိုးကျမှ ငါ့ရဲ့ ဖြစ်ပေါ်တိုးတက်မှုကို ဖြတ်တောက်ရပ်တန့်ပစ်ဖို့ဆိုတာ ပိုပြီးတောင် ရူးသွပ်မိုက်မဲရာရောက်သေးတယ်။ ဒီဖြစ်ထွန်းမှုတွေအားလုံးကို စွန့်လွှတ်လိုက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စကြီးပဲ။

ဒါပေမဲ့ မိန်းမတိုင်းမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ခံစားချက်မျိုးတွေလည်း မေမေကြီးမှာ ဖြစ်ပေါ်နေတာပဲ။ သောကတွေ၊ သံသယတွေ၊ စိတ်ထင့်မှုတွေ။ သူ ငါ့ကို မြူဆွယ်နေတယ်၊ သိမ်းသွင်းနေတယ်။ ဒါဟာ သူ့ကိုယ်သူ ဖျော်ဖြေဖို့။ ကြည်နူးမှုရှာဖို့။ ဒါ့ထက် ဘာမှ ပိုမှာ မဟုတ်ဘူး။ ဌားထားတဲ့ မှုန်မှိုင်းမှိုင်း အခန်းကလေးထဲမှာ တစ်ယောက်တည်း ထိုင်ရင်း အဲဒီအတွေးတွေဟာ မေမေကြီးရဲ့ ခေါင်းထဲမှာ လေပွေ့မွှေ့သလို မွှေ့နေတာပေါ့။

အဲဒီညမှာ လင်းအားကြီးလေးနာရီထိုးတဲ့အထိ အိပ်မပျော်ဘူး။ စိတ်တွေ အရမ်းကယောက်ကယက် ဖြစ်နေတယ်။ အဲဒီလို ဖြစ်ခဲ့တာတောင် မနက်မိုးလင်းတော့ တစ်စက်ကလေးမှ နုံးနေတာ နွမ်းနေတာမျိုး မဖြစ်မိဘူး။ အဝတ်အစားလဲရင်း သီချင်းကလေးတွေတောင် ညည်းနေလိုက်မိသေး။ အဲဒီနာရီပိုင်းကလေးအတွင်းမှာတော့ အရှိန်အဟုန်ကြီးမားလှတဲ့ အချစ်က မေမေကြီးရဲ့ ဘဝထဲကို ထိုးဖောက်ဝင်ရောက်နေပြီ။

အဲဒီမြို့ကလေးကို ရောက်ပြီး ဆယ်ရက်မြောက်နေ့မှာ မေမေကြီး အော်ဂတ်စတိုဆီကို ပို့စကတ်ကလေး တစ်ခု ပို့လိုက်တယ်။ လေကလတ်ဆတ်၊ အစားအသောက်သင့်ရုံပဲရှိတယ်။ ရှုပ်လင့်ချက်ကတော့ အရမ်းကောင်းတယ်။ ပြီးတော့ သူ့ဆီကို ကြင်နာအနမ်းကလေးတစ်နမ်း ပို့ပေးလိုက်ပါတယ်။ မေမေကြီး မနေ့ညက တစ်ညလုံး အာနက်စတို့ ရင်ခွင်ထဲမှာပဲ ရှိနေခဲ့တယ်လေ။

အဲဒီညမှာပဲ မေမေကြီးတို့ရဲ့ ဝိညာဉ်နဲ့ ကိုယ်ခန္ဓာကြားမှာ ပြတင်းပေါက် သေးသေးကလေးတွေ ရှိနေကြောင်း မေမေကြီး သတိထားသဘောပေါက်မိတယ်။ အဲဒီပြတင်းပေါက်ကလေးတွေ ပွင့်နေတဲ့အခါ အဲဒီပြတင်းပေါက်တွေထဲက ဖြတ်ပြီး ခံစားချက်တွေ စီးဆင်းနိုင်တယ်။ မပွင့်တပွင့်ကလေးပဲ ဟနေရင်





တော့ ခံစားချက်တွေ စိမ့်ထွက်ရုံပဲ စိမ့်ထွက်နိုင်တယ်။ အဲဒီပြတင်းပေါက်တွေ ဝုန်းခနဲ ဟာလာဟင်းလင်း ပွင့်သွားအောင် ပြင်းထန်တဲ့ လေပြင်းအဟုန်မျိုး ဖွင့်နိုင်တာကတော့ အချစ်တစ်မျိုးပဲရှိတယ် ဆိုတဲ့ အကြောင်းပေါ့ကွယ်။

ပေါ်ရက်တာမှာနေခဲ့တဲ့ နောက်ဆုံး သီတင်းပတ်အတွင်း မေမေကြီးတို့ နှစ်ယောက် တစ်ချက်ကလေးမှ မခွဲခွာကြဘူး။ မညောင်းနိုင် မညာနိုင် လမ်းလျှောက်ကြတယ်။ လည်ချောင်းတွေ ခြောက်လာတဲ့အထိ မမောနိုင် မပန်းနိုင် စကားပြောကြတယ်။ အာနက်စတို့ စကားပြောပုံနဲ့ အော်ဂတ်စတို စကားပြောပုံများ ကွာခြားလိုက်တာကွယ်။ အာနက်စတိုက ဘာကိုပဲပြောပြော စိတ်ထက်သန်မှုအပြည့်၊ စုံမက်မြတ်နိုးမှုအပြည့်နဲ့ ပြောတတ်တယ်။ အရှုပ်ထွေးဆုံး အကြောင်းအရာတွေကို ရိုးရိုးရှင်းရှင်းကလေး ဖြစ်အောင် ပြောနိုင်စွမ်းရှိတယ်။ မေမေကြီးတို့ ဘုရားသခင်အကြောင်းတို့၊ ထိတွေ့လို့ရတဲ့ အရှိတရားကို ကျော်လွန်ပြီး ရှိနိုင်ခြေရှိတဲ့ အရာတစ်ခုခုအကြောင်းတို့ကို မကြာမကြာ ဆွေးနွေးကြတယ်။

မေမေကြီးတို့ဟာ တစ်ယောက်ရဲ့ ပါးစပ်ထဲက စကားလုံးတွေကို တစ်ယောက်က နှိုက်ထုတ်ကြတယ်။ တူညီတဲ့ အတွေးတွေကို တွေးကြတယ်။ ဒီအတွေးတွေကို ဖော်ပြပုံဖော်ပြနည်း တူညီကြတယ်။ မေမေကြီးတို့ နှစ်ယောက် သိကျွမ်းရင်းနှီးခဲ့တာ သီတင်းပတ် အနည်းငယ်လောက် မဟုတ်ဘဲ နှစ်ပေါင်းများစွာ ကျွမ်းဝင်ရင်းနှီးခဲ့သလို ဖြစ်နေတယ်။

အချိန်က သိပ်များများစားစား မကျန်တော့ဘူး။ မေမေကြီးတို့ အတူနေရတဲ့ နောက်ဆုံးညတွေမှာဆိုရင် မေမေကြီးတို့ မအိပ်သလောက်ပဲ။ အားပြန်ပြည့်အောင် မဆိုစလောက်ကလေးပဲ မှေးအိပ်ကြတယ်။ အာနက်စတိုဟာ ရှေးရေစက်ဆိုတာကို စပြီး ယုံကြည် စွဲလမ်းလာတော့တယ်။

'ယောက်ျားတိုင်းရဲ့ ဘဝမှာ သူနဲ့ စင်းလုံးချော အပေးအယူမျှတဲ့ မိန်းမတစ်ယောက်ပဲ တွေ့နိုင်တယ်။ မိန်းမတိုင်းရဲ့ ဘဝမှာလည်း သူနဲ့ဆိုရင် ကိုယ့်ဘဝပြည့်စုံနေပြီလို့ ပြောလို့ရမယ့် ယောက်ျားတစ်ယောက်ပဲ တွေ့နိုင်တယ်'

လို့ သူက ပြောတယ်။ ဒါပေမဲ့ အဲဒီလို အဖော်မွန်မျိုးနဲ့ တွေ့ရဖို့ ရှေးရေစက် ပါလာသူဟာ သိပ်နည်းပါးတယ်။ ကျန်တဲ့လူတွေကတော့ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်မှု အပြည့်မရတဲ့ အခြေအနေမျိုးနဲ့ပဲ ဆန္ဒပြည့်ဝမှုကို မှန်းဆတမ်းတရင်း လူးကာ လွန့်ကာ နေထိုင်သွားကြရတယ်။

'ဒီတော့ အဲဒီလို ကုသိုလ်ထူးစွာ တွေ့ဆုံပေါင်းဖက်ခွင့်ရတဲ့ သူတွေ ဘယ်လောက်များများ ရှိသလဲဟင်'

သူက အခန်းရဲ့ အမှောင်ထုထဲမှာ မေးခွန်းထုတ်နေတယ်။

'တစ်ထောင်မှာ တစ်ယောက်လား။ တစ်သန်းမှာ တစ်ယောက်လား။ တစ်သောင်းမှာ တစ်ယောက်လား'

ဟုတ်တယ်၊ တစ်သောင်းမှာ တစ်ယောက်လောက်ပဲ ရှိမယ်။ တခြားလူတွေက အပေးအယူလုပ်ယူရတာ။ စေ့စပ်ညှိနှိုင်းယူရတာ။ အပေါ်ယံဆန်ပြီး ခဏတစ်ဖြုတ်လောက် စွဲလမ်းတပ်မက်မှုတွေ၊ ရုပ်ပိုင်းဆိုင်ရာ စွဲမက်မှု၊ ဒါမှမဟုတ် စရိုက်ချင်း ကိုက်ညီမှုတွေ၊ ဒါမှမဟုတ် လူမှုရေး ဓလေ့ထုံးစံတွေကြောင့် ပေါင်းဖက်ကြတာတွေ။ ဒီကောက်ချက်ကို ဆွဲပြီးတဲ့အခါမှာတော့ သူဟာ တခြားစကားကို မပြောတော့ဘဲ စကားတစ်ခွန်းတည်းကိုသာ ထပ်ကာတလဲလဲ ပြောနေတော့တယ်။

'ကိုယ်တို့နှစ်ယောက်ဟာ ကံမကောင်းဘူးလားဟင်။ ဒီဆုံတွေ့မှုရဲ့ နောက်ကွယ်မှာ ဘာတွေ ရှိသလဲဆိုတာ ကိုယ်သိချင်လိုက်တာကွာ။ ဘာတွေ ရှိနေမလဲဆိုတာ ဘယ်သူ ဘာပြောနိုင်မှာလဲနော်'

မေမေကြီး ပြန်မယ့်နေ့က ဘူတာရုံကလေးထဲမှာ နှစ်ယောက်အတူ ရထားစောင့်နေတော့ သူက မေမေကြီးကို ပွေ့ဖက်ထားတယ်။ ပြီးတော့ တိုးတိုးလေးကပ်ပြီး ပြောတယ်။

'ကိုယ်တို့ ဘယ်ဘဝတုန်းက ဆုံစည်းခဲ့ကြသလဲ မသိဘူးနော်'

'ဘဝပေါင်းများစွာတုန်းကပေါ့'

မေမေကြီး ပြန်ပြောတယ်။ ပြီးတော့ ငိုနေမိတယ်။ မေမေကြီးရဲ့ လက်ကိုင်အိတ်ထဲမှာ ဝှက်ထားတာကတော့ သူ့ဆီကို စာရေးဆက်သွယ်လို့ ရမယ့် ဖာရာရာက လိပ်စာတစ်ခုပေါ့။ အိမ်အပြန်ခရီး၊ ရှည်လျားလှတဲ့ နာရီပေါင်းများစွာအတွင်း ဖြစ်ပေါ်ခဲ့တဲ့ မေမေကြီးရဲ့ ခံစားချက်တွေကိုတော့ ခြယ်မှုန်းမနေ





တော့ပါဘူး။ ရင်ထဲမှာ ဖြောင်းဆန်နေတဲ့ ခံစားချက်တွေ၊ 'တစ်ကမ္ဘာလုံးကို တစ်ယောက်တည်း ရင်ဆိုင်တော်လှန်'နေတဲ့ ခံစားချက်တွေပေါ့ကွယ်။ ဒီကာလ ရှည်ကြီးအတွင်း မေမေကြီးရဲ့ အသွင်ပြောင်းနေမှုကို ဖျောက်ဖျက်ဖုံးကွယ်ဖို့ ရေအိမ်ထဲကို အခေါက်ခေါက် အခါခါ သွားပြီး ကိုယ့်ရုပ်သွင်ကိုယ် စစ်ဆေးကြည့်နေရတယ်။ မေမေကြီး မျက်လုံးတွေထဲက တောက်ပမှုနဲ့ မေမေကြီးရဲ့ အပြုံးဟာ မေးမှိန်နေမှ ယုတ္တိတန်မယ်။ လတ်ဆတ်တဲ့လေရဲ့ အကျိုးပြုမှုကြောင့် မေမေကြီးရဲ့ ပါးကလေးတွေ နီမြန်းနေတာလောက်ပဲ ကျန်နေမှဖြစ်မယ်။ ဒီ တိုးတက်မှုကို ဖေဖေကော အော်ဂတ်စတိုပါ မြင်တွေ့ကြတယ်လေ။

'ဖေဖေ ပြောတယ် မဟုတ်လား၊ ရေပူစမ်းက သမီးရဲ့ကျန်းမာရေး ကို အထောက်အကူပြုမှာပါလို့'

ဖေဖေက ဒီစကားကို ထပ်တလဲလဲ ပြောနေတယ်။ အော်ဂတ်စတိုက တော့ သူ့တစ်သက်မှာ ပထမဆုံးအကြိမ်အဖြစ် မေမေကြီးကို အရိပ်တကြည့်ကြည့် လုပ်လေရဲ့။

လူတစ်ဦး ပထမဆုံးအကြိမ် ချစ်မိပြီဆိုတာနဲ့ ကတ်သီးကတ်သပ် ခံစားချက်တွေအကြောင်း ဒီလူသိလာလိမ့်မယ်။ အဲဒီလို ခံစားချက်တွေ ဘယ်လောက် အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်တတ်သလဲဆိုတာလည်း ဒီလူနားလည်လာလိမ့်မယ်။

သမီးလေး ဘယ်သူ့ကိုမှ ချစ်မနေဘူး၊ သမီးလေးရဲ့ နှလုံးသားက လွတ်လပ်နေပြီး မျက်လုံးတွေက ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ရှာဖွေမနေဘူး။ မြင်သမျှ တွေ့သမျှ ယောက်ျားအားလုံးဟာ စိတ်ဝင်စားစရာကောင်းနေတဲ့ အနေအထားမျိုးမှာကျတော့ သမီးလေးကို ဘယ်သကောင့်သားမှ ဆေးဖော်ကြောဖက် မလုပ်ကြဘူး။ အဲ...သမီးလေး တစ်ဦးတစ်ယောက်ကို ချစ်မိနေပြီ၊ သူကလွဲရင် ဖွဲနဲ့ဆန်ကွဲလို့ ထင်နေပြီဆိုတဲ့ အခါကျတော့ ယောက်ျားသနား အိုင်းက သမီးလေးနောက်ကို ကောက်ကောက်ပါအောင် လိုက်ကြပြီသာမှတ်။ မျက်နှာလိုမျက်နှာရနဲ့ အနုအလှ သမုဒယစကားတွေ ပြောပြီသာမှတ်။

ဒီလိုဖြစ်တွန်းမှုမျိုးတွေ ဖြစ်ပေါ်လာတာဟာ သမီးလေးကို မေမေကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ပြတင်းပေါက်ကလေးတွေကြောင့်ပေါ့။ အဲဒီ ပြတင်းပေါက်ကလေးတွေ ပွင့်နေတဲ့အခါကျတော့ ကိုယ့်ခန္ဓာက ထွန်းလင်းလာတဲ့ အလင်းရောင်ဟာ ဝိညာဉ်ပေါ်ကို ကျပြီး ဝိညာဉ်က ထွက်လာတဲ့ အလင်းရောင်ဟာ ကိုယ်ခန္ဓာပေါ် ကို ကျရောက်လာတယ်။ ကိုယ်ခန္ဓာနဲ့ ဝိညာဉ်ဟာ မှန်တွေလို အပြန်အလှန် အလင်းရောင်ပေးတယ်။ အပြန်အလှန် ဝင်းပစေတယ်။ မကြာမီအတွင်း သမီး လေး ပတ်လည်မှာ ရွှေလိုဝင်းပတဲ့ ကိုယ်ရောင်ကိုယ်ဝါတွေ ထွန်းတောက်လာ ရော။ အဲဒီကိုယ်ရောင်ကိုယ်ဝါက ယောက်ျားတွေကို ဆွဲဆောင်နိုင်စွမ်းရှိတယ်။ ဝက်ဝံတွေဟာ ပျားရည်ကို ငမ်းငမ်းတက် မက်သလို သမီးလေးကို ယောက်ျားတွေ ဝိုင်းဝိုင်းလည်လာလိမ့်မယ်။

ဒီတော့ကွယ်၊ အော်ဂတ်စတိုက ဘာသားထူးထားလို့လဲ။ သူလည်း ယောက်ျားတွေထဲက ယောက်ျားတစ်ယောက်ပဲ။ သမီးလေးကတော့ ထူးဆန်း တယ်လို့ ထင်မလားဘဲ။ အဲဒီလို အော်ဂတ်စတိုက အရေးတယူလုပ်လာတာ ကို မမေကြီးဘက်က အခက်အခဲမရှိ ကြင်နာမှုအပြည့်နဲ့ တုံ့ပြန်နိုင်ခဲ့တယ် ကွဲ့။ အင်း၊ အော်ဂတ်စတိုသာ ဒီ့ထက်မိန်းမကျမ်းကျေတဲ့ ယောက်ျားတစ် ယောက်ဖြစ်ခဲ့ရင်၊ ဒီ့ထက်ပိုပြီး ပါးရည်နပ်ရည်ရှိခဲ့ရင် မမေကြီး ဘာဖြစ်ခဲ့တယ် ဆိုတာ တန်းသိပေလိမ့်မယ်။ မမေကြီး သူနဲ့ အိမ်ထောင်ကျခဲ့ကတည်းက အောနှလုံးနာစရာကောင်းလှတဲ့ သူ့ရဲ့ ပိုးကောင်တွေကို ပထမဆုံးအကြိမ်အဖြစ် ကျေးဇူးတင်ခဲ့မိတယ်။

မမေကြီး အာနက်စတိုအကြောင်း တွေးတောစဉ်းစားနေခဲ့မိသလား။ အင်း၊ နည်းနည်းတော့ စဉ်းစားမိတယ်။ ဒါပေမဲ့ စဉ်းစားတယ်ဆိုတာ မှန်ကန်တဲ့ စကားလုံး မဟုတ်သေးဘူး။ စဉ်းစားနေမိတယ်ဆိုတာထက် သူ့အတွက် အသက် ရှင်နေတယ်လို့ ပြောရမယ်။ အဲဒီလိုပဲ သူဟာလည်း မမေကြီးရင်ထဲမှာ ရှင်သန် နေတယ်။ လှုပ်ရှားမှုတိုင်း၊ အတွေးတိုင်းမှာ မမေကြီးတို့ နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေတယ်။

မမေကြီးတို့ မခွဲခွာမီမှာ နှစ်ဦးသဘောတူထားတာက မမေကြီး က စာစရေးရမယ်။ အဲဒီလိုမရေးမီ မမေကြီး ယုံကြည်စိတ်ချရမယ့် ကြားလူ





းမတစ်ယောက် ရှာရမယ်၊ ဒါမှ အဲဒီမိန်းမက တစ်ဆင့် မမေကြီးဆီကို စာရေးလို့ ရမယ်ပေါ့။ သူ့ဆီကို မမေကြီး ပထမဆုံး စာရေးလိုက်တာက ာက်တိုဘာလကုန်ပိုင်းလောက်မှာ။ အဲဒီ စာပို့ပြီးနောက်ပိုင်း အချိန်ကာလတွေ တော့ မမေကြီးတို့နှစ်ယောက် ပတ်သက်ပြီးတဲ့နောက်ပိုင်းမှာ စိတ်ဆင်းရဲစရာ ကောင်းဆုံး အချိန်ကာလတွေပေါ့။ ချစ်သူတွေ တစ်မြို့တစ်နယ်စီ ဝေးကွာ နေတဲ့ အခါမျိုးမှာ သံသယတွေတော့ ပေါက်ဖွားတာပဲ။ ရင်နဲ့အမျှ ဖြစ်ရတဲ့ ချစ်ခြင်းမေတ္တာကတောင် ဒီသံသယတွေ လုံးလုံးလျားလျား ပျောက်ကွယ်အောင် ဖျက်မပေးနိုင်ဘူး သမီးလေးရေ့။

မနက်ဘက်ဆို မမေကြီး လန့်လန့်နိုးလာတယ်။ မျက်စိကြောင်နေ တယ်။ အပြင်ဘက်မှာတော့ မှောင်နေတုန်း။ အော်ဂတ်စတိုရဲ့နံဘေးမှာ ငြိမ်ငြိမ် ကလေး လဲလျောင်းနေရတယ်။ ကိုယ့်ခံစားချက်တွေကို မဖုံးဖိ မမျိုသိပ်ရတဲ့ အချိန်ဟာ ဒီအချိန်ကလေးတွေပဲရှိတယ်လေ။ အဲဒီလို လဲလျောင်းရင်း ဟိုသီတင်း တော်သုံးပတ်အကြောင်းတွေ စဉ်းစားတယ်။ တကယ်လို့ အာနက်စတိုဟာ အပျော် ကြံရုံသက်သက်ဆိုရင် ဘယ့်နှယ်လုပ်မလဲ။ သူကလည်း ရေပူစမ်းမှာ တာဝန် ကျပြီး ငြီးငွေ့နေချိန်မှာ အဖော်မပါဘဲ ရောက်လာတဲ့ မိန်းမတွေကို စိတ်ပြေ သက်ပျောက်တွဲတာဆိုရင် ဘယ့်နှယ်လုပ်မလဲ။ ရောက်မလာတဲ့ စာကို မျှော်ရတာ ကြာလေ မမေကြီးရဲ့ သံသယတွေဟာ အတည်ဖြစ်လာလေပေါ့ကွယ်။

အေးလေ၊ အဖြစ်သနစ်က ကိုယ်ထင်တဲ့အတိုင်း မှန်နေပြီး မမေကြီး ဟာ မိုက်မဲတဲ့ မိန်းမတွေထဲမှာ အမိုက်မဲဆုံး မိန်းမတစ်ယောက်လို ပြုကျင့် နေမိတယ် ဆိုရင်ကော ဘာဖြစ်သေးလဲ။ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံဟာ မမေကြီးအတွက် အကျိုးမဲ့ အချည်းနှီး မဖြစ်ပါဘူး။ မမေကြီးသာ ကိုယ့်စိတ် ကိုယ် လွှတ်မပေးခဲ့ရင် မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လိုခံစားလို့ ရနိုင် တယ်ဆိုတာ သိခွင့်မရဘဲ အိုမင်းရင့်ရော်ပြီး သေဆုံးသွားနိုင်တယ် မဟုတ်လား။ ဒါဟာ ဘာလဲဆိုတော့ စိတ်သက်သာရာသက်သာကြောင်းအတွက် ကိုယ့်ဘာသာ ကိုယ် ဖြေတွေးတွေးနေရတဲ့ သဘောလေ။

မမေကြီး တစ်နေ့တခြား စိတ်တိုလာတာကို ဖေဖေနဲ့ အော်ဂတ်စတို



www.burmeseclassic.com

www.burmeseclassic.com



က သတိထားမိလာတယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် အ ထဲကို ခင်လာတာနဲ့ မေမေကြီးဟာ ဘာအကြောင်းမှ ထူးထူးထွေထွေ မ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်ပြီး အခန်းထဲက ထွက်သွားတတ်တယ်။ မေမေကြီး မေမေကြီးတို့နှစ်ယောက် ပျော်ခဲ့ကြတဲ့ အချိန်တွေအကြောင်း အထပ်ထပ်အ ပြန်ပြီး တွေးကြည့်တယ်။ ပြီးတော့ စိတ်နှလုံးဒုန်းဒုန်းချပြီး ဆုံးဖြတ်ချက်တ ယတိပြတ် ဖြတ်နိုင်ရေးအတွက် သဲလွန်စတစ်ခုတလေ ရလိုရငြား အားထုတ် မှာတယ်။

အဲဒီလို အလူးအလဲ ခံစားနေရတဲ့ ကာလက ဘယ်လောက်ရှည်ကြ သလဲ။ သီတင်းပတ်ခြောက်ပတ်။ နှစ်လနီးပါး။ နောက်ဆုံးတစ်နေ့၊ ခရစ်စမ နေ့ မတိုင်မီ တစ်ပတ်အလိုမှာ ကြားလူအဖြစ် ဆောင်ရွက်ပေးတဲ့ အမျိုးသ အိမ်ကို စာတစ်စောင် ရောက်လာတယ်။ ထင်ရှားပြတ်သားတဲ့ လက်ရေး ရေးထားတဲ့ သူ့စာက ငါးမျက်နှာတောင်။

မေမေကြီးရဲ့ ဟာသဉာဏ်တွေချက်ချင်း လက်ငင်း ပြန်ရှင်လာတယ် စာတွေရေးတယ်။ ပြီးတော့ ပြန်စာတွေကို မျှော်တယ်။ ဒီလိုနဲ့ ဆောင်းကုန်ပြီ နွေဦးကိုပါ ကျော်လွန်လာခဲ့တယ်။ အာနက်စတိုအကြောင်းကိုပဲ အစဉ်တစိုက် တွေးနေခြင်းက အချိန်တွေ ကာလတွေကို မသိလောက်အောင် ဖြစ်လာတယ် မေမေကြီးရဲ့ ခွန်အားတွေအားလုံးကို မပိုမိုဝါး အနာဂတ်ကာလဖြစ်တဲ့ သူနဲ ပြန်ပြီး ဆုံတွေ့ရမယ့်အချိန်အတွက် သိုမှီးထားမိတယ်လေ။

သူ့စာတွေထဲမှာ နက်ရှိုင်းလှတဲ့ သူ့ခံစားချက်တွေ ပေါ်လွင်နေတယ် ဒီအချက်က သူ့အချစ်ကို မေမေကြီး ယုံကြည်စိတ်ချလာစေတယ်။ မေမေကြီးရဲ့ သံသယတွေကို ပြေပျောက်စေတယ်။ မေမေကြီးတို့ရဲ့ အချစ်ဟာ ကြီးမားတဲ့ အချစ်၊ လေးနက်တဲ့အချစ်၊ ပြီးတော့ တခြားအချစ်စစ် အချစ်မှန်တွေနည်းတူ တော်ရုံတန်ရုံ ဖြစ်ရပ်တွေက ဒီအချစ်ကို ပွန်းပဲ့ပျက်စီးအောင် မလုပ်နိုင်ဘူး ဒီလို ကာလအကြာကြီး ခွဲခွာနေရတဲ့အတွက် မေမေကြီးတို့ နှစ်ယောက် စိတ် ဆင်းရဲကြီးစွာ မဖြစ်ဘူးလားလို့ သမီးလေး အတွေးဝင်ကောင်း ဝင်မိလိမ့်မယ် မေမေကြီးတို့ လုံးဝ စိတ်မထိခိုက်ပါဘူးလို့ ပြောရင်မှန်မှာ မဟုတ်ဘူး သမီးလေး





မတတ်သာ ခပ်ခွာခွာနေရတဲ့အတွက် အာနက်စတိုကော မေမေကြီးပါ စိတ်ဆင်းရဲကြရပါတယ်။ ဒါပေမဲ့ ရင်နာမှုနဲ့အတူ တခြားခံစားချက်တွေလည်း ရောနှော ဖြစ်ပေါ်နေသေးတယ်လေ။ ပြီးတော့ ပြန်လည်ဆုံတွေ့ကြဖို့ မျှော်လင့်ချက်က ရင်နာမှုတွေကို နောက်တန်းရောက်အောင် တွန်းပို့ပစ်ထားတယ်ကွဲ့။ တကယ် တော့ မေမေကြီးတို့နှစ်ယောက်စလုံးဟာ အရွယ်ရောက်ပြီးသား အိမ်ထောင်ရှင် တွေပါ။ ဒီတော့ ဒီ့ထက်ပိုပြီး မျှော်လင့်လို့ မရဘူးဆိုတာ နှစ်ယောက်စလုံး သိနေကြတယ်။ မေမေကြီးတို့ လွန်ခဲ့တဲ့နှစ် အနည်းငယ်ကသာ ဆုံတွေခဲ့ကြ မယ်ဆိုရင် ဆုံတွေ့ပြီး တစ်လမကြာခင်အတွင်း အော်ဂတ်စတိုကို ကွာရှင်းခွင့် တောင်းမှာပဲ။ သူကလည်း သူ့မိန်းမကို ကွာရှင်းခွင့်တောင်းပြီး မေမေကြီးတို့ နှစ်ယောက် ခရစ်စမတ်မတိုင်မီ တစ်အိမ်တည်း အတူနေခဲ့ကြမှာပဲ။

အဲဒီလိုလုပ်ခဲ့ရင် ပိုကောင်းသွားမလား။

မပြောတတ်ဘူး။ မေမေကြီးရဲ့ရင်ထဲမှာ အမြစ်တွယ်နေတဲ့ အတွေး အမြင်တစ်ရပ်တော့ ရှိတယ်။ တကယ်လို့ အချစ်ရေးက သိပ်လွယ်ပြီး သိပ်အဆင် ပြေလွန်းနေရင် အချစ်က သေးသိမ်သွားမယ်။ နောက်ပြီး ပြင်းထန်လှတဲ့ စုံ မက်မြတ်နိုးမှုဟာ အပေါ်ယံ စိတ်ကူးယဉ်မှု ဖြစ်သွားနိုင်မယ် မဟုတ်လား။ ယိစ်ဆေးမှုန့်ကို စနစ်တကျ ရောနယ်မပေးရင် ကိတ်မုန့်တစ်လုံး ဘယ်လိုဖြစ် သွားတတ်တယ်ဆိုတာ သမီးလေး သိပါတယ်။ ကိတ်မုန့်အလုံးဟာ ညီညီညာညာ ဖောင်းကြွတက်မလာဘဲ တစ်ခြမ်းပဲ ဖောင်းချင်ဖောင်းလာမယ်၊ ဒါမှမဟုတ် အက်ကွဲချင်ကွဲသွားမယ်။ အဲဒီအအက်အကွဲကြားကနေ ရောနယ်ထားတဲ့ အနှစ် တွေ စီးထွက်ကျကုန်ရော။ မီးတောင်ဝကနေ ချော်ရည်ချော်ခဲတွေ စီးထွက်သလို ပေါ့။ ချစ်ခြင်းမေတ္တာရဲ့ အနှိုင်းမဲ့မှုဟာလည်း အဲဒီအတိုင်းပဲ။ လျှံကျတတ်တယ် လေ။

ချစ်ဖော်တစ်ယောက်ထားပြီး အဲဒီချစ်ဖော်နဲ့ တွေ့ဆုံဖို့ စီစဉ်တယ် ဆိုတာ အဲဒီခေတ်တုန်းက သိပ်လွယ်လှတဲ့ ကိစ္စမဟုတ်ဘူး။ အာနက်စတိုအတွက် ကတော့ လွယ်တယ်။ သူက ဆရာဝန်ကိုး။ ဆရာဝန်တစ်ဦးအနေနဲ့ တွေ့ဆုံ ဖို့၊ ညှိနှိုင်းဖို့၊ အရေးတကြီး စစ်ဆေးဖို့ တောင်းဆိုလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မတစ်ဦးရဲ့ လှုပ်ရှားမှုလောကက လွဲပြီး ဘာလှုပ်ရှားမှုမှမရှိတဲ့ မေမေကြီးအတွက်တော့ ဒီလိုစိစဉ်ဖို့ မဖြစ်နိုင်သလောက်ပဲ။ မေမေကြီးအပေါ် သံသယမဖြစ်ဘဲ အိမ်ကနေ နာရီအနည်းငယ်လောက်၊ ရက်အနည်းငယ်လောက် ထွက်ခွာခွင့်ရဖို့အတွက် အကြောင်းပြချက်တစ်ခုခု ဖန်တီးနိုင်မှဖြစ်မယ်လေ။ ဒီတော့ အီစတာပွဲတော်နေ့ မတိုင်မီကလေးမှာပဲ အပျော်တမ်း လက်တင်ဘာသာ လေ့လာရေးအဖွဲ့ထဲကို မေမေကြီးဝင်လိုက်တယ်။ အဖွဲ့ဝင်တွေက တစ်ပတ်တစ်ကြိမ် တွေ့ဆုံစည်းဝေးကြတယ်။ ယဉ်ကျေးမှုအရ ထူးထူးခြားခြားရှိတဲ့ နေရာဒေသတွေကို မကြာမကြာ လေ့လာရေးခရီးထွက်ကြတယ်။ ရှေးဟောင်း ဘာသာစကားတွေကို မြတ်နိုးတတ်တဲ့ မေမေကြီးအကြောင်း သိထားတဲ့ အော်ဂတ်စတိုက မေမေကြီးရဲ့ လှုပ်ရှားမှုကို ဘာမှ သံသယမဖြစ်ဘူး။ ဝေဖန်စရာအကြောင်းလည်း မရှိဘူးပေါ့။ မေမေကြီးရဲ့ ဝါသနာဟောင်းတစ်ခု ပြန်လည်ရှင်သန်လာတဲ့အတွက် သူက ဝမ်းသာအယ်လဲတောင် ဖြစ်နေသေးတယ်။

အဲဒီနှစ်ကတော့ နွေရာသီဟာ ဖျိုးခနဲ ဖျတ်ခနဲ ရောက်လာတယ်။ ဇွန်လကုန်မှာ အာနက်စတိုဟာ ခါတိုင်းနှစ်တွေတုန်းကလိုပဲ ရေပူစမ်းကို သွားတယ်။ မေမေကြီးက ဖေဖေ၊ အော်ဂတ်စတိုတို့နဲ့အတူ ကမ်းခြေကိုသွားတယ်။ မေမေကြီးက ကလေးတစ်ယောက်လိုချင်နေသေးကြောင်း အော်ဂတ်စတို ယုံလာအောင် အဲဒီလထဲမှာ စည်းရုံးသိမ်းသွင်းရတာပေါ့။ ဩဂုတ်လ သုံးဆယ့်တစ်ရက်နေ့မှာတော့ ပေါ်ရက်တာကိုထွက်မယ့် ရထားစီးဖို့ သူက မေမေကြီးကို ဘူတာရုံကို ကားနဲ့လိုက်ပို့တယ်။ အရင်နှစ်က ဝတ်ခဲ့တဲ့ အဝတ်အစားတွေဝတ်ပြီး အရင်နှစ်က သုံးခဲ့တဲ့ အဝတ်သေတ္တာကိုပဲဆွဲလို့။ ခရီးစဉ် တစ်လျှောက်လုံးရင်တွေ တုန်လွန်းလို့ မေမေကြီး တစ်ချက်ကလေးမှ ငြိမ်ငြိမ်ထိုင်မနေနိုင်ခဲ့ဘူး။ ရထားပြတင်းပေါက်ကနေ အရင်နှစ်က မြင်ခဲ့ရတဲ့ ရှုမျှော်ခင်းတွေကိုပဲ မြင်နေရတယ်။ ဒါပေမဲ့ အရာရာတိုင်းဟာ ခြားနားနေပြီပေါ့။

ရေပူစမ်းစခန်းမှာ မေမေကြီး သီတင်းပတ် သုံးပတ်နေခဲ့တယ်။ အဲဒီမှာနေခဲ့တဲ့ ကာလအတွင်း မေမေကြီးဟာ မေမေကြီးဘဝရဲ့ လက်ကျန်သက်တမ်းတစ်လျှောက်လုံးထက် ပိုပြီး လေးလေးနက်နက် အဓိပ္ပာယ်ရှိရှိ နေထိုင်ခဲ့တယ်။



တစ်နေ့တော့ အာနက်စတို အလုပ်လုပ်နေချိန်မှာ မေမေကြီး တစ်ယောက်တည်း ပန်းခြံထဲမှာ လမ်းလျှောက်နေမိတယ်။ အဲဒီလို လမ်းလျှောက်နေရင်း ဒီအခိုက်အတန့်ကလေးမှာပဲ ငါသေသွားရင် ဘယ်လောက်ကောင်းလိုက်မလဲနော်လို့ တွေးမိတယ်ကွဲ့။ ဒီဆန္ဒမျိုး ဖြစ်ပေါ်လာတာကို သမီးလေး အံ့သြကောင်း အံ့သြနေလိမ့်မယ်။ ဒါပေမဲ့ အမြင့်မားဆုံး ပျော်ရွှင်မှုဟာ အမြင့်မားဆုံး စိတ်ဆင်းရဲမှုလိုပဲ ဆန့်ကျင်ဘက် ဆန္ဒတွေ မကြာမကြာ ဖြစ်ပေါ်စေတယ်ကွဲ့။ မေမေကြီးဟာ နှစ်ပေါင်းများစွာ တောနက်ထဲက လှည်းလမ်းကြောင်းတွေပေါ်မှာ လမ်းလျှောက်နေခဲ့ရသလိုမျိုး ခံစားရတယ်။ သစ်ပင်ချုံပုတ်တွေကို တောရှင်းဓားနဲ့ ခုတ်ထွင်ရှင်းလင်းပြီး လမ်းရှာရတယ်။ ဒါတောင် ကိုယ်ခုတ်ထွင်ရှင်းလင်းတဲ့ နေရာကွက်ကွက်ကလေးပဲ လမ်းမြင်ရတယ်။ မေမေကြီးဟာ သွားသာသွားနေတယ်၊ ဘယ်ကိုသွားနေမှန်း မသိဘူး။ ရှေ့မှာ ချောက်ကမ်းပါးကြီး ရှိချင်ရှိနေမယ်။ ရောမမြို့ကြီးတစ်မြို့ ဒါမှမဟုတ် သဲကန္တာရတစ်ခု ဖြစ်ချင်ဖြစ်နေမယ်။ အဲဒီနောက်မှာမှ တစ်နေရာရာကို ရောက်နေတာ ဖြုန်းခနဲ သိလိုက်ရတယ်။ တကယ်တော့ မေမေကြီးဟာ ဘုမသိ ဘမသိနဲ့ တောင်စောင်းတစ်ခုကို ဖက်တွယ်တက်နေမိတာကလား။ ခုမှကြည့်လိုက်တော့ တောင်ကုန်းမြင့်ကြီးတစ်ခုပေါ်ရောက်နေတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိတော့တယ်။

နေကထွက်စပဲ ရှိသေးတယ်။ အရောင်အနုအရင့် အမျိုးမျိုးရှိတဲ့ တခြားတောင်တန်းတွေဟာ မိုးကုပ်စက်ဝိုင်းနဲ့ နီးလေဝေးလေ ယိမ်းနွဲ့သွားလေပဲ။ အရာရာတိုင်းဟာ မြူနှိုးရောင် ပြာမှိုင်းမှိုင်း သန်းနေတယ်။ တောင်ထိပ်မှာ လေပြည်လေညင်းကလေးက တသွင်သွင်တိုက်လို့။ ဒီလေပြည်လေညင်းကလေးက တောင်ထိပ်နဲ့ မေမေကြီး ဦးခေါင်း၊ မေမေကြီး ဦးခေါင်းနဲ့ အဲဒီအထဲက အတွေးတွေကိုပါ ဆော့ကစားနေတယ်။ ဟိုးအောက်ခြေတောင်ကြားလမ်းထဲက မကြာမကြာပေါ်ထွက်လာတာကတော့ ခွေးတစ်ကောင်ရဲ့ဟောင်သံ၊ ခေါင်းလောင်းတစ်လုံးရဲ့ မြည်သံ၊ ထူးခြားတာက အရာရာတိုင်းဟာ တစ်ချိန်တည်းမှာ အပေါ့ပါးလိုလည်းနေတယ်။ လေးနက်လို့လည်းနေတယ်။ မေမေကြီးရဲ့ ရင်ထဲမှာကော မေမေကြီးရဲ့ ပတ်ဝန်းကျင်မှာပါ အစစအရာရာ ရှင်းလင်းနေတယ်။ မေမေကြီး

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ စီးမိုးနေတာ ဘာမှမရှိဘူး။ အရိပ်ထိုးစရာလည်း ဘာမှမရှိဘူး။ မမကြီးအောက်ကို ပြန်မဆင်းချင်တော့ဘူး။ ချုံပုတ်တွေထဲပြန်မတိုးချင်တော့ဘူး။ မြူခိုးရောင်ပြာမှိုင်းမှိုင်းထဲမှာ ကိုယ့်ကိုယ်ကိုယ် ထာဝရ မြုပ်နှံထားချင်တော့တယ်။ ဘဝရဲ့ချမ်းသာသုခနဲ့ အပြည့်ဝဆုံးအချိန်၊ ဘဝရဲ့ချမ်းသာသုခနဲ့ အပြည့်ဝဆုံး အခြေအနေမှာ ဘဝကို အဆုံးသတ်လိုက်ချင်ကတယ်။

ညဘက် အာနက်စတိုနဲ့ တွေ့တော့ အဲဒီအကြောင်းကို မမကြီး စဉ်းစားနေတုန်းပဲ။ ဒါပေမဲ့လည်း ညစာစားရင်း ဒီအကြောင်းကို ပြောမပြဖုံဘူး။ တော်ကြာ အာစနက်စတိုက ဟားတိုက်ရယ်မောပစ်လိုက်မှာလည်း စိုးရသေး။ ဒါပေမဲ့ အဲဒီည နှောင်းပိုင်း မမကြီးရဲ့အခန်းထဲကို သူဝင်လာပြီး မမကြီးကို ထွေးပွေ့ထားချိန်ကျမှ မမကြီးရဲ့ ပါးစပ်ကို သူ့နားနားကပ်ပြီး စကားတစ်ခွန်းပြောလိုက်တယ်။ ပြောဖို့ ရည်ရွယ်တုန်းကတော့ 'ကျွန်မ သေချင်တယ်'လို့ ပြောတာပဲ။ အဲဒီအစား ပါးစပ်က ထွက်သွားတာက 'ကျွန်မ ကလေး လိုချင်တယ်' တဲ့။

ပေါ်ရက်တာက ထွက်ခွာလာတော့ မမကြီးမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ကိုယ့်ဘာသာကိုယ် သိနေတယ်။ အာနက်စတိုလည်း သိတယ်ထင်တာပဲ။ ဘာကြောင့်လဲဆိုတော့ ခုတလောကလေးမှာ သူ့ကြည့်ရတာ စိတ်ညစ်နေတဲ့ပုံမျိုး၊ စိတ်ရှုပ်နေပုံမျိုးကွဲ့။ နောက်ပြီး မကြာခဏဆိုသလို နှုတ်ဆိတ်ပြီး ငိုင်နေတတ်သေးတယ်။ မမကြီးရဲ့ ကိုယ်ခန္ဓာကတော့ အဲဒီလို သန္ဓေတည်ပြီး နောက်နေ့မနက်ကစပြီး ပြောင်းလဲလာတော့တယ်။ ရင်သားတွေ ရက်တရက် ပြည့်ပြီး တင်းလာတယ်။ အသားအရေ ပိုပြီး ဝင်းလာတယ်။ အခြေအနေသစ်နဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ်ခန္ဓာက လိုက်ပြီး ပြောင်းလဲလာတာများ အံ့စရာကောင်းလှပါပေရဲ့။ ဒါကြောင့်သာ ဆေးရုံမှာ သွားပြီး မစမ်းသပ်ရဘဲ၊ ဝမ်းဗိုက်က ခါတိုင်းလို ပြားချပ်နေဆဲမှာပဲ ဘာတွေဖြစ်သွားပြီဆိုတာကို မမကြီး တပ်အပ်ပြောနိုင်တာပေါ့။ မမကြီးရဲ့ ကိုယ်ခန္ဓာထဲမှာ အရောင်အဝါတွေ ပြည့်လျှံနေတယ်လို့ ခံစားရတယ်။ ကိုယ်ခန္ဓာက စွမ်းအားတစ်ရပ် တပ်ဆင်နိုင်ရေးအတွက် သူ့ဘာသာသူ ပြုပြင်ပြောင်းလဲနေပြီလေ။



ရထားပေါ်မှာ တစ်ယောက်တည်းကျမှ ပိုပြီး တည်ကြည်လေးနက်တဲ့ အတွေးတွေ ခေါင်းထဲဝင်လာတယ်။ အာနက်စတိုနဲ့ အတူရှိနေစဉ်မှာတော့ ဒီကလေးယူရေး မယူရေးကို တစ်စက်ကလေးမှ စိတ်နှစ်ခွ မဖြစ်မိခဲ့ဘူး။ အော်ဂတ်တော်၊ ထရီအက်စတီက ကိုယ့်ဘဝ၊ မြို့ခံရွာခံတွေရဲ့ အတင်းအဖျင်းစကား...ဒါတွေက ဟိုးအဝေးကြီးမှာလေ။ ဒါပေမဲ့ ခုတော့ ကမ္ဘာကြီးက ကျဉ်းလာနေပြီ။ ကိုယ်ဝန်က တစ်နေ့တခြား ရင့်လာတာနဲ့အမျှ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရတော့မယ်။ ဆုံးဖြတ်ပြီးတာနဲ့ အဲဒီအတိုင်း မဖြစ်မနေ လုပ်ရတော့မယ်။ ဒီကလေးကို ဖျက်ချဖို့ဆိုတာ ကလေးယူလိုက်တာထက် ပိုပြီးခက်လိမ့်မယ်လို့ မမကြီး သဘောပေါက်နေတယ်။ ကိုယ်ဝန်ဖျက်ချရင် အော်ဂတ်စတို ဘယ်နည်းနဲ့မှ သိဘဲနေမှာ မဟုတ်ဘူး။ ဒီတော့ ဟိုတုန်းကတည်းက ကလေးလိုချင်လှချည်နဲ့လို့ တစ်ပြောတည်းပြောနေတဲ့ မမကြီးအနေနဲ့ ကိုယ်ဝန်ဖျက်ချတာကို ဘယ်လိုအကြောင်းပြမလဲ။ ဒါ့အပြင် မမကြီးကိုယ်တိုင်ကလည်း ကိုယ်ဝန်ဖျက်ချင်ဘူး။ မမကြီးဝမ်းဗိုက်ထဲက သန္ဓေသားငယ်ကလေးဟာ ဆန္ဒတစ်ခု ပြည့်ဝမှု ဖြစ်နေတယ်။ မမကြီး တစ်သက်လုံး ပြင်းပြင်းပြပြ လိုချင်တောင့်တခဲ့တဲ့ ဆန္ဒတစ်ခု ပြည့်ဝလာတာ ဖြစ်နေတယ်။ ဒီသန္ဓေသားငယ်ကလေးဟာ အခွင့်အရေးရရချင်း ပြင်ပစ်ရမယ့် အမှားတစ်ခု မဟုတ်ဘူးလေကွယ်။

သမီးလေး ယောကျ်ားတစ်ယောက်ကို ချစ်မိပြီဆိုရင်၊ သူ့ကို ကိုယ့်အစိတ်ပါ ပုံအပ်ပြီးချစ်မိပြီဆိုရင် သူနဲ့ ကလေးတစ်ယောက် လိုချင်တာထက်ပြီး သဘာဝကျတဲ့ ဆန္ဒမျိုး မရှိတော့ဘူးကွဲ့။ ဒါဟာ ဉာဏ်ပညာက တွန်းအားပေးလိုက်တဲ့ ဆန္ဒမဟုတ်ဘူး။ ဆင်ခြင်တုံတရားက ရွေးလိုက်တဲ့ ဆန္ဒမဟုတ်ဘူး။ အာနက်စတိုနဲ့ မတွေ့မီကဆို မမကြီး စိတ်ကူးယဉ်ကြည့်ခဲ့တယ် ကလေးတစ်ယောက်ရရင် ကောင်းမှာ ပေါ့။ ပြီးတော့ ဘာကြောင့် ကလေးလိုချင်တယ်၊ ကလေးရခြင်းရဲ့ ကောင်းကျိုးဆိုးပြစ်က ဘာတွေရှိတယ် ဆိုတာကို သိတိကျကျ သိနေတယ်။ အဲဒါက ဆင်ခြင်တုံတရားနဲ့ ယှဉ်တဲ့ ရွေးချယ်မှု။ မမကြီး ကလေးတစ်ယောက်လိုချင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အသက်က တဖြည်းဖြည်းကြီးလာပြီ။ ပြီးတော့ အထီးကျန်ဆန်လွန်းနေတယ်။ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ မေမေကြီးဟာ မိန်းမသားတစ်ယောက်။ မိန်းမသားတွေဆိုတာ သူ့ဘိုမှာ ဘာအလုပ်အကိုင်မှ မရှိဘူးဆိုရင် ကလေးတွေတော့ မွေးနိုင်ရမယ်လေ။ မေမေကြီး မော်တော်ကားတစ်စီး ဝယ်ထားခဲ့ရင်လည်း ဒီစံကိုပဲ အတိအကျသုံးမှာပဲ။

ဒါပေမဲ့ အဲဒီညက ကလေးတစ်ယောက်လိုချင်ကြောင်း အာနက်စတို့ကို ပြောခဲ့တာကတော့ စောစောက ပြောခဲ့တဲ့ အကြောင်းတရားတွေနဲ့ မတူဘူး။ ကွဲပြားတယ်၊ ခြားနားတယ်။ ဒီဆုံးဖြတ်ချက်က သာမန်အသိဉာဏ်ကို ဆန့်ကျင်အန်တုလိုက်တဲ့ ဆုံးဖြတ်ချက်။ ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်ဟာ သာမန်အသိဉာဏ်က စုစည်းတင်ပြနိုင်တဲ့ လျှောက်လဲချက်အားလုံးကို ချေဖျက်နိုင်စွမ်းလောက်အောင် ကြံ့ခိုင်တယ်။ ဒါ့ပြင် တကယ်တမ်း တိတိကျကျ စဉ်းစားမယ်ဆိုရင် ဒီလုပ်ရပ်ထဲမှာ ဆုံးဖြတ်ချက်ဆိုတာ ပါဝင်မနေဘူး။ ပါဝင်နေတာက ပြင်းပြင်းထန်ထန်နဲ့ ငမ်းငမ်းတက် ဖြစ်ပေါ်နေတဲ့ ပိုင်ဆိုင်လိုစိတ်ပဲ။ အဲဒီပိုင်ဆိုင်မှုကို ရာသက်ပန် ရယူသွားချင်တယ်လေ။ အာနက်စတိုကို မေမေကြီးရဲ့ ရင်ထဲမှာ မေမေကြီးနဲ့အတူ၊ မေမေကြီးအနားမှာ ထာဝရရှိနေစေချင်တယ်။

ကဲ၊ မေမေကြီး ဘယ်လို ပြုမူကျင့်ကြံခဲ့တယ်ဆိုတာ ဖတ်ရတဲ့အခါ သမီးလေး တဆတ်ဆတ်တုန်အောင် ထိတ်လန့်ကောင်း ထိတ်လန့်သွားလိမ့်မယ်။ မေမေကြီးရဲ့ ပင်ကိုသဘာဝမှာ ဒီလောက်အောက်တန်းကျပြီး စက်ဆုပ်ရွံရှာစရာ ကောင်းတဲ့အပိုင်းကို ဘာဖြစ်လို့ မသိမမြင်ခဲ့ပါလိမ့်လို့ သမီးလေး ကိုယ့်ကိုယ်ကိုယ် မေးကောင်း မေးနေမိလိမ့်မယ်။ ထရီအက်စတီဘူတာရုံရောက်တော့ မေမေကြီး လုပ်နိုင်စွမ်းရှိတာ တစ်ခုပဲ လုပ်ရတော့တာပေါ့။ အဲဒါက သူ့ယောက်ျားကို ကြင်နာမြတ်နိုးတဲ့ ဇနီးတစ်ယောက်လို ပြုမူဆက်ဆံတာလေ။ မေမေကြီးရဲ့ အပြောင်းအလဲကို အော်ဂတ်စတို သတိထားမိတယ်။ ဒါပေမဲ့ သူက ဘာကြောင့်လဲလို့ အဖြေရှာနေမယ့်အစား မေမေကြီးကို လိုလိုလားလား ဆက်ဆံခဲ့တယ်။

အချိန်ကာလ တစ်လအကျော်မှာတော့ ဒီကလေးဟာ သူ့ကလေးရယ်လို့ ကျိုးကြောင်းဆီလျော်စွာ ယုံကြည်သွားတာပေါ့ကွယ်။ တစ်နေ့လယ် သူအိမ်



ပြန်အလာမှာ စမ်းသပ်စစ်ဆေးချက် အဖြေကို မေမေကြီး ပြောပြလိုက်တယ်။ အဲဒီနေ့က သူ အလုပ်ခွင်ကို ပြန်မသွားတော့ဘူး။ မေမေကြီးနဲ့ တစ်နေ့လုံးနေပြီး ရင်သွေးကလေး မွေးမလာခင် အိမ်ကို ပြုပြင်ပြောင်းလဲမှုတွေ ဘယ်လိုလုပ်ရမလဲ ဆိုတာ တိုင်ပင်စီစဉ်နေခဲ့တယ်။ ဖေဖေ့နားနားမှာကပ်ပြီး တိုးတက်မှုသတင်းကို အော်ပြောလိုက်တော့ ခြောက်ခန်းနေတဲ့ သူ့လက်တွေနဲ့ မေမေကြီးရဲ့လက်တွေကို ကိုင်ပြီး ခဏကြာအောင် မတ်တတ်ရပ်နေတယ်။ သူ့မျက်လုံးတွေ စိုစွတ်ပြီး နီရဲလို့။ သူ နားပင်းသွားတာ နှစ်အတော်ကြာပြီ။ နားပင်းမှုက သူ့ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေးမှာ အနှောင့်အယှက် အတားအဆီးကြီး ဖြစ်နေတာပေါ့။ ဘာကြောင့်မှန်းတော့ မသိဘူး။ သူ့မျက်ရည်တွေဟာ ပီတိမျက်ရည်တွေ ဖြစ်ရမယ့်အစား အကြီးအကျယ် မနှစ်မြို့တဲ့အရိပ်အယောင်ကလေးတောင် စွက်နေတယ်။ ဒါပေမဲ့ သူ့ခမျာ သူ့မြေးမလေးကို မြင်တွေ့မသွားရရှာဘူး။ မေမေကြီးရဲ့ ကိုယ်ဝန်ခြောက်လထဲအရောက်မှာ ဖေဖေဟာ အိပ်ပျော်နေရင်းမှာပဲ ငြိမ်းငြိမ်းချမ်းချမ်း ကွယ်လွန်သွားတယ်။ သူ့ရုပ်အလောင်းကို ခေါင်းထဲထည့်ကြတော့မှ ဖေဖေဟာ ဘယ်လောက်အထိ ရင့်မှည့်ပြီး ပါးရေနားရေတွေ တွန့်ပြီး၊ ဘယ်လောက်ခြောက်ခန်းချည့်နဲ့နေခဲ့တယ်ဆိုတာ မေမေကြီး သိမြင်လိုက်ရတယ်။ သူ့မျက်နှာသွင်ပြင်ကတော့ ခါတိုင်းလိုပဲ ခပ်အေးအေး ခပ်ငေးငေးနဲ့လေ။

ထုံးစံအတိုင်းပဲပေါ့ကွယ်၊ ဆေးစစ်ချက်အဖြေကို သိရတာနဲ့ အာနက်စတိုဆီကို စာတစ်စောင် ရေးလိုက်တယ်။ ဆယ်ရက်အတွင်း ပြန်စာရောက်လာတယ်။ နှာရီပေါင်းများစွာကြာအောင် စာကို ဖောက်မဖတ်ဝံ့ဘူး။ အထဲမှာ စိတ်ပျက်စရာအကြောင်းတွေ ရေးထားမှာ ကြောက်လို့။ ညနေပိုင်းကျမှ သတ္တိတွေမွေးပြီး ယမကာဆိုင်တစ်ဆိုင်ရဲ့ ပစ္စည်းအပ်အခန်းထဲကိုဝင်ပြီး တံခါးပိတ်ထားလိုက်တယ်။ စာကို အနှောင့်အယှက်မရှိ ဖတ်လို့ရအောင်လေ။ သူ့စကားလုံးတွေက တည်တည်ငြိမ်ငြိမ်နဲ့ အကျိုးသင့်အကြောင်းသင့်ပဲ။

'ဒါဟာ အသင့်မြတ်ဆုံး လုပ်ရပ်လို့တော့ ကိုယ်ယတိပြတ် မပြောနိုင်ဘူး။ ဒါပေမဲ့ ဒါဟာ မင်းရဲ့ဆုံးဖြတ်ချက်လေ။ မင့်ဆုံးဖြတ်ချက်ကို ကိုယ်တန်ဖိုးထားလေးစားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေအားလုံးကို ဖြေရှင်းပြီးသွားပြီဆိုတော့ မေမေကြီး စိတ်အေးချမ်းသာနဲ့ မိခင်ဘဝကို ခံယူဖို့ ပြင်ဆင်တော့တယ်။ မေမေကြီး အပျိုတ်တိရစ္ဆာန်မကြီးတစ်ကောင်လို ခံစားရသလား။ မေမေကြီးဟာ အပျိုတ်တိရစ္ဆာန်မကြီးဖြစ်ခဲ့သလား။ မပြောတတ်ဘူး။ ကိုယ်ဝန်ဆောင်ကာလအတွင်းမှာကော နောင်နှစ်ပေါင်းများစွာကြာတဲ့အထိပါ မေမေကြီး ကိုယ့်ကိုယ်ကိုယ် သံသယမဖြစ်ဘူး။ မှားလေခြင်းဆိုပြီး နောင်တလည်း မရဘူး။ ကိုယ်တကယ်ချစ်တဲ့လူရဲ့ ကလေးကို ဝမ်းထဲမှာ လွယ်ထားပြီး တခြားယောကျ်ားတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ချစ်ဟန်ဆောင်ခဲ့သလဲ။ အဖြစ်တွေက ဒီလောက်ကြီး ရိုးရိုးရှင်းရှင်း မဟုတ်ဘူးကွဲ့။ အားလုံးအဖြူချည်း မဟုတ်သလို အားလုံးအမည်းကြီးလည်း မဟုတ်ဘူး။ ဖြစ်ရပ်တွေမှာ အဖြူကော၊ အမည်းကော၊ အနုအရင့်မျိုးစုံကော ပါရှိနေတာကလား။ မေမေကြီးအနေနဲ့ အော်ဂတ်စတိုကို ယုယုယယ ကြင်ကြင်နာနာ ဆက်ဆံဖို့ အခက်အခဲ မရှိဘူး။ ဘာဖြစ်လို့ဆိုလဲတော့ သူ့ကို အမှန်တကယ် သဘောကျ ခင်တွယ်ခဲ့တာကိုး။ မေမေကြီး အော်ဂတ်စတိုကို ချစ်တဲ့ အချစ်ဟာ အာနက်စတိုကို ချစ်တဲ့အချစ်နဲ့ မတူဘူး။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်တဲ့အချစ်မျိုး မဟုတ်ဘူး။ ဒါပေမဲ့ ညီမတစ်ယောက်က အစ်ကိုတစ်ယောက်...ဆက်ဆံရတာပျင်းရိငြီးငွေ့စရာကောင်းတဲ့ အစ်ကိုတစ်ယောက်ကို ချစ်နည်းမျိုးနဲ့ ချစ်တာ။

အဲ...သူသာ တစ်နည်းတစ်ဖုံ ယုတ်မာကောက်ကျစ်တဲ့ သူဆိုရင်တော့ အခြေအနေတွေက တစ်မျိုးဖြစ်သွားမှာပေါ့ကွယ်။ အမိုးတစ်မိုးတည်းအောက်မှာ သူနဲ့အတူနေပြီး ဒီကလေးကို မွေးဖို့ မေမေကြီး စိတ်ကူးဝံ့မှာ မဟုတ်ဘူး။ ဒါပေမဲ့ သူက စည်းနဲ့စနစ်နဲ့ နေတတ်တာလောက်ပါပဲ။ သူ့စိတ်ကို ကြိုတင်တွက်ဆလို့ ရတယ်။ ဒါတွင်မက သူဟာ သိပ်ကောင်းပြီး သိပ်ညင်သာသိမ်မွေ့တဲ့လူကွဲ့။ ဒီကလေးနဲ့ ပတ်သက်ပြီး သူပျော်နေတယ်။ မေမေကြီးက ဒီကလေးကို သူ့ဖို့ မွေးပေးရတဲ့အတွက် ပျော်နေတယ်။ ဒီတော့ ဘာရည်ရွယ်ချက်နဲ့ မေမေကြီးရဲ့ မြှုပ်ကွက်ကို ဖော်ပြမလဲ။ အဲဒီလို ပြောပြလိုက်ရင် လူသုံးယောက်ရဲ့ပျော်ရွှင်မှုတွေ ပျက်စီးသွားမယ်။ ယုတ်စွအဆုံး ဒါဟာ အဲဒီတုန်းက မေမေကြီး



တွေးခဲ့တဲ့ အတွေးပေါ့။

လွတ်လပ်မှုနဲ့ ရွေးချယ်မှုကို ကြွေးကြော်နေတဲ့ ဒီဘက်ခေတ်ရဲ့ အမြင်အရတော့ မေမေကြီး ပြုမူခဲ့တာဟာ စက်ဆုပ်ရွံရှာစရာ ကောင်းနေလိမ့်မယ်။ ဒါပေမဲ့ အဲဒီခေတ်တုန်းကတော့ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ။ အိမ်ထောင်ရှင်သင်မယားတိုင်း ဒီလိုဖြစ်ခဲ့တယ်လို့ မေမေကြီး မပြောဘူးနော်။ ဒါပေမဲ့ ကိုယ့်လင်သားနဲ့ မဟုတ်ဘဲ တခြားတစ်ဦးတစ်ယောက်နဲ့ ကိုယ်ဝန်ရှိတယ်ဆိုတာတွေ့ရခဲ ကြုံရခဲ ရှားရှားပါးပါး ဖြစ်ရပ်ကြီး မဟုတ်ဘူးလို့ ပြောတာ။ အဲဒီလို ကိုယ်ဝန်ရှိသွားတော့ ဘာတွေဖြစ်သွားသလဲ။ မေမေကြီး ဖြစ်သလို ဖြစ်တာပါပဲ။ ဘာဆိုဘာမှ ကြီးကြီးကျယ် မဖြစ်ကြပါဘူး။ ရင်သွေးငယ် မွေးဖွားလာတယ်။ တခြားကလေးတွေလိုပဲ မိသားစုထဲမှာ ကြီးပြင်းအရွယ်ရောက်လာတယ်။ သူတို့ကိုယ်သူတို့ စိုးစိမ့ သံသယမဖြစ်ကြဘူး။ တစ်စက်ကလေးမှ စိတ်မဆင်းရဲကြဘူး။

သမီးလေးမေမေရဲ့ ဖြစ်ရပ်မှာလည်း ဒီအတိုင်း ဖြစ်ခဲ့တာပေါ့။ သူ့ကိုမွေးဖွားပြီးတာနဲ့ သူဟာ မေမေကြီးနဲ့ အော်ဂတ်စတိုရဲ့ သမီးဖြစ်သွားပြီ။ မေမေကြီးဘက်က အဓိကအကျဆုံး ခံယူချက်ကတော့ အီလာရီယာဟာ အချစ်ရဲ့ရလဒ် တစ်ခုဖြစ်တယ်။ ဒီရလဒ်ဟာ မတော်တဆ ရလာတဲ့ ရလဒ်မဟုတ်ဘူး။ လူမှုရေး တာဝန်အရ ဒါမှမဟုတ် ငြီးငွေ့တာတွေ ပြေပျောက်သွားအောင် ထွက်ပေါက်ရှာရင်း ရလာတဲ့ ရလဒ်မဟုတ်ဘူး။ မေမေကြီး ထင်ခဲ့တယ်လေ... ဒီခံယူချက်က တခြား ဘယ်ပြဿနာမျိုးကိုမဆို ကျော်လွှားဖြေရှင်းနိုင်လိမ့်မယ်လို့။ မေမေကြီး အမှားကြီး မှားခဲ့တာပေါ့ကွယ်။

ဘာပဲဖြစ်ဖြစ် ပထမပိုင်းနှစ်အနည်းငယ်မှာတော့ ဘဝက ပုံမှန်အတိုင်းပဲ။ ကြီးကြီးကျယ်ကျယ် ပြဿနာတွေ မရှိခဲ့ဘူး။ မေမေကြီးဟာ သမီးအတွက် ရှင်သန်နေတယ်။ နောက်ပြီး မေမေကြီး ထင်တာပေါ့လေ...မေမေကြီးဟာ ချစ်ကြင်နာပြီး ဂရုတစိုက်ရှိတဲ့ မိခင်တစ်ယောက်လို့။ သမီးဘဝရဲ့ ပထမ ရာသီတစ်ပြီး တစ်နှစ်တာရဲ့ အပူဆုံးလတွေကျ အေဒရီယတစ် ကမ်းခြေမှာ သွားနေတဲ့ အကျင့်လုပ်ခဲ့တယ်။ မေမေကြီးတို့ အဲဒီမှာ အိမ်တစ်လုံး ငှားနေတယ်။ အော်

www.burmeseclassic.com

www.burmeseclassic.com



ဂတ်စတိုက သီတင်းပတ် နှစ်ပတ် သုံးပတ်လောက် မမကြီးတို့နဲ့ အတူလာနေလေ့ရှိတယ်။

အာနက်စတိုဟာ သူ့သမီးကို အဲဒီသဲသောင်ပြင်ပေါ်မှာ ပထမဆုံးအကြိမ် စပြီး မြင်ဖူးသွားတယ်။ တစ်ခုတော့ ရှိတာပေါ့၊ သူ့ခမျာ သွင်သွင်စီမ်းတဲ့ သူစိမ်းတစ်ရံဆံ တစ်ဦးလိုတော့ ဟန်ဆောင်ရတော့ပေါ့ကွယ်။ သဲသောင်ပြင်ပေါ်မှာ လမ်းလျှောက်ရင်း မမကြီးတို့ သားအမိနံဘေးကကပ်ပြီး 'လျှောက်မိလျက်သား ဖြစ်နေတာမျိုး။ မမကြီးတို့နဲ့ ခြေလှမ်းလေးငါးလှမ်းအကွာလောက်မှာ ထီးမိုးထားတဲ့ ကုလားထိုင်တစ်လုံးကို ရွေးပြီးထိုင်၊ အဲဒီနေရာကနေပြီး (မမကြီးတို့နဲ့အတူ အော်ဂတ်စတို ရှိမနေတဲ့အခါ) *စာအုပ်ဖတ်သလိုလို* သတင်းစာဖတ်သလိုလိုနဲ့ နာရီပေါင်းများစွာကြာအောင် မမကြီးတို့ သားအမိကို အကဲခတ်လေ့လာကြည့်ရတယ်။ ညဘက်ကျတော့ သူ စာရှည်ကြီးတွေရေးတော့တာပဲ။ သူတွေ့သမျှ မြင်သမျှ၊ မမကြီးတို့နဲ့ ပတ်သက်တဲ့ သူ့ခံစားချက်တွေ၊ သူ့ခေါင်းထဲမှာ ရှိသမျှ အတွေးတွေကို စာထဲမှာ သီကုံးခြယ်မှုန်းတယ်။

အဲဒီအချိန်မှာပဲ သူ့မိန်းမက ကလေးတစ်ယောက် ထပ်မွေးတယ်။ သူတို့ရဲ့ ဒုတိယကလေးပေါ့။ သူကတော့ ရေပူစမ်းမှာ ရာသီအလိုက် သွားလုပ်ရတဲ့ အလုပ်ကို စွန့်လွှတ်လိုက်ပြီး သူ့ဇာတိမြို့ဖြစ်တဲ့ ဖာရာရာမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားတယ်။

အီလာရိယာ သုံးနှစ်သမီးရောက်တဲ့အထိ သဲသောင်ပြင်မှာ ခရီးသွားဟန်လွှဲတွေ့ပုံမျိုး တွေ့တာကလွဲပြီး မမကြီးတို့ နှစ်ယောက် မတွေ့မဆုံဖြစ်ကြဘူး။ မမကြီးရဲ့ စိတ်က သမီးအပေါ်မှာပဲ နှစ်မြှုပ်နေတယ်။ အိပ်ရာကနိုးလာတိုင်း ငါ့သမီးလေး ရှိနေပါလား ဆိုတဲ့ အတွေးနဲ့ ကြည်နူးနေတယ်။ ပီတိဝေနေတယ်။ တခြား ကိစ္စဝိစ္စတွေပေါ် မှာ အာရုံစိုက်ချင်တဲ့တိုင်အောင် သမီးကိစ္စကလွဲရင် ဘာဆိုဘာမှ အာရုံစိုက်လို့ မရဘူး။

မမကြီး ရေပူစမ်းကို ဒုတိယအခေါက်သွားပြီး ပြန်ခါနီးမှာ အာနက်*စတိုနဲ့ မမကြီးတို့ ကတိသစ္စာတစ်ခုကိုခဲ့ကြတယ်။*

'ညတိုင်း ညတိုင်း ဆယ့်တစ်နာရီတိတိကျရင် ကိုယ်ဘယ်မှာရောက်



ပြီး ပတ်ဝန်းကျင်အခြေအနေ ဘယ်လိုပဲရှိနေပါစေ အပြင်ဘက်ထွက်ပြီး စိုင်းရိယတ်စ်ကြယ်ကို ရှာကြည့်မယ်။ မင်းကလည်း အဲဒီအတိုင်းပဲ လုပ်မယ်ဆိုရင် ကိုယ်တို့နှစ်ယောက် တစ်မြို့တစ်ရွာစီ ဝေးနေပေမဲ့လည်း၊ ကိုယ်တို့နှစ်ဦး ကာလတွေအကြာကြီး မတွေ့ရဘဲ တစ်ယောက် ဘာလုပ်နေလဲဆိုတာ တစ်ယောက်က မသိရပေမဲ့လည်း ကိုယ်တို့နှစ်ယောက်ရဲ့ အတွေးတွေဟာ အဲဒီအပေါ်မှာ ဆုံကြလိမ့်မယ်။ ဒီတော့ ကိုယ်တို့နှစ်ယောက် နီးနီးကပ်ကပ် ရှိနေလိမ့်မယ်'

မမကြီးတို့နှစ်ယောက် တည်းခိုဆောင်ရဲ့ လေသာဆောင်ပေါ်ထွက်ကြတယ်။ အဲဒီအပေါ်ကနေပြီး ကြယ်တွေ အများကြီးထဲက စိုင်းရိယတ်စ်ကြယ်ရှိတဲ့နေရာကို သူ့လက်ညှိုးနဲ့ လမ်းကြောင်းရှာပြတယ်။

□

www.burmeseclassic.com

www.burmeseclassic.com

## ဒီဇင်ဘာ ၁၂

မနေ့ညက ရုတ်တရက်ပေါ်ထွက်လာတဲ့ အသံတစ်ခုကြောင့် မေမေကြီး အိပ်ရာက လန့်နိုးလာတယ်။ ဒါဟာ တယ်လီဖုန်းမြည်သံပါလားဆိုတာကို ခဏနေမှ သဘောပေါက်မိတယ်။ မေမေကြီး အိပ်ရာထဲက ထွက်မိချိန်မှာ ခေါ်သံမြည်နေတာ တော်တော်ကြာသွားပြီ။ တယ်လီဖုန်းနား မေမေကြီးရောက်တော့ ခေါ်သံရပ်သွားတယ်ကွဲ့။ ဘာပဲဖြစ်ဖြစ် စကားပြောခွက် ကောက်ကိုင်ပြီး အိပ်ချင်မူးတူး အသံနဲ့ 'ဟဲလို'လို့ နှစ်ကြိမ် သုံးကြိမ်ထူးလိုက်တယ်။ အဲဒီနောက်မှာ အိပ်ရာဆီကို ပြန်သွားမယ့်အစား တယ်လီဖုန်းနဲ့ နီးတဲ့ ကုလားထိုင်တစ်လုံးမှာ ထိုင်နေလိုက်တယ်။

တယ်လီဖုန်းဆက်တာ သမီးလေးလား။ ဘယ်သူဖြစ်နိုင်မလဲ။

ညဉ့်လယ်ခေါင်ကြီးမှာ မြည်လာတဲ့ အသံက မေမေကြီးကို တုန်လှုပ်သွားစေတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်တုန်းက မေမေကြီးရဲ့ မိတ်ဆွေတစ်ယောက် ပြောပြတဲ့ ဇာတ်လမ်းကို ပြန်ပြီး သတိရနေမိတယ်။ သူ့ယောကျ်ား ဆေးရုံတက်နေရတာ တော်တော်ကြာပြီ။ ညသည်အဝင်အထွက် စည်းကမ်းတင်းကျပ်လွန်းတာကြောင့် သူ့ယောကျ်ားဆုံးတဲ့ညက သူဟာ သူ့ယောကျ်ားနံဘေးမှာ ရှိမနေဘူး။ အဲဒီညကတော့ သူဟာ စိတ်တွေလေးလွန်းတာကြောင့် မအိပ်နိုင်ဘဲ မှောင်ထဲမှာပဲ လဲလျောင်းပြီးနေသတဲ့။ နောက်တော့ ရုတ်တရက်ကြီး တယ်လီဖုန်းခေါ်သံ မြည်လာသတဲ့။ ထုံးစံအတိုင်း သူလည်း အံ့သြတာပေါ့။ ဒီအချိန်မျိုး



ကြီးမှာ ဘယ်သူကမှ လူနာသတင်းမေးစကားမျိုး ပြောမှာ မဟုတ်ဘူးပေါ့လေ။ စကားပြောခွက်ဆီကို လက်လှမ်းလိုက်တဲ့အခါ ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုကို သူ တွေ့လိုက်ရသတဲ့။ တယ်လီဖုန်းရဲ့ ပတ်ပတ်လည်မှာ ဖြိုးဖြိုးဖြက်ဖြက် ဝင်းလက်တဲ့ အလင်းရောင်တွေ ဝိုင်းနေတယ်ဆိုပဲ။

စကားပြောခွက်ကို မလိုက်တဲ့အခါကျ သူ့ရဲ့ အံ့အားသင့်မှုဟာ ထိတ်လန့်မှု အဖြစ်ကို ပြောင်းသွားတော့တယ်။ သူ အသံတစ်သံကို ကြားရတယ်။ ဟိုးအဝေးကြီးက လာတဲ့အသံမျိုး။ ခက်ခက်ခဲခဲနဲ့ ပြောနေရတဲ့ လေသံမျိုး။ တရှဲရှဲ တဂွီဂွီထွက်နေတဲ့ အသံတွေကြားထဲကနေပြီး အဲဒီအသံက ပြောသတဲ့။

'မာတာ...ကိုယ်မသွားရခင် မင်းကို နှုတ်ဆက်စကားပြောခဲ့ချင်...'

ဒါ သူ့ယောကျ်ားရဲ့အသံ။ အဲဒီနောက် ချက်ချင်းပဲ ကျယ်လောင်တဲ့ လေတိုက်သံလို အသံကြီးတစ်သံ ကြားလိုက်ရသတဲ့။ အဲဒီအသံဟာ တစ်စက္ကန့်လောက်ပဲကြာတယ်။ ပြီးတော့ တယ်လီဖုန်းလိုင်း ပြတ်သွားတယ်။ ပြီးတော့ ဘာသံမှ မကြားရတော့ဘူးတဲ့။

အဲဒီအချိန်တုန်းကတော့ သူငယ်ချင်းရဲ့ ဆန်းဆန်းပြားပြား စိတ်ကူးယဉ် အတွေးစဉ်ကို မေမေကြီး ခွင့်လွှတ်ခဲ့ပါတယ်။ သူ့ခမျာ အကြီးအကျယ် စိတ်သောကရောက်နေသူ မဟုတ်လား။ ဒါပေမဲ့ သိပ်တော့ အယုံအကြည်မရှိခဲ့ဘူး။ သေလွန်သူတစ်ယောက်က သက်ရှိထင်ရှား ရှိနေသူတစ်ယောက်ကို ခေတ်မီဆက်သွယ်ရေး ကိရိယာတစ်ခုနဲ့ ဆက်သွယ်တယ်ဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ထင်တယ်လေ။ ဒါပေမဲ့ ဒီဇာတ်လမ်းက မေမေကြီး စိတ်ထဲမှာ စွဲထင်ချင် စွဲထင်နေမှာပေါ့။ ကိုယ့်မသိစိတ်ရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာ ကွယ်လွန်သူတစ်ဦးဦးက အနေးနဲ့အမြန် တယ်လီဖုန်းဆက်ပါစေဆိုတဲ့ ဆန္ဒကလေးတစ်ခု ဖြစ်ပေါ်ချင် ဖြစ်ပေါ်နေမှာပေါ့။

မေမေကြီးရဲ့သမီး၊ မေမေကြီးရဲ့ယောကျ်ား၊ ကမ္ဘာပေါ်မှာ မေမေကြီး အချစ်ရဆုံး ယောကျ်ားတစ်ယောက်...သူတို့အားလုံးကို မေမေကြီး ခွဲခွာပြီး သင်္ဂြိုဟ်ခဲ့ရပြီ။ သူတို့ သေသွားပြီ။ သူတို့ မရှိတော့ဘူး။ ဒီကြားထဲကပဲ မေမေကြီးဟာ သဲဘော်ပျက်ရာက အသက်ရှင်ကျန်ခဲ့သူ တစ်ဦးလို ခံစားနေ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ဒီရေက မမကြီးကို ကျွန်းတစ်ကျွန်းပေါ်ရောက်အောင် ဆွဲတင်ပေးသွားတယ်။ သင်္ဘောမှောက်စဉ်က မမကြီးနဲ့အတူ ရေထဲရောက်လာတဲ့ အပေါင်းအသင်းတွေ ဘယ်ဘဝရောက်နေပြီလဲဆိုတာ မမကြီး မသိရဘူး။ သူတို့ ရေနစ်ကောင်း နစ်သွားကြမယ်။ ရေနစ်သွားဖို့ များပါတယ်။ ဒါပေမဲ့ ရေနစ်ချင်မှလည်း နစ်မယ်လေ။ လတွေကုန်ပြီး နှစ်တွေပါ ကူးလာတဲ့တိုင်အောင် မမကြီး နီးနား ဝန်းကျင်က ကျွန်းကလေးတွေကို လှမ်းမျှော်ကြည့်နေမိတယ်။ မီးခိုးတန်းကလေးများ တက်လာလေမလား၊ အချက်ပြတာလေးများ တွေ့လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ သူတို့အသက်ရှင်လျက် ရှိနေသေးတယ်၊ ကိုယ်နဲ့ ကမ္ဘာတစ်ခုတည်းမှာပဲ ရှိနေသေးတယ်ဆိုတဲ့ မျှော်လင့်ချက်ကို အတည်ပြုဖို့ သဲလွန်စကို လိုက်ရှာတာပေါ့ကွယ်။

အာနက်စတိုသေတဲ့ညကတော့ မမကြီးဟာ ကျယ်လောင်တဲ့ အသံကြီးတစ်သံကြောင့် လန့်နိုးခဲ့ရတယ်။ အော်ဂတ်စတိုက မီးလုံးတွေဖွင့်ပြီး 'ဘယ်သူလဲ'လို့ လှမ်းမေးတယ်။ ဒါပေမဲ့ အခန်းထဲမှာ ဘယ်သူမှ မရှိဘူး။ ပစ္စည်းပစ္စယတွေလည်း သူ့နေရာနဲ့သူ နေသားတကျပဲ။ နောက်နေ့မနက် မမကြီးရဲ့ အဝတ်ဗီရိုကို ဖွင့်ကြည့်လိုက်တော့မှ အဆင့်ပေါ်က ပစ္စည်းတွေ ဖရိုဖရဲ ဖြစ်နေတာတွေ့ရတယ်။ မမကြီးခြေစွပ်တွေ၊ ဖိနပ်တွေ၊ လည်စည်းပဝါတွေ၊ အတွင်းခံဘောင်းဘီတွေက အောက်ဆုံးဆင့်မှာ အပုံလိုက် ဖြစ်နေတာ တွေ့ရတယ်။

'အာနက်စတိုသေတဲ့ညက'လို့ ခုမှ ပြောနိုင်တာလေ။ အဲဒီတုန်းကတော့ ဘယ်သိမလဲ။ အဲဒီတုန်းက သူ့ဆီက စာတစ်စောင်ရပြီးတာ ဘာမှမကြာသေးဘူး။ ဒီတော့ စာထဲက အကြောင်းအရာအပြင် နောက်ထပ်ကွန့်ပြီး ဘာမှ စဉ်းစားလို့ မရဘူးပေါ့။ မမကြီးထင်လိုက်တာကတော့ ဗီရိုအဆင့်တွေ ဆွေးပြီး အလေးဒဏ်ကို မခံနိုင်ဘဲ ကျိုးကျတာပဲဖြစ်ရမယ်ပေါ့။ အဲဒီတုန်းက အီလာရီယာက လေးနှစ်သမီး။ သူငယ်တန်းတက်နေပြီ။ သမီး၊ အော်ဂတ်စတိုနဲ့ မမကြီးတို့ဘဝက ပုံမှန်လည်ပတ်နေပြီ။ အဲဒီနေ့ မွန်းလွဲပိုင်း လက်တင်ဘာသာ လေ့လာရေးအဖွဲ့ အစည်းအဝေးအပြီးမှာ မမကြီး ယမကာဆိုင်တစ်ဆိုင်ကို သွားတယ်။ အာနက်စတိုဆီ စာရေးတယ်။ နောက်နှစ်လဆိုရင်



မန်တူအာမှာ အစည်းအဝေးလုပ်မယ်။ အဲဒီအစည်းအဝေးကို မမကြီးတို့ နှစ်ယောက် စောင့်နေတာကြာခဲ့ပြီလေ။ အိမ်အပြန်လမ်းမှာ စာဝင်ထည့်ခဲ့တယ်။

နောက်တစ်ပတ်ကျတော့ သူ့ဆီက ပြန်စာကို မျှော်တာပေါ့။ အဲဒီသတင်းပတ်အတွင်းကော နောက်သီတင်းပတ်တွေမှာပါ စာတစ်စောင်မှ ရောက်မလာဘူး။ အရင်က တစ်ခါမှ အဲဒီလောက် ကြာကြာမစောင့်ခဲ့ရဘူးကွဲ့။ ဒီတော့ အမျိုးမျိုး တွက်ရတော့တာပေါ့။ စာတိုက်မှာပဲ စာပျောက်သွားသလား။ နောက်ဘစ်ဆင့်ကတော့ သူနေမကောင်းလို့ ဆေးခန်းကို မသွားနိုင်လို့ စာမရလို့လား။

တစ်လကြာလာတော့ စာတိုကလေး တစ်စောင် ရေးပြီးပို့လိုက်ပြန်တယ်။ ဒါလည်း စာပြန်မလာဘူး။ နေ့တွေ ရက်တွေကြာလာတော့ အောက်ခြေအုတ်မြစ်ထဲ ရေစိမ့်အဝင်ခံရတဲ့ အိမ်ကြီးတစ်အိမ်လို မမကြီး ဖြစ်လာတော့တယ်။ အစပထမပိုင်းမှာ ရေက နည်းနည်းလေးစိမ့်ဝင်တာ။ သိတောင် မသိသာဘူး။ ကွန်ကရစ်အုတ်မြစ်တွေကြားက စိမ့်ဝင်နေတာ။ နောက်တော့ အပေါက်ကျယ်လာတယ်။ စီးဝင်တဲ့ ရေများလာတယ်၊ အားကောင်းလာတယ်၊ ပြင်းထန်လာတယ်။ နောက်ဆုံး ကွန်ကရစ်က သဲတွေဖြစ်လာတဲ့အထိ။ အပြင်ကကြည့်ရင် အိမ်ကြီးက မားမားမတ်မတ် တောင့်တောင့်တင်းတင်းကြီးပဲ။ ဒါပေမဲ့ မမကြီး သိနေတယ်၊ မဆိုစလောက်ကလေး တွန်းလိုက်တာနဲ့ ဒီအိမ်ကြီးဟာ ကတ်ပြားတွေနဲ့ ဆောက်ထားတဲ့ အိမ်ကြီးလို မြေပြင်ပေါ် ဗုန်းဗုန်းလဲ ပြိုကျသွားတော့မယ်ဆိုတာ။

အစည်းအဝေးတက်ဖို့ ထွက်သွားချိန်မှာ မမကြီးဟာ ဟိုတုန်းက မမကြီးရဲ့ အရိပ်တစ်ခုဖြစ်နေတယ်။ မန်တူအာမှာ တတ်နိုင်သလောက် အမြန်ဆုံး တာဝန်ကျေအောင် ဆောင်ရွက်ပြီး ဖာ်ရာရာကို တောက်လျှောက်သွားတော့တာပဲ။ ဘာတွေဖြစ်နေသလဲဆိုတာ စုံစမ်းဖို့လေ။ ဆေးခန်းကို တံခါးခေါက်ကြည့်တယ်။ ဘယ်သူမှမဖြေ။ လမ်းပေါ်ကကြည့်တော့လည်း တံခါးတွေက အခိုင်အမာ ပိတ်ထားပုံမျိုး။

ဒုတိယနေ့ကျတော့ မမကြီး ပြည်သူ့စာကြည့်တိုက်ကို သွားတယ်။ လွန်ခဲ့တဲ့ နှစ်လ သုံးလကထွက်ခဲ့တဲ့ သတင်းစာတွေရှာပြီး ဖတ်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ လိုရင်တိုရှင်းရေးထားတဲ့ စာပိုဒ်တစ်ပိုဒ်က မမကြီး သိချင်သမျှကို အကုန်အစင် ဖော်ပြထားတယ်လေ။ တစ်ည၊ လူနာတစ်ယောက်ကို သွားကြည့်ပြီး ပြန်လာတဲ့ အာနက်စတိုဟာ သူ့မော်တော်ကားကို မထိန်းနိုင်ဖြစ်ပြီး ဧရာမသစ်ပင်ကြီး တစ်ပင်ကို ဝင်တိုက်မိတယ်။ သူ ပွဲချင်းပြီးလို့ ဆိုရမလောက် ချက်ချင်း သေဆုံးသွားတယ်။ အဲဒီနေ့နဲ့ အခင်းဖြစ်တဲ့ အချိန်ဟာ မမကြီးရဲ့ အဝတ်ဗီရိုကျိုးကျချိန်နဲ့ တစ်ထပ်တည်း တူနေတယ်လေ။

ဆီညော်ရာရာဖွံ့မန်ယူယူလာတဲ့ မဂ္ဂဇင်းတွေထဲက ဗေဒင်ကဏ္ဍမှာ ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးလိုက်တယ်ကွဲ့။ ဆောင်းပါးအလိုအရ၊ ဇာတာခွင်အရ အင်္ဂါဂြိုဟ်ဟာ ရှစ်တန်လို့ခေါ်တဲ့ မရဏအိမ်မှာ တည်နေတုန်း မွေးဖွားလာတဲ့ ဇာတာရှင်တွေဟာ အသေဆိုးနဲ့ သေဆုံးတတ်ကြတယ်တဲ့။ ဒီဂြိုဟ်ခွင်အောက်မှာ မွေးလာတဲ့လူ ဘယ်သူမဆို အိပ်ရာထဲလဲပြီး ငြိမ်းငြိမ်းချမ်းချမ်း မသေကြရဘူးတဲ့ကွယ်။ ဒီတော့ မမကြီး အတွေးကြွယ်မိတယ်၊ အာနက်စတိုနဲ့ အိလာရီယာဟာ ကြောက်စရာကောင်းတဲ့ ဒီဂြိုဟ်ခွင်ထဲမှာများ မွေးလာကြသလားလို့။ ကြည့်လေ၊ သူတို့နှစ်ယောက် သေတာ အနှစ်နှစ်ဆယ်ခြားပေမဲ့ သေပုံသေနည်းချင်းက ထပ်တူထပ်မျှပဲ။ မော်တော်ကားမောင်းသွားရင်း သစ်ပင်ကို ဝင်တိုက်မိပြီး သေကြတာလေ။

အာနက်စတို သေဆုံးသွားတာက မမကြီးကို အကြီးအကျယ် စိတ်ဓာတ်ကျစေတာ အမှန်ပဲပေါ့ကွယ်။ အဲဒီတော့မှပဲ ချက်ချင်းလို သဘောပေါက်သွားတယ်၊ ကုန်လွန်ခဲ့တဲ့နှစ်တွေအတွင်း မမကြီးရဲ့ တောက်ပမှုဟာ မမကြီးကိုယ်တွင်းက ထွက်တဲ့ အလင်းရောင်ကြောင့် မဟုတ်ဘဲ ရောင်ပြန်ဟပ်နေတာပါကလားဆိုတာကိုလေ။ မမကြီး ရင်ထဲမှာ ဖြစ်ထွန်းနေတဲ့ ပျော်ရွှင်မှုနဲ့ ဘဝကို ချစ်မြတ်နိုးမှုဆိုတာတွေဟာ မမကြီးရဲ့ ကိုယ်ပိုင်ခံစားချက်တွေမှ မဟုတ်ဘဲ။ မမကြီးက မှန်တစ်ချပ်လို ရောင်ပြန်ဟပ်ရုံသက်သက် ဟပ်ခဲ့တာကလား။ အလင်းရောင်ထုတ်လွှင့်ပေးတာက အာနက်စတို၊ ရောင်ပြန်ဟပ်ပေးတာက မမကြီး။ သူ မရှိတော့ဘူးလည်းဆိုရော အားလုံးမှောင်အတိပြန်ဖြစ်သွားပြန်ရော။





အိလာရီယာကို တွေ့မြင်နေရတာက မမကြီးကို ပျော်ရွှင်မှုမပေးနိုင်တော့ဘူး။ စိတ်အနှောင့်အယှက်သာ ပေးနေတော့တယ်။ မမကြီး ဘယ်လောက်အထိ စိတ်ကသိကအောက်ဖြစ်ရသလဲဆို အိလာရီယာက အာနက်စတိုရဲ့ သမီးအစစ်မှ ဟုတ်ရဲ့လားလို့တောင် တွေးမိတဲ့အထိပဲ။ ပြောင်းလဲသွားတဲ့ မမကြီးရဲ့ သဘောထားက အိလာရီယာကိုလည်း အလွတ်မပေးခဲ့ဘူး။ မမကြီးရဲ့ ပစ်ပယ်မှုကို အာရုံသိမှု ထက်မြက်လှတဲ့ အိလာရီယာက သတိထားမိလာတယ်။ ဒီတော့ သူက နွဲ့ဆိုးဆိုးလာတယ်၊ ပူဆာတတ်လာတယ်။ ခုတော့ သူက နုပျိုတဲ့ အားကောင်းမောင်းသန် နွယ်ပင်တစ်ပင်ဖြစ်လာပြီး မမကြီးက ဒီနွယ်ပင်ကြောင့် ချည်နှောင်ခံရမယ့် ပင်အိုကြီးဘဝကို ရောက်နေပြီလေ။ မမကြီးရဲ့ လိပ်ပြာမသန့်စိတ်တွေကို သူက အမဲလိုက်ခွေးတစ်ကောင်လို အနံ့ခံတယ်၊ သိအောင်လုပ်တယ်။ ပြီးတော့ အဲဒါတွေကို သူ့နွယ်နှာမောင်းရဲ့ အစာတွေအဖြစ် အသုံးချတော့တယ်။ မမကြီးတို့ရဲ့အိမ်ဟာ ရန်ပွဲတွေ၊ အပြိုင်အဆိုင် အော်သံဟစ်သံတွေနဲ့ ငရဲဘုံကလေးတစ်ခု ဖြစ်လာတော့တယ် သမီးလေးရေ၊

ဒီဝန်ထုပ်ကြီးရဲ့ ဒဏ်က သက်သာရာ ရပါစေတော့ဆိုပြီး အော်ဂတ်စတိုက သမီးကို ကြည့်ရှုစောင့်ရှောက်ဖို့ မိန်းမတစ်ယောက် ငှားပေးတယ်။ သူ့ရဲ့ ပိုးကောင်တွေကိုများ စိတ်ဝင်စားမလားဆိုပြီး သူ့သမီးကို စည်းရုံးကြည့်သေးတယ်ကွဲ့။ ဒါပေမဲ့ သူ လက်မြှောက်လိုက်ရပါတယ်။ တကယ်တော့ အော်ဂတ်စတိုဟာ ဇရာရဲ့ နှိပ်စက်မှုကို ခံနေရပြီ။ သူ့အသက်အရွယ်က သမီးရဲ့ အဖေဖြစ်ဖို့ထက် ဘိုးအေဖြစ်နေရမယ့် အသက်အရွယ်လေ။ သူက ကြင်နာစိတ်ရှိတယ်၊ ဒါပေမဲ့ ဘာသိဘာသာနေတတ်တယ်။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကြည့်တိုင်း ငါလည်း အိုမင်းရင့်ရော်လာပါပြီကောလို့ သတိဝင်မိတယ်။ မမကြီးရဲ့ ရုပ်ဆင်းသွင်ပြင်မှာ အရင်တုန်းက မတွေ့မမြင်ခဲ့ရတဲ့ ကြမ်းထော်မှုတွေကို ခု မြင်တွေ့လာရပြီ။ ကိုယ့်ရုပ်သွင်ကိုယ် လျစ်လျူရှုထားတာဟာ ကိုယ့်ကိုယ်ကိုယ် အောနှလုံးနာနေတာကို ပြသတဲ့နည်း တစ်နည်းပေါ့။ ခုချိန်မှာ အိလာရီယာက ကျောင်းတက်နေပြီး သူ့တာဝန်တွေကို အဖော်အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



ယူသွားပြီဆိုတော့ မေမေကြီးမှာ အချိန်ပိုတွေ အများကြီးရလာတယ်။ ကိုယ့်ရဲ့ စိတ်ဆင်းရဲမှုက ကိုယ့်ကို ဂနာမငြိမ်နိုင်လောက်အောင် ဒုက္ခပေးနေတော့ မေမေကြီးဟာ စိတ်ညှို့အိပ်မွေ့ချခံထားရသူ တစ်ဦးလို ကားတစ်စီးနဲ့ ကာဆိုမှာ ခေါက်တုံ့ခေါက်ပြန် မောင်းနေမိတယ်။

အယ်လ်အကီလာမှာတုန်းက စပြီးလေ့လာခဲ့တဲ့ ဘာသာရေးစာအုပ်တွေကို ပြန်ဖတ်တယ်။ အဲဒီစာမျက်နှာတွေပေါ်မှာ မေမေကြီး ကြုံတွေ့နေရတဲ့ အဖြေတွေကို အသည်းအသန်ရှာကြည့်တယ်။ အိမ်ထဲမှာ လူးလာတုံ့ခေါက် လျှောက်ရင်း စိန့်ဩဂုပ်စတင်ရဲ့ မိခင်ကွယ်လွန်တဲ့အခါ စိန့်ဩဂုပ်စတင်ပြောခဲ့တဲ့ စကားလုံးတွေကို ပြန်ပြီး ရွတ်ဆိုနေခဲ့တယ်။

'သူ့ကို ဆုံးရှုံးလိုက်ရတဲ့အတွက် တို့များ ဝမ်းနည်းပူဆွေးမနေကြပါစို့နဲ့။ အဲဒီအစား သူ့ကို သိခွင့်ရခဲ့တာကိုပဲ ကျေးဇူးတင်ဝမ်းမြောက်နေကြပါစို့'

အမျိုးသမီး မိတ်ဆွေတစ်ယောက်က မေမေကြီးကို သူ့ရဲ့ အာပတ်ဖြေ ဆရာတော်တစ်ပါးနဲ့ ဆက်သွယ်ပေးခဲ့တယ်။ ဒါပေမဲ့ ဒီဆရာတော်နဲ့ တွေ့ရတဲ့ နှစ်ကြိမ် သုံးကြိမ်စလုံး စိတ်ပျက်လက်ပျက်ဖြစ်ပြီး ပြန်ခဲ့ရတယ်။ သူ့စကားလုံးတွေက စိတ်ညစ်စရာကောင်းလောက်အောင် သကာဖုံးလွန်းတယ်။ ယုံကြည် သက်ဝင်မှုကို အမွှမ်းတင် စကားတန်ဆာဆင်နေလိုက်တာများ လမ်းထိပ်ဆိုင်မှာ ဝယ်လို့ရတဲ့ စားစရာတစ်ခုအကြောင်း ပြောတာကျနေတာပဲ။ ဒီတော့ ကွယ်...အာနက်စတို ဘာကြောင့် သေဆုံးရသလဲဆိုတဲ့ အကြောင်းရင်းကို မေမေကြီးရှာလို့ မရဘူး။ မေမေကြီးရဲ့ ခေါင်းထဲမှာ လွှမ်းနေတဲ့ အမှောင်တိုက်ကြောင့် အဖြေရှာရတာ ပိုပြီး ခက်ခဲနေတယ်။

သမီးလေး သိတယ် မဟုတ်လား၊ မေမေကြီးတို့နှစ်ယောက် တွေ့ကြတဲ့အခါ...မေမေကြီးတို့နှစ်ယောက် ချစ်သွားကြတဲ့အခါ အစစအရာရာ ပြေလည်သွားပြီလို့ မေမေကြီး ချက်ချင်းခံစားရတယ်။ အသက်ရှင်နေထိုင်ရတဲ့အတွက် ဝမ်းသာကြည်နူးခဲ့တယ်။ ကိုယ့်ဝန်းကျင်မှာ တည်ရှိနေသမျှ အရာအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခဲ့တယ်။ ငါ့ဘဝမှာ ငါအတွက်အထိပ်ကို ရောက်ခဲ့ပြီး ခိုင်မာမြဲမြံတဲ့ ဒီအခြေအနေကို ဘယ်အရာကမှ ဘယ်သူကမှ ပြောင်းလဲ





အောင် လုပ်လို့မရဘူးလို့ မေမေကြီးထင်ခဲ့တယ်။ ဒီလိုကိစ္စတွေကို ပတ်ပတ်နဝ်နပ် နားလည်တတ်ကျွမ်းပါတယ်ဆိုတဲ့ လူတွေရဲ့ မိုးတစ်လုံး လေတစ်လုံး အားပေးအားမြှောက် စကားတွေကို မေမေကြီး နာခံခဲ့ရတယ်။ နောက်ဆုံးမှာ ဒီအဆင့်ကို ငါ့ရဲ့ ကိုယ်ပိုင်အားထုတ်မှုကြောင့် ရောက်လာရတာပဲလို့ မေမေကြီး နှစ်ပေါင်းများစွာ ယုံမှတ်ခဲ့တယ်။ တကယ်တော့ မေမေကြီးဟာ တခြားသူရဲ့ ကူညီပံ့ပိုးမှုမပါဘဲ ခြေတစ်လှမ်းတောင် လှမ်းခဲ့သူ မဟုတ်ဘူး။ အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့ပေမဲ့လည်း အမှန်တော့ မေမေကြီးဟာ မြင်းတစ်စီးပေါ်မှာ အလိုက်သင့်ကလေး စီးလိုက်ခဲ့တာ။ လမ်းတစ်လျှောက် ရှေ့ဆက်တိုးသွားတာက အဲဒီမြင်း။ မေမေကြီး မဟုတ်ဘူး။ ဟော...မြင်းလည်းပျောက်ခြင်းလေ့ ပျောက်သွားရော မေမေကြီးလည်း ငါ့မှာခြေထောက်တွေ ရှိနေပါကလားလို့ သတိပြုမိလာရော။ တစ်ဆက်တည်းပဲ ဒီခြေထောက်တွေရဲ့ ချည့်နဲ့မှုကိုပါ သိလာတယ်။ မေမေကြီး လမ်းလျှောက်ချင်ပါရဲ့၊ ဒါပေမဲ့ ခြေချင်းဝတ်တွေက ခိုင်ဘူး။ မေမေကြီးရဲ့ ခြေလှမ်းတွေဟာ ခနော်ခနဲ့နဲ့ ကလေးပေါက်စတစ်ဦးရဲ့ ခြေလှမ်း ဒါမှမဟုတ် သက်ကြားအိုတစ်ဦးရဲ့ ခြေလှမ်းမျိုး ဖြစ်နေတယ်။

ခဏတစ်ဖြုတ်အားဖြင့်တော့ လက်လှမ်းမီရာ ဒေါက်တိုင်တစ်တိုင်တိုင်ကို ဖမ်းတွယ်ထားဖို့ စဉ်းစားမိသေးတယ်။ ပမာအားဖြင့် ဘာသာရေး ဒါမှမဟုတ် အလုပ်တစ်ခုခုပေါ့။ သိပ်မကြာခင်မှာပဲ အဲဒီစိတ်ကူးကို စွန့်ပစ်လိုက်တယ်။ ဒီလိုလုပ်ရင် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ဦးမယ်ဆိုတာ သိနေတယ်လေ။ အသက်က လေးဆယ်ရောက်နေပြီ။ ဒီအသက်အရွယ်မျိုးမှာ အမှားအယွင်းတွေ လုပ်နေလို့ မဖြစ်တော့ဘူး။ လူတစ်ဦးဟာ သူ့ကိုယ်သူ ကိုယ်လုံးတီး ဖြစ်နေပါကလားဆိုတာ သိရရင် အဲဒီအရှိတရားကို လက်ခံရဲလောက်အောင် သတ္တိရှိရမယ်လေ။ မေမေကြီးအနေနဲ့ တစ်ကနေ ပြန်စရတော့မယ်။ ဟုတ်တာပေါ့၊ ဒါပေမဲ့ ဘယ်ကနေ စမလဲ။ ကိုယ့်ကိုယ်ကပဲ စရမှာပေါ့။ အင်း၊ ပြောရတာ လွယ်ပါတယ်။ ဒါပေမဲ့ လက်တွေ့အကောင်အထည်ဖော်ဖို့ ဘယ်လောက်ခက်သလဲ။ ငါ ဘယ်မှာ ရောက်နေသလဲ။ ငါကကော ဘယ်သူလဲ။ နောက်ဆုံးအကြိမ် ငါ ရယ်လို့ အစစ်အမှန်ဖြစ်ခဲ့တုန်းက ငါ ဘာဖြစ်ခဲ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com



မမကြီးပြောခဲ့တဲ့အတိုင်း မြို့ကလေးကို စီးမိုးကြည့်လို့ရတဲ့ တောင်ကုန်းတွေပေါ်မှာ မမကြီး နာရီပေါင်းများစွာ လျှောက်သွားနေခဲ့တယ်။ အထီးကျန်ဘဝနဲ့ နေရတာ ပိုပြီး စိတ်မချမ်းမသာ ဖြစ်ရပါတယ်လေလို့ တွေးမိတဲ့အခါမျိုးကျ မြို့ထဲကို ပြန်သွားတယ်။ လမ်းမကြီးတွေပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်တယ်။ လူတွေထဲမှာ ရောနှောသွားလာရင်း စိတ်ပြေရာကို ရှာတယ်။ တကယ်တော့ အလုပ်တစ်ခု လုပ်နေသလိုပါပဲ။ အော်ဂတ်စတိုအိမ်ကထွက်တာနဲ့ မမကြီးလည်း အိမ်ကထွက်တယ်။ သူအိမ်ပြန်လာမှ မမကြီးလည်း အိမ်ပြန်တယ်။ အဲဒီလိုလှုပ်ရှားနေဖို့ လိုအပ်ချက်ဟာ တချို့စိတ်ဝေဒနာခံစားရသူတွေအတွက် ဖြစ်ပေါ်နေကျပဲလို့ မမကြီးရဲ့ဆရာဝန်က ပြောတယ်။ မမကြီးမှာ ဖြစ်ပေါ်နေတဲ့ ဝေဒနာအမျိုးအစားက ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့် အမျိုးအစားမျိုး မဟုတ်ဘူး။ ဒီတော့ မမကြီး လမ်းပေါ်လျှောက်သွားနေတာမှာ အန္တရာယ်ကပ်ငြိနေမှုမျိုး မရှိဘူး။ ဒီလိုလုပ်နေခြင်းအားဖြင့် စိတ်တည်ငြိမ်မှုရရေးကို အထောက်အကူပြုနိုင်တယ်တဲ့။ သူ့ရဲ့ ရှင်းပြချက်ကို အော်ဂတ်စတိုက လက်ခံတယ်။ ဒါပေမဲ့ ရှင်းပြချက်ကို သူ တကယ်ယုံလို့လား၊ ဒါမှမဟုတ် ခပ်အေးအေး နေချင်လို့ ဆရာဝန်ပြောသမျှကို လိုက်ပြီး ခေါင်းညိတ်နေသလားတော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် မမကြီး ဝေဒနာသည်းသည်းနဲ့ ဦးတည်ရာမဲ့ လျှောက်သွားနေတာကို မကန့်ကွက်မတားဆီးဘဲ မသိလိုက်မသိဘာသာ လုပ်နေတာကိုပဲ ကျေးဇူးတင်နေရသေးတယ်။

ဆရာဝန်ပြောတဲ့အထဲမှာ တစ်ခုကတော့ သေချာပေါက်မှန်တယ်။ မမကြီး ဘယ်လောက်ပဲ စိတ်ကျနေနေ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံမှုတော့ မလုပ်ဘူး။ ထူးဆန်းတော့ ထူးဆန်းသားကွဲ့၊ အာနက်စတို သေပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စိတ်ကူးဆိုတာ တစ်ခါမှ မပေါ်ခဲ့ဘူး။ မမကြီးကို အဲဒီလို ထိန်းချုပ်ပေးထားတာ အီလာရီယာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တုန်းက အီလာရီယာဟာ မမကြီးအတွက် ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး။ မမကြီးရဲ့ ရုတ်တရက် ဆုံးရှုံးမှုဟာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားမှာ မဟုတ်ဘူးလို့ စိတ်ထဲမှာ ထင်နေတယ်။ ဒီဖြစ်ရပ်မှာ



ဦးတည်ချက်တစ်ခုရှိနေမယ်။ အဲဒီဦးတည်ချက်ဟာလည်း ကမ်းပါးအငူစွန်းတစ်ခုလို သူ့ဘာသာသူ ပေါ်လွင်လာမယ်၊ အဲဒီအငူစွန်းကို မမကြီးအရောက်လှမ်းရမယ်။ ဒီအငူစွန်းကို ကျော်လွှားရမှာလား။ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒီအငူစွန်းရဲ့ ဟိုဘက်မှာ ဘာရှိသလဲ၊ မမကြီး မှန်းကြည့်လို့တောင် မရဘူး။ ဒါမှမဟုတ် အငူထိပ်ကို ရောက်သွားရင် ဘာတွေ တွေ့ရမြင်ရမလဲဆိုတာလည်း မသိဘူး။

တစ်နေ့မှာတော့ ကားလျှောက်မောင်းရင်း မမကြီး တစ်ခါမှ မရောက်ဖူးတဲ့ နေရာတစ်နေရာကို ရောက်သွားတယ်။ သုသာန်သေးသေးတစ်ခုရဲ့ အလယ်မှာ ဘုရားရှိခိုးကျောင်းသေးသေးလေး တစ်ခု။ ဟိုဘက်ဒီဘက်မှာ ရှိတဲ့ တောင်ကုန်းတွေကိုတော့ တောအုပ်တွေ လွှမ်းနေတယ်။ တောင်ကုန်းထိပ် တစ်ခုပေါ်မှာ ခံတပ်ဟောင်းတစ်ခုရဲ့ မှိုင်းပျပျ နံရံတွေကို မြင်နေရတယ်။ ဘုရားရှိခိုးကျောင်းကလေးနဲ့ တော်တော်လှမ်းလှမ်းမှာတော့ ကျေးလက်အိမ်ကလေးနှစ်လုံးသုံးလုံး။ ကြက်မတွေက လမ်းပေါ်မှာ လွတ်လွတ်လပ်လပ်ကြီး ဟိုယက်ဒီယက်နဲ့ အစာရှာလို့။ ခွေးနက်တစ်ကောင်က တဝုတ်ဝုတ်ဟောင်လို့။ မြေပုံပေါ်မှာ ရေးထားတဲ့ နာမည်က ဆမ်မာတော်ဇာတဲ့။ ဆမ်မာတော်ဇာ... နာမည်ကတော့ သီးသီးသန့်သန့် နာမည်မျိုးပဲ။ ကိုယ့်အတွေးတွေကို စုစည်းဖို့ သင့်လျော်မယ့် နေရာမျိုး။ ကျောက်တုံးတွေနဲ့ ခပ်ကြမ်းကြမ်းဖြစ်နေတဲ့ လမ်းကလေးတစလမ်းက ရွာထဲကထွက်လာတယ်။ မမကြီး အဲဒီလမ်းအတိုင်း လျှောက်လိုက်သွားတယ်။ လမ်းအဆုံးမှာ ဘာရှိမလဲဆိုတာ တစ်ချက်မှ မစဉ်းစားဘူး။

နေကဝင်နေပြီ။ ဒါပေမဲ့ ရှေ့ဆက်လျှောက်မိလေ မရပ်ချင်လေပဲ။ တစ်ချီတစ်ချီ နူးနူးဝါးဝါး အော်လိုက်တဲ့ ဗွတ်ကုလားငှက်ကလေးတွေရဲ့ အသံကြောင့် လန့်ပြီး ခုန်မိတာလည်း ခဏခဏပေါ့။ ရှေ့နားမှာရှိတဲ့ တစ်ခုခုက မမကြီးကို ခေါ်နေတယ်။ ဒါပေမဲ့ ကွက်လပ်ကလေးတစ်ခုဆီကို ရောက်မှပဲ ခေါ်နေတာ ဘယ်သူလဲဆိုတာ သိရတော့တယ်။ ကွက်လပ်ကလေးရဲ့ အလယ်တည့်တည့်မှာ တည်တည်ကြည်ကြည် ခံ့ခံ့ညားညားကြီး ရပ်ပြီး မမကြီးကို ကြိုဆိုသလိုမျိုး သူ့လက်တွေကို ဆန့်တန်းထားသူက ဧရာမဟက်သစ်ချပင်ကြီးပေါ့ကွယ်။

www.burmeseclassic.com



ပေါ်ကြောင်ကြောင်နိုင်သလိုတော့ ရှိတယ်၊ ဒါပေမဲ့ ဒီအပင်ကြီးကို မြင်မြင်ချင်း မေမေကြီးရဲ့ နှလုံးခုန်သံ တစ်မျိုးပြောင်းသွားတယ်။ နှလုံးခုန်နေတာ မျိုးမဟုတ်ဘဲ ကြောင်ကလေးတစ်ကောင် ကြည်ကြည်နူးနူး တရှောင်ရှောင်အော် နေသလိုမျိုး။ အာနက်စတိုနဲ့တွေ့တဲ့အခါမှသာ မေမေကြီးရဲ့နှလုံးက အဲဒီလို ခုန်တတ်တာလေ။ အပင်ကြီးရဲ့ ခြေရင်းမှာ မေမေကြီး ဝင်ထိုင်တယ်။ ပင်စည် ကြီးကို လက်နဲ့ပွတ်သပ်တယ်။ ပြီးတော့ ပင်စည်ကြီးကို ကျောကောခေါင်းပါ မှီထားလိုက်တယ်။

သင့်ကိုယ်သင် *နားလည်ပါ။* မေမေကြီးကျောင်းသူဘဝတုန်းက ဂရိ ဘာသာလေ့ကျင့်ခန်းစာအုပ်ရဲ့ ရှေ့ဆုံးစာမျက်နှာပေါ်မှာ အဲဒီစကားလုံးကလေး တွေ ရေးချထားခဲ့တာပေါ့။ ခု ဝက်သစ်ချပင်ကြီးအောက်မှာ ထိုင်နေတော့မှ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ စာကြောင်းကလေးဟာ မေမေကြီးစိတ်ထဲမှာ ပြန် ပေါ်လာတယ်။

သင့်ကိုယ်သင် နားလည်ပါတဲ့။

လတ်ဆတ်တဲ့လေ . . ဘဝရဲ့ ဝင်သက်ထွက်သက်လေကလေးပါလား။

❑

ဒီဇင်ဘာ ၁၆

ညက နှင်းကျတယ်။ မိုးလင်းလို့ မေမေကြီး အိပ်ရာက နိုးတော့ ပန်းခြံတစ်ခုလုံး ဖွေးဖွေးလို့။ ဘတ်က မြက်ခင်းပေါ်မှာ အရူးတစ်ကောင်လို ခုန်လိုက်ပေါက်လိုက် ဆောင်လိုက် သစ်ကိုင်းတွေကို ကိုက်ချီပြီး လေထဲမြှောက်လိုက်နဲ့ ကဲချင်တိုင်း ကဲနေတယ်လေ။

ခဏနေတော့ ဆီညော်ရာရာစ်မန်ရောက်လာတယ်။ မေမေကြီးတို့ နှစ်ယောက် ကော်ဖီတစ်ခွက်စီသောက်ကြတယ်။ ခရစ်စမတ်ပွဲတော်ညကျရင် သူတို့နဲ့ လာနေဖို့ သူက မေမေကြီးကို ဖိတ်တယ်။

'အစ်မကြီး တစ်နေ့လုံး ဘာတွေ လုပ်လုပ်နေလဲ'

မပြန်ခင်ကလေးမှာ သူကမေးတယ်။ မေမေကြီးက ပခုံးတွေ တွန့်ပြ လိုက်တယ်။

'ဘာမှ မလုပ်ပါဘူးကွယ်။ ရုပ်မြင်သံကြားအစီအစဉ်နည်းနည်းကြည့် တယ်။ နည်းနည်းမှ နည်းနည်းကလေးပါပဲ'

သမီးလေးအကြောင်းတော့ သူဘယ်တော့မှ မမေးဘူးကွဲ့။ သူက ရိုးသားယဉ်ကျေးမှုရှိရှိနဲ့ သွယ်ဝိုက်ကာတော့ ပြောတတ်တယ်။ ဒါပေမဲ့ သမီးလေးကို ကျေးဇူးမသိတတ်သူအဖြစ် သူသဘောထားတာကို သူ့လေသံကြား ထဲ သိတာပေါ့။ လူငယ်တွေဟာ အကြင်နာတရားမဲ့နေပြီ၊ လူကြီးသူမတွေကို လေးစားတရားထားရကောင်းမှန်း မသိတော့ဘူးဆိုတဲ့ မှတ်ချက်မျိုးတွေကို စကား

www.burmeseclassic.com



စမြည်ပြောရင်း ညှပ်ညှပ်ပြောတတ်တယ်။ မေမေကြီးကတော့ မြန်မြန်စကားပြတ်အောင် ခေါင်းပဲညိတ်ပြလေ့ရှိတယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာတော့ နှလုံးသားဆိုတာ အမြဲတမ်း ဒီအတိုင်းပါပဲလို့ စွဲမြဲယုံကြည်ထားတယ်ကွဲ့။ ဒီခေတ်မှာ အယောင်ဆောင်မှု နည်းလာတယ်၊ ဒါပါပဲ။ ပင်ကို သဘာဝအရ လူငယ်တွေဟာ လူကြီးတွေထက် ပိုပြီး အတ္တကြီးမနေသလို ပင်ကို သဘာဝအရ လူကြီးတွေဟာ လူငယ်တွေထက် ပိုပြီး ဉာဏ်အမြော်အမြင် ရှိမနေပါဘူး။ တတ်သိနားလည်မှုနဲ့ အပေါ်ယံဆန်မှုဆိုတာ အသက်အရွယ်နဲ့ ဘာမှမဆိုင်ဘူး။ တို့တစ်တွေ တစ်ယောက်ချင်း ကျင်လည်ခဲ့ရတဲ့ ဘဝနဲ့သာဆိုင်တယ်။ ဘယ်အထဲမှာရယ်တော့ မမှတ်မိတော့ဘူး၊ ဒါပေမဲ့ သိပ်မကြာသေးခင်က ဖတ်ခဲ့ရတဲ့ အမေရိကန် အင်ဒီးယန်းတစ်ယောက် ပြောတဲ့ စကားကို သတိရနေတယ်။

'လူတစ်ဦးကို အကဲမဖြတ်မီ သုံးလလောက် သူစီးတဲ့ ဖိနပ်တွေစီးပြီး လမ်းလျှောက်ကြည့်ပါ'

သူ့အဆိုအမိန့် သိပ်ကောင်းတယ်လို့ မေမေကြီး ထင်တယ်။ ဒါကြောင့် မေ့မသွားအောင် တယ်လီဖုန်းနားက မှတ်စုစာအုပ်ကလေးပေါ်မှာ ရေးမှတ်ထားခဲ့တယ်ကွဲ့။ အပေါ်ယံ အပြင်ဘက်က ကြည့်ရင် လူတော်တော်များများရဲ့ ဘဝတွေဟာ အပြစ်အနာအဆာအပြည့်၊ ဆင်ခြင်တုံတရား ကင်းမဲ့မှုအပြည့်၊ ရူးသွပ်မှုအပြည့်လို့တောင် ထင်ရတယ်။ တို့တစ်တွေ အပေါ်ယံထက် နက်အောင် ဝင်မကြည့်ရင် လူတွေနဲ့ သူတို့ရဲ့ ဆက်ဆံရေးတွေကို အလွယ်တကူ အထင်မှားအမြင်မှားဖြစ်သွားနိုင်တယ် သမီးလေး။ အပေါ်ယံအလွှာရဲ့အောက်ကို ဝင်ကြည့်မှသာ သူတို့စီးတဲ့ဖိနပ်တွေကို ကိုယ်ကိုယ်တိုင် သုံးလလောက် စီးကြည့်ပြီးမှသာ သူတို့ရဲ့ စေ့ဆော်မှုတွေနဲ့ သူတို့ရဲ့ ခံစားချက်တွေကို တို့တစ်တွေ နားလည်သဘောပေါက်နိုင်မယ်။ သူတို့ ဘာဖြစ်လို့ ဟိုလိုမလုပ်ဘဲ ဒီလိုလုပ်သလဲဆိုတာကို သိမြင်စာနာနိုင်မယ်။ စာနာနားလည်မှုဆိုတာ ရိုကျိုးနှိမ့်ချမှုက ပေါက်ဖွားလာတာ၊ ဉာဏ်ပညာ ဂုဏ်မောက်မှုက ပေါက်ဖွားလာတာ မဟုတ်ဘူး။

မေမေကြီးရဲ့ ဖွင့်ဟဝန်ခံချက်တွေကို ဖတ်ကြည့်ပြီးနောက် သမီးလေး မေမေကြီးရဲ့ ညှပ်ဖိနပ်တွေကို စီးကြည့်ပါ့မလားလို့ မေမေကြီး တွေးနေ



မိတယ်ကွဲ့။ စီးကြည့်လိမ့်မယ်လို့ မေမေကြီး မျှော်လင့်တယ်။ အဲဒီညှပ်ဖိနပ်တွေစီးပြီး သမီးလေး အိမ်ထဲမှာ အကြာကြီးလျှောက်သွားနေလိမ့်မယ်၊ ပန်းခြံထဲကို အခေါက်ခေါက် အခါခါ လှည့်ပတ်ကြည့်လိမ့်မယ်၊ သစ်ကြားပင်ကြီးဆီကနေ ချယ်ရီပင်ကြီးဆီ၊ ချယ်ရီပင်ကြီးဆီကနေ နှင်းဆီပင်ဆီ၊ နှင်းဆီပင်ကနေ မြက်ခင်းပြင် အစွန်းက ထင်းရှူး ပင်တွေဆီအထိ သွားနေလိမ့်မယ်လို့ မေမေကြီး မျှော်လင့်တယ်။ သမီးလေး အဲဒီလို လုပ်ကြည့်လိမ့်မယ်လို့ မျှော်လင့်တာဟာ သမီးလေးရဲ့ သနားကြင်နာမှုကို တောင်းခံချင်လို့ မဟုတ်ဘူး။ ဘာဖြစ်လို့ ဒီလိုလုပ်စေချင်သလဲဆိုတော့ ဒါဟာ သမီးလေးအတွက်နဲ့ သမီးလေးရဲ့ အနာဂတ်အတွက် လိုအပ်ချက်တစ်ခု ဖြစ်နေလို့ပဲ။ တို့ဘယ်ကလာခဲ့သလဲဆိုတာနဲ့ တို့ရဲ့ အတိတ်မှာ ဘာတွေရှိခဲ့သလဲ ဆိုတာကို နားလည်သဘောပေါက်နေတာဟာ အနာဂတ်ဘဝမှာ အမှားကင်းကင်းနဲ့ နေနိုင်ရေးအတွက် ပထမဆုံး ခြေလှမ်းဖြစ်တယ် သမီးလေး။

အမှန်တော့ ဒီစာကို သမီးလေးရဲ့ မေမေဆီကို ရေးသင့်တာ။ ခုတော့ အဲဒီလို မဟုတ်ဘဲ သမီးလေးဆီကို ရေးနေမိတယ်။ ခုလို ဘယ်တော့မှ မရေးခဲ့ဘူးဆိုရင် မေမေကြီးရဲ့ ရှင်သန်ရပ်တည်မှုဟာ အထမြောက် အောင်မြင်မှုမရှိတဲ့ ရှင်သန်ရပ်တည်မှု ဖြစ်သွားမှာပေါ့။ အမှားတွေ ကျူးလွန်တယ်ဆိုတာ သဘာဝကျတဲ့ လုပ်ရပ်တစ်ခုပါ။ ဒါပေမဲ့ ဒီအမှားတွေအကြောင်း နားလည်သဘောပေါက်မှု မရှိဘဲ သေရွာကို သွားမယ်ဆိုရင်တော့ သူ့ဘဝဟာ အဓိပ္ပာယ်မဲ့ အချည်းနှီး ရှင်သန်မှု ဖြစ်သွားမှာပဲ။ တို့တစ်တွေနဲ့ ပတ်သက်ပြီး ဖြစ်လာတဲ့ ဖြစ်ရပ်တွေဟာ အလကား အဓိပ္ပာယ်မဲ့ ဖြစ်လာတာ မဟုတ်ဘူး။ ကြုံဆုံမှုတိုင်း ဖြစ်ရပ်တိုင်းဟာ ဘယ်လောက်ပဲ သေးသေးမွှားမွှား ဖြစ်ပါစေ အဓိပ္ပာယ် တစ်ခုတော့ မှုစမြဲပဲ။ ကိုယ့်ကိုယ်ကိုယ် နားလည်သဘောပေါက်ခြင်းဆိုတာ အဲဒီကြုံဆုံမှုတွေ၊ ဖြစ်ရပ်တွေကို အရှိအတိုင်း လက်ခံချင်စိတ်ရှိမှ ဖြစ်ပေါ်လာတာ။ နောက်ပြီး ပုတ်သင်ညိုတွေ ရာသီအလိုက် အရောင်ပြောင်းသလို တဒင်္ဂပြီး တဒင်္ဂ ဦးတည်ရာလမ်းကြောင်း ပြောင်းနိုင်စွမ်းရှိမှုကနေပြီး ကိုယ့်ကိုယ်ကိုယ် နားလည်သဘောပေါက်ခြင်း ဖြစ်ပေါ်လာတာကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးရဲ့ နှစ်လေးဆယ်မြောက် မွေးနေ့မှာ ဂရိဘာသာလေ့ကျင့်ခန်း စာအုပ်ပေါ်မှာ ရေးထားတဲ့ စာကြောင်းကို သတိမရခဲ့ရင်၊ မေမေကြီးရဲ့ ဘဝအနာဂတ်ခရီးကို ဆက်မလျှောက်ခင် အတိတ်ဘဝ ဇာတ်ကြောင်းကို ပြန်ပြီး မဆန်းစစ် မဝေဖန်ခဲ့ရင် မေမေကြီး ဒီအမှားမျိုးတွေကိုပဲ ထပ်ကာတလဲလဲ ကျူးလွန်နေမိမှာပေါ့။ အာနက်စတိုကို သတိရတမ်းတနေတာတွေ ပျောက်ပြယ်သွားအောင် နောက်ထပ် ချစ်ဖော်တစ်ယောက် ရှာမိကောင်း ရှာမိလိမ့်မယ်။ ပြီးတော့ နောက်တစ်ယောက်၊ နောက်တစ်ယောက်။ အာနက်စတို နောက်တစ်ယောက်ကို ရှာမယ်။ တစ်ချိန်တုန်းက ကိုယ်ရခဲ့တာမျိုး ထပ်ရအောင် အားထုတ်မိမယ်။ အဲဒီလို အားထုတ်ရှာဖွေမှုပေါင်းများစွာကို ပြုလုပ်မိလိမ့်မယ်။ နောက်ထပ်တွေ့တာတွေက မူလတစ်ယောက်ကို မမီနိုင်ဘူး။ ဒီတော့ ရှာပုံတော်ခရီး ဆက်မယ်။ ဘယ်တော့မှ နှစ်သိမ့်ကျေနပ်မှုမရဘူး။ နောက်ဆုံးကျတော့ လူငယ်ကလေးတွေ ပတ်လည်ခြံရံထားတဲ့ လူအများ မေးငေါ့စရာ အဘွားကြီး ဖြစ်လာမယ်။

အဲဒီလို အားထုတ်မှုတွေအားလုံး ပြီးသွားတဲ့ အခါကျ မေမေကြီး အော်ဂတ်စတိုကို အမုန်းကြီး မုန်းသွားနိုင်တယ်။ သူ့ကြောင့် ဒီထက်မိုက်ကန်းတဲ့ ဆုံးဖြတ်ချက်မျိုးတွေ မချနိုင်တာ ဆိုပြီးတော့လေ။ သမီးလေး သဘောပေါက်ရဲ့လားဟင်။ လူတစ်ဦးဟာ သူနဲ့ ပတ်သက်တဲ့ အမှန်တရားကို ရဲရဲတင်းတင်း လက်မခံနိုင်သေးသရွေ့ ထွက်ရပ်ပေါက်တစ်ခုကို လွယ်လွယ်ကူကူ ရှာလို့တွေ့နိုင်မှာ မဟုတ်ဘူး။ ဒီလူဟာ သူ့အပြစ်တွေကို တခြားလူအပေါ် ပုံချလို့ ရတယ်။ အဲဒီအပြစ်ဒါမှမဟုတ် တာဝန်ဟာ ဘယ်သူနှင့်မှ မဆိုင်ဘူး၊ ကိုယ့်အပြစ် ကိုယ့်တာဝန်သာဖြစ်တယ်လို့ ခံယူဖို့ဆိုတာကတော့ သတ္တိလိုအပ်တယ် သမီးလေး။ တို့များ ဘဝခရီးကို ရှေ့ဆက်လျှောက်မယ်ဆိုရင် ဒီနည်း တစ်နည်းပဲ ရှိတယ်။ တကယ်လို့ ဘဝဆိုတာ ခရီးတစ်ခုဆိုရင် အဲဒီခရီးဟာ တောင်တက်ခရီးချည်းပါပဲကွယ်။

အသက်က လေးဆယ်ရောက်လာပြီဆိုတော့ ဘယ်ကနေပြီး စရမယ်ဆိုတာ သိနေပြီ။ ဒါပေမဲ့ ဘယ်ကိုသွားနေတာလဲဆိုတာကို သိနားလည်ဖို့ကတော့ ရှည်လျားတဲ့ လုပ်ငန်းစဉ်ကြီးကွဲ့။ ဒီအထဲမှာ ချောက်ပေါက်တွေတော့ အများကြီး ရှိတာပေါ့။ ဒါပေမဲ့ စွဲမက်စရာကောင်းတယ်။ သမီးလေးသိတဲ့အတိုင်းပဲလေ။



ရုပ်မြင်သံကြားကြည့်ပြီး သတင်းစာတွေလည်း ဖတ်နေတော့ ဘာသာရေးဆိုင်ရာ ဂုရုကြီးတွေ တစ်နေ့တခြား များပြားလာတာကို သိနေရတယ်။ လူတွေလည်း သူတို့ရဲ့ သတင်းပို့ချချက်တွေကို မစူးစမ်း မဆင်ခြင်ဘဲ လိုက်နာကျင့်ကြံဖို့ ကောက်ကာငင်ကာ ဆုံးဖြတ်တတ်ကြတာကလား။ ဒီဂိုဏ်းချုပ်ကြီးတွေက စိတ်ငြိမ်းချမ်းရေးနဲ့ တစ်လောကလုံး အပေးအယူ ညီညွတ်မျှတရေး နည်းနာတွေကို တင်ပြကြတယ်။ အဲဒီလို ဘာသာရေး အယူသီးဂိုဏ်းတွေနဲ့ သူတို့ရဲ့ နည်းနာတွေ ပြန့်ပွားလာတာကို ကြည့်ပြီး မေမေကြီး အထိတ်တလန့် ဖြစ်လာတယ်ဟော့။

တကယ်တော့ တစ်ဦးတည်းသောဆရာ...စစ်မှန်ပြီး အားကိုးအားထား ပြုလောက်တဲ့ တစ်ဦးတည်းသောဆရာဟာ မှန်မှားသိစိတ်ပဲ သမီးလေးရေ။ မှန်မှားသိစိတ်ရဲ့ အသံကို ကြားဖို့ရာအတွက် တိတ်တိတ်ဆိတ်ဆိတ်နဲ့ တစ်ကိုယ်တည်း မြေကြီးပေါ်မှာ ဗလာကိုယ်ထီး အသက်မရှိတော့သလို မတ်တတ်ရပ်နေရမယ်။ သေးဘီမှာ ဘာဆိုဘာမှ ရှိမနေရဘူး။

ကနဦးပိုင်းမှာတော့ သမီးလေး ဘာမှ ကြားရမှာ မဟုတ်ဘူး။ ထိတ်လန့်မှုပဲ ခံစားရမယ်။ ဒါပေမဲ့ အဲဒီနောက်မှာတော့ ဟိုးအဝေးကြီးကနေ လွင့်လာတဲ့ တိုးတိတ်အေးချမ်းတဲ့ အသံတစ်သံကို ကြားရလိမ့်မယ်။ စပြီးကြားကြားခြင်းတော့ စိတ်ညစ်စရာ အဓိပ္ပာယ်မဲ့ အသံတွေကြားရမှာပဲ။ ဆန်းပြားတာတစ်ခုတော့ ရှိတယ်ကွဲ့။ သမီးလေးက အရေးကြီးမယ့်ဆိုတဲ့ ကိစ္စတွေနဲ့ ထိပ်တိုက်တိုးမယ်လို့ မျှော်လင့်ထားပေမဲ့ တကယ့်တကယ်ကျတော့ 'ဟယ်၊ ဒါပဲလား'လို့ အော်ဟစ်ချင်လောက်အောင် အရေးမပါ အသေးအမွှား ကိစ္စကလေးတွေပဲ တွေ့မြင်ရတတ်တာလည်း ရှိတယ်။ အဲဒီအသံက တိုးတိုးကလေး ပြောလိမ့်မယ်...တကယ်လို့ လူ့ဘဝမှာ ဦးတည်ချက်ဆိုတာ ရှိရင် အဲဒီဦးတည်ချက်ဟာ သေခြင်းတရားပဲ၊ အရာရာတိုင်းဟာ သေခြင်းတရားပတ်လည်မှာ လည်ပတ်နေရတယ်လို့။ အဲဒီအခါကျ ဒါဟာ သိပ်အံ့သြစရာကောင်းတဲ့ ဖော်ထုတ်တွေ့ရှိချက်ပဲလို့ သမီးလေး မှတ်ချက်ချလိမ့်မယ်။ သိပ်အံ့သြစရာကောင်းပြီး သိပ်ထိတ်လန့်စရာကောင်းတဲ့ တွေ့ရှိချက်ပေါ့။ တစ်ခုပဲရှိတယ်၊ ငါဟာ တစ်နေ့ကျရင် သေရမှာပဲဆိုတာကို အသက်ရှင်နေတဲ့လူတိုင်း သိနေတာပဲ။ မှန်တယ်၊ ဒီအချက်ကို

www.burmeseclassic.com

www.burmeseclassic.com



တို့တစ်တွေအားလုံး ဆင်ခြင်ဉာဏ်နဲ့ သိကြတာ။ ဒါပေမဲ့ အသိတစ်ခုကို ဆင်ခြင်ဉာဏ်အရ သိရတာနဲ့ နှလုံးသားထဲက ခံစားပြီး သိရတာ မတူဘူး။ လုံးဝကွဲပြားခြားနားတဲ့ အသိနှစ်မျိုးပဲကွဲ့။ မေမေကြီးကို သမီးလေးရဲ့မေမေ နှုတ်သီးကောင်းလျှာပါးနဲ့ တိုက်ခိုက်နေတဲ့အခါ မေမေကြီးက "သမီးမေမေ့ကို နှလုံးနာအောင် လုပ်နေတာပါကလားကွယ်"လို့ ပြောလေ့ရှိတယ်။ အဲဒီအခါကျ သူက ရယ်မောပစ်တတ်တယ်။

'ပေါက်တတ်ကရတွေ မပြောစမ်းနဲ့ မေမေ။ နှလုံးဆိုတာ ကြွက်သားတစ်ခုပဲ။ နှလုံးကို မတရားကြီး မခိုင်းစေသရွေ့ ကာလပတ်လုံး အဲဒီနှလုံးနာ မသွားနိုင်ဘူး'

သူနားလည်နိုင်လောက်တဲ့ အရွယ်တုန်းကတော့ မေမေကြီး သူ့ကို ခဏခဏ ပြောပြတယ်။ ဘာဖြစ်လို့ သူနဲ့ ခပ်ကင်းကင်း ခပ်ခွာခွာ နေရသလဲ ဆိုတဲ့ အကြောင်းရင်းတွေ၊ ဖြစ်ရပ်တွေကို တတ်နိုင်သလောက် ကြိုးစားပြီး ရှင်းပြတယ်။

'သမီး သိပ်ငယ်ငယ်လေးတုန်းက ကာလအတော်ကြာတဲ့အထိ သမီးကို မေမေလျစ်လျူရှုထားခဲ့တာ အမှန်ပဲ။ အဲဒီတုန်းက မေမေ အသည်းအသန် နေမကောင်းဖြစ်ခဲ့တယ်လေ။ အဲဒီလို နေမကောင်းရက်ကြီးနဲ့ ကြိုးစားပြီး သမီးကို ထိန်းကျောင်းခဲ့ရင် အခြေအနေတွေ ပိုတောင်ဆိုးသွားနိုင်သေးတယ်။ ဒါပေမဲ့ အခု မေမေ နေကောင်းပြီ။ ဒီတော့ မေမေတို့ သားအမိ စကားပြောလို့ ရပြီ၊ ဆွေးနွေးညှိနှိုင်းလို့ရပြီ၊ ဘဝကိုအသစ်ပြန်စလို့ ရနေပြီလေ'

ဒါပေမဲ့ မေမေကြီး ရှင်းပြတာတွေကို သူမသိချင်တော့ဘူး။

'ခု နေမကောင်းဖြစ်နေတာ သမီးပဲ'

သူ ပြောတယ်။ ပြီးတော့ နောက်ထပ်ဆက်ပြောဖို့ ငြင်းဆန်တယ်။ မေမေကြီးရဲ့ တည်ငြိမ်မှုကို သူက မုန်းတယ်။ဒီတော့ မေမေကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် အမြဲလုပ်တယ်။ သူ နေ့စဉ်နေ့တိုင်း တူးထားတဲ့ ချောက်ပေါက်ကလေးတွေထဲကျအောင် မေမေကြီးကို ဆွဲချလေ့ရှိတယ်ကွဲ့။ သူဟာ ဘဝလေးအခြေအနေအရ စိတ်ဆင်းရဲနေရတယ်လို့ သူက ဆုံးဖြတ်တယ်။ နောက်





ပြီး သူ့ကိုယ်သူ သတ်မှတ်ထားတဲ့ ပုံရိပ် မှုန်ဝါးပျက်စီး မသွားအောင် သူ့ပတ်လည်မှာ အကာအကွယ် အတားအဆီးတွေ လုပ်ထားတော့တယ်။ သူ ပျော်ပျော်ရွှင်ရွှင် နေချင်ပါတယ်လို့ ဆင်ခြင်တုံတရားနဲ့ယှဉ်ပြီး သူပြောခဲ့တာ မှန်တယ်။ ဒါပေမဲ့ သူအသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ရောက်တဲ့အခါ အပြောင်းအလဲဖြစ် နိုင်ခြေရှိတဲ့ အလားအလာ အားလုံးကို ပိတ်ဆို့ကာကွယ်ထားတယ်။ မေမေကြီးက အတွေးသစ်၊ အမြင်သစ်တွေ ရှာဖွေဖော်ထုတ်နေချိန်မှာ သူက သူ့ခေါင်းကို လက်နှစ်ဖက်နဲ့အုပ်ပြီး သူ့အပေါ် ဘာများ ပြုတ်ကျလာမလဲ လို့ ရပ်စောင့်နေတာကလား။ မေမေကြီး အသစ်ဖော်ထုတ်တွေ့ရှိနေတဲ့ တည်ငြိမ်မှုက သူ့ကို စိတ်ကသိကအောက်ဖြစ်နေစေတယ်။ မေမေကြီးရဲ့ ခုတင်နံဘေးက စားပွဲခုံကလေးပေါ်မှာ ဓမ္မသစ်ကျမ်း စာအုပ်ကိုတွေ့တော့ သမီးလေးမေမေက ပက်ခနဲ ပြောလိုက်တယ်၊ 'အမယ်လေးတော်...မေမေက တရားဓမ္မနဲ့ မွေ့လျော်နေဖို့ လိုသေးလို့လား'တဲ့လေ။

အော်ဂတ်စတိုကွယ်လွန်တော့ သူက အသုဘအခမ်းအနားကိုတောင် တက်ချင်ဘူး။ နောက်ဆုံးနှစ်အနည်းငယ်မှာ အော်ဂတ်စတိုဟာ သွေးလွှတ်ကြောတွေ မာကျစ်တဲ့ ရောဂါကို အပြင်းအထန် ခံစားခဲ့ရတယ်။ သူဟာ ခြေထောက်တွေ ဒယဉ့်တိုက်ဆွဲပြီး အိမ်လုံးအနှံ့ လျှောက်သွားနေခဲ့ရတယ်။ စကားပြောတဲ့အခါမှာလည်း ကလေးပေါက်စတစ်ယောက်လို ဝူးဝူးဝါးဝါးပေါ့။

အဲဒီလို ဖြစ်နေတာကို သမီးလေးမေမေက သည်းမခံနိုင်ဘူး။ အော်ဂတ်စတိုတစ်ယောက် ညှပ်ဖိနပ်တွေကို ကြမ်းပြင်ရှပ်တိုက်စီးပြီး အခန်းတစ်ခန်းရဲ့ရှေ့ကိုရောက်လာတာနဲ့ 'ဒီပုဂ္ဂိုလ်က ဘာလိုချင်လို့တဲ့လဲ'လို့ အော်ဟစ်တော့တာပဲ။ အော်ဂတ်စတိုဆုံးတော့ အီလာရီယာ ဆယ့်ခြောက်နှစ်ရှိပြီ။ သူဟာ ဆယ့်လေးနှစ်သမီးကတည်းကစပြီး အော်ဂတ်စတိုကို 'ဖေဖေ'လို့ မခေါ်တော့ဘူး။ နှလုံးရောဂါ ဖောက်ပြန်လာတာကြောင့် ဆေးရုံတင်လိုက်ရပြီး နောက်တစ်နေ့၊ နိဝင်ဘာလရဲ့ မှုန်းလွဲပိုင်းတစ်ခုမှာ သူ ကွယ်လွန်သွားရှာတယ်လေ။

သူ မသေမီကလေးမှာ သူနာပြုဆရာမတစ်ယောက်က အခန်းထဲကို ညနေစာ ယူလာတယ်။ သူဟာ တစ်ခုခုကို မြင်လိုက်ရသလိုပဲ၊ ကော်တရက်



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှာ ထထိုင်တယ်။ ပြတင်းပေါက်ဆီကို ခြေလှမ်းသုံးလှမ်းတိတိ လျှောက်သွားတယ်။

'အီလာရီယာရဲ့ လက်တွေ'

အမြင်ကွယ်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်ရင်း သူပြောလိုက်တယ်။

'မိသားစုထဲမှာ သူ့လက်တွေမျိုး တစ်ယောက်မှ မရှိဘူး'

ပြီးတော့ အိပ်ရာပေါ်ကို ပြန်သွားတယ်။ ပြီးတော့ အသက်ထွက်သွားတယ်။ သူကြည့်တဲ့ ပြတင်းပေါက်ကနေ မေမေကြီး အပြင်ကို ကြည့်ကြည့်တယ်။ မိုးဖွဲဖွဲကလေးရွာလို့။ မေမေကြီး သူ့ခေါင်းကို ပွတ်သပ်ပေးနေမိတယ်။

ဆယ့်ခုနစ်နှစ်လုံးလုံး သူ့အရိပ်အမြွက်ကလေးတောင် ဟဖော်မရခဲ့ဘူး။ တကယ်တော့ သူသိနေခဲ့ပါကလား။

အချိန်က နေ့လယ်ပိုင်း။ နေပူနေတယ်။ နှင်းတွေပျော်ကျနေတယ်။ ရေ့ဘက် မြက်ခင်းပြင်ပေါ်မှာ အဝါကွက်ကလေးတွေ ပေါ်ပြီ။ သစ်ပင်တွေရဲ့ သစ်ကိုင်းတွေပေါ်က ရေစက်တွေ တစ်စက်စက်ကျလို့။

အော်ဂတ်စတို သေဆုံးသွားတော့ သိပ်ထူးဆန်းတာတစ်ခုကို မေမေကြီး သတိပြုမိလာတယ်ကွဲ့။ သေခြင်းတရားက ဝမ်းနည်းပူဆွေးမှုကို ဖြစ်ပေါ်စေတာမှန်တယ်။ ဒါပေမဲ့ တူညီတဲ့ ဝမ်းနည်းပူဆွေးမှု တစ်မျိုးတည်းကို ဖြစ်ပေါ်စေတာမဟုတ်ဘူး။ သေဆုံးခြင်းကြောင့် ရုတ်တရက် ဟာလာဟင်းလင်းဖြစ်သွားတယ်။ ဟာလာဟင်းလင်းဖြစ်တာကတော့ အမြဲတမ်းတူညီတယ်။ ဒါပေမဲ့ အဲဒီ ဟာလာဟင်းလင်းဖြစ်မှုထဲမှာပဲ နောက်ထပ်မှုကွဲတဲ့ ဝမ်းနည်းပူဆွေးမှုတွေကိုလည်း ဖြစ်ပေါ်စေတယ်။ တို့တစ်တွေ မပြောဖြစ်ခဲ့တဲ့ အကြောင်းအရာတိုင်းဟာ ရုပ်လုံးကြွလာတယ်။ အကျယ်တဝင့် ဖြစ်လာတယ်။ ပြီးတော့ ကြီးကျယ်သထက် ကြီးကျယ်လာတယ်။ ဟာလာဟင်းလင်းဖြစ်မှုမှာ တံခါးပေါက်တွေ မရှိဘူး။ ပြတင်းပေါက်တွေ မရှိဘူး။ ထွက်ပေါက်တွေ မရှိဘူး။ ဟာလာဟင်းလင်းဖြစ်မှုထဲမှာ ဘာကိုပဲထည့်ထားထား အဲဒါဟာ အမြဲရှိနေတယ်။ ကိုယ့်ခေါင်းထဲမှာ၊ ကိုယ်နဲ့အတူ၊ ကိုယ့်ဝန်းကျင်မှာ အမြဲရှိနေတော့တာပဲ။ အဲဒါတွေဟာ





သိပ်သည်းတဲ့ မြူနှင်းတွေလို ကိုယ့်ကို လွှမ်းခြုံရစ်သိုင်းထားမယ်၊ ကိုယ့်အတွေးတွေ ရှုပ်လာအောင် လုပ်မယ်။

အီလာရီယာနဲ့ ပတ်သက်တဲ့ ကိစ္စကို အော်ဂတ်စတို သိနေပြီး အဲဒီအကြောင်း မေမေကြီးကို တစ်ခွန်းမှ မပြောခဲ့တာက မေမေကြီးကို အကြီးအကျယ် ကြေကွဲဝမ်းနည်းစေခဲ့တယ်။ ခုမှ သူ့ကို အာနက်စတိုအကြောင်း ပြောပြချင်နေတယ်။ အာနက်စတိုဟာ မေမေကြီးအတွက် ဘယ်လိုအဓိပ္ပာယ်ရှိခဲ့ကြောင်းပေါ့။ မေမေကြီး သူ့ကို အီလာရီယာအကြောင်း ပြောပြချင်တယ်။ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို သူနဲ့ ဆွေးနွေးချင်တယ်၊ ညှိနှိုင်းချင်တယ်။ ဒါပေမဲ့ ဒါတွေလုပ်ဖို့ မဖြစ်နိုင်တော့ဘူးလေ။

ဒီလောက်ဆို စောစောပိုင်းက မေမေကြီးပြောခဲ့တာကို သမီးလေး သဘောပေါက်လောက်ရောပေါ့။ မေမေကြီးတို့ကို ဖိစီးနှိပ်စက်နေတာ ကွယ်လွန်သူ မရှိတော့လို့ မဟုတ်ဘူး။ တကယ်တမ်းမှာ ကွယ်လွန်သွားသူနဲ့ တို့တစ်တွေကြားမှာ မပြောဖြစ်ဘဲ ကျန်နေတဲ့ အကြောင်းကိစ္စတွေက တို့တစ်တွေကို ဖိစီးနှိပ်စက်နေတာ ဆိုတာလေ။

အော်ဂတ်စတို ကွယ်လွန်တော့ မေမေကြီးဟာ အာနက်စတို ကွယ်လွန်တုန်းကလိုပဲ ဘာသာရေးရဲ့ အရိပ်မှာ ခိုလှုံဖို့ ကြိုးစားခဲ့တယ်။ သိပ်မကြာသေးမီကပဲ မေမေကြီးထက် အသက်တစ်နှစ်လောက်ပဲကြီးတဲ့ ဘုရင်ဂျိရဟန်းတစ်ပါးနဲ့ သိကျွမ်းခဲ့တာကိုး။ မေမေကြီးတို့ တစ်ကြိမ် နှစ်ကြိမ်လောက်လည်း တွေ့ပြီးရော ဘုရားရှိခိုးကျောင်းထဲမှာ တွေ့ရတာ မေမေကြီး စိတ်ကျဉ်းကျပ်ကြောင်း သူရိပ်မိသွားတယ်။ ဒါကြောင့် တခြားတစ်နေရာရာမှာ တွေ့ကြဖို့ သူက အကြံပေးတယ်။ မေမေကြီးတို့ နှစ်ယောက်စလုံးက လမ်းလျှောက်ဝါသနာပါတော့ လမ်းအတူတူလျှောက်ကြဖို့ ဆုံးဖြတ်လိုက်တယ်။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းဆိုရင် တောစီးဖိနပ်တွေစီး၊ ကျောပိုးအိတ်တစ်လုံးလွယ်ပြီး သူ မေမေကြီးကို လာခေါ်လေ့ရှိတယ်။ သူ့မျက်နှာက ခင်ချင်စရာ မျက်နှာမျိုးပေါ့ကွယ်၊ ပါးချိုင့်ချိုင့်၊ လေးနက်တဲ့ မျက်နှာပေးနဲ့ တောင်ပေါ်မှာမွေး တောင်ပေါ်မှာ ကြီးလာခဲ့တဲ့ ရုပ်သွင်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



သူက ရဟန်းတစ်ပါးဖြစ်နေတော့ မေမေကြီး သူ့ကို သိပ်ပွင့်ပွင့်လင်းလင်း စကားမပြောရဲဘူး။ မေမေကြီးနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွေ ပြောရင် ဇာတ်လမ်းတိုင်းရဲ့ တစ်ဝက်ကိုပဲ ပြောတယ်။ အပြစ်ပြောခံရမှာ ကြောက်လို့။ နောက်တော့လည်း ရင်ဖွင့်ရဲသွားပါတယ်။ အာနက်စတိုသေပြီး နောက်ပိုင်း ဘယ်သူနဲ့မှ တရင်းတနှီး မပြောဘဲနေခဲ့တာ ခုမှပဲ ပြောဖြစ်တော့တယ်။ အဲဒီလို ပြောပြီဆိုတဲ့အခါကျတော့ သူဟာ ရဟန်းတစ်ပါးပါလားဆိုတာ မေ့လျော့သွားတော့တယ်။ သူကလည်း တခြားရဟန်းတွေလို မဟုတ်ဘူးကွဲ့။ သူက ဘယ်တော့မှ အပြစ်တင်စကား၊ ဒါမှမဟုတ် တရားနဲ့ဖျောင်းဖျတဲ့ စကားမျိုး မပြောဘူး။

'ဘုန်းကြီးတို့ ဝေဒနာတွေထဲက ဖြတ်သန်းပြီးမှသာ ရင်သန်ကြီးထွားနိုင်မယ်။ ဒီတော့ ဝေဒနာကို ထိပ်တိုက်တိုး ရင်ဆိုင်ပစ်ရမယ်။ ဝေဒနာကို ရှောင်ပြေးရင် ဒါမှမဟုတ် စိတ်အလိုကို လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် သနားနေရင် အဲဒီလူတွေ မလွဲမသွေ တိုက်ပွဲမှာ ရှုံးမှာပဲ'

အဲဒါ သူပြောတဲ့ စကားမျိုး။

အနိုင်အရှုံး။ အသံတိတ် ရန်းကန်မှု။ ရင်တွင်းတိုက်ပွဲကို မြင်ယောင်လာစေတဲ့ စစ်ဘက်ဆိုင်ရာ အသုံးအနှုန်းတွေ။ သူပြောတဲ့အတိုင်း ပြောရရင် လူတစ်ဦးရဲ့ နှလုံးသားဟာ ကမ္ဘာမြေကြီးနဲ့ အတူတူပဲတဲ့။ တစ်ပိုင်းက နေရောင်ခြည်ထဲမှာရှိပြီး တစ်ပိုင်းက အရိပ်ထဲမှာ ရှိနေတယ်တဲ့။ သူတော်စင်တွေတောင် အလုံးစုံ အလင်းမရဘူးတဲ့။

'ရိုးရိုးရှင်းရှင်းကလေး ပြောရရင် တို့တစ်တွေမှာ ကိုယ်ခန္ဓာတွေ ရှိနေတာကိုက တို့တစ်တွေဟာ အရိပ်ထဲမှာ တစ်ပိုင်းရောက်နေလို့ပဲ။ တို့များဟာ ဖားတွေလို၊ ရေရော ကုန်းရောနေတဲ့ သတ္တဝါတွေနဲ့တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ တို့များရဲ့ အပိုင်းတစ်ပိုင်းက ပဲ့ာဒီ အောက်ခြေမှာ နေထိုင်ကျင်လည်နေပြီး ကျန်တစ်ပိုင်းက အလင်းရှိရာ အထက်ကို လှမ်းနေကြလို့ပဲ။ အဲဒီအလင်း ရှိမှန်းကို သိနေလို့ အဲဒီအလင်း ပျောက်ကွယ်သွားပြီး အမှောင်လွှမ်းမလာအောင် ကြိုးစားရုန်းကန်ထိန်းသိမ်းနေခြင်းဟာ လောကမှာ ကျင်လည်နေထိုင်ခြင်းရဲ့ အဓိပ္ပာယ်ပဲ။ သူတို့မှာ အဖြေမှန်သမျှ အကုန်ရှိနေပြီလို့ စွဲမှတ်နေသူတွေ၊





သူတို့ဟာ အရာရာမှာ ပြီးပြည့်စုံပြီလို့ ယူဆနေသူတွေကို မယုံနဲ့။ မင်းရဲ့ နှလုံးသားက မင်းကို ပြောတာကလွဲရင် ဘာဆိုဘာကိုမှ မယုံနဲ့'

သူ့ရဲ့ ဟောပြောချက်တွေကို မေမေကြီး နားထောင်တယ်။ နှစ်ခြိုက်သဘောကျတယ်။ မေမေကြီးရဲ့ ရင်ထဲမှာ နှစ်ပေါင်းတော်တော်ကြာအောင် ကြောင်းဆန်မှုနောက်နေပြီး စကားလုံးတွေနဲ့ ပြောမပြနိုင်တဲ့ ခံစားချက်တွေကို ထင်းခနဲ လင်းခနဲ ဖြစ်သွားအောင် ရှင်းပြ ပြောပြနိုင်တဲ့ သူလိုလူမျိုး မေမေကြီး တစ်ယောက်မှ မတွေ့ခဲ့ဖူးဘူးကွယ်။ သူ့စကားတွေကို နားထောင်ရတဲ့အခါမှာတော့ မေမေကြီးရဲ့ အတွေးတွေ ပုံပေါ်လာတယ်။ မေမေကြီး လျှောက်ရမယ့် လမ်းကို ချက်ချင်းလို တွေ့မြင်လာတယ်။ နောက်ပြီး အဲဒီခရီးကို လျှောက်လှမ်းလို့ မဖြစ်နိုင်ဘူးဆိုတဲ့ အတွေးတွေ ပျောက်သွားတယ်။

သူက မကြာခဏဆိုသလို သူ့ကျောပိုးအိတ်ထဲမှာ သူသိပ်သဘောကျတဲ့ စာအုပ်တစ်အုပ် ထည့်ယူလာလေ့ရှိတယ်။ လမ်းလျှောက်ပြီး ခဏတစ်ဖြုတ် နားချိန်ကျရင် အဲဒီစာအုပ်ထဲက စာပိုဒ်တွေကို သူ့ရဲ့ကြည်လင်ပြတ်သားပြီး နာကျော့တဲ့ အသံနဲ့ ဖတ်ပြတတ်တယ်။ မေမေကြီးလည်း အာနက်စတို သေဆုံးပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ကိုယ်လျှောက်ရမယ့် ခရီးလမ်းကို မြင်တွေ့လာပြီလို့ ယူဆမိတယ်။ ဒါပေမဲ့ မေမေကြီးရဲ့ အသိပညာက ကန့်သတ်ထားတော့ ခရီးလမ်းကို တစ်ဆုံးတစ်ဆ မမြင်နိုင်ဘူးပေါ့ကွယ်။

မေမေကြီးတို့ အတူတွဲတွဲပြီး လမ်းလျှောက်ကြတာ တစ်နှစ်ကျော်ကျော်လောက်ပဲ ကြာတယ်။ နောက်တော့ ဆိုင်းမဆင့် ဗုံမဆင့် ဆိုသလို သူ့အထက်က ပုဂ္ဂိုလ်တွေက သူ့ကို တခြားဒေသတစ်ခုကို ပြောင်းရွှေ့တာဝန်ပေးလိုက်တယ်။

ခွဲခွာမသွားမီကလေးမှာ မေမေကြီးရဲ့ အိမ်ရှေ့လှေကားထစ်အထိ လိုက်ပို့ပြီး စာအိတ်တစ်အိတ်ပေးတယ်။ အထဲမှာ ပို့စကတ်တစ်ခု။ ပို့စကတ်ပေါ်မှာတော့ စားကျက်မြက်ခင်းပြင်ကြီးတွေ လွှမ်းနေတဲ့ တောင်တစ်တောင်ရဲ့ ပုံပါတယ်။ ပုံပေါ်မှာ ဖြတ်ပြီး ရေးထားတဲ့ စကားလုံးတွေက 'ထာဝရဘုရားသခင်၏ သာသနာတော်သည် သင့်ရင်တွင်းမှာရှိသည်'တဲ့။ ပို့စကတ်ရဲ့ ကျော

www.burmeseclassic.com



ဘက်မှာ သူ့လက်ရေးနဲ့ရေးထားတဲ့ စာတစ်ပိုဒ်။

'ဝက်သစ်ချပင်အောက်ကို ရောက်ရင် "သင်" ဖြစ်မနေပါနဲ့၊ ဝက်သစ်ချပင်ဖြစ်နေပါ။ တောအုပ်ထဲရောက်နေရင် တောအုပ်ဖြစ်နေပါ။ မြက်ခင်းပေါ်ရောက်နေရင် မြက်ခင်းဖြစ်နေပါ။ လူတောထဲရောက်နေရင် လူတွေနဲ့ အတူနေပါ'

ထာဝရဘုရားသခင်၏ သာသနာတော်သည် သင့်ရင်တွင်းမှာ ရှိသည်တဲ့။ မှတ်မိလား။ မမေကြီး အယ်လ်အကီလာမှာ စိတ်မချမ်းသာတဲ့ သတို့သမီးဘဝနဲ့ ရောက်နေတုန်းက အဲဒီသဘောမျိုး ထင်ဟပ်ခံစားခဲ့ရတယ်ကွယ့်။ အဲဒီတုန်းကတော့ မျက်စိတွေမှိတ်ပြီး ကိုယ့်ရင်တွင်း ကိုယ်ပြန်ကြည့်တဲ့အခါ ဘာမှ မမြင်ခဲ့ရဘူး။ ဆရာတော်သောမတ်နဲ့ တွေ့ပြီး နောက်ပိုင်းမှာတော့ တစ်စုံတစ်ခု ပြောင်းလဲသွားတယ်။ ကိုယ့်ရင်တွင်း ကိုယ်ပြန်ကြည့်တဲ့အခါ ဘာမှတော့ မမြင်ရသေးဘူး။ ဒါပေမဲ့ ပိန်းပိတ်အောင် မှောင်မနေတော့ဘူး။ ဟိုး ခပ်လှမ်းလှမ်းမှာ အလင်းရောင် သဲ့သဲ့ကလေးကို မြင်ရတယ်။ မကြာမကြာ ဆိုသလို ပီဘိတာဒင်ကလေးလောက် ကိုယ့်ကိုယ်ကိုယ် မေ့ပျောက်နိုင်စွမ်းရှိလာတယ်။ အလင်းရောင်က မှိန်မှိန်ဖျော့ဖျော့ သေးသေးကလေးရယ်။ ဖွဖွကလေး ရှူထုတ်လိုက်တဲ့ လေနုကလေးကတောင် အဲဒီ မီးတောက်ကို သေသွားစေနိုင်တယ်။ ဒါပေမဲ့ အဲဒီ မီးတောက်ကလေးရှိနေတဲ့အတွက် မမေကြီးမှာ အလေးချိန်မရှိဘဲ ပေါ့ပါးတဲ့ ခံစားချက်မျိုး ခံစားရတယ်။ ပြီးတော့ ပျော်ရွှင်မှုမဟုတ်ဘဲ ကြည်နူးမှုကို ခံစားရတယ်။ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်အခြေအနေက အားရဝမ်းသာဖြစ်နေတာ မဟုတ်သလို ဂုဏ်သိက္ခာ ကြီးမြင့်နေတာလည်း မဟုတ်ဘူး။ ဉာဏ်အမြော်အမြင် ပိုကြီးလာတာ မဟုတ်သလို အဆင့်တစ်ဆင့် တက်သွားတာမျိုးလည်း မဟုတ်ဘူး။ ရင်ထဲမှာ ခံစားပြီး သိနေတာက ရှင်သန်ဖြစ်တည်မှုကို တည်တည်ကြည်ကြည် လေးလေးနက်နက်နဲ့ သိနေတဲ့ အသိတရားပဲ။

မြက်ပေါ်ရောက်ရင် မြက်ဘဝကိုခံယူပါ။ ဝက်သစ်ချပင် အောက်ကို ရောက်ရင် ဝက်သစ်ချပင်ဘဝကို ခံယူပါ။ လူတောထဲရောက်ရင် လူတစ်ယောက်အဖြစ်ခံယူပါ။

❒



## ဒီဇင်ဘာ ၂၀

ဒီမနက်တော့ ဘတ်ကရေ့ကသွား၊ မမေကြီးက နောက်ကလိုက်ပြီး ပစ္စည်းဟောင်းတွေသိမ်းတဲ့ ထပ်ခိုးကလေးပေါ် ရောက်သွားတယ်ကွဲ့။ ဒီထပ်ခိုးတံခါးကို မမေကြီး နောက်ဆုံးအကြိမ် ဖွင့်ခဲ့တာ ဘယ်နှနှစ်ရှိနေပြီလဲတောင် မမှတ်မိတော့ပါဘူးကွယ်။ အမယ်လေး...ဖုန်တွေက နေရာအနှံ့။ ရက်မထောင့်တွေမှာ ပင့်ကူအိမ်တွေက အပြည့်။ သေတ္တာတွေ၊ စက္ကူဘူးတွေကို ရွှေ့တော့ ဆောင်းခိုကြွက်သိုက်နှစ်ခုသုံးခု တွေ့ရတယ်။ ဒါပေမဲ့ ဒီကောင်လေးတွေ အိပ်မောကျနေလိုက်ကြတာ ဘာဆိုဘာမှ မသိကြဘူးလေ။ ကလေးတွေက ထပ်ခိုးတွေကို ချစ်ပေမဲ့ လူကြီးတွေကတော့ သိပ်မချစ်ကြတော့ဘူးကွဲ့။ ငယ်ဘဝတုန်းက လျှို့ဝှက်သဲဖို့နဲ့ စွန့်စားရှာဖွေ ဖော်ထုတ်မှုတွေ ပြုလုပ်ရတဲ့ နေရာဟာ ခုတော့ ကြေကွဲစရာအမှတ်တရ ဖြစ်ရပ်တွေ ပြည့်လျှံနေတဲ့နေရာ ဖြစ်လာပြီပေါ့ကွယ်။

မမေကြီးက ခရစ္စမတ်ပစ္စည်းတွေ ထည့်တဲ့ ဘူးကလေးကို ရှာတာ။ စက္ကူဘူးတော်တော်များများနဲ့ သေတ္တာကြီး နှစ်လုံးဖွင့်ပြီး ရှာပြီးမှပဲ တွေ့တော့တယ်။ သတင်းစာစက္ကူတွေ၊ အဝတ်ဟောင်းတွေနဲ့ သေသေသပ်သပ် ထုတ်ထားတဲ့ အီလာရီယာ့အကြိုက်ဆုံး အရုပ်ကလေးရော တခြား ကစားစရာတွေကိုပါ တွေ့ရရဲ့။

အဲဒီအောက်ဘက်မှာမှ အော်ဂတ်စတိုရဲ့ ပိုးကောင်တွေ၊ မသိုးမပုပ်အောင် စနစ်တကျ ဆေးစိမ်ထားတာ။ သူ့ရဲ့ မှန်ဘီလူးကြီးလည်းပါရဲ့။ နံဘေး



www.burmeseclassic.com

www.burmeseclassic.com



နားက သကြားလုံးထည့်တဲ့ သံဘူးထဲမှာတော့ ဖဲပြားအနီနဲ့ ထုပ်ထားတဲ့ အာနက်စတိုရဲ့စာတွေ။ သမီးလေးရဲ့ ပစ္စည်းတွေတော့ မရှိဘူးကွယ်။ သမီးလေးက ငယ်သေးတယ်။ ရှင်သန်တက်ကြွနေသေးတယ်။ သမီးလေးက ထပ်ခိုးထဲ ဝင်စရာမလိုသေးဘူး။

သေတ္တာကြီးတွေထဲက အထုပ်တွေ အထုပ်တွေထဲမှာတော့ ဖုံးကြမ်ရလို့ ပျက်စီးသွားတဲ့ အပျက်အစီးပုံထဲက လိုက်ကောက်ထားတဲ့ ပစ္စည်းကလေးတွေ။ မီးကျွမ်းပြီး မည်းတူးနေပြီ။ ဒါလေးတွေကို ဓာတ်တော်မွေတော်တွေလို တယုတယ အပြင်ထုတ်ယူရတယ်။ အများစုကတော့ စားဖိုဆောင်သုံး ပစ္စည်းကလေးတွေပါ။ အောက်ဆုံးမှာတော့ ကိတ်မုန့်ဖုတ်တဲ့ သံဘူးကလေး။ ပြီးတော့ စာအုပ်တစ်အုပ်က စာရွက်တွေ။ အဖုံးမရှိတော့ဘူး။ ဘာစာအုပ်ပါလိမ့်။ မမှတ်မိဘူး။ စာရွက်တွေ ပြုတ်ထွက်နေတဲ့ စာအုပ်ကို ကောက်ကိုင်လိုက်မှပဲ မှတ်မိတော့တယ်။ ထိပ်ဆုံးက စာတစ်ကြောင်း နှစ်ကြောင်း ဖတ်ပြီးတာနဲ့ အားလုံးပြန်သတိရလာတော့တယ်။ ဒါဟာ စာအုပ်ဟောင်းတစ်အုပ် မည်ကာမတ္တမဟုတ်ဘူး။ မမေကြီး ငယ်ငယ်က အရမ်းစွဲခဲ့၊ ကြိုက်ခဲ့တဲ့ စာအုပ်ပေါ့။ စာအုပ်နာမည်က 'နှစ်ဆယ့်တစ်ရာစု၏ အံ့ဖွယ်ရာများ'တဲ့။ စိတ်ကူးယဉ် သိပ္ပံဝတ္ထုတစ်ပုဒ်ပါ။ ဇာတ်လမ်းက ရိုးရိုးပဲ။ ဒါပေမဲ့ စိတ်ကူးပုံရိပ်တွေကတော့ အပြည့်ပဲ။ ဆယ့်ကိုးရာစုနှစ်ကုန်ပိုင်းမှာ နေထိုင်တဲ့ သိပ္ပံပညာရှင်နှစ်ယောက်ဟာ သိပ္ပံပညာတိုးတက်မှုကြောင့် အံ့ဩစရာတွေ ဖြစ်လာမယ်လို့ ထင်ထားတာတွေ တကယ်ဖြစ်လာမလားဆိုတာ စောင့်ကြည့်တဲ့ ဇာတ်လမ်းပေါ့။

စာရေးဆရာရဲ့ အာဘော်အရကတော့ လူတွေဟာ ထူးဆန်းအံ့ဩစရာကောင်းတဲ့ စွမ်းဆောင်မှုတွေ အများကြီးလုပ်ခဲ့သတဲ့။ ငတ်မွတ်မှုနဲ့ ဆင်းရဲမွဲတေမှုဆိုတာ ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားတယ်။ သိပ္ပံပညာကို နည်းပညာသစ်တွေနဲ့ ပံ့ပိုးလိုက်တော့ ကမ္ဘာ့နေရာဒေသတိုင်းမှာ မြေဩဇာတွေ ကောင်းလာတယ်။ ပိုပြီး အရေးကြီးတာက ထွက်ကုန်သီးနှံတွေမှန်သမျှကိုလည်း ကမ္ဘာ့လူသားတွေအားလုံး လုံလုံလောက်လောက် မျှဝေယူနိုင်ကြတယ်။ ဆင်းရဲပင်ပန်းမယ့် အလုပ်တွေကို စက်ကိရိယာတွေက ဆောင်ရွက်နိုင်တယ်။ ဒီတော့ လူသားတွေ



မှာ အချိန်ပိုတွေ အများကြီးဖြစ်နေတာပေါ့။ ကိုယ်စားဖို့အတွက် ကောက်ပဲသီးနှံတွေကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ကြတယ်။ ကမ္ဘာကြီးဟာ ဂီတသံတွေ၊ ကဗျာရွတ်သံတွေ၊ တည်ကြည်လေးနက်ပြီး ဆည်းပူးမှုအပြည့်နဲ့ အတွေးအခေါ်ဆွေးနွေးညှိနှိုင်းသံတွေ လျှံဝေနေတယ်။ သိပ္ပံပညာရှင်ကြီးနှစ်ယောက်က အရမ်းကျေနပ်ဝမ်းသာဖြစ်ရတာပေါ့။ သူတို့မျှော်လင့်ထားတာတွေ အကုန်ဖြစ်လာတာကိုး။

နောက်ပြီး ကမ္ဘာပေါ်မှာ စစ်တပ်တွေ မရှိတော့ဘူး။ စစ်သားတွေ မရှိတော့ဘူး။ အဲဒီလိုပဲ မင်းမဲ့ဝါဒီတွေ၊ တော်လှန်ရေးသမားတွေလည်း မရှိတော့ဘူး။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှု အပြည့်ရနေတာပေါ့။ ဒါပေမဲ့ လူတွေဟာ ကမ္ဘာဖျက်လက်နက်တွေကို မလုပ်တော့တဲ့ ထိန်းချုပ်ထားကြပေမဲ့ ဖျက်ဆီးချင်တဲ့ ပင်ကို သဘာဝကိုတော့ ပျောက်ဖျက်လို့ မရဘူး။ စစ်သားတွေ၊ သေနတ်တွေ၊ လုံ့စွပ်တွေဆိုတာ အတိတ်မှာ ကျန်ခဲ့ကြပြီ။ အစစအရာရာ တိုးတက်တဲ့ ခေတ်ကြီးမှာ အဲဒီလက်နက်တွေအစား အရမ်းအစွမ်းထက်တဲ့ လက်နက်သေးသေးကလေးတစ်ခု ထုတ်လုပ်လိုက်တယ်။ ဖျက်ဆီးချင်ရင် လွယ်လွယ်ကလေး။ တောင်ထိပ်တစ်ခုခုပေါ်တက်ပြီး အဲဒီလက်နက်ကလေးကိုသာ ပစ်ချလိုက်၊ တစ်ကမ္ဘာလုံး စီစီညက်ညက် ကြေသွားနိုင်တယ်တဲ့။

အဲဒီစာကို ဖတ်ပြီးတဲ့အခါ ကလေးသဘာဝအတိုင်း သက္ကရာဇ် နှစ်ထောင်အထိ နေရမလားဆိုတာ တွက်ချက်ကြည့်တာပေါ့။ အသက် ကိုးဆယ်ဆိုတာ တော်တော်လေး ရင့်မှည့်နေပြီ။ ဒါပေမဲ့ ထောင်စုနှစ်သစ်အထိ မနေရတော့ဘူးလို့ မပြောနိုင်တဲ့ အသက်အရွယ်ပဲ။ ဘာပဲဖြစ်ဖြစ် မမေကြီး ကြည်နူးပီတိဖြစ်မိတာတော့ အမှန်ပဲ။ နှစ်ဆယ့်တစ်ရာစုအထိ မနေလိုက်ရသူတွေထက် ငါက သာတယ်ဆိုတဲ့ ဘဝင်မြင့်စိတ်ကလေးကတော့ ဝင်မိသား။

ခုတော့ ထောင်စုနှစ်သစ်ကို ရောက်ခါနီးနေပြီ။ အဲဒီခေတ်ကို မြင်တွေ့ကြုံဆုံဖို့ နေရတော့မှာ မဟုတ်ဘူးဆိုတာ မမေကြီး သိနေတယ်။ အဲဒီအတွက် မမေကြီး ကြေကွဲရသလား။ ဒါမှမဟုတ် လွမ်းဆွတ်တမ်းတမိသလား။ ဟင့်အင်း၊ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်တာလောက်ပါပဲ။ စာအုပ်ထဲမှာ ဖော်ပြထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အံ့ဖွယ်ရာတွေ အားလုံးထဲက အမှန်တကယ် ဖြစ်လာတာ တစ်ခုပဲ မေမေကြီး တွေ့ခဲ့ရတယ်။ သေးသေးကလေးနဲ့ အလွန်မတန် အစွမ်းထက်တဲ့ လက်နက်လေ။ ဘဝနိဂုံးပိုင်းကို ရောက်နေတဲ့ တခြားလူတွေ ခံစားရသလား မခံစားရသလားဆိုတာတော့ မေမေကြီး မသိဘူး။ မေမေကြီးကတော့ သက်တမ်းအရှည်ကြီး နေခဲ့ရပြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရတာ အမှန်ပဲ။ ကျောက်ခေတ်လူသားတွေ မေမေကြီးလို ခံစားရ မခံစားရတော့ မေမေကြီးလည်း မပြောတတ်ဘူး။

မေမေကြီး နေထိုင်ကျင်လည်ခဲ့ရတဲ့ ရာစုနှစ်တစ်စုနီးပါးအကြောင်း ပြန်စဉ်းစားကြည့်တော့ အချိန်တွေ အကုန်မြန်လာပြီလို့ ထင်မှတ်မိတယ်ကွဲ့။ ဒါပေမဲ့ နေ့တစ်နေ့ဟာ နေ့တစ်နေ့ပါပဲ။ ညတစ်ညရဲ့ ရှည်ကြာမှုအတိုင်းအတာဟာ နေ့တစ်နေ့ရဲ့ ရှည်ကြာမှုအတိုင်းအတာရဲ့ အချိုးအဆတစ်ခုအတိုင်း ရှိနေတုန်းပါပဲ။ နေ့တစ်နေ့ရဲ့ ရှည်ကြာမှုအတိုင်းအတာကို ရာသီဥတုတွေက ပြဋ္ဌာန်းနေဆဲပါပဲ။ ဒီလို ပြဋ္ဌာန်းမှုဟာ ကျောက်ခေတ်နှောင်းပိုင်းတုန်းက ပြဋ္ဌာန်းပုံအတိုင်းပါပဲ။ နေဟာထွက်လာပြီး ပြန်ဝင်သွားတယ်။ နက္ခတ္တဗေဒအရ ပြောရရင် ကွာခြားမှုရှိမယ်ဆိုရင်တောင် မပြောပလောက်တဲ့ ကွာခြားမှုကလေးပဲ ရှိလိမ့်မယ်။

အဲဒီကြားထဲကပဲ အစစအရာရာ အမြန်နှုန်းတွေ တိုးတက်နေတယ်လို့ မေမေကြီး ထင်မိတယ်။ သမိုင်းကြောင်းမှာ ဖြစ်ပျက်မှုတွေက ပြည့်နှက်နေတယ်။ ဖြစ်ပျက်မှုပုံစံမျိုးစုံက တို့များကို စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် ဖိစီးနှိပ်စက်တယ်။ ဒီတော့ နေ့တစ်နေ့ ကုန်ဆုံးတိုင်း တို့တစ်တွေ တစ်နေ့ထက်တစ်နေ့ ပိုပြီးနွမ်းနယ်လာတယ်။ သက်တမ်းရဲ့ နောက်ဆုံးနေ့တွေလည်း ရောက်ရော တို့တစ်တွေ ခြေကုန်လက်ပန်းကျနေပြီပေါ့ကွယ်။

တရုတ်စကားပုံ တစ်ခုကတော့ ဆိုတယ်၊ 'အသင်စိတ်ဝင်စားဖွယ်ကောင်းသော ခေတ်ကာလမှာ နေထိုင်ရပါစေသော်' တဲ့။ ဒါ ခင်မင်ရင်းနှီးမှုကို ဖော်ပြတာလား မေမေကြီးကတော့ အဲဒီလို မထင်ဘူး။ ဒါဟာ ကျိန်စာတစ်ခုပဲ။ စိတ်ဝင်စားစရာကောင်းတဲ့ ခေတ်ဆိုတာ အဖြစ်အပျက်တွေ အများကြီး ဖြစ်တဲ့ခေတ်။ အဖြစ်အပျက်တွေ အများကြီးဖြစ်တဲ့အတွက် ဒုက္ခတွေ အများကြီး





ရောက်တာပေါ့။ စိတ်ဝင်စားစရာကောင်းတဲ့ ခေတ်ကာလမှာ မေမေကြီး နေထိုင်ကျင်လည်ခဲ့ပြီ။ သမီးလေးက ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ ခေတ်တွေမှာ နေထိုင်ကျင်လည်ရမယ်။ နက္ခတ္တဗေဒသဘောအရ ဖြစ်နေကျထုံးစံတစ်ခုဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမဲ့ ထောင်စုနှစ်တစ်စု အကူးအပြောင်းဆိုရင် မဘားဥပဒ်ကပ်ဆိုးကြီးတွေ အမြဲကျရောက်သလို ရှိနေတယ်ကွဲ့။

သက္ကရာဇ်နှစ်ထောင်ရဲ့ ဇန်နဝါရီလ တစ်ရက်နေ့မှာ သစ်ပင်ပေါ်က ငှက်ကလေးတွေဟာ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တုန်းက အချိန်အတိုင်း အိပ်ရာက နိုးထကြလိမ့်မယ်။ သူတို့ဟာ ဆိုနေကျ သီချင်းကိုပဲ ဆိုကြမယ်။ ဆိုပြီးတဲ့အခါ မနေ့ကလိုပဲ အစာရှာထွက်ကြလိမ့်မယ်။ ဒါပေမဲ့ လူသားတွေကျတော့ တစ်မျိုးတစ်မည် ကွဲပြားခြားနားနေလိမ့်မယ်။ တကယ်လို့ မျှော်လင့်ထားတဲ့ ဘေးဥပဒ်ကြီးတွေ ကျရောက်မလာဘူးဆိုရင် သူတို့ဟာ ပိုပြီး သာယာကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်လာအောင် တည်ဆောက်ဖို့ စတင် ပြင်ဆင်ကောင်း ပြင်ဆင်ကြလိမ့်မယ်။ သူတို့ အဲဒီလို ပြင်ဆင်ကြမှာလား။ ဖြစ်နိုင်ပါတယ်။ မဖြစ်လည်း မဖြစ်နိုင်ဘူး။ ခုချိန်ထိ မေမေကြီး မြင်တွေ့နေရတဲ့ နိမိတ်လက္ခဏာတွေကတော့ အားလုံးတစ်ကွဲတစ်ပြားစီပဲ။ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်မှုလည်း မရှိဘူး။ တစ်ခါတစ်ခါကျတော့ လူတွေကို အလိုလို သိစိတ်နဲ့ လှုပ်ရှားနေတဲ့ လူဝံကြီးတွေအဖြစ်ပဲ မေမေကြီး မြင်မိတယ်။ ကံဆိုး မိုးမှောင်ကျချင်တော့ ဒီလူဝံကြီးတွေဟာ ရှုပ်ထွေးဆန်းကြယ်ပြီး အလွန်မတန် အင်အားကြီးတဲ့ စက်ယန္တရားတွေကို အသုံးချနိုင်စွမ်းရှိနေတာပဲ။ တခြားအချိန်တွေမှာတော့ လူတွေရဲ့ အဆိုးဆုံးအဆင့်ကို ကျော်သွားပြီ၊ လူ့သဘာဝထဲက ကောင်းမွန်မြင့်မြတ်တဲ့ အပိုင်းကထွက်စပြီး ပေါ်လာနေပြီလို့ ထင်မိပြန်တယ်။

ကဲ၊ ဘယ်မှန်းဆချက်က မှန်မလဲ။

မေမေကြီးအတွေးကြွယ်နေမိတယ်။ ဘယ်ဟာမှ မမှန်ဘဲ ရှိချင်ရှိမယ်။ သက္ကရာဇ် နှစ်ထောင်ရဲ့ ပထမဦးဆုံးညမှာ ကောင်းကင်ဘုံက လူတွေကို မြဲဒဏ်ခတ်ချင်လည်း ခတ်လိမ့်မယ်။ လူတွေရဲ့ မိုက်မဲမှုအတွက်၊ ကမ္ဘာမြေကြီးရဲ့ သယံဇာတတွေကို ချင့်ချိန်ဉာဏ်နည်းနည်းနဲ့ ဖြုန်းတီးမှုအတွက် သူတို့အပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



မီးနဲ့ကန့်မိုးကြိုး ဒလဟောသွန်ချကောင်း သွန်ချလိမ့်မယ်။

နှစ်ထောင်ခုနှစ်ကျရင် သမီးလေးအသက် နှစ်ဆယ့်လေးနှစ်ပဲ ရှိဦးမယ်။ ဖြစ်ပျက်သမျှအားလုံးကို သမီးလေး မြင်ရ တွေ့ရမှာပဲ။ ဒါပေမဲ့ အဲဒီအချိန်ဆို မေမေကြီးက သွားရတော့မယ်။ မပြည့်ဆည်းနိုင်တဲ့ ဆန္ဒတွေကို အုတ်ဂူထဲအထိ သယ်သွားရုံပေါ့။ ခေတ်သစ်ကို ရင်ဆိုင်ဖို့ သမီးလေး အသင့်ပြင်ထားရဲ့လားဟင်။ သမီးလေး ရင်ဆိုင်နိုင်စွမ်းကော ရှိရဲ့လား။ ခုအချိန်မှာ မိုးကောင်းကင်ပေါ်က နတ်သမီးကလေး တစ်ပါးသာ ဆင်းလာပြီး မေမေကြီးကို လိုရာဆုတောင်းခိုင်းရင် မေမေကြီး ဘာဆုတောင်းမလဲသိလား။ မေမေကြီးကို ဆောင်းခိုကြက်ကလေးဖြစ်ဖြစ်၊ ငှက်ကလေးဖြစ်ဖြစ်၊ ပင့်ကူကလေးဖြစ်ဖြစ် အသွင်ပြောင်းပေးဖို့ ဆုပန်မှာပဲ။ သမီးကလေးနဲ့ နီးနီးနားနားမှာ နေခွင့်ရပြီး သမီးကလေးလည်း မမြင်သာလောက်အောင် သေးငယ်တဲ့ သတ္တဝါကလေးတစ်ကောင် အဖြစ်လေ။ သမီးလေးရဲ့ အနာဂတ်က ဘယ်လိုဘယ်ပုံ ရှိမလဲဆိုတာ မေမေကြီး မသိဘူး။ မေမေကြီး ကြိုးစားပြီး ပုံဖော်ကြည့်တောင် ပုံဖော်လို့ မရနိုင်ဘူး။ မေမေကြီးက သမီးလေးကို ချစ်တဲ့သူဆိုတော့ အဲဒီလို မသိရတဲ့အတွက် စိတ်သောကရောက်မိတာပေါ့ကွယ်။

မေမေကြီးတို့ မြေးအဘွား ဒီအကြောင်းကို ဆွေးနွေးခဲ့တာ အကြိမ်တော်တော်နည်းတယ်နော်။ အဲဒီလို ဆွေးနွေးကြတုန်းက သမီးလေးရဲ့ အနာဂတ်ဟာ လှပမှာ မဟုတ်ဘူးလို့ သမီးလေးက ကံသေကံမ ပြောခဲ့တယ်။ အဲဒီအချိန်တုန်းက သမီးလေးကို နှိပ်စက်ညှဉ်းပန်းနေတဲ့ စိတ်ဆင်းရဲမှုဟာ နောင်တစ်သက်လုံး နှိပ်စက်ညှင်းပန်းတော့မှာပဲလို့ သမီးလေး ခိုင်ခိုင်မာမာ ပြောခဲ့တယ် မဟုတ်လား။ မေမေကြီးကတော့ အဲဒါနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ကို ယုံကြည်တယ်ကွဲ့။ ဘာဖြစ်လို့လဲ၊ ဒီလိုရှုးကြောင်ကြောင် စိတ်ကူးမျိုး ပေါ်လာအောင် ဘယ်လိုနိမိတ်လက္ခဏာတွေ တွေ့ရလို့လဲလို့ သမီးလေး မေးလိမ့်မယ်။ ဘတ်ပေါ့ကလေးရယ်။ မေမေကြီး အဲဒီလို ယုံကြည်လာအောင် လုပ်ပေးလိုက်တာ ဘတ်ဆိုတဲ့ ခွေးကလေးပေါ့။ ဘတ်က ဘာဖြစ်လို့လဲ၊ သိလား။ ခွေးခြံမှာ သွားပြီး ရွေးကြတော့ ဒီကောင်လေးကို ခွေးတွေ အများကြီးထဲက ခွေးကလေး



တစ်ကောင်အဖြစ်ပဲ သမီးလေး ရွေးခဲ့တယ်လေ။ ဒါပေမဲ့ နောက်သုံးနှစ်အတွင်းမှာ သမီးလေးဟာ ခွေးရွေးတာထက်ပိုကြီးပြီး ပိုခက်ခဲတဲ့ အဆုံးအဖြတ်တွေ ပေးရမယ့်တိုက်ပွဲကို ဆင်နွှဲခဲ့ရတယ်။ ပကာသန လွှမ်းတဲ့ အပေါ်ယံလောကရဲ့ ဆွဲဆောင်မှုတွေနဲ့ နှလုံးသားဆန္ဒ လွန်ဆွဲတဲ့ပွဲလေ။ သမီးလေးတစ်ချက်မှ မတွေဝေ၊ တစ်ချက်မှ မတုံ့ဆိုင်းဘဲ နှလုံးသားဆန္ဒနောက်ကို လိုက်ဖို့ ရွေးချယ်ခဲ့တယ်။

မေမေကြီးသာ အဲဒီတုန်းက သမီးလေးအသက်အရွယ်မျိုးဆိုရင် ဘယ်လိုခွေးမျိုးကို ရွေးမလဲသိလား။ အမွေးဖွားဖွား၊ ကျက်သရေရှိရှိ၊ မျိုးရိုးအကောင်းဆုံးဖြစ်ပုံရပြီး အနံ့အသက်အကောင်းဆုံး တစ်ကောင်ကို ရွေးမှာပေါ့။ ဒီခွေးကလေးနဲ့ လမ်းလျှောက်ထွက်သွားရင် လူတွေအားလုံးလှည့်ကြည့်ရမယ့် ခွေးမျိုးကို ရွေးမှာပေါ့။ မေမေကြီးရဲ့ စိတ်မလုံမှုမှာ ပတ်ဝန်းကျင်ရဲ့ သွန်သင်ဆုံးမမှုတွေ ထပ်ဆင့်လိုက်တော့ မေမေကြီးဟာ အပြင်ပန်းသွင်ပြင်လက္ခဏာတွေကို မလွန်ဆန်နိုင်တဲ့ သားကောင်တစ်ကောင် ဖြစ်နေပြီလေ။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဒီဇင်ဘာ ၂၁

ထပ်ခိုးကလေးပေါ်မှာ ဖွနှောက်လှန်လှောရှာဖွေပြီးတဲ့အဆုံးမှာ ခရစ္စမတ်ပစ္စည်းဘူးကလေးနဲ့ မီးလောင်ပုံထဲက ကောက်ယူလာတဲ့ ကိုတ်မုန့်ဖုတ်တဲ့ သံခွက်ကလေး ယူပြီး ပြန်ဆင်းခဲ့တယ်။

ခရစ္စမတ်ပွဲတော်နေ့ နီးလာပြီဆိုတော့ ခရစ္စမတ်ပစ္စည်းဘူးကလေး ယူလာတာကို သမီး သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကိတ်မုန့်ဖုတ်တဲ့ သံခွက်ကလေးက ဘာလုပ်ဖို့လဲလို့ သမီးလေး မေးလိမ့်မယ်။

ဒီမုန့်ဖုတ်တဲ့ ခွက်ကလေးဟာ မေမေကြီးရဲ့အဘွား၊ သမီးလေးရဲ့ အဘီပိုင်တဲ့ ခွက်ကလေးကွဲ့။ မေမေကြီးတို့ မိသားစုသမိုင်းမှာ မိန်းမဘက်က ကျန်ခဲ့တဲ့ ပစ္စည်းဆိုလို့ ဒါလေးတစ်ခုရှိတော့တာ။ ထပ်ခိုးပေါ် တင်ထားခဲ့တာ အကြာကြီး ကြာပြီဆိုတော့ သံချေးအထပ်ထပ် တက်နေပြီပေါ့။ ဒီသံချေးတွေကို တော်တော်ချွတ်ပစ်ရတာကလား။ သူ့သက်တမ်းအတွင်းမှာ ဒီခွက်ကလေးဟာ မုန့်ဖုတ်ဖိုထဲကို ဘယ်လောက်အထိ အကြိမ်ကြိမ်အဖန်ဖန် ဝင်ခဲ့ရသလဲ။ မုန့်ဖုတ်သမား ဘယ်နှဦးရဲ့ လက်ထဲကို သက်ဆင်းခဲ့ရသလဲ။ တစ်ကြိမ်ထက် တစ်ကြိမ်ပိုပြီး ခေတ်မီလာတဲ့ မုန့်နှစ်တွေ ဘယ်လောက်များများ ဒီခွက်ကလေးထဲ ရောက်ခဲ့သလဲ။ စဉ်းစားကြည့်စမ်း။ ဒါလေးကို ပြန်ပြီး အသက်သွင်းပေးချင်လို့ မေမေကြီး ယူခဲ့တာ။ သမီးလေး အသုံးပြုလို့ရအောင်။ ပြီးတော့ သမီးလေးရဲ့ သမီးတွေကို လွှဲပြောင်းပေးအပ်ခဲ့နိုင်အောင်။ ဘာဖြစ်လို့လဲဆိုတော့ ဒါလေးရဲ့





အသုံးဝင်မှုက မဖြစ်စလောက်ပေမဲ့ ဒီပစ္စည်းကလေးက မေမေကြီးတို့ မျိုးဆက်တွေရဲ့ ဇာတ်လမ်းကို ထိန်းသိမ်းထားလို့ပဲ။

သေတ္တာကြီးရဲ့ အောက်ဆုံးမှာ အဲဒီခွက်ကလေးကို တွေ့လိုက်တာနဲ့ မေမေကြီးတို့နှစ်ယောက် နောက်ဆုံးအကြိမ် ပျော်ရွှင်ကြည်နူးခဲ့ကြတဲ့ ဖြစ်ရပ်ကလေးကို သတိရလိုက်တယ်။ အဲဒါ ဘယ်တုန်းကလဲ။ တစ်နှစ်လောက်က… အဲဒီထက်တောင် ကြာနိုင်သေးတယ်။ အဲဒီတုန်းက နေ့လယ်စာစားပြီးခါစကလေးမှာ မေမေကြီးရဲ့ အခန်းကို တံခါးမခေါက် အသံမပေးဘဲ သမီးလေးဝင်လာတယ်။ ခုတင်ပေါ်မှာ ပက်လက်လှန်၊ လက်နှစ်ဖက် ရင်ဘတ်ပေါ်တင်ပြီး အနားယူနေတဲ့ မေမေကြီးကို သမီးလေးတွေ့တယ်။ မေမေကြီးကို တွေ့တွေ့ချင်း သမီးလေး မထိန်းနိုင် မသိမ်းနိုင်ဘဲ ရှိုက်ကြီးတငင် ငိုတော့တာပဲ။ သမီးလေးရဲ့ ရှိုက်သံတွေက မေမေကြီးကို နှိုးလိုက်တယ်လေ။

‘ဟဲ့ ဘာဖြစ်တာလဲ။ ဘယ်လိုဖြစ်လို့လဲ’

ခုတင်ပေါ် ထထိုင်ရင်း မေမေကြီး မေးတယ်။

‘မေမေကြီးက သေတော့မှာမို့လို့ ငိုတာ’

စောစောကထက် ပိုသည်းပြီး ငိုရင်း သမီးလေးပြောတယ်။

‘ဩော် ကလေးရယ်၊ အဲဒီလောက်မြန်မြန်ကြီးလည်း မသေသေးဘူး ထင်ပါရဲ့ကွယ်’

ရယ်ရယ်မောမော ပြောလိုက်တယ်။ ပြီးမှထပ်ပြီး

‘တို့မြေးအဘွား ဘာလုပ်မလဲသိလား။ မေမေကြီးက လုပ်တတ်ပြီး သမီးလေး မလုပ်တတ်တဲ့ အလုပ်တစ်ခုခုကို ဘယ်လိုလုပ်ရမလဲဆိုတာ မေမေကြီး သင်ပေးမယ်။ ဒါဆို မေမေကြီး မရှိတော့တဲ့အခါ အဲဒီအလုပ်ကို သမီးလေး လုပ်ရင်း မေမေကြီးကို သတိရနေမယ်လေ’

လို့ ပြောလိုက်တယ်။ မေမေကြီး မတ်တတ်ရပ်တော့ သမီးလေးက မေမေကြီးရဲ့ လည်ပင်းကို သိုင်းဖက်လိုက်တယ်။

‘ကဲ…ဒါဆို သမီးလေးကို ဘာသင်ပေးရမလဲ၊ ပြော’

ကိုယ်ကိုယ်တိုင် စိတ်လှုပ်ရှားနေတာ လျော့သွားအောင် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ သမီးလေး မျက်ရည်တွေသုတ်၊ ခဏစဉ်းစားပြီးမှ ပြောတယ်။

'သမီးတို့ ကိတ်မုန့်ဖုတ်ကြရအောင်လေ'

ဒါနဲ့ စားဖိုဆောင်ထဲဆင်းခဲ့ကြပြီး တိုက်ပွဲရှည်ကြီး တစ်ပွဲနွှဲကြတော့တာပေါ့။ အဦးဆုံးအနေနဲ့ သမီးလေးဟာ အပေါ်ဝတ်ဂါဝန်ထပ်မဝတ်ချင်ဘူး။

'အဲဒါကြီးကို ဝတ်ရင် သမီးဆံပင်လိပ်တွေ ညှပ်ရမယ်၊ ပြီးရင် ညှပ်ဖိနပ်တွေ စီးရမယ်...ဆုံးမှာ မဟုတ်တော့ဘူး'

အဲဒီနောက် ကြက်ဥအကာတွေ ပျစ်လာအောင် ခေါက်ရတော့ လက်ကောက်ဝတ်တောင် နာလာပြီလို့ ညည်းတယ်။ နောက်တော့ ထောပတ်နဲ့ ကြက်ဥအနှစ်တွေ သမအောင် မမွှေနိုင်လို့ စိတ်ဆိုးပြန်ရော။ တစ်ခါ မုန့်ဖိုက မြန်မြန်ဆန်ဆန် ပူမလာလို့ စိတ်တိုလိုက်သေး။ ချောကလက်တွေ အရည်ပျော်အောင် မွှေတဲ့ သစ်သားဇွန်းကြီးကို လျှာနဲ့လျက်တော့ ဇွန်းက ချောကလက်ရည်တွေ မေမေကြီး နှာခေါင်းမှာ ပေနေတာကြည့်ပြီး သမီးလေး အူလှိုက်သည်းလှိုက် ရယ်ခဲ့သေးတယ်လေ။

ရိုးရိုးကိတ်မုန့်ကလေးတစ်လုံး ဖုတ်ဖို့ တို့မြေးအဘွားနှစ်ယောက် တစ်နေ့ခင်းလုံး အချိန်ကုန်ခဲ့တယ်။ စားဖိုဆောင်တစ်ခုလုံးလည်း ဗုံးကြဲခံထားရသလို ပွစာကြဲလို့။ အဲဒီတုန်းကဆို တို့မြေးအဘွား ပွင့်ပွင့်လင်းလင်းနဲ့ တရင်းတနှီး ရှိခဲ့တယ်။ အလုပ်တစ်ခုကို ပူးပေါင်းကြံစည်လုပ်ကိုင်ရာက ပေါက်ဖွားလာတဲ့ ရှင်မြူးတက်ကြွမှုမျိုး ရှိခဲ့ကြတယ်။ မုန့်ဖိုထဲကို ကိတ်မုန့်ရောက်သွားပြီး ကိတ်မုန့်ကလေး တဖြည်းဖြည်း ညိုရောင်သန်းလာတာကို မှန်အကာထဲက ကြည့်နေတဲ့ သမီးလေးဟာ ဘာဖြစ်လို့ မုန့်ဖုတ်နေကြသလဲဆိုတာကို ခုမှပြန်သတိရသွားတယ်။ ဒီတော့မှ ငိုကြီးချက်မလုပ်ပြန်ပါလေရော။ ဒီတော့ စားဖိုဆောင်ထဲမှာပဲ သမီးလေးကို ချော့ရပြန်တာပေါ့။

'မငိုပါနဲ့ သမီးလေးရယ်။ မှန်တယ်၊ သမီးလေးအရင် မေမေကြီးသေရမယ်။ ဒါပေမဲ့ မေမေကြီး ဒီမှာ မရှိတော့တဲ့တိုင်အောင် ဒီမှာ ရှိနေသလိုပဲ ဖြစ်မှာပါ။ သမီးလေးရဲ့ ပျော်စရာအမှတ်တရတွေထဲမှာ မေမေကြီး ရှင်သန်နေမှာပါ။ သစ်ပင်တွေ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းနဲ့ ပန်းခင်းတွေကို သမီးလေးကြည့်





လိမ့်မယ်။ ပြီးတော့ တို့နှစ်ယောက် ပျော်ပျော်ကြီး နေခဲ့ကြတဲ့ အချိန်တွေကို သတိရလိမ့်မယ်။ မေမေကြီးရဲ့ လက်တန်းကုလားထိုင်ကြီးပေါ်မှာ သမီးလေးထိုင်တဲ့အခါ ဒါမှမဟုတ် ဒီနေ့သင်ပေးလိုက်တဲ့အတိုင်း သမီးလေးကိတ်မုန့်ဖုတ်တဲ့အခါ နှာခေါင်းမှာ ချောကလက် အညိုရောင်တွေ ပေနေတဲ့ မေမေကြီးကို မြင်ရမှာပေါ့ကွယ်"

❐

www.burmeseclassic.com

www.burmeseclassic.com

## ဒီဇင်ဘာ ၂၂

ဒီမနက်တော့ မနက်စောစော စားပြီးတာနဲ့ ညှော်ခန်းထဲသွားပြီး မီးလင်းဖိုနားက ခါတိုင်းနေရာမှာ ခရစ်စမတ်ပုခက်ကလေးကို ချထားလိုက်တယ်။ အရင်ဦးဆုံး အစိမ်းရောင် စက္ကူကို ဖြန့်ခင်းတယ်။ ပြီးတော့ ရေညှိခြောက်တွေ၊ ပန်းပင်တွေ၊ ဂျုံးဇက်နဲ့ မေရီတို့ ရှိတဲ့ မြင်းစောင်း၊ နွားသိုးနဲ့ မြည်းတို့ကို သူ့နေရာနဲ့သူ နေရာချထားလိုက်တယ်။ သူတို့ပတ်လည်မှာ သိုးထိန်းတွေ၊ ဘဲကျောင်းသူတွေ၊ တူရိယာ ဂီတသမားတွေ၊ ဝက်တွေ၊ တံငါသည်တွေ၊ ကြက်ဖတွေ၊ ကြက်မတွေ၊ သိုးတွေနဲ့ ဆိတ်တွေပေါ့ကွယ်။ အပေါ်ဘက် မိုးကောင်းကင်နေရာမှာတော့ အပြင်ရင့်ရောင် စက္ကူကို ဖြန့်ကပ်လိုက်တယ်။ အဲဒီနောက် ဘက်သယ်လ်ဟင် ကြယ်ပွင့်ကို မေမေကြီး အင်္ကျီညာဘက် အိတ်ထဲထည့်၊ မက်ဂီကို ဘယ်ဘက် အိတ်ထဲ ထည့်ပြီး အခန်းတစ်ဖက်စွန်းကို သွားတယ်။ ကြယ်ပွင့်ကြီးကို နံရံကပ် ဗီရိုမှာ ချိတ်ဆွဲတယ်။ အဲဒီနောက် ခပ်လှမ်းလှမ်းမှာ ဘုရင်တွေနဲ့ ကုလားအုတ် တွေကို တစ်တန်းတည်း စီတန်းချထားလိုက်တယ်။

..သမီးလေး မှတ်မိသေးလား။ သမီးလေးငယ်ငယ်တုန်းကလေ . . .နည်းနည်းလေးမှ အလျှော့အတင်း လုပ်လို့မရတဲ့ ကလေးတစ်ယောက်ရဲ့.. အဖွဲ့နဲ့ ပြောခဲ့တာလေ။ ဘုရင်သုံးပါးနဲ့ ကြယ်ပွင့်ကို ပုခက်နဲ့ နီးတဲ့နေရာမှာ ချမထားရဘူးတဲ့။ သူတို့ဟာ ပုခက်နဲ့ အဝေးကြီးမှာ ရှိရမယ်။ နောက်မှ ဖြည်းဖြည်းချင်း ရှေ့တိုးလာရမယ်။ ကြယ်ပွင့်က ရှေ့ဆုံးက။ ဘုရင်တွေက အဲဒီနောက်နားလေး





[illegible]

www.burmeseclassic.com



အပေါ်ထားခဲ့တဲ့ အထင်အမြင်သေးစိတ်ကို ထပ်ဆင့် အတည်ပြုပေးချင်လည်း ပေးမှာပေါ့လေ။ တကယ်လို့ သမီးလေး လျှို့ဝှက်နက်နဲတဲ့ ခရီးလမ်းတစ်ခုကို လျှောက်မိမယ်၊ အဲဒီလမ်းကြောင်းက သမီးလေးကို မစေ့စပ်စတမ်း စိတ်ဓာတ်ကနေ ကရုဏာတရားထားတတ်လာအောင် သွန်သင် ညွှန်ပြပေးမယ်၊ သမီးလေး အသက်အရွယ်ကလေး တော်တော်ရလာမယ်ဆိုတဲ့ အခါကျမှသာ သမီးလေး မေမေကြီးကို နားလည်နိုင်ကောင်း နားလည်လာလိမ့်မယ်။

တစ်ဆိတ်လောက် မှတ်ထားနော်၊ မေမေကြီးပြောတာ ကရုဏာစိတ်။ သနားစိတ်မဟုတ်ဘူး။ သမီးလေး မေမေကြီးအပေါ် သနားစိတ်ဝင်မိတယ်ဆိုရင်တော့ မေမေကြီးဟာ ကောက်ကျစ်ယုတ်မာတဲ့ မုဆိုးမကလေးတစ်ကောင်အဖြစ် ပြန်လာပြီး သမီးလေး စိတ်အညစ်ကြီးညစ်အောင် မညှာမတာ ဒုက္ခပေးမှာသိလား။ သမီးလေး ဟိတ်ဟန်မထုတ် ဘဝင်မမြင့်ဘဲ နေရမယ့်အစား ရိုကျိုးနှိမ့်ချလွန်းနေရင်၊ ဒါမှမဟုတ် နှုတ်ဆိတ်နေရမယ့် အချိန်မှာ အနှစ်မပါတဲ့ စကားတွေပေါက်ပေါက်ဖောက်သလို ပြောနေရင်လည်း မေမေကြီး အဲဒီအတိုင်း ဒုက္ခပေးမှာနော်။ မီးလုံးတွေ မှောင်းခနဲကျွဲ၊ စင်ပေါ်က ပန်းကန်ပြားတွေ ဝုန်းခနဲလွင့်ပျံလာ၊ အတွင်းခံဘောင်းဘီတွေက သူ့ဘာသာသူ ကွင့်လာပြီး မီးတိုင်တွေပေါ်မှာအုပ်၊ မနက်မိုးသောက်ချိန်ကနေ ညဥ့်နက်သန်းခေါင်အထိ သမီးလေး တစ်ချက်မှ စိတ်အေးချမ်းသာ မနေရအောင် နှောင့်ယှက်နေမှာ။

အလကားပြောတာပါကွယ်။ မေမေကြီး ဘာမှ မလုပ်ပါဘူး။ မေမေကြီး တစ်နေရာရာမှာ ရှိနေသေးပြီး သမီးလေးကို မြင်နေနိုင်မယ်ဆိုရင်တောင် မေမေကြီး ကြေကွဲဝမ်းနည်းမှုပဲ ဖြစ်မှာပါ။ ဘဝတစ်ခု အလဟဿ ဖြစ်သွားတာ မြင်တွေ့ရတဲ့ အခါမျိုးမှာ၊ ချစ်ခြင်းမေတ္တာလမ်းကြောင်း ပိတ်ဆို့ထားခြင်းခံရတဲ့ ဘဝကို ရောက်သွားတာ မြင်တွေ့ရတဲ့အခါမျိုးမှာ မေမေကြီး ခံစားရလေ့ရှိတဲ့ ကြေကွဲဝမ်းနည်းမှုမျိုးပေါ့။

သမီးလေးကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနော်။ ဂရုစိုက်နော်။ သမီးလေး အမှားတစ်ခုကို တွေ့လို့ အမှန်ဖြစ်အောင် ပြင်ချင်စိတ်ပေါ်တိုင်း ပထမဦးဆုံးလည်းဖြစ်၊ အရေးအကြီးဆုံးလည်းဖြစ်တဲ့ တော်လှန်ရေးဟာ သမီးလေးရဲ့ ရင်



တွင်းမှာ ဖြစ်ပေါ်ရမယ်ဆိုတာ မမေ့လေနဲ့။ သမီးလေး ကိုယ့်စိတ်ကိုယ် ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား မသိသေးဘဲ စိတ်ကူးတစ်ခု၊ အကြံအစည်တစ်ခု ထုတ်ဖို့ဆိုတာ အင်မတန် အန္တရာယ်ကြီးတဲ့ လုပ်ရပ်ပဲ သမီးလေးရေ့။

သမီးလေး အတွေးရှုပ်ပြီး လမ်းပျောက်သလိုဖြစ်နေတိုင်း သစ်ပင်တွေအကြောင်း စဉ်းစားပါ။ သစ်ပင်တွေ ဘယ်လို ရှင်သန်ကြီးထွားသလဲဆိုတာကို ထပန်ပိုင်းခြားပါ။ သတိရနေဖို့က အရွက်တွေ ဖားဖားဝေပြီး အမြစ်တိုတဲ့ သစ်ပင်တွေဟာ လေပြင်းအဝှေ့နဲ့ တွေ့တွေ့ချင်း ပြိုလဲတတ်တယ်၊ အမြစ်တွေထုံလုံကြွယ်ဝပြီး အရွက်တွေ အသင့်အတင့်သာရှိတဲ့ သစ်ပင်တွေဟာ လွယ်လွယ်ကူကူ မပြိုလဲဘူးဆိုတာပါပဲ။ သစ်ပင်ထိပ်ပိုင်းနဲ့ အမြစ်တွေဟာ အချိုးကျရှင်သန် ကြီးထွားရမယ်။ သမီးလေးဟာ အရာဝတ္ထုတွေရဲ့ အစိတ်အပိုင်း ဖြစ်နေပြီး အဲဒီအရာဝတ္ထုတွေရဲ့ အထက်မှာ ရှိနေရမယ်။ ဒါမှသာ သမီးလေးအရိပ်နဲ့ အကာအရံကို ပေးနိုင်မယ်။ ဒါမှသာ သမီးလေး အချိန်တန်ရင် အပွင့်တွေပွင့်ပြီး အသီးတွေ သီးနိုင်မယ်။

နောက်ပြီး သမီးလေး လမ်းမြွာလမ်းကွဲတွေနဲ့ ကြုံဆုံရပြီး ဘယ်လမ်းကို လိုက်ရမှန်း မသိတဲ့အခါမျိုးမှာ ကြုံသလိုကျပန်း မရွေးလိုက်လေနဲ့။ အဲဒီလိုရွေးခင် ခဏနားပါ၊ စဉ်းစားကြံဆပါ။ သမီးလေး ဒီကမ္ဘာလောကကြီးထဲကို ထေမဆုံး ဝင်လာတုန်းကလိုမျိုး စိတ်ချလက်ချနဲ့ အသက်ကို တစ်ဝကြီး ရှူပစ်လိုက်ပါ။ ဘယ်လိုအကြောင်းကြောင့်မှ အာရုံမပျံ့ပါစေနဲ့။ စောင့်နေပါ။ ဆက်ပြီးစောင့်ပါ။ ငြိမ်ငြိမ်ကလေး တိတ်တိတ်ဆိတ်ဆိတ်ကလေးနေပြီး သမီးလေးနှလုံးသားရဲ့အသံကို နားစွင့်နေပါ။ သမီးလေးရဲ့ နှလုံးသားက သမီးလေးကိုစကားပြောလာတဲ့အခါကျမှ ထိုင်ရာက ထပြီး နှလုံးသားက ရွေးပေးတဲ့ လမ်းအတိုင်း လိုက်ပေတော့ သမီးလေးရေ့။

စာချစ်သူများအား လေးစားလျက်

မြတ်ငြိမ်း

www.burmeseclassic.com